www.burmeseclassic.com

တက္ကသိုလ်နန္ဒမိတ်

မြန်မာပြန်

WITNESS

# သံလွင်မြစ်ကမ်းတိုက်ပွဲ

# Burma Drop

by
John Beaumish

BURMESE CLASSIC .com

(ဒုတိယအကြိမ်)




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

အမြွှာညီနောင်စာစဉ် ( ၁၀ )

# တက္ကသိုလ်နန္ဒမိတ်

# သံလွင်မြစ်ကမ်းတိုက်ပွဲ

**BURMA DROP**
**BY**
**JOHN BEAMISH**

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - [၅၀၁၁၄၉၀၅၀၉]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [၅၀၀၀၇၁၀၆၀၁]

✳

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်၊ 'အမြွာညီနောင်စာပေ'၊ ၂၀၀၆-ခု၊ မေလ

✳

**မျက်နှာဖုံးပန်းချီ** - သန်းမြင့်အောင်

**စီစဉ်သူ** - ကြည်နိုင်

**ကွန်ပျူတာစာစီ** - **w!zard**

သိန်းသိန်းအေး၊ သီသီထွဏ်း

✳

**အတွင်းဖလင်**

အောင်ဇော် 'ပုံရိပ်ရှင်'

✳

**ထုတ်ဝေသူ**

ဦးသန်းဆွေ 'စစ်သည်တော်စာပေ'

အမှတ်-၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

✳

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးဇော်မင်း၊ "**w!zard**ပုံနှိပ်တိုက်"

၁၉၇၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

✳

**စာအုပ်ချုပ်** - ကိုမြင့်

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၁၅၀၀ ကျပ်

# မြန်မာပြန်သူ၏

## အမှာ

"အင်္ဂလိပ်စစ်တပ်တွေကိုကူညီတာဟာ အင်္ဂလိပ်တွေ မြန်မာပြည်ကို ပြန်လာပြီး အုပ်စိုးနိုင်အောင် ကူညီတာလို့တော့ မယူဆစေချင်ဘူး၊ ကျုပ်တို့က ဒီအချိန်မှာ အင်္ဂလိပ်ကိုကူညီတာဟာ ဂျပန်ကို ဆန့်ကျင်ချင်လို့ပဲ၊ စစ်ပြီးတဲ့အချိန်မှာ မြန်မာပြည်ကို မြန်မာတိုင်းရင်းသားတွေပဲ အုပ်ချုပ်ရမယ်"

အထက်ပါစကားက မျက်နှာဖြူအရာရှိတစ်ယောက်၏ ရှေ့မှောက်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေချိန်၌ ပြောဆိုခဲ့သူမှာ မည်သူဟု ထင်ပါသလဲ။

ဤကဲ့သို့ ပြောဆိုခဲ့သူမှာ နိုင်ငံရေးခေါင်းဆောင်ကြီးလည်း မဟုတ်၊ ထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်ကြီးလည်းမဟုတ်၊ အညတြ မြန်မာပြည်သားတစ်ယောက်ပင် ဖြစ်၏။

ချစ်စွာသော စာဖတ်သူသည် သူ့အမည်ကိုကြားလျှင် အံ့ဩသွားမည်။ သူနေထိုင်သော ရပ်ရွာဒေသကိုသိရလျှင် ပို၍ အံ့ဩသွားမည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်မှာ ပူချင်ကွေဖြစ်၏။ သူနေထိုင်သောဒေသမှာ ကိုးကန့်နယ်အတွင်းရှိ ပန်းဟိုင်ရွာဖြစ်၏။ သူ့အဖို့တွင် တိုက်သူကြီး တစ်ယောက်၏ အစ်ကိုဟူသော ရပ်ရွာက ဂုဏ်တင်ခေါ်ဝေါ်သည့် အမည်ကလွဲ၍ အခြား ထင်ရှားသော ကြီးကျယ်သောဂုဏ်ဒြပ်များ မရှိပါချေ။

သို့သော် သူသည် တိုင်းပြည်နှင့်လူမျိုးကို ရဲရဲတောက် ချစ်မြတ်နိုးသူတစ်ယောက်ဖြစ်၏။ ၁၉၄၃ ခု၊ ၄၄ ခုနှစ်များတွင် သံလွင်အရှေ့ဘက်ကမ်းသို့ ရောက်ရှိလာသော အင်္ဂလိပ်တပ်များ၏ ဩဇာအာဏာမှာ တဖြည်းဖြည်း တစ်စစ ကြီးကျယ်လာသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် နေမဝင်သော ဗြိတိသျှအင်ပါယာဟူ၍ တန်ခိုးထွားခဲ့သော အင်္ဂလိပ်တို့ကို မကြောက်မရွံ့ဘဲ ထက်သန်သော လွတ်လပ်ရေးစိတ်ဓာတ်ဖြင့် အင်္ဂလိပ်ကို ကူညီခြင်းမှာ စစ်ကြီးပြီးသွားသည့်အချိန်တွင် မြန်မာပြည်အား အင်္ဂလိပ်က ပြန်၍အုပ်စိုးနိုင်အောင် ကူညီနေခြင်းမဟုတ်။ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများအတွက် ယာယီကူညီပူးပေါင်းခြင်းသာဖြစ်သည်ဟူ၍ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောဝံ့သော ကိုးကန့်နယ်မှ ပန်းဟိုင်ရွာသား ပူချင်ကွေကို ကျွန်တော်သည် စိတ်ထဲမှ လေးလေးစားစား ချီးကျူးလိုက်မိသည်။

ကိုးကန့်နယ် ပန်းဟိုင်ရွာမှ မျိုးချစ်ရဲဘော်ကြီး ပူချင်ကွေကဲ့သို့ မြန်မာပြည်လွတ်လပ်ရေးကို ရဲရဲနီသောဆန္ဒဖြင့် လိုလားတောင့်တကာ ရရာလက်နက်များဖြင့် သံလွင်မြစ် အနောက်ဘက်ကမ်းမှ ရက်စက်ရာတွင် ပြိုင်ဘက်ရှားလှသော ဖက်ဆစ်ဂျပန်တို့အား ခုခံတိုက်ခိုက်နေသူမှာ 'ကိုးဆိုင်း'ရွာမှ ရွာသူရွာသားများပင် ဖြစ်၏။



ဂျပန်ဆန့်ကျင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသည်နှင့် အမျှ အင်္ဂလိပ်များ ပြန်လည်အုပ်စိုးရေးကို အထူးဟန့်တားနေသူကား ကိုးဆိုင်ရွာသူရွာသားများ၏ စစ်ရေးနှင့် နိုင်ငံရေးခေါင်းဆောင် **'ယန်ဝမ်ရှေး'**တည်း။

ကိုးဆိုင်းရွာသည် အခြားရွာများကဲ့သို့ သံလွင်မြစ် အရှေ့ဘက်ကမ်းတွင် ဆင်းရဲနွမ်းပါးသော ရွာတစ်ရွာမျှသာဖြစ်သည်။ သို့သော် ရွာသူရွာသားများမှာ အခြားရွာမှ ရွာသူရွာသားများနှင့် စိတ်ဓာတ်ချင်း မတူ။ အခြားရွာသူရွာသားများက လာမည့်ဘေး အဝေးကရှောင်ဟူသော စိတ်ဓာတ်မျိုးကို မွေးမြူထားကြသော်လည်း ကိုးဆိုင်းရွာသူရွာသားများကမူ လာမည့်ဘေး ပြေးတွေ့မည်ဟူသော စိတ်ဓာတ်မျိုးကို ပြင်းပြင်းထန်ထန် မွေးမြူထားကြ၏။ ဂျပန်ရန်မှ ပြေးရှောင်မည်ဟူသော အကြောက်စိတ်ဓာတ်ကို ပယ်ထုတ်ကာ နှိပ်စက်ညှဉ်းပန်းနေသော ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ထုတ်ပစ်မည်ဟူသော စိတ်ဓာတ်ကို မွေးထားကြ၏။

ဤကဲ့သို့သော တော်လှန်ရေးစိတ်ဓာတ် ပြင်းထန်သူများနှင့် ချစ်စွာသော စာဖတ်သူများအား ကျွန်တော်က မိတ်ဆက်ပေးလိုသည်။

ကိုးဆိုင်း ရွာသူရွာသားများသည် ဖြစ်ပေါ်လာမည့် အခြေအနေများကို လည်ပင်းတရှည်ရှည်ဖြင့် ငံ့မျှော်၍မနေဘဲ မိမိတို့အလိုရှိသော အခြေအနေမျိုးကို ဖန်တီးရယူလိုစိတ် ပြင်းထန်သူများဖြစ်၏။ သူတို့သည် သံလွင်အနောက်ဘက်ကမ်းမှ အင်ကြီးအားကြီးဖြင့် ခြိမ်းခြောက်နေသော ရန်သူ ဂျပန်များကို အချိန်မရွေး လက်တုံ့ပြန်နိုင်ရန် ရှိစုမဲ့စု လက်နက်ကလေးများဖြင့် အသင့်ပြင်ဆင်ထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုးဆိုင်းရွာသည် ဂျပန်ဆန့်ကျင်ရေးအတွက် ဘူမိနက်သန်မှန်လှသော ဒေသတစ်ခုဖြစ်နေသည်တကား။

ကိုးဆိုင်းရွာမှ နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်ဖြစ်သူ ယန်ဝမ်ဇော်သည် မြန်မာ့တော်လှန်ရေးသမိုင်းတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်ခဲ့သူတစ်ဦးဖြစ်၏။ သို့သော်...သူ့အတွက် အဘယ်မည်သောသူသည် သူ၏လုပ်ရပ်များကို မှတ်တမ်းကလေးများ ရေးထားခဲ့ပါလေသနည်း။

သူခေါင်းဆောင်သော ကိုးဆိုင်းရွာသူရွာသားတို့၏ သူရသတ္တိကိုလည်း အဘယ်မည်သောသူသည် စာကလေး လေး,ငါးကြောင်းမျှ ရေးဖော်ရခဲ့ပါသနည်း။

ဂျပန်တော်လှန်ရေးကြီး အနှစ် ၂၀ မျှ ကြာမြင့်ခဲ့ပြီဖြစ်၍ ကိုးဆိုင်းရွာသူရွာသားများ၏ စိတ်ဓာတ်ကိုလည်းကောင်း၊ ကိုးဆိုင်းရွာသူရွာသားတို့အား ခေါင်းဆောင်ပေးခဲ့သော ယန်ဝမ်ဇော်၏ သတ္တိနှင့် မျိုးချစ်စိတ်ကိုလည်းကောင်း၊ ယနေ့ အသက်ရှင်လျက်ရှိသော ကိုးဆိုင်းရွာမှ နောင်လာနောက်သားများ မှတ်မိကြပါလေစ။

ဤကဲ့သို့လျှင် မြန်မာပြည်မြောက်ပိုင်း တိုင်းရင်းသားတို့၏ တော်လှန်ရေးလုပ်ငန်းအရပ်ရပ်သည် မှတ်တမ်းတင်မည့်သူမရှိဘဲ တစ်စတစ်စ မေ့မှိန်ပျောက်ကွယ်ခဲ့ရ၏။

ကျွန်တော် ယခု မြန်မာပြန်ဆိုသော (Burma Drop) စစ်မှတ်တမ်းစာအုပ်ကို ရေးသားသူ (John Beamish) ဂျွန်ဘီယာမစ်(ရှ)သည် ကိုးကန့်နယ် ပန်းဟိုင်ရွာမှ ပုရှင်ကွေ၏အကြောင်းကို လည်းကောင်း၊ ကိုးဆိုင်းရွာမှ ရွာသူရွာသားများနှင့် ကျေးရွာခေါင်းဆောင်



ယန်ဝမ်ဇော်၏ ယန်ဝမ်ဇော်၏အကြောင်းကိုလည်းကောင်း နေမဝင်သော ဗြိတိသျှအင်ပါယာကြီး၏အကြောင်းကို ချီးကျူးခန်းဖွင့်ရင်း အမှတ်မထင် ရေးမှတ်ခဲ့သည်ဟု ကျွန်တော် ယူဆမိသည်။ မူရင်းစာရေးဆရာ ဂျွန်ဘီယာမစ်(ရှ)၏ မိခင်မှာ မြန်မာတိုင်းရင်းဖွား အမျိုးသမီးတစ်ဦးဖြစ်၍ ဂျွန်သည် မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ သူ့ကျွန်မခံလိုသော စိတ်ဓာတ်ကို ဖော်ထုတ်ခဲ့လေသလားဟုလည်း ကျွန်တော် အတွေးဝင်မိသည်။

မည်သို့ပင်ဖြစ်စေ ကိုးကန့်နှင့် ကိုးဆိုင်းဒေသမှ လွတ်လပ်ရေးစိတ်ပြင်းထန်နေသော နယ်သူနယ်သားများ၊ ကျေးရွာခေါင်းဆောင်များ အကြောင်းကို မှတ်တမ်းတင်ခဲ့သဖြင့် ကျွန်တော်သည် မူရင်း စာရေးဆရာ ဂျွန်ဘီယာမစ်ရှ်အား အထူးကျေးဇူးတင်ပါကြောင်း ဤနေရာမှနေ၍ ပြောကြားလိုပါသည်။ တစ်နည်းအားဖြင့်ဆိုသော် တုံးဆွေးမှ မှိုပေါက်လာခြင်းပင်တည်း။ နွားချေးမှ ကြာပေါက်လာခြင်းပင်တည်း။

"ကျွန်တော်တို့ ဒုက္ခရောက်နေတဲ့အချိန်မှာ အင်္ဂလိပ်တွေက လာပြီး အကူအညီမပေးဘူး၊ ရိုင်ဖယ်တစ်လက်တောင်မှ ပေးဖော်မရဘူး။ ရနိုင်သမျှ လက်နက်တွေကို ကျွန်တော်တို့ရွာက ရှိစုမဲ့စု စုဆောင်းပြီး ကျွန်တော်တို့နယ်ကို ကာကွယ်ရတယ်။ တရုတ်တပ်သားတွေဆီက ရနိုင်သမျှလက်နက်ကို ငွေနဲ့စက်ပြီး လဲရတယ်။ ဟော... ခုတော့ ကျွန်တော်တို့တတ်နိုင်သမျှ အကာအကွယ်လည်း လုပ်ပြီးရော ကျွန်တော်တို့သခင် လာပြီးလုပ်မယ့် အင်္ဂလိပ်ဗိုလ်မှူးလည်း ရောက်လာရော ပြန်ပြီးတွေးကြည့်လိုက်ရင် အင်္ဂလိပ်တွေကို တော်တော်စိတ်နာစရာကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ကိုးဆိုင်းနယ်၏ ကာကွယ်ရေးတာဝန်ကို ယူထားရသော ယန်ဝမ်ဇော်က အိန္ဒိယရှိ အင်္ဂလိပ်စစ်ဌာနချုပ်မှ စေလွှတ်လိုက်သော အာဏာပိုင် အရာရှိဖြစ်သူ ဂျွန်ဘီယာမစ်ရှ်အား အထက်ပါအတိုင်း ရဲရဲဝံ့ဝံ့ ပြောဆိုခဲ့၏။

လူသားအချင်းချင်းဖြစ်ပါလျက် အသားရောင်ခွဲခြားမှုကိုလည်း မြန်မာတိုင်းရင်းသား လွတ်လပ်ရေးစိတ်ဓာတ် ပြင်းထန်သူ ယန်ဝမ်ဇော်က အောက်ပါအတိုင်း ပြောဆိုခဲ့သည်။

"အသားဖြူဆိုရင် ခင်ဗျားတို့က ယဉ်ကျေးတယ်၊ ပညာတတ်တယ်လို့ သတ်မှတ်လိုက်တာပဲ။ အသားမဖြူတဲ့လူမျိုးဆိုရင် ခင်ဗျားတို့က ရိုင်းစိုင်းတယ်၊ မယဉ်ကျေးဘူးလို့ ခွဲခြားလိုက်တာပဲ။ အင်္ဂလိပ်အစိုးရက စေလွှတ်လိုက်တဲ့ မျက်နှာဖြူအရာရှိတွေဟာ ကိုယ့်လက်အောက်မှာရှိတဲ့ တိုင်းသူပြည်သားတွေကို ဂရုစိုက်ဖို့ထက် သူတို့မွေးထားတဲ့ မြင်းတွေ၊ ခွေးတွေလောက်ကိုပဲ ဂရုစိုက်တတ်ကြတယ်"

"အဲဒီဗြိုတိသျှရက်တွေဆိုတာ လက်တစ်ဆုပ်စာလောက်ပဲ ရှိပါတယ်။ လူမျိုးတိုင်းမှာ ဒီလိုအဆင့်အတန်းခွဲခြားတတ်တဲ့လူတွေ ရှိတတ်တာပဲမဟုတ်လား၊ သူတို့က လူနည်းစုပါ"

ကျွန်တော်သည် မှုရင်းစာရေးဆရာဖြစ်သူ ဂျွန်ဘီယာမစ်ရှ်နှင့် ကိုးဆိုင်းနယ်၏ နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်ဖြစ်သော ယန်ဝမ်ဇော်တို့၏ စကားစစ်ထိုးပွဲကို အာရုံစူးစိုက်၍ ဖတ်နေမိ၏။

ကိုးဆိုင်းနယ်၏ကာကွယ်ရေးတပ်မှူးဖြစ်သူ ယန်ဝမ်ဇော်က သံလွင်အရှေ့ဘက်ကမ်းသို့ အထူးတာဝန်ဖြင့် ရောက်ရှိလာသော ဂျွန်ဘီယာမစ်ရှ်အား ပြန်၍ အဖြေပေးလိုက်ပုံလေးမှာလည်း သင်းလှသည်။



"လူနည်းစုဆိုတာကတော့ ဟုတ်ချင်ဟုတ်မယ်၊ ဒါပေမယ့် အဲဒီလူနည်းစုက သိပ်ကြောက်စရာကောင်းတယ်။ မြန်မာတိုင်းရင်းသားတွေဆိုရင် လူမဟုတ်သလိုပဲ ဆက်ဆံတယ်။ ဒါကို မြန်မာတိုင်းရင်းသားတွေက ဘယ့်နှယ်လုပ်ပြီး မေ့နိုင်ကြမှာလဲ။ တကယ်လို့ မြန်မာတိုင်းရင်းသားတွေဟာ အင်္ဂလိပ်ကို သဘောကျတယ်ဆိုရင်၊ အင်္ဂလိပ်အုပ်စိုးတာကို သဘောကျတယ်ဆိုရင် ဘာဖြစ်လို့ လွတ်လပ်ရေးပေးရမယ်လို့ တောင်းဆိုနေကြမှာလဲ။ ဗြိတိသျှ ဓနသဟာယထဲမှာတောင်မှ မနေချင်ကြဘဲ ကိုယ်ပိုင်လွတ်လပ်ရေးပေးရမယ်လို့ တောင်းဆိုနေတဲ့ မြန်မာတိုင်းရင်းသားတွေမှာ ဒီလိုတောင်းဆိုဖို့ ရာဇဝင်အထောက်အထားတွေ အခိုင်အလုံရှိပါတယ်"

ကျွန်တော်သည် ကိုးဆိုင်းနယ်သားတစ်ဦး၏ ထုတ်ဖော်ပြောဆိုချက်များကို ပြန်၍တင်ပြသော ဂျွန်ဘီယာမစ်ရှ်ကို လှိုက်လှိုက်လှဲလှဲပင် ချီးကျူးလိုက်မိသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီနှင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေချိန်အတောအတွင်း ကျွန်တော်တို့ ရန်ကုန်နှင့် မန္တလေးတစ်ဝိုက်တွင် အနေများသော မြန်မာတိုင်းရင်းများက အောက်ကျနောက်ကျရှိနေသည်ဟု ယေဘုယျအားဖြင့် ထင်မှတ်ခဲ့သော ရှမ်းပြည်မြောက်ပိုင်း သံလွင်မြစ် အရှေ့ဘက်မှ ကျွန်တော်တို့၏ ညီရင်းအစ်ကိုတော်များဖြစ်ကြသော၊ သွေးရင်းသားရင်းများဖြစ်ကြသော ကိုးဆိုင်းနှင့် ကိုးကန့်နယ်သူနယ်သားများနှင့် အတွေးအခေါ် အမြော်အမြင်နှင့် နိုင်ငံရေးရှုဒေါင့်မှာ အံ့သြ၍မကုန်နိုင်လောက်အောင် တိုးတက်မြင့်မားနေခဲ့လေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ကျွန်တော်ဖတ်ဖူးသမျှသော မြန်မာပြည်နှင့်သက်ဆိုင်သည့် စစ်မှတ်တမ်းဝတ္ထုများ၌ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် နေထိုင်ကြသော တိုင်းရင်းသားများနှင့် တောင်တန်းများပေါ်တွင် နေထိုင်ကြသော တိုင်းရင်းသားများကို သိသိသာသာကြီးဖြစ်စေ၊ မသိမသာဖြစ်စေ သွေးကွဲအောင် လှုံ့ဆော်ထားသော အကြောင်းအချက်များကို တွေ့ရလေ့ရှိသည်။

သို့ တွေ့ရသည့်အခါတိုင်း ကျွန်တော်သည် မြစ်ကမ်း တစ်လျှောက်နှင့် တောင်တန်းတစ်လျှောက်တွင် နေထိုင်လျက်ရှိကြသော မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုကို ရှေးရှုကာ မလိုလားအပ်သော အကြောင်းအချက်များကို ချန်လှပ်ထားခဲ့သည်သာဖြစ်သည်။

နိုင်ငံခြားသားများ၏ ယေဘုယျအမြင်တွင်လည်း တောင်တန်းတစ်လျှောက်တွင် နေထိုင်ကြသော တိုင်းရင်းသားများသည် မြစ်ကမ်းတစ်လျှောက်တွင် နေထိုင်ကြသော တိုင်းရင်းများနှင့် သွေးဝမ်းကွဲလျက်ရှိသည်ဟု ထင်မှတ်နေကြ၏။

အချို့သော နိုင်ငံခြားသား စစ်မှတ်တမ်းဝတ္ထုရေးသူများမှာ ကျွန်တော့်ထက်ဆိုးဝါးသောအမြင်မျိုး ရှိတတ်ကြ၏။ တောင်တန်းနေ တိုင်းရင်းသားများသည် ကမ်းတစ်လျှောက်နေ တိုင်းရင်းသားများထက် မိမိတို့နိုင်ငံခြားသားများကိုသာ ချစ်ခင်ကြည်ညိုမှုရှိကြသည်ဟု ရေးလေ့ရှိတတ်ကြသည်။



သို့သော် အမှန်စင်စစ်တွင်ကား တောင်တန်းနေ တိုင်းရင်းသားတို့သည် သူများက ဘယ်လောက်ချစ်ပါသည်ဟုပြောပြော အမေအိမ်နေတာလောက်ရှိသည်ဟူသောစကားကို အသိဝင်နေကြသူများသာတည်း။

နိုင်ငံခြားသား စစ်မှတ်တမ်းရေးသူ အတော်များများသည် မြန်မာတိုင်းရင်းသားများဖြစ်သော ကချင်နှင့် ကရင်ကို သူတို့ဘက်သို့အပါဆွယ်သော စကားများဖြင့် သူတို့မှတ်တမ်းများကို တန်ဆာဆင်တတ်ကြ၏။ ဤ BURMA DROP မှတ်တမ်းဝတ္ထုကိုရေးသူ ဖွန်ဘီယာမစ်ရှ်တွင် ဤကဲ့သို့သောအချက်များ ကင်းရှင်းသည်ဟု မဆိုသာသော်လည်း သူမြင်ရ ကြားရသော အချက်များကို ဟုတ်သည့်မှန်သည့်အတိုင်း ဖွင့်ဟထားသည်ကိုလည်း တွေ့ရ၏။

သန္နိမြောက်ပိုင်း မိုင်းနယ်အရှေ့ဘက်စခန်းတွင် ဌာနချုပ်ပြုလုပ်၍ ပြောက်ကျားတပ်သားများ စုဆောင်းကာ သင်တန်းပေးနေသည့်အချိန်အတွင်း မူလစာရေးဆရာ ဖွန်ဘီယာမစ်ရှ်နှင့် ကချင် ပြောက်ကျားတပ်သားများ အပြန်အလှန်ပြောဆိုကြသော စကားများကို အမှတ်တရ တင်ပြထားပုံမှာ တောင်တန်းနေ တိုင်းရင်းသားများနှင့် မြစ်ကမ်းနေ တိုင်းရင်းသားများ မည်ကဲ့သို့ သွေးချင်းစပ်နေသည်ကို အထင်အရှား ပေါ်လွင်နေလေသည်။ ဤကဲ့သို့ အပြန်အလှန်ဆွေးနွေးကြပြောဆိုကြသော စကားများကို ချစ်သော စာဖတ်သူသည် ဤ"သံလွင်မြစ်ကမ်းတိုက်ပွဲ"ဟု အမည်ပေးထားသော ဝတ္ထုကို ဖတ်ရင်း တွေ့လာရမည်ဖြစ်၏။

( ၃ )

ကျွန်တော်သည် သံလွင်မြစ် အနောက်ဘက်၌ အခိုင်အမာတပ်စွဲ

www.burmeseclassic.com



လျက်ရှိသော ဂျပန်တပ်များကိုလည်းကောင်း၊ ယူနန်မှဆင်းလာမည့် တရုတ်တပ်များကိုလည်းကောင်း မြော်တွေး၍ကြည့်နေမိပြီးလျှင် ထိုတပ်များ မည်ကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် တိုက်နေမည်ကို စိတ်ကူးထဲတွင် ရုပ်ရှင်ရိုက်၍ ကြည့်နေမိလေသည်။

ကျွန်တော်၏ ဝဲနှင့်ယာဘက်တွင် အပြစ်ကင်းမဲ့သော၊ ငြိမ်းချမ်းမှုကိုလိုလားသော ရွာသူရွာသားများသည် မိမိတို့၏ ကျေးရွာဇနပုဒ်များ၌ ရတတ်သမျှသော အစားအစာကိုစားကာ တသွင်သွင်စီးဆင်းနေသော သံလွင်မြစ်ရေကို သောက်သုံးလျက်ရှိကြ၏။ အဘယ်မည်သောသူသည် လောဘတရားနည်းပါးလှသော သံလွင်မြစ်ကမ်းခြေမှ လူသားတို့အား စစ်ဘေးစစ်ဒဏ်သင့်အောင် ဖန်တီးခဲ့ပါလေသနည်း။ အဘယ်မည်သောသူသည် ရတတ်သမျှဖြင့် ရောင့်ရဲတတ်သော သံလွင်မြစ်ကမ်း ဝဲယာမှ ဖူသားတို့အား ဒုတိယကမ္ဘာစစ်ကြီးတည်းဟူသော အနိဋ္ဌာရုံကို ထုတ်ပြခဲ့ပါသနည်း။

ဤစစ်ကြီးအတွင်းတွင် လူပေါင်းမြောက်မြားစွာတို့၏ သွေးကို စတေးခဲ့ကြရမည်မှာ သေချာလှသည်။ ဗြိတိသျှလူမျိုးများ ကျဆုံးသလို ဂျပန်များလည်း ကျဆုံးရမည်ဖြစ်၏။ ထို့အတူ အိန္ဒိယအမျိုးသားများသည်လည်းကောင်း၊ တရုတ်အမျိုးသားများသည်လည်းကောင်း၊ မြန်မာအမျိုးသားများသည်လည်းကောင်း၊ အမေရိကန်အမျိုးသားများသည်လည်းကောင်း ကျဆုံးကြရမည်ဖြစ်၏။ ဤကဲ့သို့ လူမျိုးတိုင်းက အသက်ပေး၍ တိုက်ရသည့် စစ်ပွဲမျိုးကို အဘယ်သူသည် ဖန်တီးပေးခဲ့ပါသနည်း။

စစ်ပွဲအတွင်းတွင် အသက်မသေ ကြွင်းကျန်နေသူများမှာလည်း



လူစဉ်မမီသော ဒုက္ခိတများနှင့် အားကိုးရာမဲ့သော မုဆိုးမများသာ ဖြစ်ကြပါလိမ့်မည်။ ဤအထဲတွင် မိဘမဲ့သော ကလေးသူငယ်များ၏ ဦးရေကလည်း နည်းလှမည်မဟုတ်။ စစ်ဆိုသည်မှာ မကောင်းမှုတို့၏ ဆုံရာလမ်းစဉ်ပါတကား။

ဤကား မူလစာရေးဆရာ ဂျွန်ဘီယာမစ်(ရှ်)၏ စစ်အမြင်တည်း။

( ၄ )

ကျွန်တော့်အစ်ကိုဟာ ပုလဲဆိပ်ကမ်းမှာ ဂျပန်တွေတိုက်လို့ ကျဆုံးခဲ့ရတယ်။ သူ့အတွက် ကျွန်တော် လက်စားချေရမှာပဲ။ အရှေ့ဘက်ကမ်းမှာ ကျွန်တော်တာဝန်ယူပြီးသွားရင် ဂျပန်တွေရှိနေတဲ့ အနောက်ဘက်ကမ်းကိုကူးပြီး တစ်ကိုယ်တော်စွန့်စားခန်းလုပ်ဖို့ ဆုံးဖြတ်ထားတယ်။ ကျွန်တော့်အစ်ကိုဟာ အသက် ၂၂ နှစ်အရွယ်မှာ ဂျပန်လက်ချက်နဲ့ ကျဆုံးသွားရရှာတယ်။ ဒီတော့ ကျွန်တော်ကလည်း ဂျပန် နှစ်ဆယ့်နှစ်ယောက်ကို သတ်ရမှာပဲ။

ဤကား သံလွင်မြစ်အရှေ့ဘက်ကမ်းသို့ ရောက်လာသော အမေရိကန် စစ်သားတစ်ဦး၏ စစ်အမြင်။

( ၅ )

ကိုးကန့် ရှေ့တန်းစစ်မျက်နှာတွင် 'ထင်ချိုင်'စခန်းမှာ ခံစစ်ကြောင်းကြီး တစ်ခုလုံး၏ ဌာနချုပ်ပင်ဖြစ်၏။ အဓိကခံစစ်ကြောင်းကား မလိပါချိုင့်ဝှမ်း မြောက်ဘက်ဒေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထင်ချိုင်တွင် လက်နက်ကိုင် ကာကွယ်ရေးတပ်သား ၂၀၀ တိတိ ရှိနေလေသည်။ ယခု ကျွန်တော်ရောက်ရှိနေသော ထင်ချိုင် လွတ်လပ်ရေးစိတ် ပြင်းထန်လှသော ယန့်ဝမ်ဇေ့ရှိရာ ကိုးဆိုင်းနှင့် အင်္ဂလိပ်စစ်တပ်ကို ကူညီနေခြင်းမှာ အင်္ဂလိပ် ပြန်လည်၍အုပ်စိုးခြင်းကို လိုချင်၍မဟုတ်ကြောင်း ရှင်းရှင်းဘွင်းဘွင်းပြောခဲ့သည့် ပူချင်ကျွေနေထိုင်ရာ ပန်းဟိုင်စခန်းသုံးခုမှာ ကိုးကန့် ကာကွယ်ရေးစစ်ကြောင်းတွင် အခိုင်အမာဆုံး အတောင့်တင်းဆုံး သံကြိုးကွင်းဆက်သုံးခုပင် ဖြစ်သည်ဟု ကျွန်တော်က မှတ်ချက်ချလိုက်မိသည်။

မူလစာရေးဆရာ ဥွန်ဘီယာမစ်(ရှ်)သည် ဤသို့လျှင် သံလွင်မြစ်ကမ်းတိုက်ပွဲအကြောင်းကို နိဒါန်းသွယ်ထားခဲ့၏။ သံလွင်မြစ်ကမ်းတစ်လျှောက်တွင် တည်ရှိနေသော မြစ်ကူး ကူးတို့ဆိပ် တစ်ဒါဇင်ကျော်ကျော်တို့၏ အကြောင်းကိုလည်း အသေးစိတ် ဖော်ပြရေးသားခဲ့သည်။

နမ့်ကွင်းတဲတားတိုက်ပွဲ၊ မိုင်းရယ်မြို့တိုက်ပွဲများမှာလည်း စိတ်ဝင်စားစရာကောင်းလှသည်။

( ၆ )

ကျွန်ုပ်တို့သည် မြန်မာပြည်ထိုးစစ်ကြီးကို မိုးဖြိုင်ဖြိုင်မကျမီ အပြီးအပိုင်အောင်နိုင်ရန် အရေးကြီးနေသကဲ့သို့ မြန်မာပြည်ထဲတွင် ကျွန်ုပ်တို့ အလျင်အမြန်ဖြေရှင်းမှ အရေးလှမည့် ပြဿနာများလည်း ရှိနေသည်။ မိုးဖြိုင်ဖြိုင်ကျလာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့၏ ကုန်းကြောင်းနှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး အခက်အခဲမှာ ပို၍ကြီးထွားလာတော့မည်ဖြစ်သည်။ ယခုပင်လျှင် အမေရိကန် သယ်ယူပို့ဆောင်ရေး လေယာဉ်များကို ကျွန်ုပ်တို့ထံမှ တစ်စတစ်စ ပြန်၍ယူသွားကြသဖြင့် ကျွန်ုပ်တို့ ဘုရင့်လေတပ်မတော်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်များကိုသာ အားထားနေရတော့သည်။ ဤလေယာဉ်များမှာလည်း ကောင်းစွာအနားပေး ပြုပြင်ခြင်းမရှိဘဲ နေ့ရောညပါ ပျံသန်းနေခဲ့ကြရသဖြင့် အနားပေး၍ ပြုပြင်ရန်လိုနေပေမည်။ ဤသို့ အနားပေး ပြုပြင်ခြင်းမရှိဘဲ မြန်မာပြည် မိုးရာသီတွင် ဆက်လက်အသုံးပြုမည်ဆိုပါက ကေန်ပင် ဘေးအန္တရာယ်များကာ ကျွန်ုပ်တို့၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို အကြီးအကျယ် ဒုက္ခပေးလာပေတော့မည်။ 'မလေးယား'အား တိုက်ခိုက်မည့် ကျွန်ုပ်တို့၏ အစီအစဉ်ကိုလည်း များစွာထိခိုက်ပေတော့မည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကိစ္စ တစ်ခုတည်းနှင့်ပင် ရန်ကုန်ဆိပ်ကမ်းအား ပြန်လည်ဖွင့်လှစ်ရန် အရေးကြီးနေပေမည်။

ကျွန်ုပ်တို့သည် မဟာမိတ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် အကြီးအကျယ် ပျက်စီးနေသော ရန်ကုန်ဆိပ်ကမ်းကို ရနိုင်သမျှသော အင်ဂျင်နီယာများ၊ အလုပ်သမားများဖြင့် အပူတပြင်း ပြန်လည်ဆောက်လုပ်ရတော့သည်။

မေလ ၈ ရက်နေ့တွင် ရန်ကုန်မြစ်အတွင်းမှ ရေမြှုပ်ဗုံးများကို ရှင်းလင်းပြီးနောက် ဘောတံတားများရှိသော ဆိပ်ခံ ၃ ခုတွင် ကျွန်ုပ်တို့ သင်္ဘောများ ကုန်တင်ကုန်ချပြုလုပ်သည်။ ပင်မဆိပ်ကမ်းကို ခေတ်မီဆိပ်ကမ်းကြီးဖြစ်လာစေရန် ကုန်လှောင်ရုံများ၊ ကုန်လှောင်ရုံနှင့်ကပ်နေသည့် မီးရထားသံလမ်းများ၊ လျှပ်စစ်ဓာတ်အားပေးရုံများ၊

www.burmeseclassic.com

www.burmeseclassic.com



ဝန်ချီစက်ကြီးများ တပ်ဆင်ရသည့်အလုပ်မှာလည်း လွယ်ကူလှသည် မဟုတ်ပါချေ။

ရက်သတ္တပတ် ခြောက်ပတ်အတွင်းပင် ကျွန်ုပ်တို့သည် အနည်းငယ်သာ ပျက်စီးသော ဆိပ်ခံများကို ပြန်လည်ပြုပြင်ပေးခြင်းဖြင့် တစ်နေ့လျှင် ရိက္ခာပစ္စည်း တန်ချိန်သုံးထောင်ကျစီ ရှိလာရာ သယ်ယူပို့ဆောင်ရေး ပြဿနာအတွက် ခေါင်းအေး၍လာခဲ့ရသည်။ သို့သော် ကျွန်ုပ်တို့အတွက် ဒုတိယနှင့် တတိယပြဿနာများက ဖြေရှင်းရန် ကျန်နေသေးသည်။

ဒုတိယပြဿနာမှာ မြန်မာပြည် မြို့ပြအုပ်ချုပ်ရေးဖြစ်၍ တတိယပြဿနာမှာ ဂျပန်တို့အား ပြန်လည်၍ တိုက်ခိုက်နေသော မြန်မာ့တပ်မတော်အား မည်ကဲ့သို့သဘောထား၍ မည်ကဲ့သို့ဆက်ဆံရမည်ဆိုသော ပြဿနာပင်ဖြစ်၏။

ဤတပ်မတော်သည် ကျွန်ုပ်တို့၏ရန်သူအား ဒုက္ခပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်သည် မြန်မာပြည်တိုက်ပွဲအစကပင် ယုံကြည်နေခဲ့၏။ သို့သော် ဤတပ်မတော်၏ လှုပ်ရှားမှုမှန်သမျှကို ကျွန်ုပ်တို့လှုပ်ရှားမှုနှင့် ပူးတွဲ၍မထားခဲ့ပါမူ ဤတပ်မတော်သည် ဂျပန်တို့အား ဒုက္ခပေးခဲ့သလိုပင် ကျွန်ုပ်တို့အားလည်း ပြန်၍ ဒုက္ခပေးနိုင်သည်ကို ကျွန်ုပ်သိပြီးဖြစ်သည်။ ထို့ကြောင့် ဤမြန်မာ့အမျိုးသားတပ်မတော်တွင် ပါဝင်သော စစ်သည်တော်တို့အား နှစ်ဦးနှစ်ဖက် နှစ်သက်ကျေနပ်စွာ ချုပ်ကိုင်ထားနိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ သူတို့၏ဗိုလ်ချုပ်ဖြစ်သော အောင်ဆန်းအား ကျွန်ုပ်အမိန့်များကို လိုက်နာအောင် ပြုလုပ်ခြင်းပင်ဖြစ်၏။



အောင်ဆန်းအကြောင်းကို ကျွန်ုပ်သိထားသမျှနှင့် မြန်မာ့ မျိုးချစ်များအကြောင်းကို ကျွန်ုပ်နားလည်ထားသမျှ အကြောင်းအချက်များအရ အောင်ဆန်းအား ကျွန်ုပ်၏အမိန့်ကိုနာခံရန် ပြုလုပ်ရေးမှာ လွယ်ကူမည်မဟုတ်ကြောင်း ကျွန်ုပ် သဘောပေါက်ထားသည်။ သို့သော် တတ်နိုင်သမျှ ကြိုးစားကြည့်မည်ဟု ဆုံးဖြတ်ထားသည်။

အောင်ဆန်းသည် ဖြစ်ပေါ်လာသောအခြေအနေကို လက်တွေ့သုံးသပ်၍ လုပ်ဆောင်တတ်သူဖြစ်သည်။ ၁၉၃၀ ခုနှစ်က ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားဘဝနှင့်ရှိနေစဉ် သူသည် များစွာသော အာရှကျောင်းသားများနည်းတူ နိုင်ငံရေးတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ အခါပေါင်းများစွာပင် ပြင်းထန်သော နိုင်ငံရေးလုပ်ငန်းများ၌ ပါဝင်ခဲ့သည်။ ၁၉၃၉ ခုသို့ ရောက်သောအခါ သူသည် အယူသည်း နိုင်ငံရေးအဖွဲ့အစည်းတစ်ခုတွင် အတွင်းရေးမှူးဖြစ်လာပြီးနောက် သူ၏ နိုင်ငံရေးလှုပ်ရှားမှုကြောင့် ထောင် ၁၇ ရက် ကျခံခဲ့ရသည်။

ဤအချိန်လောက်တွင်ပင် စိတ်ဓာတ်တက်ကြွသလောက် ထွန်းထွန်းပေါက်ပေါက်လုပ်နိုင်သော လူငယ်နိုင်ငံရေးမျိုးချစ်ဖြစ်သူ အောင်ဆန်းအား ဂျပန်ကိုယ်စားလှယ်များက သူတို့လုပ်ငန်းတွင် လက်ကိုင်တုတ်အဖြစ် တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်မည်ဟု ယူဆကာ အောင်ဆန်းနှင့် ဆက်သွယ်မှုယူတော့သည်။

၁၉၄၀ ခုနှစ်တွင် အောင်ဆန်းပါဝင်သော အစည်းအရုံးမှာ မတရားသင်းအဖြစ် ကြေညာခြင်းခံရပြီး အောင်ဆန်းနှင့်တကွ ရဲဘော် သုံးကျိပ်သည် ပုလိပ်များကိုလှည့်စားကာ ဂျပန်သို့အရောက် ကိုယ်ရောက်ပျောက်နိုင်ခဲ့ကြ၏။ ဂျပန်တွင် အောင်ဆန်းနှင့်သူ၏ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com



များကို စစ်သင်တန်းတက်စေပြီးနောက် ဂျပန်သည် မကြာမီပင် မြန်မာ့မြေကြီးပေါ်မှ အင်္ဂလိပ်များကို မောင်းထုတ်ကာ မြန်မာလူမျိုးများအား လွတ်လပ်ရေးပေးတော့မည်ဟု အယုံသွင်းလိုက်တော့သည်။

ဂျပန်က မြန်မာပြည်ကိုတိုက်ခိုက်သောအခါ အောင်ဆန်းနှင့် သူ့ရဲဘော်များလည်း တစ်ပါတည်း ပါလာကြသည်။ သူတို့အဖွဲ့သည် တိုက်ပွဲဖြစ်ပွားရာ ဒေသတစ်လျှောက်၌ မြန်မာ့ပြောက်ကျားတပ်များဖွဲ့ရန်နှင့် ပဉ္စမံတပ်များဖွဲ့ရန်အတွက် အမြုတေအဖွဲ့ ဖြစ်လာတော့၏။

ဤပြောက်ကျားတပ်နှင့် ပဉ္စမံတပ်ဖွဲ့များမှာ သူတို့၏အရှင်သခင်များဖြစ်ကြသော ဂျပန်များအတွက် များစွာအထောက်အပံ့ဖြစ်သည်ကို ယုံမှားဖွယ်မရှိ။ ၁၉၄၂ ခုနှစ်၊ ကျွန်ုပ်တို့မြန်မာပြည်မှ ဆုတ်ခွာရစဉ်က ဤလက်နက်ကိုင်အဖွဲ့သည် ကျွန်ုပ်တို့အား တစ်ခါနှစ်ခါမျှ ရဲဝံ့စွာ လာရောက်တိုက်ခိုက်သည်ကို တွေ့ရသည်။

ဉာဏ်စွမ်းနှင့် ရဲစွမ်းကြောင့် ရှေ့တန်းခေါင်းဆောင် ဖြစ်လာသော အောင်ဆန်းသည် မြန်မာအစိုးရဖွဲ့ရန် များစွာလိုလားလျက်ရှိသော်လည်း အောင်ဆန်းမှာ သူတို့ကြိုးဆွဲသည့်အတိုင်း 'က'မည့် ရုပ်သေးမဟုတ်ကြောင်းကို အနံ့ခံမိလာသော ဂျပန်အာဏာပိုင်တို့က အောင်ဆန်းအား မြန်မာအစိုးရအဖွဲ့ ခေါင်းဆောင်အဖြစ် မတင်မြှောက်လိုဘဲ ရှိနေကြသည်။

ဂျပန်အာဏာပိုင်တို့သည် သူတို့ကြိုးဆွဲရာ'က'မည့် 'ဘမော်'အား နိုင်ငံအဓိပတိအဖြစ် တင်မြှောက်လိုက်ပြီးနောက် အောင်ဆန်းအား မြန်မာ့ကာကွယ်ရေးတပ်မတော်ဟု အမည်ပြောင်းလိုက်သော မြန်မာ့အမျိုးသားတပ်မတော်၏ သေနာပတိအဖြစ် ခန့်အပ်ထားလိုက်တော့သည်။

အမှာစာ

သို့သော် ဂျပန်ကပေးသော လွတ်လပ်ရေးဆိုသည်မှာ မည်ကဲ့သို့သော အဓိပ္ပာယ်ဆောင်သည်ဆိုသည်ကို သိရန် အချိန်များစွာမလိုပါချေ။ ကျားကြောက်၍ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုးသည်ကို အောင်ဆန်း သိလာတော့သည်။ အောင်ဆန်း၏ နောက်လိုက်တစ်ဦးက ကျွန်ုပ်အား တစ်ခါကပြောဖူးသောစကားမှာ အင်္ဂလိပ်တွေက ကျွန်တော်တို့သွေးကို စုပ်တယ်ဆိုရင် ဂျပန်တွေက ကျွန်တော်တို့ ချဉ်ဆီတွေကိုပါစုပ်တယ်"ဟူ၍ ဖြစ်ပါသည်။

အောင်ဆန်းသည် ဂျပန်တို့နှင့် ပို၍ပို၍ အပေါက်အလမ်းမတည့်ဖြစ်လာသည်။ ၁၉၄၃ ခု၊ စောစောပိုင်းတွင်ပင် အောင်ဆန်းက ဂျပန်အပေါ်ထားရှိသော သဘောထားများမှာ ပြောင်းလဲနေကြောင်းဖြင့် ကရင်အမျိုးသားများအကြားတွင် စွန့်စား၍ကျန်ရစ်ခဲ့သော 'ဆီးဂရင်းမ်' ထံမှ သိရှိရသည်။

၁၉၄၄ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင်ကျင်းပသော လူထုအစည်းအဝေးပွဲတစ်ခု၌ အောင်ဆန်းသည် ဂျပန်တို့ကပေးသော လွတ်လပ်ရေးဆိုသည်မှာ မည်ကဲ့သို့ဆိုသည်ကိုပင် ပြောင်ပြောင်တင်းတင်း ပြောဆိုလာတော့၏။ ဤအချက်ဖြင့်ပင် အောင်ဆန်းသည် ဂျပန်တို့၏ သုတ်သင်ရှင်းလင်းခြင်းကို မခံခဲ့ရလျှင် ကျွန်တော်တို့အတွက် အသုံးဝင်မည့်လူတစ်ယောက်ဖြစ်လာတော့မည်မှာ သေချာလှသည်။

ကျွန်ုပ်တို့၏ အမှတ် ၁၃၆ ထောက်လှမ်းစုံစမ်းရေးအဖွဲ့သည် အထောက်တော်များမှတစ်ဆင့် အောင်ဆန်းနှင့် အဆက်အသွယ်ရှိခဲ့ပြီဖြစ်ရာ မြန်မာအမျိုးသားတပ်မတော်က ဂျပန်အား ထကြွ တော်လှန်

www.burmeseclassic.com

www.burmeseclassic.com



ပုန်ကန်လိုက်သောအခါ အောင်ဆန်းသည် ပြောသည့်အတိုင်းပင် ပြတ်ပြတ်သားသားလုပ်လာပြီကို တွေ့ရှိရသည့်အတိုင်း သူနှင့် တိုက်ရိုက် ဆက်သွယ်ရန်အချိန်သို့ ရောက်လာခဲ့တော့သည်။

ထို့ကြောင့် အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်၏ သေနာပတိကြီးဖြစ်သူ ရေကြောင်းဗိုလ်ချုပ်ကြီး မောင့်သက်တန်၏ သဘောတူ ခွင့်ပြုချက်အရ အမှတ် ၁၃၆ တပ်ဖွဲ့က အောင်ဆန်းအား ကျွန်ုပ်ထံသို့ ဧပြီလ ၂၀ ရက်နေ့တွင် လာရောက်တွေ့ဆုံ ဆွေးနွေးရန် စီစဉ်ပေးသည်။

အောင်ဆန်းနှင့် ကျွန်ုပ်တို့ တွေ့ဆုံဆွေးနွေးရာ၌ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်ုပ်က အောင်ဆန်းအား ဘေးမသီရန်မခစေဘဲ သူ့လူများထံ ပြန်၍လွှတ်ပေးပါမည်ဟု ကတိပေးသည်။

အောင်ဆန်းသည် မေလ ၁၄ ရက်နေ့အထိ ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံခြင်းမရှိဘဲ မေလ ၁၅ ရက်နေ့သို့ ရောက်လာသောအခါမှ သူနှင့် သူ၏အမှုဆောင်အရာရှိတစ်ဦးသည် ရောဝတီမြစ်ကို အာလံမှနေ၍ ဖြတ်ကူးလာပြီး ကျွန်ုပ်နှင့်တွေ့ဆုံခွင့်ပေးပါဟု တောင်းဆိုလာကြောင်း ဆိုင်ရာမှ သတင်းပို့လာသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဌာနချုပ်ရှိရာ မိတ္ထီလာမှ လေယာဉ်တစ်စင်းစေလွှတ်၍ အောင်ဆန်းနှင့် သူ၏အမှုဆောင်အရာရှိအား နောက်တစ်နေ့တွင် အခေါ်လွှတ်လိုက်၏။

ဂျပန်ယူနီဖောင်းနှင့် ကောင်းကောင်းကြီးတူသော မေဂျာ ဂျင်နရယ် (ဗိုလ်ချုပ်ကလေး) စစ်ဝတ်စုံကိုဝတ်ကာ ခါးတွင် ဓားရှည်



ချိတ်ထားသော အောင်ဆန်းကို ရုတ်တရက်တွေ့လိုက်ကြရသော ကျွန်ုပ်၏ဌာနချုပ်မှ အဖွဲ့သားတစ်ဦးနှစ်ဦးမှာ ပထမတွင် အတော်ပင် ထိတ်လန့်တုန်လှုပ်သွားကြ၏။ မည်သို့ပင်ဖြစ်စေ အောင်ဆန်းသည် အယဉ်ကျေးဆုံး ပြုမူဆက်ဆံသည်။ ကျွန်ုပ်ကလည်း သူ့လိုပင် ယဉ်ကျေးစွာဆက်ဆံသည်။

လူလတ်ပိုင်းအရွယ်လောက်ရှိသော အောင်ဆန်းသည် ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်းနှင့် စစ်သားဥပဓိရုပ်ကို ဆောင်သူဖြစ်သည်။ မျက်နှာအသွင်အပြင်မှာ ရိုးရိုးမြန်မာတစ်ယောက်၏ အသွင်အပြင်ဖြစ်သော်လည်း အေးဆေးတည်ငြိမ်သည့် အမူအရာ သို့မဟုတ် ဟာသဉာဏ်နှင့် ဇဝနဉာဏ်တို့ ရှင်သန်ပေါင်းစပ်ထားသည့် အမူအရာ ရှိသည်ဟု ဆိုနိုင်သည်။ သူသည် အင်္ဂလိပ်စကားကို ကောင်းစွာပြောနိုင်ကြောင်း တွေ့ရ၏။ သူနှင့်အတူပါလာသော အမှုဆောင်အရာရှိမှာလည်း အင်္ဂလိပ်စကားကို ရေလည်စွာပြောနိုင်သည်။ ဤအမှုဆောင်အရာရှိဖြစ်သူ ဖခင်မှာ ဗြိတိသျှအမျိုးသား အထက်တန်းအရာရှိကြီးတစ်ဦးဖြစ်လျက် မြန်မာအမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့သည်ဟု ကျွန်ုပ် ကြားသိရသည်။ ဟုတ်,မဟုတ်ကား မပြောတတ်ပေ။

အောင်ဆန်းနှင့် ကျွန်ုပ် ပထမအကြိမ်တွေ့ဆုံပွဲတွင် အောင်ဆန်းက သူသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးမှ တစ်ဆင့် မြန်မာပြည် လူထုက ဖွဲ့စည်းထားသော မြန်မာပြည်ယာယီအစိုးရအဖွဲ့၏ ကိုယ်စားလည်တော်ဖြစ်ကြောင်း သူနှင့်တကွ သူ၏ မြန်မာအမျိုးသားတပ်မတော်သည် ဤအစိုးရအဖွဲ့၏အမိန့်ကို နာခံဆောင်ရွက်ကြရကြောင်း၊ သူသည် မဟာမိတ် စစ်သေနာပတိ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်သည့်အလျောက် ကျွန်ုပ်နှင့် ပူးတွဲဆောင်ရွက်လိုသော ဆန္ဒရှိကြောင်း၊ ကျွန်ုပ်၏လက်အောက်ခံ စစ်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း တင်ပြပြောဆိုသည်။

ကျွန်ုပ်က သူပြောပြသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဆိုသည်ကို နားမလည်ကြောင်း၊ ထို့ကြောင့် ထိုအဖွဲ့ချုပ်၏ ကိုယ်စားလှယ်ဆိုသည်ကိုလည်း သဘောမပေါက်ကြောင်း၊ ကျွန်ုပ်နှင့်တကွ တစ်ကမ္ဘာလုံးက နားလည်သိရှိနေသည်မှာ မြန်မာပြည်အစိုးရဟုဆိုသည်နှင့် ဘုရင့်အစိုးရကိုသာ ဆိုလိုသည်ကို နားလည်ကြောင်း။ ယခုအချိန်၌ ဘုရင့်အစိုးရသည် အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်သေနာပတိချုပ်မှ တစ်ဆင့် မြန်မာပြည်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မြန်မာပြည် ယာယီအစိုးရ၏ ကိုယ်စားလှယ်ဆိုသည်မှာ မရှိတော့ကြောင်း အောင်ဆန်းအား ပြောပြပါသည်။

သူသည် ကျွန်ုပ်ထံမှကြားရသော စကားကြောင့် စိတ်ပျက်သွားပုံရသော်လည်း သူ့အား မဟာမိတ်စစ်ဗိုလ်ချုပ်တစ်ဦးအဖြစ် ဆက်ဆံရန် ထပ်မံ၍ တင်ပြတောင်းဆိုပြန်သည်။

ကျွန်ုပ်သည် အောင်ဆန်း၏ ရဲဝံ့ပုံကို စိတ်ထဲမှ အံ့သြလိုက်မိပြီး နှုတ်မှလည်း ဤအတိုင်းပြောပြလိုက်၏။

"ဗြိတိသျှအစိုးရရဲ့ လက်အောက်ခံတိုင်းရင်းသားဖြစ်တဲ့ ခင်ဗျားဟာ ဗြိတိသျှအစိုးရကို ပြန်ပြီး ပုန်ကန်တိုက်ခိုက်တဲ့ကိစ္စကို ဘေးဖယ်ထားလိုက်ဦး။ ခင်ဗျားကို လူသတ်မှုနဲ့ အရေးယူဖို့ပြောနေတဲ့ လူတွေ ကျုပ်ဌာနချုပ်ထဲမှာ ရှိနေတယ်။ သက်သေတွေရော သက်



သေခံ ပစ္စည်းတွေရော အားလုံးအသင့်ပဲ။ ခင်ဗျားကို ကျုပ်ဌာနချုပ်က ပြန်လွှတ်ဖို့ဆိုတာ ကြားလူတစ်ယောက်က ပြောခဲ့တဲ့စကားပဲ ဖြစ်တယ်။ ခင်ဗျားဆီမှာ ဘာမှ စာနဲ့ပေနဲ့ ဝန်ခံထားတာ မရှိဘူး မဟုတ်လား။ ဒီတော့ ဒီကိုလာပြီး ဒီလိုတောင်းဆိုချက်တွေ လုပ်နေတာဟာ ခင်ဗျားအန္တရာယ်ကို ခင်ဗျားရှာနေတာနဲ့ တူမနေဘူးလား" ဟု မေးလိုက်၏။

"မတူပါဘူး"

အောင်ဆန်းက တိုတိုတုတ်တုတ်ပင် အဖြေပေးလေသည်။

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ဗြိတိသျှစစ်ဗိုလ်ချုပ် တစ်ယောက် ဖြစ်နေလို့ပါပဲ"

အောင်ဆန်းသည် ဤစကားတစ်ခွန်းဖြင့် ကျွန်တော့်အပေါ်တွင် အနိုင်ကြီး နိုင်သွားတော့သည်။

ကျွန်ုပ်သည် အောင်ဆန်း ပြန်၍ဖြေလိုက်ပုံကို သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်လိုက်မိပြီး...

"ဗြိတိသျှတွေကို ဒါလောက်အထင်ကြီးနေရင်လည်း ဘာဖြစ်လို့ ဗြိတိသျှတွေကို မောင်းထုတ်ဖို့ ဒါလောက်ကြိုးပမ်းနေရတာလဲ" ဟု မေးလိုက်၏။

အောင်ဆန်းက သူသည် ဗြိတိသျှများကိုမုန်း၍ ဤကဲ့သို့ တိုက်ထုတ်ရန် ကြိုးစားနေခြင်းမဟုတ်ကြောင်း၊ သူ့တိုင်းပြည်ကို ဗြိတိသျှသော်လည်းကောင်း၊ ဂျပန်သော်လည်းကောင်း အခြား မည်သည့်နိုင်ငံ မဆိုသော်လည်းကောင်း လာ၍အုပ်စိုးနေခြင်းကို မလိုလား၍သာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ပြောပြသည်။

ကျွန်ုပ်က သူ့သဘောထားကို နားလည်သော်လည်း ကျွန်ုပ်မှာ စစ်သားတစ်ယောက်သာဖြစ်၍ မြန်မာပြည်၏ အနာဂတ်အစိုးရအကြောင်းကို ဆွေးနွေးနိုင်ခွင့်မရှိကြောင်း ဗြိတိသျှအစိုးရသည် မြန်မာပြည်အား ဗြိတိသျှဓနသဟာယအတွင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ရှိသော နိုင်ငံအဖြစ် ထူထောင်ပေးရန် ဆန္ဒရှိကြောင်းကို ထုတ်ဖော်ပြောဆိုထားပြီးဖြစ်ရာ ကျွန်ုပ်တို့အတွက် ဆွေးနွေးစရာအချက်မှာ မြန်မာပြည်အတွင်းရှိ ဂျပန်များအား မည်သည့်နည်းဖြင့် မောင်းထုတ်ခြင်းသည် အကောင်းဆုံးဆိုသည်ကို ဆွေးနွေးရန်ပင်ဖြစ်ကြောင်းဖြင့် ပြောဆိုသည်။

ကျွန်ုပ်နှင့် အောင်ဆန်းသည် စိတ်ထားနှလုံးထားကောင်းကောင်းဖြင့် ဆက်၍ ဆွေးနွေးကြသည်။

ကျွန်ုပ်က သူဦးစီးသော မြန်မာ့အမျိုးသားတပ်မတော်၏ လူအင်အားနှင့် ယခုအချိန်တွင် သူ၏တပ်ဖွဲ့များ စခန်းချထားသောဌာနများ၏ စာရင်းကိုပေးရန် တောင်းဆိုသည်။ သူသည် ဤစာရင်းကို မပေးလိုဟူ၍လည်းကောင်း၊ မပေးနိုင်ဟူ၍လည်းကောင်း ကျွန်ုပ်ယူဆထားသည့်အနက် အကြောင်းနှစ်ရပ်စလုံးပင် အနည်းငယ်စီ အကျုံးဝင်လိမ့်မည်ဟု ထင်ရ၏။

ကျွန်ုပ်သည် ဤစာရင်းကိုရရှိရန်အတွက် အတော်ပင် ဖိ၍ပြောသည်။ သို့သော် အောင်ဆန်းထံမှ အဖြေဟူ၍ တိတိကျကျမရ။ သူသည် သူ့တပ်မတော်၏အင်အား ယခုအချိန်၌ မည်ရွေ့မည်မျှရှိသည်ကိုလည်းကောင်း၊ တပ်မတော်မှ တပ်ဖွဲ့များ မည်သည့်ဒေသသို့ရောက်ရှိနေသည်ကိုလည်းကောင်း သို့မဟုတ် အချို့သောတပ်ဖွဲ့များ မည်သို့ပြုလုပ်နေသည်ကိုလည်းကောင်း ဂဃနဏသိရှိထားခြင်း မရှိဟု ကျွန်ုပ်က ထင်မြင်ယူဆမိလေသည်။

ကျွန်ုပ်က သူ၏မြန်မာ့အမျိုးသားတပ်မတော်ဟူသော အမည်ကို ခံယူလျက် လက်နက်ကိုင်ဖွဲ့ကာ မြန်မာချင်း လုယက်တိုက်ခိုက်နေသော အဖွဲ့များရှိနေသည်ဟု သတင်းရကြောင်း၊ ထိုအဖွဲ့များသည် ဓားပြများထက် မသာကြောင်းကို ပြောပြလိုက်သောအခါ အောင်ဆန်းက သူနှင့် ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအဖွဲ့သားကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်ရမည်ဖြစ်ကြောင်းဖြင့် ချက်ချင်းပင် ဝန်ခံလိုက်သည့်အတွက် ထိုသို့ အလွယ်တကူဝန်ခံပုံကို ကျွန်ုပ် အံ့သြရပြန်တော့သည်။

သူသည် လက်နက်ကိုင်အဖွဲ့အစည်းများအကြောင်းနှင့် ဆက်သွယ်ရင်း ဂျပန်က တကယ့်လွတ်လပ်ရေး အစစ်အမှန်ကိုပေးမည်ဟု မျှော်လင့်ခဲ့ကြောင်း၊ သို့သော် ဂျပန်က တကယ့်လွတ်လပ်ရေးကို ပေးမည့်အစား ပိုမိုနှိပ်ကွပ်လာသည်ကို တွေ့လာရသောအခါ ကျွန်ုပ်တို့ ဗြိတိသျှတို့ကပေးသော ကတိကို ယုံကြည်၍ ကျွန်ုပ်တို့နှင့် ပူးပေါင်းရန် ဆန္ဒရှိလာကြောင်းဖြင့် ပြောပြနေသည်။

ကျွန်ုပ်က သူ့စကားကိုဖြတ်ကာ "ဒါဖြင့် ခင်ဗျားက ကျုပ်တို့အနိုင်ရနေတာ တွေ့နေတော့မှ ကျုပ်တို့ဆီလာတာပေါ့...ဟုတ်လား" ဟု မေးလိုက်ပါသည်။

ဤတွင် အောင်ဆန်းက...

"ခင်ဗျားတို့ရှုံးနေတုန်း ခင်ဗျားတို့ဆီ ကျုပ်တို့လာလို့ဘယ်လိုလုပ်ပြီး အကျိုးရှိမှာလဲခင်ဗျာ..."ဟု အဖြေပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှာစာ

**သူမလိုက်သောအဖြေ**မှာ သွေးထွက်အောင် မှန်နေပြန်သည်။ **အညီတစ်မျိုးတွင်**လည်း အောင်ဆန်းသည် ကျွန်ုပ်အပေါ်တွင် အနိုင်ရ**သွားခဲ့ပြန်လေပြီ။** ကျွန်ုပ်သည် သူ၏ရိုးသားမှုကို သဘောကျနေမိ၏။ **အမှန်တော့** ကျွန်ုပ်သည် အောင်ဆန်းကို သဘောကျနေမိပြီဖြစ်၏။

ဤကား DEFEATINTOVICTORY (မြန်မာပြည်စစ်မြေပြင်)တွင် **ဦးတိုးသူတို့၏** အမှတ် ၁၄ တပ်မတော်မှ ဗိုလ်ချုပ်ကြီးဝီလျံဆလင်းက **မြန်မာအမျိုးသားခေါင်းဆောင်ကြီး** ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့**အမျိုးသား**တပ်မတော်အကြောင်းကို ရေးသားချက်မှ ထုတ်နုတ်တင်ပြချက် အချို့ပင်တည်း။)

( ၇ )

ကျွန်တော်သည် စစ်မှတ်တမ်းဝတ္ထုများကို မြန်မာပြန်သူအဖြစ်ဖြင့် ဤအမှာကို ဤမျှ ရှည်ရှည်လျားလျားကြီး ရေးသားသည်မှာ တစ်ခုတည်းသောရည်ရွယ်ချက်ကြောင့်ပင် ဖြစ်၏။

ထိုရည်ရွယ်ချက်မှာ ယနေ့ထက်တိုင် အမှုကွန်းတင်နိုင်ခြင်း မရှိသေးသော မြန်မာပြည်သူတစ်ရပ်လုံးနှင့် မြန်မာ့တပ်မတော်ကြီးက ဆင်နွှဲခဲ့သော ဖက်ဆစ်တော်လှန်ရေးကြီး၏ တိုက်ပွဲသမိုင်းစဉ်ကို အပိုလည်းမနှော အလိုလည်းမရှိဘဲ မှန်မှန်ကန်ကန်အမှုကွန်း တင်နိုင်ပါစေဟု သော ရည်ရွယ်ချက်ပင် ဖြစ်ပါသတည်း။

**ယုံကြည်ချက်စေနီး** **တက္ကသိုလ်နန္ဒမိတ်**
**ကြေးတိုင်ရ၊ ၁–လမ်း** ၁၉–၄–၆၆
**အင်းစိန်၊ ရန်ကုန်။**

# သံလွင်မြစ်ကမ်းတိုက်ပွဲ

## တက္ကသိုလ်နန္ဒမိတ် (မြန်မာပြန်သည်)

( ၁ )

စွန့်စားသွားလာလုပ်ကိုင်ရသော အလုပ်မျိုးကိုမှ သဘောကျနှစ်ခြိုက်ခဲ့သဖြင့် ရှမ်းပြည်နယ်'ပြောင်ရှူး'ကြိုးဝိုင်းတွင် လက်ထောက်သစ်ထုတ်လုပ်ရေး မန်နေဂျာအဖြစ် ဆောင်ရွက်နေခဲ့သော ကျွန်တော်သည် ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်သို့ ကူးစက်တောက်လောင်လာသည့်အချိန်၌ တကယ့်စွန့်စားခန်းများနှင့် ရင်ဆိုင်လာရတော့၏။

အသက်ဆယ့်တစ်နှစ်သာရှိသေးသော ကျွန်တော်သည် ပြင်ဦးလွင် စာသင်ကျောင်းမှ ထွက်လျှင်ထွက်ချင်း 'ပြောင်ရှူး'ကြိုးဝိုင်းသို့ ရောက်လာခဲ့ခြင်းဖြစ်လေ၏။

အချိန်ကား ဥရောပတွင် ဒုတိယကမ္ဘာစစ်မီးကြီး စတင်လောင်ကျွမ်းနေသည့် ၁၉၃၉ ခုနှစ်တည်း။

ကျွန်တော်သည် 'ပြောင်ရှူး'ကြိုးဝိုင်းတွင် ၁၉၄၁ ခုနှစ် ဩဂုတ်လအထိ တာဝန်ထမ်းဆောင်ခဲ့ရပြီးနောက် စက်တင်ဘာလကုန်ခါနီး

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လာသောအခါ မော်လိုက်သစ်တော်ခရိုင်တွင်းရှိ 'မိုင်းနယောင်'ကြိုးဝိုင်းသို့ ပြောင်းရွှေ့ခန့်အပ်ထားခြင်း ခံရပြန်သည်။

'ပြောင်ရှား'ကြိုးဝိုင်းမှာ သီပေါခရိုင်တွင်ရှိပြီး 'မိုင်းနယောင်'မှာ အထက်ချင်းတွင်း၌ တည်ရှိနေလေရာ ကျွန်တော်သည် အရှေ့ဘက်မှ အနောက်ဘက်သို့ မိုင်နှစ်ရာကျော်ကျော် ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်၏။

ဤအချိန်တွင် ဒုတိယကမ္ဘာစစ်မီးကြီးမှာ မြန်မာပြည်ဘက်သို့ ကူးစက်ရန် အစွယ်တဖွေးဖွေးရှိနေပေပြီ။

အထက်ချင်းတွင်းခရိုင်သို့ ကျွန်တော်ပြောင်းရွှေ့မလာမီ လလောက်ကပင် ဂျပန်တပ်များသည် အင်ဒိုချိုင်းနားကျွန်းဆွယ်သို့ တက်ရောက် တိုက်ခိုက်လျက်ရှိနေသည်။ အင်္ဂလန်ရှိ နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များက ဂျပန်သည် မည်သည့်နည်းနှင့်မျှ အင်္ဂလိပ်၏ ကိုလိုနီဖြစ်သော မြန်မာပြည်ကို ဝင်ရောက်တိုက်ခိုက်လိမ့်မည်မဟုတ်ဟု ယူဆထားကြကြောင်း သတင်းကြားနေရသည်။ ထို့ကြောင့်လည်း မြန်မာပြည်အား ဂျပန်ရန်မှကာကွယ်ထားမည့် အစီအစဉ်ကို သက်ဆိုင်ရာ အာဏာပိုင်များက စိတ်မပါ့တပါဖြင့် လုပ်ကိုင်နေကြသည်ဟုလည်း သတင်းဖြစ်ပေါ်နေသည်။

မြန်မာပြည်သို့ ဘုရင်ခံအသစ်အဖြစ် မကြာမီကမှ ရောက်ရှိလာသော ဆာရယ်ဂျနယ်ဒေါ်စမစ်သည် မြို့ပြကာကွယ်ရေးအစီအစဉ်များကို ပြုလုပ်ရန် အင်္ဂလန်ရှိ အာဏာပိုင်များအား တိုက်တွန်းခဲ့သည်။ မန္တလေးမှ အိန္ဒိယသို့ရောက်နိုင်သော မော်တော်ကားလမ်းဖောက်ရန်လည်း တင်ပြခဲ့သည်။ သို့သော် အင်္ဂလန်ရှိ အာဏာပိုင်များက ဒေါ်မန်စမစ်၏ တိုက်တွန်းချက်ကို သွက်လက်စွာလက်ခံခဲ့ခြင်းမရှိ။



အထက်မြန်မာပြည်ရှိ မကွေးလေယာဉ်ကွင်းတွင် အမေရိကန် ဗော်လံတီယာတပ်ဖွဲ့မှ 'တိုမဟောက်' တိုက်လေယာဉ်များကို မြန်မာပြည်ကာကွယ်ရေးအတွက် အခြေစိုက်ထားရန်လည်း ဆာဒေါ်မန်စမစ်က ကြိုတင်စီစဉ်ခဲ့သည်။

သို့သော် ခက်နေသည်ကား...လိုသောလူနှင့် လက်နက်ကိရိယာများ မြန်မာပြည်သို့ လောလောလတ်လတ် ရောက်မလာခြင်းပင် ဖြစ်သည်။

နန်းရင်းဝန်ကြီး ဝင်စတန်ချာချီကဲ့သို့သော ခေါင်းဆောင်ကြီးများက မြန်မာပြည်သည် ဂျာမန်၏ပစ်ကွင်းမှ လွတ်ကင်းနိုင်လိမ့်မည် မဟုတ်ဟု တွက်ချက်မိခဲ့ကြသည့်တိုင် စစ်ကြီးအတွက် ပြင်ဆင်ထားခဲ့ခြင်းမရှိခဲ့သော အင်္ဂလန်သည် မြန်မာပြည်အတွက် အကာအကွယ်ပေးစရာ လူသော်လည်းကောင်း၊ လက်နက်ကိရိယာသော်လည်း အလွန်ရှားပါးနေတော့၏။

ထို့ကြောင့် ဂျပန်ဘေးအန္တရာယ်ကို ရှောင်မရ တိမ်းမနိုင်ဘဲ လက်တွေ့ရင်ဆိုင်လာရသောအချိန်၌ မြန်မာပြည် ကာကွယ်ရေးကို တာဝန်ယူခဲ့ရသော ဗိုလ်ချုပ်ကြီးဝေဗယ်သည် စုဆောင်းရရှိနိုင်သမျှသော လက်နက်လူသူဖြင့်သာ ခုခံကာကွယ်ရတော့သည်။

ရှိစုမဲ့စုအင်အားကား တပ်မတစ်ခုစာမျှသာတည်း။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်သည် ပုလဲဆိပ်ကမ်းရှိ အမေရိကန် ရေတပ်စခန်းကို စစ်မကြေညာဘဲ ဗုံးကြဲတိုက်ခိုက်ပြီးနောက် စင်ကာပူခံတပ်သို့ အရေးတကြီးစေလွှတ်လိုက်သော အင်္ဂလိပ် စစ်သင်္ဘောကြီး ၂ စင်းဖြစ်သည့် 'ရီပါ့လ်စ်'နှင့် 'ပရင့်စ်အော့ဖ်ဝေးလ်'ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း လေကြောင်းမှ တိုက်ခိုက်နှစ်မြှုပ်မိလိုက်၏။

တစ်ပတ်ခန့်အကြာတွင် မြန်မာပြည်၏ တောင်ဘက်အစွန်ဆုံးဖြစ်သော ကော့သောင်ကို ဂျပန်စစ်သဘောအချို့က တက်ရောက်သိမ်းပိုက်လိုက်တော့သည်။

သို့ဖြင့် မြန်မာပြည်တိုက်ပွဲကြီး စတင်လာခဲ့ရလေသည်။

ဂျပန်တပ်များ ရန်ကုန်မြို့ကိုသိမ်းပိုက်ရန် ချီတက်လာသည့်အချိန်၌ မော်လိုက်တွင် ဌာနချုပ်ပြုလုပ်ကာ ရုံးစိုက်နေသော ကျွန်တော်၏ သစ်လုပ်ငန်းမန်နေဂျာသည် ကျွန်တော်ရှိရာ မိုင်းနယောင်ကြီးဝိုင်းသို့ ကတိုက်ကရိုက်ရောက်ရှိလာပြီး သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို ချက်ချင်းရပ်စဲစေကာ ကျွန်တော်တို့အား စခန်းတွင်ရှိသည့်ဆင်များကို ချင်းတွင်းအနောက်ဘက်ကမ်းသို့ အရောက်ခေါ်ယူသွားရန် အမိန့်ပေးသည်။

ဆင်များမှာ မြန်မာပြည်မှ အိန္ဒိယပြည်ထဲသို့ ပြောင်းရွှေ့မည့်မိသားစုများအား သယ်ယူပို့ဆောင်ရေးတွင် အထူးအရေးပါသည့်အခန်းမှ ပါဝင်ရပေတော့မည်။ ကျွန်တော့်မှာလည်း လက်ထောက်သစ်ထုတ်လုပ်ရေးမန်နေဂျာမှ မြန်မာ–အိန္ဒိယ နယ်စပ်တစ်လျှောက်တွင် သယ်ယူပို့ဆောင်ရေးအရာရှိတစ်ဦးအဖြစ်သို့ ဆောင်ရွက်ရန်တာဝန်ယူရသည်။

သို့ဖြင့် နှစ်,နှစ်ကျော်ကျော်ကလေးမျှသာ ဆောင်ရွက်နေခဲ့ရသောကျွန်တော်၏ လက်ထောက်သစ်ထုတ်လုပ်ရေးမန်နေဂျာအလုပ်မှာ ကသုတ်ကရက်နှင့် ရုတ်တရက်ပင် အဆုံးသတ်ခဲ့ရသည်။

မြန်မာပြည်၏ မြို့တော်ဖြစ်သော ရန်ကုန်ကို ဂျပန်တပ်များ



သိမ်းပိုက်မိသည်နှင့် တစ်ပြိုင်နက် စောစောကပင် စစ်ပြေးဒုက္ခသည်များဖြင့် ပြွမ်းနေသော အိန္ဒိယ မြန်မာနယ်စပ်မှာ ဒီရေလျှံ၍ တက်လာသကဲ့သို့ အိန္ဒိယအမျိုးသားများ၊ မိန်းမများ၊ ကလေးလူငယ်များနှင့်မျက်နှာဖြူမိသားစုများ၊ ဆုတ်ခွာနေသော အင်္ဂလိပ်တပ်သားများဖြင့်လျှံ၍လာတော့သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

မိုင်းနယောင် တောင်တန်းများဆီမှ ချင်းတွင်းရှိရာသို့ ဆင်းလာခဲ့ရသော ခရီးမှာ ကျွန်တော့်အတွက် စိတ်ပျက်အားငယ်စရာပင် ဖြစ်၏။

မြန်မာပြည်သည် ကျွန်တော်၏ မွေးရာဇာတိမြေလည်းဖြစ်သည်။ ကျွန်တော့်အား ကြီးပြင်းအောင် မြေတောင်မြှောက်ပေးခဲ့သော ဌာနလည်း ဖြစ်သည်။ ကျွန်တော်၏ဖခင်ဖြစ်သူက အင်္ဂလိပ်အမျိုးသားတစ်ဦးဖြစ်စေကာမူ ကျွန်တော့်မိခင်မှာ မြန်မာပြည်သူတစ်ဦးပင်ဖြစ်၏။ ကျွန်တော်သည် ပြင်ဦးလွင်တွင် စာသင်ခဲ့ရပြီး မြန်မာပြည်တွင် ကျွန်တော်ဝါသနာထုံသောအလုပ်ကို လုပ်ကိုင်ခဲ့ရသည်။ ယခုမူ ကျွန်တော်၏ ဇာတိရပ်ရွာကိုခွဲခွာကာ အိန္ဒိယပြည်ဘက်သို့ မျက်နှာမူခဲ့ရပြီဖြစ်သောကြောင့် စိတ်ပျက်အားငယ်နေမိခြင်းဖြစ်သည်။ သို့သော် ကျရောက်လာသောတာဝန်ကို ဆက်လက်ထမ်းဆောင်ရတော့မည်ဖြစ်၏။ နဂိုကပင် စွန့်စားသွားလာ လုပ်ကိုင်ရသော အလုပ်မျိုးကိုမှ သဘောကျခဲ့သော ကျွန်တော်သည် ဇာတိရပ်မြေကို ခွဲခွာလာရသည့်အတွက် တစ်ဖက်မှ စိတ်အားငယ်မိသော်လည်း အခြားတစ်ဖက်တွင်



မှ ကျွန်တော်သဘောကျသော အလုပ်မျိုးနှင့် ကြုံကြုံဖန်ဖန်လာ၍ ရင်ဆိုင်တိုးရလေသည်တကားဟု စိတ်ဖြေရသည်။

မိုင်းနယောင် တောင်တန်းများဆီမှ ချင်းတွင်းသို့ဆင်းလာရသောလမ်းတွင် သစ်ခွပန်းများက လန်းဆန်းစွာ ဆီးကြိုနေကြ၏။ အသွေးအရောင်စုံလှသော ငှက်ကလေးများကလည်း မာကထာတေးဖြင့် သံသာဟစ်ကြွေး၍ ကြိုလင့်နေသည်။ တစ်ခါတစ်ခါတွင် မိုးထိအောင် မြင့်သော ကျွန်းပင်ကြီးများကို အရွက်များဖားဖားဖြင့် ဝေဝေဆာဆာ တွေ့နေရ၏။

သို့သော် ကျွန်တော်က သစ်ခွပန်း၏အလှကိုလည်းကောင်း၊ မာဂဓဖြင့် သံသာနှောနေသော ကျေးငှက်တို့၏ တေးသံကို လည်းကောင်း အာရုံမရောက်နိုင်။ 'မိုင်းနယောင်'ကြိုးဝိုင်းထဲတွင် ကျန်နေရစ်ခဲ့ရှာသော သစ်ထုတ်လုပ်ရေးအဖွဲ့သားများဆီသို့သာ စိတ်ရောက်နေသည်။ သူတို့အဖို့ ကျွန်တော်မရှိသည်နှင့် တစ်ပြိုင်နက် အမိမဲ့သားရေနည်းငါးကဲ့သို့ ဖြစ်နေရှာပေတော့မည်။

မိုင်းနယောင် တောင်တန်းများဆီမှ တောလမ်းအတိုင်း ထွက်ခွာလာခဲ့ကြသော ကျွန်တော်တို့သည် တဖြည်းဖြည်းနှင့် ချင်းတွင်းအရှေ့ဘက် မြစ်ကမ်းပါးရှိရာသို့ ဦးတည်နေသောလမ်းကို တွေ့လာကြရ၏။ လမ်းသည် ပြန့်ပြူးကာ ပြေပြစ်၍လာသည်။ ကျွန်တော်တို့သည် မြောက်ဘက်လမ်းအတိုင်း လိုက်လာခဲ့ကြပြီးနောက် စစ်တောင်းမြို့သို့ ရောက်လာခဲ့ကြ၏။

စစ်တောင်းတစ်မြို့လုံးမှာ ကုလားစစ်ပြေးများဖြင့် ပြည့်ကြပ်လျက်ရှိ၏။ တစ်မြို့လုံးမှာလည်း ညစ်ပတ်နံစော်လျက်ရှိသည်။ နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာသော စစ်ပြေးဒုက္ခသည်များကလည်း ဝင်လာမစဲ တသဲသဲ။

ကျွန်တော်သည် ရွှေ့ပြောင်းရေးတာဝန်ခံထံသို့ သွားရောက်ပြီး ကျွန်တော့်စခန်းမှ ဆင်များနှင့်အတူ ရောက်ရှိလာကြောင်း သတင်းပို့လိုက်၏။ ကျွန်တော် ဆက်လက်ဆောင်ရွက်ရမည့် တာဝန်မှာ အိုမင်းမစွမ်းရှိနေသူများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိန်းမများကို စစ်တောင်းမှ တမူးသို့အရောက် သယ်ယူပို့ဆောင်ပေးရမည်ဖြစ်သည်။

စစ်တောင်းရှိ နာမကျန်းသူများထားရာ စခန်းတွင်လည်း လူများပြွတ်သိပ်လျက်ရှိသည်။ ငှက်ဖျားကြောင့်လည်းကောင်း၊ ခရီးပန်းသောကြောင့်လည်းကောင်း၊ စိတ်သောကကြောင့်လည်းကောင်း မန္တလေးမှ စစ်တောင်းအထိ မိုင်ပေါင်းတစ်ရာ့ကိုးဆယ်ခန့်ဝေးသောခရီးကို ခြေကျင်လာခဲ့ကြရသောကြောင့်လည်းကောင်း ပိန်ချုံးချိနဲ့ကာ အရိုးပေါ်အရေတင်လျက်ရှိသော လူနာအများအပြားကို သနားစဖွယ် တွေ့ရှိရ၏။

လက်တစ်ဆုပ်စာမျှရှိသော ဆရာဝန်များနှင့် သူနာပြုဆရာမများက များပြားလှသော ဒုက္ခသယ်လူနာများကို လက်မလည်အောင် ပြုစုကုသပေးနေသည့်တိုင် တစ်နေ့တစ်နေ့လျှင် အသေအပျောက်နှုန်းမှာ ပို၍သာ တက်လာ၏။ မန္တလေးမှပြေးလာခဲ့ကြသူများသည် ကလေးဝနှင့် စစ်တောင်းအကြားတွင် ပို၍ဒုက္ခရောက်နေကြသည်ဟု သတင်းကြားရ၏။ အထူးသဖြင့် ရွှေဘို ကလေးဝ အကြား ၂၁ မိုင်မျှသာရှိသော လမ်းခရီးတွင် စစ်ပြေးဒုက္ခသည်တို့၏ အခြေအနေမှာ ကြောက်ခမန်းလိလိဖြစ်နေသည်ဟု သိရ၏။ ဟူးကောင်းတောင်ကြားလမ်းမှနေ၍ မိုင်ပေါင်း ၂၅၀ ခန့်ရှည်သောခရီးကို ဖြတ်၍ ပြေးလာသူများမှာ အဆိုးဆုံးသောဒုက္ခကို ခံရသည်ဟု ကြားသိရသည်။ ဤ



ဒုက္ခသည်များသည် ကြမ်းတမ်းသောလမ်းခရီး၏ ဒဏ်ကို လည်းကောင်း၊ မိုးရာသီ၏ဒဏ်ကိုလည်းကောင်း ပူးပေါင်း၍ခံရကာ လောကငရဲတစ်ခုအတွင်းသို့ သက်ဆင်းနေရသည်နှင့် တူနေလေတော့သည်။

ကျွန်တော်တို့သည် စစ်တောင်းတွင် တစ်ညမျှ နားနေအိပ်စက်ကြပြီးနောက် အရုဏ်တက်လာသည်နှင့် တစ်ပြိုင်နက် မိုင် ၂၀ ကွာသော တမူးသို့ ခရီးထွက်ရန် ပြင်ဆင်ကြရတော့သည်။

ကျွန်တော်တို့ ပို့ဆောင်ပေးရမည့်သူများမှာ ကလေးများ၊ မိန်းမများနှင့် အိုမင်းမစွမ်းသူ အချို့ပင်ဖြစ်သည်။ လေးလံသော ဝန်စည်စလည်ဟူ၍ မပါ။

စစ်တောင်းမှ ထွက်ခွာလာစတွင် လမ်းခရီး ပြေပြစ်ကောင်းမွန်သော်လည်း တစ်နာရီခန့် ခရီးပေါက်လာသောအချိန်၌ မတ်စောက်သော တောင်တက်များကို တွေ့ရတော့၏။ လမ်းသည် တဖြည်းဖြည်း မတ်စောက်လျက်ရှိရာ ကျွန်တော်တို့၏ ဆင်အုပ်စုသည် တစ်နာရီလျှင် သုံးမိုင်မျှသောခရီးကို ခက်ခက်ခဲခဲဖြင့် တက်နေရတော့သည်။

ပေနှစ်ထောင်ခန့်အမြင့်သို့အရောက်တွင် ဆင်များမှာ ပန်းနေကြပြီဖြစ်၍ ခေတ္တနားနေရန် အမိန့်ပေးလိုက်ရ၏။ အနားယူပြီးနောက် စ၍ ခရီးထွက်သောအခါ၌ကား ကျွန်တော်တို့သည် အဆင်းလမ်းသို့ ရောက်နေပြီဖြစ်ကြောင်းကို ဝမ်းသာဖွယ်ရာ တွေ့ရှိရသည်။

ကျွန်တော်တို့သည် တဖြည်းဖြည်းနှင့် ပေ ၆၀၀ အထိနိမ့်၍ ဆင်းလာခဲ့ကြသည်ကို သတိပြုမိသည်။ ကျွန်တော်တို့အား တစ်ဖက် တစ်ချက်တွင် မြင့်မားသောတောင်စွယ်တောင်တန်းကြီးများ ဝိုင်းနေခြင်းကို တောက်ခြင်းအားဖြင့် ကျွန်တော်တို့သည် နာမည်ကြီးလှသော

www.burmeseclassic.com

www.burmeseclassic.com



'ကဘော်ချောင်'သို့ ဝင်ရောက်လာပြီဖြစ်ကြောင်းကို သတိပြုမိလိုက်သည်။

ခြင်ကောင်ကြီးများသည် မိုးသားတိမ်တိုက်ထုကြီးကဲ့သို့ ကျွန်တော်တို့နောက်မှ လိုက်ပါလာသည်။ ကဘော်ချောင်သည် ငှက်ဖျားတိုင်းပြည်ဟု နာမည်ဆိုးထွက်နေသော နေရာပင်တည်း။

ဆင်များသည် ကျင်းကုန်းများ လျှိုမြောင်များထူထပ်လှသော ကဘော်ချောင်ကို ရဲရဲဝံ့ဝံ့ပင် ဖြတ်ကျော်နေကြသည်။ စစ်တောင်းမှ တမူးအထိ လမ်းခရီးမှာ မိုင် ၂၀ သာ ကွာသော်လည်း ကြားထဲတွင် ခံနေသော ကဘော်ချောင်၏ တစ်ခုသောအစိတ်အပိုင်းကြောင့် ကျွန်တော်တို့သည် ဆင်အုပ်စုကို ရပ်တန့်နားနေရန် မခိုင်းရဲဘဲ ခရီးကိုသာ သွက်သွက်ကြီးနှင်နေရ၏။

အကယ်၍ ဤနေရာတွင် ကျွန်တော်တို့ရပ်နားနေသည့် တိုင်အောင် ဆင်များအတွက် နားနေရန် အရိပ်အာဝါသသော်လည်းကောင်း၊ သောက်ရန်ရေများသော်လည်းကောင်း ရရှိနိုင်မည်မဟုတ်။ ဤအထဲတွင် တမူးမှ စစ်တောင်းသို့ပြန်လာသော ဆင်အုပ်စုတစ်ခုကို တွေ့နေရသောကြောင့်လည်း ကျွန်တော်က ရပ်နားလိုစိတ်မရှိ။ ကျွန်တော်တို့သည် သူတို့လောက်မှ ခရီးမနှင်နိုင်ဟု ထင်မှတ်သွားမည်ကို ကျွန်တော် မခံနိုင်။ ထို့ကြောင့် ပန်းနေသောဆင်များကိုပင် ချွန်းတို့၍ ဆက်လက်ကာ ခရီးပြင်းနှင်ခဲ့သည်။

ဆင်များပေါ်တွင် လိုက်ပါလာခဲ့ကြသောသူများသည် တလူးလူးတလိမ့်လိမ့်ဖြင့် လာခဲ့ကြရရုံသာမက ပူပြင်းလှသော နေအရှိန်နှင့် တဝီဝီမြည်၍ လိုက်ပါလာသော ခြင်များ၏ဒဏ်ကိုလည်း ခံနေကြရ



သည်။ ဤကဲ့သို့သော ဒုက္ခကိုခံရင်း လာခဲ့ကြသောအခါ တိမ်သောစမ်းချောင်းကလေးတစ်ခုကို တွေ့ရ၏။ တမူးသို့ရောက်ရန် မဝေးတော့ဟူသော အမှတ်အသားပေတည်း။

များမကြာမီပင် တမူးမြို့ ဆင်ခြေဖုံးမှ တဲအိမ်ကလေးများကို စ၍ တွေ့လာကြရ၏။ ခရီးသည်အားလုံးတို့၏ မျက်နှာမှာ ရွှင်ရွှင်ပျပျ ဖြစ်လာကြသည်။ ဆင်များ၏အမူအရာသည်ပင်လျှင် စားစရာနှင့် နားနေစရာ တွေ့တော့မည်ဟူသော အဓိပ္ပာယ်ဖြင့် မြူးရွှင်၍ လာကြ၏။

ကျွန်တော်တို့သည် မြို့အဝင်တွင် ခေတ္တမျှ နားနေကြပြီးနောက် တမူးမြို့တွင်းသို့ ဝင်လာခဲ့ကြ၏။

စစ်တောင်းမှ တမူးသို့လာခဲ့ရသောအချိန်မှာ ရှစ်နာရီတိတိ ကြာနေခဲ့သည်။ မိုင် ၂၀ မျှသောခရီးကို ၈ နာရီတိုင်တိုင် ခရီးနှင်ခဲ့ကြရလေသည်တကား။

ကျွန်တော်သည် ကျွန်တော်နှင့်ပါလာသော စစ်ပြေးခရီးသည်များအား သက်ဆိုင်ရာစခန်းတာဝန်ခံသို့ အပ်နှံပေးခဲ့ပြီးနောက် နောက်တစ်နေ့နံနက်တွင် စစ်တောင်းသို့ပြန်၍လာခဲ့ကြ၏။ စစ်တောင်းမှ စစ်ပြေးဒုက္ခသည်တို့ကို တမူးသို့အရောက် သယ်ယူပို့ဆောင်ပေးရန်တည်း။

ဒုတိယအခေါက် စစ်တောင်းမှ တမူးသို့လာခဲ့ရသော ခရီးစဉ်မှာ ပထမအခေါက်နှင့် များစွာထူးခြားခြင်းမရှိလှ။ ကျွန်တော်တို့ဆင်အုပ်စုတွင် ဆင် ၄ ကောင် ပိုလာသည့်အတွက် ခရီးသည်များများပို၍ တင်လာနိုင်ခြင်းသာ ထူးခြားချက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအခေါက် စစ်တောင်းမှ တမူးသို့ ခရီးထွက်လာရာတွင် လမ်း၌ တမူးမှပြန်လာသော ဆင်အုပ်စု ၆ ခုကို တွေ့ရသည်။ ဤအချိန်တွင် ဂျပန်တပ်များသည် မန္တလေးပတ်ဝန်းကျင်သို့ပင် ရောက်လာခဲ့ပြီဖြစ်သည့်အလျောက် စစ်ပြေးဒုက္ခသည်ဦးရေမှာလည်း အဆမတန် တိုး၍လာခဲ့တော့၏။ ကျွန်တော်တို့၏ သယ်ယူပို့ဆောင်ပေးရေး ဆင်အုပ်စုများမှာ ရောက်ရှိလာသော ခရီးသည်များနှင့် မနှိုင်းယှဉ်သာအောင် နည်းပါးနေတော့သည်။

မတ်လသို့ရောက်သောအခါ ကျွန်တော့်ဆင်အုပ်စုတွင် ဆင် အစီးပေါင်း သုံးဆယ်အထိ တိုးတက်လာခဲ့သည်။ စစ်ပြေးဒုက္ခသည်များအား သယ်ယူပို့ဆောင်ပေးရာတွင် ဆင်ဦးစီးများ၏ သည်းခံမှုနှင့် ဇွဲမှာ ချီးကျူးစရာကောင်းလှပေသည်။

စစ်တောင်း တမူးလမ်းမှာ စစ်ပြေးဒုက္ခသည်များနှင့် လျှံနေသော ချောင်းကြီးတစ်ခုနှင့် တူနေလေသည်။

မတ်လအလယ်ဘက်သို့ ရောက်လာသောအခါ၌ ကျွန်တော့်တာဝန်မှာ တမူးမှ စစ်ပြေးဒုက္ခသည်များကို အင်ဖာသို့ရောက်အောင် သယ်ယူပို့ဆောင်ပေးရမည့် တာဝန်ဖြစ်လာသည်။

အင်ဖာသည် တမူးအနောက်မြောက်ဘက် မိုင် ၅၀ ကျော်ကျော်အကွာတွင်ရှိသော မဏိပူရပြည်၏ မြို့တော်တည်း။

သို့ရာတွင် ကျွန်တော့်အဖို့ ဆင်အုပ်စုများကို သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် သုံးနိုင်ခွင့်မရှိတော့။ ဂျပန်တပ်များသည် တောမီးလောင်သည့်ပမာ အင်္ဂလိပ်တပ်များနောက်သို့ တကောက်ကောက်လိုက်လျက်ရှိရာ စစ်တောင်းမှ စစ်ပြေးဒုက္ခသည်များတို့ကို တမူးသို့



ရောက်အောင် ဦးစားပေး၍ ဆင်များဖြင့် သယ်ယူနေရသည်။

ကျွန်တော်သည် ကျွန်တော့်လက်အောက်ရှိ ဦးစီးများနှင့် ဆင်များကို သက်ဆိုင်ရာအရာရှိလက်သို့ လွှဲပြောင်းပေးလိုက်ပြီးနောက် အိန္ဒိယအမျိုးသား၊ မြန်မာအမျိုးသားနှင့် အင်္ဂလိပ်အိမ်ထောင်စုများပါဝင်သော ခရီးသည်များကို တမူးမှနေ၍ အင်ဖာသို့ရောက်အောင် ခြေကျင်ခရီးဖြင့် ခေါ်ဆောင်လာခဲ့ရလေသည်။

တမူးမှထွက်ခွာလာပြီးနောက် ၄ နာရီခန့်အကြာတွင် အင်ဖာသို့ ရှေးရှုနေသောလမ်းမှာ ပြေပြေပြစ်ပြစ်ဖြစ်လာသည်ကို တွေ့ရ၏။

နောက်တစ်နေ့ နေ့လယ်ဘက်တွင် ကုံကော်ပင်ရိပ်၌ စခန်းချနေခိုက် ဂျပန်ကင်းထောက်လေယာဉ်များ ကျွန်တော်တို့ခေါင်းပေါ်မှ ဖြတ်ကျော်ပျံသန်းသွားသည်ကို တွေ့လိုက်ရ၏။

ခရီးသည်တိုင်းပင် ခြေကျင်ခရီး၏ ဒုက္ခအဝဝကို မသက်မသာခံစားနေကြရ၏။ သစ်တောကြိုးဝိုင်းများထဲတွင် လှည့်လည်သွားလာနေခဲ့သော ကျွန်တော်၏ခြေထောက်များပင် ပေါက်ပြဲ ဖူးယောင်လာလာကြသည်။ ကျွန်တော်၏ပခုံးနှစ်ဖက်မှာလည်း လမ်းတစ်လျှောက်လုံး လွယ်ထားရသော လွယ်အိတ်ကြီးကြောင့် အသားနီထကာ ပေါက်ပြဲနေသည်။ ပါလာသောရေဘူးမှာလည်း ခြောက်သွေ့လျက်ရှိသည်။

ကျွန်တော်ကဲ့သို့ သစ်တောဘက်တွင် နွေ့မိုးမရှောင် အထုပ်ထုပ်ခဲ့သူ တစ်ယောက်က ဤကဲ့သို့သောဒုက္ခမျိုးကို ကြုံတွေ့နေရပါလျှင် မြို့ထဲ ရွာထဲ၌ အေးအေးသက်သာ နေထိုင်လာခဲ့ကြသော ခရီးသည်များအဖို့ အဘယ်မှာလျှင် ဆိုဖွယ်ရာရှိပါတော့အံ့နည်း။

ကျွန်တော်တို့သည် မဏိပူရမြို့ကို ရေတိမ်သည့်နေရာမှ ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြရသည်။

အင်ဖာသို့ရောက်ခါနီး နှစ်မိုင်ခန့်အလိုတွင် ကျွန်တော့်မျက်စိများမှာ ပြာဝေ၍လာပြီး ခေါင်းမှာလည်း ထောင်၍မရအောင် ဖြစ်လာတော့၏။

ကျွန်တော့်ရှေ့မှ သုံးလက်မခန့်အချင်းရှိသော တောပင့်ကူကြီးတစ်ကောင် ဖြတ်သွားသည်ကိုပင် တက်၍မနင်းမိအောင် အပန်းတကြီးရှောင်ရှားနေရသည်။ ဤပင့်ကူမျိုးများမှာ မြွေကြီးကြီးမျိုးများကိုပင် ဦးနှောက်ကိုဖောက်၍ သတ်စားနိုင်သော ပင့်ကူမျိုးဖြစ်သည်။ ဤပင့်ကူကြီးက ကျွန်တော့်အား ကိုက်ခဲ၍မသွားသည်မှာပင် ကံကောင်းနေတော့၏။

ကျွန်တော်သည် ကျောကုန်းတွင်လွယ်ထားသောအိတ်ကို အနေအထားကျအောင် ပြန်၍ပြုပြင်လိုက်ပြီးနောက် အင်ဖာမြို့ဆီသို့ ဆက်လက် ချီတက်လာခဲ့၏။ နေမင်း၏အရောင်ပျောက်ကာ ကြယ်ကလေးများပင် အရှေ့ဘက်ကောင်းကင်၌ တဖျပ်ဖျပ်တောက်နေပေပြီ။

ကျွန်တော်သည် မောဟိုက်ပင်ပန်းစွာဖြင့် လှမ်းဘေးရှိ မြက်ခင်းပေါ်တွင် ကျောခင်း၍ အိပ်လိုက်၏။ ကျွန်တော်နှင့် ကိုက်ငါးဆယ်ခန့်အကွာတွင်မှ ကယ်ဆယ်ရေးစခန်းမှ မီးရောင်များသည် မှိတ်တုတ်မှိတ်တုတ် ရှိနေသည်ကို နောက်ဆုံး သတိပြုလိုက်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ကျွန်တော်နှင့်အတူ ခေါ်ဆောင်လာခဲ့သော စစ်ပြေးဒုက္ခသည်များအား အင်ဖာသို့အရောက် ခေါ်ဆောင်လာနိုင်ခဲ့ပြီ မဟုတ်ပါလား။

◆

( ၃ )

ကျွန်တော်သည် မဏိပူရပြည်၏ မြို့တော်ဖြစ်သော အင်ဖာကိုကောင်းစွာလှည့်လည် ကြည့်ရှုခွင့်ပင် မရခဲ့။ အဘယ်ကြောင့်ဆိုသော် နောက်တစ်နေ့ နံနက်စောစောတွင် ၃ တန် လော်ရီတစ်စီးက ကျွန်တော်နှင့် အခြားမျက်နှာဖြူအရာရှိများအား ရထားလမ်းရှိရာ 'ဒိုင်မာပူ'သို့တင်ဆောင် ခေါ်ယူသွားသောကြောင့်တည်း။

လွန်ခဲ့သော နှစ်ရက်ခန့်ကပင် ခြေထောက်ဖူးယောင် ပေါက်ကွဲသော ဝေဒနာကို ခံစားနေခဲ့ရသည့် ကျွန်တော့်အဖို့ မိုင် ၁၀၀ ကျော်ခန့် ဝေးသောခရီးကို သုံးတန်ကားနောက်မြီး၌ ဟီးလေးခို၍ စီးနင်းလိုက်ပါလာရခြင်းမှာ နတ်ပြည်သို့ အရှင်လတ်လတ် တက်နေရသလိုဖြစ်နေသည်။ ကားဆောင့်သည့်အခါတိုင်း အ[illegible]သို့ မြောက်၍မြောက်၍ တက်သွားပြီး ပြန်ကျလာသောဒုက္ခမှာ ပေါက်ပြဲဖူးယောင်နေသော ခြေထောက်များဖြင့် လမ်းလျှောက်ရသည့်ဒုက္ခထက် များစွာသက်သာလှသည်။

အင်ဖာ–အင်မာပူလမ်းမကြီး တစ်ဖက်တစ်ချက်တွင် စိမ်းစိုညို့မှိုင်း

www.burmeseclassic.com

www.burmeseclassic.com



သော တောင်စွယ်တောင်တန်းကြီးများက ကြည်နူးဖွယ်ရှုခင်းကို ဆောင်၍နေကြ၏။ လမ်းတစ်လျှောက်လုံးတွင် အသွားနှင့် အပြန် မော်တော်ကားများ ပြည့်ကျပ်လျက်ရှိနေသည်။

ကျွန်တော်တို့သည် ပေတစ်သောင်းနီးနီး မြင့်သော 'ဂျက်ဗို' တောင်တန်းကြီးကို တောင်စောက်လမ်းအတိုင်း တွား၍တက်ခဲ့ကြပြီး နောက် ကိုဟီးမားမြို့သို့ တစ်နာရီလျှင် မိုင် ၄၀ နှုန်းဖြင့် မောင်း၍ ဝင်လာခဲ့ကြ၏။

ကိုဟီးမားတွင် မိနစ်နှစ်ဆယ်ခန့် ရပ်နားပြီးနောက် နာဂတောင်စဉ် တောင်တန်းများကို တစ်ဖန် ဖြတ်ကျော်ကြရပြန်သည်။ နေပူရှိန်က မခံမရပ်နိုင်အောင်ဖြစ်လာပြီး ဖုံမှုန့်များကလည်း မီးခိုးလုံးကြီးများလို တထောင်းထောင်းထနေသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ရေထဲ တွင် အနှစ်ခံထားရသူကဲ့သို့ ချွေးများဖြင့် ရွှဲရွှဲစိုကာ အကျႌမှာ အသား နှင့် ကပ်လျက်ရှိပြီး ခေါင်းနှင့် မျက်နှာမှာ ဖုံမှုန့်များဖြင့် ဖွေးဖွေးဖြူ လျက် ရှိတော့၏။

နေ့လယ်နှစ်နာရီခန့်အချိန်တွင် ဒိုင်မာပူမြို့သို့ ရောက်ရှိလာကြ ပြီး စစ်ဘက်မှ ဆောက်လုပ်ထားသော တည်းခိုစခန်းတွင် ကျွန်တော် တို့ကို နေရာချပေးသည်။ အိန္ဒိယအမျိုးသား ဗိုလ်မှူးတစ်ယောက်က ကျွန်တော်တို့အား ထမင်းကျွေးမွေးပြီးနောက် သူ့ရုံးခန်းထဲသို့ တစ်ဦးစီ ခေါ်၍ ကျွန်တော်တို့၏ ကိုယ်ရေးရာဇဝင်များကို ထုံးစံအတိုင်း မေးမြန်း သည်။

ကျွန်တော်က သစ်ထုတ်လုပ်ရေးဘက်တွင် အလုပ်လုပ်ကြောင်း ပြောပြလိုက်ပြီးနောက် စစ်တပ်ထဲသို့ ဝင်ချင်ကြောင်း၊ ဤအချိန်



အခါတွင် စစ်တပ်ထဲသို့ဝင်ပြီး မိမိတတ်နိုင်သည့်ဘက်မှ အကူအညီ ပေးခြင်းသာ အကောင်းဆုံးဖြစ်မည်ထင်ကြောင်း တင်ပြလိုက်သည်။

အိန္ဒိယအမျိုးသားဗိုလ်မှူးသည် ကျွန်တော့်အား တတ်နိုင်သမျှ အကူအညီပေးပါမည်ဟု ကတိပေးပြီး နောက်တစ်နေ့ နံနက်စောစော တွင် ဒိုင်မာပူမှ ကာလကတ္တားသို့သွားမည့် ရထားတစ်စီးပေါ်သို့ ကျွန် တော့်ကို တင်ပေးလိုက်မည်၊ ကာလကတ္တားသို့ရောက်က သက်ဆိုင်ရာ စစ်တပ်ဌာနချုပ်သို့သွားပြီး လျှောက်ထားပါဟူ၍ အကြံပေးသည်။

ထိုနေ့ညတွင် တည်းခိုရေးစခန်း၌ပင် အိပ်စက်ရ၏။ အိပ်မက် ထဲတွင် ကျွန်တော်လုပ်ကိုင်ခဲ့ရသော သီပေါခရိုင်မှ ပြောင်ရှူးကြိုးဝိုင်း သည်လည်းကောင်း၊ သစ်အဆွဲကောင်းသော ဆင်မ မလှသည် လည်း ကောင်း၊ တောခေါင်းမောင်သန်းသည်လည်းကောင်း ကျွန်တော့်ကို ပြန်၍ခေါ်နေသည်ဟု မြင်မက်နေရ၏။ ဆင်မ မလှမှာ စားကျက်တွင် လွှတ်ထားရင်း ပျောက်ဆုံးနေသဖြင့် ကျွန်တော်နှင့် မောင်သန်းတို့ လိုက်ရှာရပုံ၊ ဆင်မ မလှက ကျွန်တော်တို့အား ဒေါသတကြီးဖြင့် လိုက်လံတိုးဝှေ့ပုံ၊ ဆင်မ မလှလက်မှလွတ်အောင် ပြေးခဲ့ရာတွင် လမ်းခုလတ်၌ ဂျပန်စစ်သားတစ်ယောက် ရုတ်တရက်ပေါ်လာပြီး ကျွန်တော့်ကို ပစ်သတ်ရန် သေနတ်ကိုထိုး၍ချိန်လိုက်ပုံတို့ကို မြင်မက် ရင်း အိပ်ရာမှ လန့်၍နိုးလာသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ချွေး များဖြင့် စေးထိန်းလျက်ရှိပြီး ကျွန်တော့်လည်ချောင်းမှာလည်း မီးစနှင့် အတို့ခံထားရသလို ပူလောင်လျက်ရှိသည်။ ဆာလိုက်သည့်ရေက လည်း အငမ်းမရ။

ကျွန်တော်သည် ခရီးဆောင်အိပ်ရာပေါ်တွင် ပက်လက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



မြောနေရာမှ ရေသောက်ရန်သွားမည်ဟု ထလိုက်၏။ သို့သော် ကျွန်တော့်တစ်ကိုယ်လုံးမှာ အားအင်ကုန်ခန်းနေပြီး ထ၍မရအောင်ဖြစ်နေသည်။ ခဏအတွင်းတွင်ပင် ချွေးများ ရေစီးသလိုထွက်နေရာမှ တုန်၍ ချမ်းလာပြန်သည်။ တစ်ကိုယ်လုံးမှာ နတ်ကျသကဲ့သို့ တုန်နေခြင်း ဖြစ်၏။

သစ်တောကြိုးဝိုင်းတွင် အချိန်ကုန်ခဲ့ရသော ကျွန်တော့်အဖို့ ငှက်ဖျားပြန်ထလာသည်ကို သိသာလွယ်သည်။ သို့ဖြင့် ကျွန်တော်သည် ကာလကတ္တားသို့ နောက်တစ်နေ့နံနက်တွင် လိုက်ပါမသွားနိုင်တော့ဘဲ ဒိုင်မာပူရှိ စစ်ဆေးရုံတွင် ရက်သတ္တတစ်ပတ်ခန့် တက်ရောက် ကုသနေခဲ့ရလေသည်။

ငှက်ဖျားဒဏ်မှ သက်သာရာရလျှင်ရခြင်း ကျွန်တော်သည် သုတ်ခြေတင်၍လာခဲ့၏။

ကာလကတ္တားမှာ ကျွန်တော့်အတွက် အပမ်းဖြေရာဌာနကြီး ဖြစ်နေလေသည်။ စစ်တောင်းမှ တမူး၊ တမူးမှ အင်ဖာ၊ အင်ဖာမှ ဒိုင်မာပူသို့ လာခဲ့ရသော ခရီးတစ်လျှောက်၌ ကျွန်တော်သည် အနိဋ္ဌာရုံများကိုသာ တွေ့မြင်ခဲ့ရ၏။ ယခုမူ ကျွန်တော်သည် ကာလကတ္တားမြို့တော်၏ အပေါ်လွှာလောက၌ ဣဋ္ဌာရုံများကိုသာ လိုက်၍ရှာကာ ကျွန်တော့်ဦးနှောက်ကို ဆေး၍နေခဲ့သည်။ ဤသို့ ကာလကတ္တားတွင် အချိန်ဖြုန်းနေရင်း စစ်တပ်ဌာနချုပ်ရှိ စစ်သား စုဆောင်းရေးရုံးသို့ သွားပြီး လျှောက်လွှာတင်ထားခဲ့သည်။

ကာလကတ္တားတွင် သောင်တင်နေရင်း 'ဘားတကာ ဘား၊ ဟော်တယ်ကာ ဟော်တယ်' သို့ အမျိုးစုံအောင်ရောက်ခဲ့သော ကျွန်တော်



သည် တစ်ခုသောညနေ၌ မိတ်ဆွေတစ်ယောက်နှင့် ဟော်တယ်တစ်ခုတွင် အမှတ်မထင် တွေ့ဆုံခဲ့၏။

ထိုမိတ်ဆွေက "မောင်ရင်က မြန်မာပြည်မှာလည်း အကြာကြီးနေဖူးတယ်၊ မြန်မာစကားလည်းတတ်တယ်၊ ရုပ်ကလည်း မြန်မာနဲ့တူတယ်၊ ဘာဖြစ်လို့ တစ်ရာ့သုံးဆယ့်ခြောက်တပ်ဖွဲ့နဲ့ အဆက်အသွယ်မလုပ်တာလဲ၊ မောင်ရင့်အဖို့ တစ်ရာ့သုံးဆယ့်ခြောက်တပ်ဖွဲ့ထဲကို ဝင်တာဟာ အကောင်းဆုံးပဲ"ဟု ကျွန်တော့်ကို အကြံပေးခဲ့သည်။

ဤအချိန်မှစ၍ ကျွန်တော်သည် တစ်ရာ့သုံးဆယ့်ခြောက်တပ်ဖွဲ့တည်ရှိရာ အထူးတပ်များနှင့် သက်ဆိုင်သောဌာနကို စုံစမ်းကာ တစ်ရာ့သုံးဆယ့်ခြောက်တပ်ဖွဲ့သား တစ်ယောက်ဖြစ်လာရန် ကြိုးစားလာခဲ့သည်။

တစ်ရာ့သုံးဆယ့်ခြောက်တပ်ဖွဲ့ကား မြန်မာပြည်စစ်မျက်နှာတွင် ရှေ့တန်းစခန်းသို့ထွက်ကာ ရန်သူ့အခြေအနေကို ထောက်လှမ်းရသော အထူးတပ်ဖွဲ့တစ်ခုတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

အိန္ဒိယပြည်ရှိ လျှို့ဝှက်စခန်းတစ်ခုတွင် တောတွင်းတိုက်ခိုက်နည်း လေယာဉ်မှ လေထီးဖြင့်ခုန်ဆင်းနည်း၊ စုံစမ်းထောက်လှမ်းနည်းစသော လေ့ကျင့်ခန်းများကို ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ကြပြီးနောက် ကျွန်တော်သည် ကာလကတ္တားသို့ ပြန်၍ရောက်လာခဲ့၏။

**၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ လဦးပိုင်းတည်း။**

သင်တန်းမှဆင်းလာကာစ တပ်သားသစ်တစ်ဦး ဖြစ်သည့်အလျောက် ကျွန်တော်သည် ရေကူးတတ်စလူကဲ့သို့လည်းကောင်း၊ စက်ဘီးစီးတတ်ခါစလူကဲ့သို့လည်းကောင်း ကျွန်တော်သင်ယူလေ့ကျင့်ထားခဲ့ရသမျှကို လက်တွေ့စမ်းသပ်ကြည့်ချင်သည့် စိတ်ပေါ်နေသည်။ အိပ်သည့်အချိန်များ၌ ပြောင်ရှူးကြိုးဝိုင်းမှ ဆင်,မလှ၏ခေါ်သံကို အမြဲလိုလို ကြားနေရသည်။

ကာလကတ္တားသို့ရောက်လာပြီးနောက် မကြာမီပင် အမှတ် ၁၃၆ တပ်ဖွဲ့ ဌာနချုပ်ရှိရာသို့ ကျွန်တော့်အား ခေါ်ယူ၍ ကျွန်တော့်အတွက် တာဝန်တစ်ရပ် ပေးအပ်လိုက်သည်။



တပ်ဖွဲ့သား ၂၆ ယောက်ရှိသည့်အနက် ကျွန်တော်အပါအဝင် အဖွဲ့သားဆယ်ယောက်မှာ 'ကောက်ကွေ့ချောင်းဝှမ်း'သို့ လေထီးဖြင့် ဆင်းသက်ပြီးနောက်မှ မန္တလေး–မြစ်ကြီးနား ရထားလမ်းမှ တံတားနှစ်ခုကို ဖောက်ခွဲဖျက်ဆီးပစ်ရမည် ဖြစ်သည်။

ကျွန်တော်နှင့်အတူ တာဝန်ယူရမည့် တပ်ဖွဲ့သားများ၏အမည်ကို ဤနေရာတွင် ငယ်နာမည်များဖြင့်သာ ဖော်ပြလိုပါသည်။

တပ်ဖွဲ့သားများမှာ ဂျက်၊ အော်စကာ၊ ပက်၊ ရက်၊ ဒဲ(န်)နစ်၊ ဘန်နေ၊ စောနှင့် ကချင်အမျိုးသားနှစ်ယောက်၊ ကျွန်တော်နှင့်ပါလျှင် အားလုံး ဆယ်ယောက်တိတိ။

ကျွန်တော်နှင့်အတူ တာဝန်ထမ်းဆောင်ရမည့် အဖွဲ့သား ကိုးယောက်မှာ သတ္တိရောဇွတ္တိပါကောင်းသူများဖြစ်သည်။ 'စော'မှာ ကိုရီးယားတစ်ဦးဖြစ်သည်။ ကြိုးမဲ့ကြေးနန်းစက် အော်ပရေတာအဖြစ် ကျွန်တော်တို့နှင့် လိုက်ပါရမည့်သူဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ကို ခေါင်းဆောင်မည့်သူမှာ ဖြတ်ထိုးဉာဏ်ကောင်းလှသော ဂျက်,ပင်တည်း။

ဂျက်၏အရပ်မှာ ပုပြေခွဲသာရှိသော်လည်း ဗလမှာမူ ကျွန်အဖွဲ့သားများထက် ကောင်းသူဖြစ်သည်။

ကျွန်တော်တို့ လေထီးဖြင့်ဆင်းသက်ရမည့်နေရာမှ ဂျက်ကိုယ်တိုင် သစ်ထုတ်လုပ်ရေးမန်နေဂျာအဖြစ်ဖြင့် ၁၀ နှစ်တိုင်တိုင် လှည့်လည် ကျက်စားခဲ့ဖူးသော ဒေသဖြစ်၍ ကျွန်တော်နှင့်တကွ ကျွန်အဖွဲ့သားအားလုံးက သူ့ကို အစစအရာရာတွင် ယုံကြည်စိတ်ချထားကြ၏။ ဂျက်၏ဖခင်ဖြစ်သူမှာ ဗြိတိသျှအင်ပါယာကြီးကို တည်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးသူများအနက် တစ်ဦးအပါအဝင်ဖြစ်ပြီး အထက်မြန်မာပြည်ကို အင်္ဂလိပ်တပ်များ သိမ်းယူခဲ့သည့်အခါက ဂျက်၏ ဖခင်ကိုယ်တိုင် စစ်ဗိုလ်တစ်ယောက်အဖြစ် ပါဝင်ခဲ့ပြီး ကချင်တောင်တန်းဒေသရှိ ကချင်အမျိုးသားများက လေးစားကြည်ညိုခြင်းခံခဲ့ရသူဖြစ်သည်။ 'ဘင်္ဂလားဒူးဝါး'ဟု ဂျက်၏ဖခင်အား ကချင်တောင်တန်းသားများက ခေါ်ဆိုသိမှတ်ထားကြ၏။

စစ်မဖြစ်မီက ဘားမားရိုင်ဖယ်တွင် ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အော်စကာမှာ ကျွန်တော်တို့အဖွဲ့၏ ဒုတိယခေါင်းဆောင်ဖြစ်သည်။ အရပ် ၆ ပေမြင့်ပြီး ခန့်ချောကြီးချောသော အော်စကာမှာ ရုပ်ရှင်ထဲမှ ဇာတ်လိုက်မင်းသားနှင့်ပင် တူနေတော့သည်။

'အော်စကာ'မှာ ဂျပန်ဆိုလျှင် အသံကိုပင် မကြားချင်လောက်အောင် မုန်းတီးနေသူဖြစ်၏။ ဂျပန်ဆိုသောစကားတစ်လုံးကို ပြောလိုက်တိုင်း ဆဲရေးတိုင်းထွာသည့်စကားလုံးက နောက်မှ ဆယ်လုံးလောက် ကပ်၍ပါလာတတ်သည်။ သူသည် ရုပ်ပြောင်းရုပ်လွှဲအတတ်ကို ဝါသနာထုံပြီး မြန်မာတိုင်းရင်းသား အဝတ်အစားမျိုးစုံကို အဝတ်ထည့်သည့် ဗီရိုကြီးတစ်လုံးဖြင့် သိမ်းဆည်းထားတတ်ကာ ကျွန်တော်တို့အား မကြာခဏပင် ရုပ်ပြောင်းရုပ်လွှဲလုပ်၍ ပြတတ်၏။ တရုတ်မှောင်ခိုကုန်သည်များကဲ့သို့ ရုပ်ပြောင်းရုပ်လွှဲရခြင်းကို သူသဘောအကျဆုံးပင် ဖြစ်၏။

'ရက်'မှာ တစ်ခါက ထားဝယ်ရှိ သတ္တုတွင်းတွင် အင်ဂျင်နီယာအဖြစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်သည်။ အမှတ် ၁၃၆ တပ်ဖွဲ့သို့



ရောက်မလာမီ 'ရက်'မှာ ကချင်လဲဗြီးတပ်၌ ဗိုလ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ဖူးသေးသည်။ သူ့အရပ်မှာ မမြင့်လှသော်လည်း အကြမ်းပတမ်းကို လုပ်နိုင်ကိုင်နိုင်သူဖြစ်သည်။ သူသည် မိုင်းဗုံးနှင့် ခလုတ်ဗုံးများထောင်ရာ၌ အထူးကျွမ်းကျင်သူတည်း။

အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ အော်စကာထက် အရပ် နည်းနည်းကလေးသာ နိမ့်ပြီး ၆ ပေမပြည့်တတ်ပြည့်တတ်ရှိသော 'ပက်'မှာ ကိုယ်အလေးချိန် ပေါင် ၁၆၀ ရှိသော်လည်း အမြဲ ဖျပ်ဖျပ်လတ်လတ် ရှိနေသူဖြစ်၏။ မြန်မာပြည်ထဲသို့ ဂျပန်များဝင်ရောက်လာသည့်အချိန်အထိ သူသည် လက်ထောက် သစ်ထုတ်လုပ်ရေးမန်နေဂျာတစ်ဦးအဖြစ် ဆောင်ရွက်နေခဲ့လေသည်။ အမြဲအားဖြင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သော 'ပက်'သည် အကြောင်းအရာ တစ်စုံတစ်ခုနှင့်ပတ်သက်၍ ငြင်းကြမည်ဆိုလျှင် တစ်ဖက်လူအား ရေပက်မဝင်အောင် အော်ကြီးဟစ်ကျယ်ဖြင့် စောဒကတက်တတ်သော ဉာဉ်ကလေးရှိသူဖြစ်သည်။

ကျန်အဖွဲ့သားများ၏ နောက်ကြောင်းရာဇဝင်ကို ကျွန်တော်က မသိရသော်လည်း အားလုံးကပင် ကျားကိုခလုတ်၊ သစ်ငုတ်ကိုသင်ဖြူး၊ ဆူးကိုမွေ့ယာဟု အထူးသဖြင့် သဘော[illegible]တတ်ကြသူများဖြစ်၏။ ဒဲ(န်)နစ်နှင့် ဗာနေတို့မှာ အသက်ကို အသက်မမှတ်တတ်ကြသော အဖွဲ့သားနှစ်ဦးပင် ဖြစ်သည်။ ဤကဲ့သို့သော လက်ရွေးစင် လူစွမ်းကောင်းချည်းပါဝင်သော အဖွဲ့တွင် ထည့်သွင်းခြင်းခံရသော ကျွန်တော့်မှာ ပြိုင်ပွဲဝင်ရမည့် မြင်းတစ်ကောင်လို တက်တက်ကြွကြွ ဖြစ်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် အမှတ် ၁၃၆ တပ်ဖွဲ့၏ အထူးလျှို့ဝှက် စခန်းတွင် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဝိုင်းဖွဲ့၍ထိုင်ကာ မိမိတို့နောက်ကြောင်းရာဇဝင်များကို ပြန်၍ ဇာတ်ကြောင်းလှန်နေကြစဉ် ကျွန်တော်တို့အား တိတိကျကျတာဝန်ပေးအပ်မည့် အရာရှိကြီး တစ်ဦး ရောက်လာသည်။

အရာရှိကြီးသည် နီဒါန်းမစ၊ ပဏာမ,မပျိုးဘဲ ကျွန်တော်တို့၏ တာဝန်နှင့် လုပ်ရမည့်အလုပ်ကို ဒဲ့ဒိုးကြီးပင် ပြောချလိုက်သည်။

ရခိုင်စစ်မျက်နှာတွင် ကျွန်တော်တို့ဘက်မှ အရှေ့ပိုင်းဆိုင်ရာ တပ်မတော်သည် ဂျပန်တို့၏ ရသေ့တောင်နှင့် ဒုန်းပိုက် ခံစစ်ကြောင်း များကို ထိုးဖောက်၍မရနိုင်ဘဲ နောက်သို့ချည်း လန်၍လန်၍ကျနေသည်။ ဂျပန်များသည် စစ်တွေသို့ရောက်နိုင်မည့် ရသေ့တောင်နှင့် ဒုန်းပိုက် အချက်အချာနေရာများတွင် ဘန်ကာနှင့် ကတုတ်ကျင်းများ ကို နက်နက်ကြီးတူးကာ ကျွန်တော်တို့ဘက်မှ အသေခံ၍ တက်လာ သော တပ်များကို ရွတ်ရွတ်ချွန်ချွန် ခုခံနေကြသည်။ ရခိုင်စစ်မျက်နှာ ရှိ ဂျပန်တပ်များကို မြစ်ကြီးနားတွင် အခြေစိုက်ထားသော ဂျပန် တပ်ကြီးက လူနှင့် လက်နက်များ အဆက်မပြတ်အောင် ပေးပို့နေ သည်ဟု သိရ၏။ ကျွန်တော်တို့ဘက်မှ အရှေ့ပိုင်းဆိုင်ရာ တပ်မတော် သည် ဂျပန်တို့၏ ဒုန်းပိုက်ခံစစ်ကြောင်းကို နောက်ထပ်၍ မတိုက်မီ ကျွန်တော်တို့က ဒုန်းပိုက်ခံစစ်ကြောင်းသို့ မြစ်ကြီးနားမှ ဂျပန်စစ်ကူ များ ရောက်မလာနိုင်အောင် တားဆီးရမည်ဖြစ်၏။

ကျွန်တော်တို့၏တာဝန်မှာ ရန်သူတို့၏ ထောက်ပံ့ရေး လမ်း ကြောင်းကို အချိန်မီ ဖြတ်တောက်ပစ်ရန်တည်း။



ကျွန်တော်တို့သည် ရန်သူ့ ထောက်ပံ့ရေးလမ်းကြောင်းကို ဖြတ် တောက်ရေးနှင့်ပတ်သက်၍ အပြန်ပြန်အလှန်လှန် ဆွေးနွေးကြပြီး နောက် ကျွန်တော်တို့အား မြစ်ကြီးနား တောင်ဘက်တည့်တည့်ရှိ ကောက်ကွေ့ချောင်း ချောင်းဝှမ်းသို့ လေထီးဖြင့်ချပေးပြီးနောက် နမ့် ကွင်းချောင်းပေါ်ရှိ မီးရထားတံတားကို ဖောက်ခွဲဖျက်ဆီးပစ်ရန် ဆုံး ဖြတ်လိုက်ကြသည်။

နမ့်ကွင်းချောင်းပေါ်ရှိ မီးရထားတံတားရှိရာသို့ ချီတက်ရာ၌ ကျွန်တော်တို့သည် တောရိပ်တောင်ရိပ်ကို အကာအကွယ်ယူကာ ချီတက်နိုင်ကြမည်ဖြစ်၏။ ကျွန်တော်တို့သည် လေထီးဖြင့် ဆင်းသက် သော ကောက်ကွေ့ချောင်းဝှမ်းမှနေ၍ နမ့်ကွင်းချောင်းပေါ်ရှိ မီးရထား တံတားရှိရာသို့ အနောက်ဘက်ရှုးရှုးအတိုင်း ချီတက်ရမည်ဖြစ်ရာ ကျွန်တော်တို့ သင်တန်းတက်စဉ်က မကြုံမတွေ့ဖူးသေးသော နယ်မြေ အနေအထားကို မိုင်လေးဆယ်ကျော်ကျော်အထိ ဖြတ်သန်းချီတက်ကြ ရမည်ဖြစ်သည်။

နမ့်ကွင်း မီးရထားတံတားကို အောင်မြင်စွာ ဖောက်ခွဲဖျက်ဆီးပစ် ပြီးနောက် ကျွန်တော်တို့သည် လေကြောင်းမှ လာရောက်ကယ်တင်နိုင် သည့် နေရာအထိ ခရီးဆက်ကြရမည်ဖြစ်၏။ ကောက်ကွေ့ချောင်း ချောင်းဝှမ်းသို့ ဆင်းသက်မိသည့်အချိန်မှစ၍ လေကြောင်းမှ လာ ရောက်ကယ်တင်သည့် အချိန်အထိ ကျွန်တော်တို့သည် အိန္ဒိယရှိ ဌာနချုပ်နှင့် ကြိုးမဲ့ကြေးနန်းအဆက်အသွယ် အမြဲရှိနေမည်ဖြစ်၍ ကျွန်တော်တို့အတွက် များစွာပူပန်စရာမရှိလှ။

ထို့အပြင် ကျွန်တော်တို့ ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမည့် နယ်တစ်ဝိုက်၌ ရန်သူ့တပ်များ အနည်းအကျဉ်းသာရှိရာ ကျွန်တော်တို့အတွက် အခွင့်အလမ်းများစွာ သာလျက်ရှိနေလေသည်။

ကျွန်တော်တို့အား တာဝန်အတိအကျပေးရန် ရောက်ရှိလာသော အရာရှိကြီး ကျွန်တော်တို့ စုဝေးရာအခန်းမှ ပြန်လည်ထွက်ခွာသွားသည့် အချိန်တွင် ကျွန်တော်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ပြုံးလိုက်မိကြသည်။ ဤမျှလွယ်ကူသောတာဝန်ကို ကျွန်တော်တို့ကဲ့သို့သော အဖွဲ့အား ပေးမှပေးတတ်လေခြင်းဟု သရော်ပြုံး ပြုံးလိုက်ခြင်းပင်တည်း။ ကျွန်တော်တို့အားပေးထားသော တာဝန်မှာ ပျော်ပွဲစားထွက်ရင်း အလုပ်တစ်ခု–ငွေတစ်မတ်ဟူသော စကောက်လုလင်ကလေးများအား ပေးထားသော တာဝန်နှင့် တူနေသည်ဟု ကျွန်တော်တို့အားလုံးကပင် မှတ်ချက်ချလိုက်မိကြ၏။

ကောက်ကွေ့ချောင်းဝှမ်းသို့ ကျွန်တော်တို့ လေထီးဖြင့်ဆင်းရမည့်ညမှာ ဖေဖော်ဝါရီလ ၈ ရက်နေ့ညပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကာလကတ္တားမြို့ထဲသို့ အပျင်းပြေ အလည်မထွက်နိုင်တော့ဘဲ ဆင်းသက်မည့်နေရာ အနီးအနားရှိဒေသကို အသေးစိတ်လေ့လာကြရသည်။ ဆင်းသက်ပြီးနောက် ပစ်မှတ်ရှိရာ နမ့်ကွင်းတံတားသို့ မည်သည့်လမ်းဖြင့် ချီတက်ရမည်ကို စုံစမ်းကြရသည်။ ထို့မှုမက ကျွန်တော်တို့လုပ်ငန်းအတွက် လိုအပ်သမျှသော လက်နက်နှင့် ပစ္စည်းကိရိယာများကို အတိအကျ စာရင်းကောက်ယူ၍ အသင့်ရှာဖွေစုဆောင်းထားကြရသည်။

အဖွဲ့သားတစ်ယောက်အတွက် ပစ္စတိုတံစ်လက်၊ ကျည်ဆန်နှစ်ဆယ့်တစ်တောင့်၊ ဓားရှည်တစ်ချောင်း၊ သံလိုက်အိမ်မြှောင်တစ်ခု၊



မြေပုံလိပ်တစ်လိပ်၊ မှန်ပြောင်းတစ်ခု၊ စောင်တစ်ထည်၊ မြန်မာငွေစက္ကူအချို့နှင့် ကိုယ်ပိုင်အသုံးအဆောင်ကလေးများကို အသင့်ထုတ်ယူ၍ ကျောပိုးအိတ်ထဲတွင် ထည့်ထားရသည်။ မြန်မာပြည်၏ ဆောင်းရာသီမှာ လွန်ကဲစွာ အေးမြခြင်းမရှိလှသော်လည်း တောနှင့်တောင်များကိုသာ အဖော်လုပ်ရမည့် ကျွန်တော်တို့အတွက် သင့်လျော်သော အနွေးထည်များ လိုအပ်သည်ဟု ယူဆကာ=သက်ဆိုင်ရာဌာနမှ အနွေးထည်များကိုလည်း ထုတ်ယူထားသည်။

ရိက္ခာနှင့်ပတ်သက်၍မူ ကျွန်တော်တို့က များစွာပူပင်ခြင်းမရှိလှ။ ရန်သူနှင့်နီးသည့်နေရာတွင် ရသမျှရိက္ခာကို ရှာကြံစားသောက်ပြီးနောက် ဘေးကင်းရာအရပ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် လေကြောင်းမှ ရိက္ခာများကိုမှာယူမည်ဟု စီစဉ်ထားကြသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့ညသည် သာတောင့်သာယာရှိလှ၏။ လမင်းသည် ပြည့်ဖြိုးသောဝန္ဓေကိုဆောင်ကာ အရှေ့ဘက်ကောင်းကင်တွင် တင့်ရှုန်း စမ္ပာယ်လျက်ရှိသည်။ လပြည့်နေ့ညတည်း။

ကျွန်တော်တို့ ၁၃၆ တပ်ဖွဲ့မှ အဖွဲ့သား ၁၀ ယောက်သည် အမည်မဖော်ပြလိုသော လေယာဉ်ကွင်းတစ်ခု၌ စတင်ခရီးထွက်ခွာရန် အသင့်ရှိနေကြ၏။ လပြည့်နေ့ညဖြစ်သည့်တိုင်ႈ လေယာဉ်ကွင်းတစ်ခုလုံးမှာ ဘော်ငွေရောင်ဆမ်းထားသကဲ့သို့ သာယာလျက်ရှိသည်။ ဤကဲ့သို့သော ညအချိန်၌ ဝေဟင်ခရီးတွင် လေယာဉ်ကိုစီးကာ ရန်သူ့နယ်မြေထဲသို့ သက်ဆင်းရမည့်အလုပ်မှာ သဘာဝနှင့် ဆန့်ကျင်ဘက် ဖြစ်လျက်ရှိသည်။ ကြည်နူးဖွယ်ရာကောင်းသော ညမျိုး၌ အဘယ်သူသည် ရန်သူရှိရာနေရာမျိုးကို သက်ဆင်းချင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော်တို့မှာ စစ်သားဖြစ်သည့်အလျောက် တာဝန်ကျရာအရပ်သို့ သွားရပေတော့မည်။

ကျွန်တော်တို့တပ်ဖွဲ့သားဆယ်ယောက်ကို တင်ဆောင်ထားသော ဒါကိုတာလေယာဉ်ကြီးသည် အမည်မဖော်ပြလိုသော လေယာဉ်ကွင်းမှ ငြိမ်ငြိမ်ကလေးပင် ပျံတက်၍လာခဲ့သည်။ အိန္ဒိယပြည်၏ လရောင်အောက်မှ မြန်မာပြည်၏ လရောင်အောက်သို့ ပျံသန်းလာရသောခရီးမှာ အမှန်အားဖြင့် သာယာကြည်နူးဖွယ်ဖြစ်သော်လည်း ကျွန်တော်တို့လို အသက်ကို ဖက်နှင့်ထုပ်သွားရသူများအဖို့ မည်သို့မှ မသာယာနိုင်။ မဟုတ်သို့တစေ ကျွန်တော်တို့သည် ကျွန်တော်တို့၏စိတ်ဓာတ်များကို စစ်ရေးမက်ရေးဖြင့် သွေးထိုး၍ပေးထားကြရ၏။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော လေယာဉ်က ရန်သူ့တိုက်လေယာဉ်များက လမ်းမှဖြတ်၍ တိုက်ခိုက်လေမည်လား၊ သို့တည်းမဟုတ် ကျွန်တော်တို့ဆင်းသက်ရမည့်နေရာတွင် ရန်သူစစ်သားများသည် ကျွန်တော်တို့အား အသင့်ကြို၍ ခြုံခိုစောင့်ဆိုင်းနေမည်လား၊ ပုထုဇဉ်သားဖြစ်သော ကျွန်တော်သည် စစ်သားစိတ်ဖြင့် မိမိ၏သိရသရေကို ထိန်းသိမ်းနေရသော်လည်း ကြောက်စိတ်က ကျွန်တော့်ရိုးတွင်းချဉ်ဆီအထဲသို့ တစိမ့်စိမ့်တိုးဝင်လျက်နှင့်သည်ကို ဝန်ခံလိုပါသည်။

ကျွန်တော်ကဲ့သို့ပင် အခြားသောအဖွဲ့သားများလည်း အတွေးကိုယ်စီနှင့် ကြောက်စိတ်ဝင်နေမည် ဖြစ်သည်ကို အကဲခတ်မိသော ကျွန်တော်တို့ခေါင်းဆောင် ဂျက်ကတော့ စကားမရှိ စကားရှာ၍...

"ဟေ့...ဘယ်သူများ ဒီနေ့ ရည်းစားနဲ့ချိန်းထားတာ လွဲသွားသလဲ" ဟု လေယာဉ်ပျံစက်သံထက်ကျယ်အောင် လှမ်း၍ မေးလိုက်သည်။ သည်တော့မှပင် ကိုယ့်အတွေးနှင့်ကိုယ် ငိုင်နေသော အဖွဲ့သားအားလုံးသည် တစ်ပြိုင်နက် ပြုံးလာနိုင်ကြတော့၏။ တစ်ယောက်တစ်ပေါက် ပြောလိုက်သော စကားများကလည်း လေယာဉ်ပျံ စက်သံကို လွှမ်း၍လာကြတော့သည်။ ကြောက်စိတ်ဆိုသည်မှာ သတိရှိသူက ၍တားနိုင်လျှင် တား၍ရသော မနောဒဟလေ၏ အလုပ်သာတည်း။

ကျွန်တော်တို့စီးနင်းလိုက်ပါလာခဲ့သော ဒါကိုတာလေယာဉ်ကြီးသည် အိန္ဒိယ မြန်မာနယ်စပ်ရှိ တောင်မြင့်ကြီးများကို ကျော်လွှားကာ မြန်မာပြည်မြောက်ဘက်ရှိ မြစ်ကြီးနားဘက်သို့ ဦးတည်လျက်ရှိနေလေသည်။

ကျွန်တော်တို့ လေထီးဖြင့်သက်ဆင်းရမည့်နေရာမှာ မြစ်ကြီးနားတောင်ဘက်စူးစူးရှိ ကောက်ကွေ့ချောင်း ချောင်းဝှမ်းတည်း။

ကျွန်တော်တို့၏ ခေါင်းဆောင်ဂျက်သည် ရမ်ပုလင်းကိုဖွင့်လိုက်ပြီးနောက် သူကိုယ်တိုင် ပထမဆုံး တစ်ကျိုက်ကျိုက် မော့ချလိုက်ပြီး ဘက်ထံသို့ ပုလင်းကိုကမ်းလိုက်၏။ ကျွန်တော်တို့သည် တစ်ယောက်ပြီးတစ်ယောက် ရမ်ပုလင်းကို မော့နေမိကြလေသည်။

စောစောက အတွေးကိုယ်စီဖြင့် ငိုင်တိုင်တိုင်ဖြစ်နေကြသော အဖွဲ့သားများသည် ရမ်တန်ခိုးကြောင့် တက်[illegible]ကြွကြွဖြစ်လာကြသည်ကို တွေ့ရ၏။ အဖွဲ့သားတိုင်း၏မျက်နှာမှာ သေမင်းနှင့်တွေ့ရမည်ကိုပင် ကြောက်သည့်လက္ခဏာမရှိတော့။

"ရဲဘော်တို့...အသင့်ပြင်၊ ဆင်းဖို့နေရာကို ရောက်နေပြီ"

ကျွန်တော်တို့အား လေထီးဖြင့်ဆင်းသက်မည့်နေရာကိုပြသရန်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူထားရသော တပ်ကြပ်ကြီးက ကျွန်တော်တို့အား တပ်လှန့် ၍ နှိုးလိုက်၏။ ကျွန်တော်တို့မှာ လေယာဉ်ထွက်လာကတည်းက အသင့်ဖြစ်နေခဲ့ကြ၏။ လမ်းတစ်လျှောက်လုံးလည်း တစ်ယောက် ကျောပေါ်တွင်ရှိသော လေထီးကို တစ်ယောက်က စစ်ဆေး လိုက်ပါလာခဲ့ကြသည်။

တပ်ကြပ်ကြီး၏ တပ်လှန့်နှိုးသံကြောင့် ကျွန်တော်တို့သည် ကုန်းကွကွရပ်နေရာမှ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး ဆုတောင်း များကို တတ်သရွေ့မှတ်သရွေ့ ရွတ်ဖတ်လိုက်ကြ၏။ ထို့နောက် လေယာဉ်ကိုယ်ထည်ထဲတွင် ခုန်ဆင်းရမည့် အမှတ်အစီအစဉ်အတိုင်း တစ်ဦးချင်းထပ်၍ ရပ်နေလိုက်သည်။

ဒါကိုတာလေယာဉ်ကြီး၏ အရှိန်မှာ တိုက်ရိုက်ပျံသန်းနေခြင်း မဟုတ်သောကြောင့် တငြိမ့်ငြိမ့်ရှိနေလေသည်။ လေယာဉ်ကြီးသည် ဝဲ၍ဝဲ၍နေရာမှ တဖြည်းဖြည်းနိမ့်ဆင်းလာကာ ကျွန်တော်တို့ခုန်ဆင်း ၍ သင့်လျော်လောက်မည့် အမြင့်အထိ ရောက်လာသည်။

တပ်ကြပ်ကြီးသည် အစိမ်းရောင်မီးကလေးကို ဖွင့်လိုက်ပြီး 'အမှတ် ၁ ဆင်း'ဟု အမိန့်ပေးလိုက်သည်။

အမှတ် ၁ ဟူသောဂဏန်းကို ကြားလိုက်ရပြီးနောက် ကျွန်တော် တို့ အဖွဲ့သားဆယ်ယောက်၏ နံပါတ်က ဆက်၍ဆက်၍ ပေါ်လာ သည်။ ကျွန်တော်တို့သည် ဘာမျှမမြင်ရသော လေဟာပြင်ထဲသို့ အမှတ်စဉ်အတိုင်း ခုန်၍ဆင်းလိုက်ကြရသည်။

ကျွန်တော့်အလှည့်သို့ရောက်၍ လေယာဉ်တံခါးပေါက်မှ ခုန် ဆင်းလိုက်ပြီးနောက် ခဏမျှသောအချိန်အတွင်းတွင် ကျွန်တော့်အား



လေယာဉ်ထဲမှ မမြင်ရသောလက်တစ်ခုက တွန်း၍ အဆွဲခံလိုက်ရသကဲ့ သို့ ဖြစ်သွားသည်။ ခေါင်းကိုမော့၍ ကြည့်လိုက်သောအခါ ကျွန်တော့် အထက်တွင် ရောမဖြူဖွေးသောမှိုပွင့်ကြီးတစ်ပွင့် ယိမ်းထိုးလှုပ်ရှားနေ သည်ကို တွေ့လိုက်ရသည်။ ကျွန်တော်သည် ပွင့်သွားသောလေထီး၏ အရိပ်ကိုခိုကာ မြေပြင်သို့ တငြိမ့်ငြိမ့်ဆင်းနေပေပြီတကား။

မြေပြင်ပေါ်သို့ရောက်လာသော ကျွန်တော်သည် ကိုင်၍အရိုက်ခံ လိုက်ရသကဲ့သို့ ဖြစ်သွားပြီး ပွင့်ကားနေသော လေထီးနောက်သို့ တလိမ့်ခေါက်ကွေး ပါသွားသည်။ ကျွန်တော်သည် မြေပြင်ကို ကျား ကန်၍ ကိုယ်ရှိန်သတ်လိုက်ပြီးနောက် ကျွန်တော့်ကိုယ်ပေါ်တွင် တပ် ဆင်ထားသော လေထီးကြိုးသိုင်းများကို ဖြုတ်လိုက်ပြီး ကျွန်တော့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ကျွန်တော်ရောက်ရှိနေသော နေရာမှာ ကွင်းပြင်ကျယ်ကြီးတစ်ခု ဖြစ်သော်လည်း ပတ်ပတ်လည်တွင် တောထူသော တောင်များရှိနေ သည်ကို သတိပြုလိုက်မိသည်။ ဖွေးဖွေးသာနေသော လရောင်အောက် တွင် လောကကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသော် လည်း ကျွန်တော်နှင့်အတူ ကျန်အဖွဲ့သားတို့၏ လှုပ်ရှားမှုကသာ မင်းမူနေသည်။

ကျွန်တော်သည် မြေကြီးပေါ်တွင် မှိုပွင့်ကြီးများ စောင်း၍ကျနေ သကဲ့သို့ ဖြစ်နေသော လေထီးများကို ရေတွက်၍ကြည့်လိုက်သည်။

"တစ်...နှစ်...သုံး...လေး...ငါး...ခြောက်...ခုနစ်...ရှစ်... ကိုး..."

ခပ်လှမ်းလှမ်းတွင် ကျွန်တော်တို့ လေထီးထက် အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ငယ်သော လေထီးသုံးခုကို တွေ့ရ၏။ ကျွန်တော့်အတွက် လက်နက် ရိက္ခာနှင့် လိုအပ်သော ကိရိယာများကိုချပေးသည့် လေထီးများပင် ဖြစ်၏။ ကျွန်တော်တို့အဖွဲ့သားများသည် ကောက်ကွေ့ချောင်းဝှမ်းသို့ စီစဉ်သတ်မှတ်ထားသည့်အတိုင်း ဘေးမသီ ရန်မခဘဲ ဆင်းသက်နိုင် ခဲ့ကြပေပြီ။

ကျွန်ကော်သည် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်၏ ညွှန်ကြား ချက်အတိုင်း ကျွန်တော့်လေထီးကို နှစ်ပိုင်းသုံးပိုင်းမျှ ဖြတ်လိုက်ပြီး နောက် လေထီးစ တစ်စနှစ်စကို ကျွန်တော့်အိတ်ထဲတွင် ထိုးထည့် လိုက်သည်။ ကျန်လေထီးစများကို တွင်းတူး၍ မြှုပ်ပစ်လိုက်၏။ ဤအချိန်တွင် အခြားသောအဖွဲ့သားများကလည်း ကျွန်တော့်လိုပင် ခြေရာလက်ရာများကို ဖျောက်ဖျက်ပစ်နေကြသည်။

ကျွန်တော်တို့သည် လေထီးဖြင့်ချပေးသော ယမ်းဘီလူးများ၊ ကြိုးမဲ့ကြေးနန်းစက်များ၊ ကာဘိုင်သေနတ်များ၊ ပွိုင့် ၄၅ ကျည်ဆန် များ၊ ဘက်ထရီများ၊ အရေးပေါ်ဆေးကုသေတ္တာနှင့် ရိက္ခာသံဘူး များ၊ ဘိန်းများ၊ ချက်ပြုတ်စားသောက်စရာ အိုးခွက်များကို ခွဲဝေ၍ ကျောပေါ်တွင်ထမ်းကာ ကျွန်တော်တို့ဆင်းသက်သည့်နေရာမှ အနောက် ဘက်ရှူးရှူး တောအုပ်ထူထူရှိရာသို့ လာခဲ့ကြ၏။ လေးမိုင်မျှ ခရီး ပေါက်လာသည့်အချိန်တွင် ရန်သူ့အရိပ်အခြည်ကိုလည်း နည်းနည်းမှ မတွေ့ရသောကြောင့် စခန်းချနားကာ အိပ်စက်လိုက်ကြ၏။

ကျွန်တော့်အဖို့ ရန်သူသိမ်းပိုက်ထားသော နယ်မြေပေါ်တွင် ပထမဆုံးအိပ်ရသောညဖြစ်ရာ ချိုးချိုးချွတ်ချွတ်အသံကြားတိုင်း ခေါင်း ထောင်၍ ကြည့်နေမိသည်။ သို့သော် စိတ်ရောလူပါ မန်းလျက်ရှိ



သောကြောင့် အရုဏ်တက်လုနီးချိန်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် သွားသည်။

နောက်တစ်နေ့နံနက် နံနက်စာမစားမီ အိန္ဒိယရှိ ဌာနချုပ်မှ ကြိုးမဲ့ကြေးနန်းအဆက်အသွယ်လုပ်ပြီး ကျွန်တော်တို့ ကောင်းမွန်စွာ ရောက်ရှိနေကြောင်း သတင်းပို့လိုက်၏။ ထို့နောက် ကျွန်တော်တို့ သည် နံနက်စာကို လက်ဖက်ရည်ဖြင့် လည်ချောင်းတွင်းသို့ မျှောချ ပြီးနောက် သက်ဆိုင်ရာ အထုပ်အပိုးများကိုထမ်းကာ ဂျက် ခေါင်း ဆောင်သည့် လမ်းအတိုင်း ချီတက်ခဲ့ကြရပြန်သည်။

ကျွန်တော်တို့၏ ပထမရည်မှန်းချက်ပန်းတိုင်မှာ ကဲ့ကော်တောင် တန်း မြောက်ဘက်ဖျားရှိ မိုးကြိုးပစ်စခန်းပင် ဖြစ်၏။ ဤစခန်းတွင် တစ်ထောက်ရပ်နားကာ ရန်သူ့အခြေအနေကို ထောက်လှမ်းပြီးနောက် မှ ကျွန်တော်၏တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်မည် ဖြစ် သည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်သည် ရန်သူ့တိုက်ကင်းအဖွဲ့များ ကို အလွယ်တကူရှောင်ရှားနိုင်ရန်အတွက် သွားရိုးသွားစဉ် လမ်း အတိုင်း မသွားဘဲ ကျွန်တော်တို့အား လမ်းသစ်ထွင်၍ သွားစေသည်။

ကျွန်တော်တို့သည် သုံးရက်တိုင်တိုင် တောများကိုကျော်ကာ လမ်းသစ်ထွင်၍ ခရီးနှင်ကြ၏။

မိုးကြိုးပစ်စခန်းနှင့် တစ်ညအိပ်ခရီးအကွာသို့အရောက်တွင် ကျွန် တော်တို့၏ ခြေကုတ်စခန်းကလေးတစ်ခုကို ချလိုက်ကြ၏။ ကျွန် တော်တို့သည် ပါရှိလာသော တောလိုက်ဓားများဖြင့် သစ်ကိုင်း ဝါးများ ကို ခုတ်လှဲကာ သစ်ခက်တဲနန်းကလေးတစ်ခု ဆောက်လုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေများ၊ ကင်းများရန်မှ ဝေးအောင်လည်း အိပ်စင်များကို တစ်တောင် ခန့်မြင့်အောင် တူးလုပ်ထားကြသည်။ ခြင်များမှာ အထူးပေါများလှ ရာ ကျွန်တော်တို့၏ စစ်သုံးခြင်ထောင်ထဲသို့ပင် ညအချိန်များ၌ ရောက်လာလေ့ရှိသည်။

ကျွန်တော်တို့သည် တောထဲမှ ရှာဖွေတွေ့ရှိရသော တောသစ်သီး တောသစ်ရွက်တို့ကို ကျွန်တော်တို့နှင့်အတူပါလာသော ရိက္ခာခြောက် များဖြင့် ရောနှောကာ ချက်ပြုတ်စားသောက်ကြရသည်။ ဤစခန်း တွင် ငှက်များ ပေါများလှသော်လည်း ရန်သူက ကျွန်တော်တို့ သေနတ် သံကို ကြားသွားမည်စိုးသည့်အတွက် မည်သူမျှ ငှက်ပစ်ခွင့်မရ။ ကျွန်တော်က လေးနှင့်မြားများလုပ်ကာ လက်တည့်စမ်းကြည့်သော် လည်း တစ်ကောင်ကိုမျှမထိ။

ကျွန်တော်တို့သည် ဤခြေကုတ်စခန်းကလေးတွင်ရှိနေစဉ်အတွင်း အိန္ဒိယရှိ ဌာနချုပ်သို့ နေ့စဉ်ပင် သတင်းပို့နေခဲ့သည်။ နမ့်ကွင်းချောင်း ပေါ်မှ မီးရထားတံတားကိုလည်း မည်သို့မည်ပုံ ဖောက်ခွဲဖျက်ဆီးမည် ကို အသေးစိတ် တိုင်ပင်နေခဲ့ကြသည်။ အားလပ်ခွင့်ရသည့်အချိန် ကလေးများ၌ ဒေသကျွမ်းကျင်မှုရှိအောင် နှစ်ယောက်တစ်တွဲစီတွဲ၍ အလှည့်ကျ ကင်းထောက်ထွက်ကြ၏။

ကျွန်တော်တို့၏ ခြေကုတ်စခန်းကလေးတွင် လေး,ငါးရက်မျှ အနားယူရင်း ကျွန်တော်တို့၏ ပစ်မှတ်ဖြစ်သော နမ့်ကွင်း မီးရထား တံတားကို မည်သို့မည်ပုံ သွားရောက်ဖောက်ခွဲဖျက်ဆီးမည်ကို အသေး စိတ် ဆွေးနွေးကြပြီးနောက်...နောက်တစ်နေ့မနက်တွင် ပစ်မှတ်ရှိရာ သို့ ချီတက်ကြရမည်ဟု 'ဂျက်'က ဆုံးဖြတ်လိုက်သည်။



"တို့အဖွဲ့သားအားလုံး နက်ဖြန်မနက် ဒီလိုအချိန်ကစပြီး တံတား ရှိရာကို ချီတက်ကြရမယ်။ အော်စကာကတော့ ဒီစခန်းမှာပဲစောင့်ပြီး ကျန်ရစ်ခဲ့ရလိမ့်မယ်။ ဒါပေမယ့် သူ့အရုပ်အမောင်း၊ သူ့ရုပ်ရည်ကို မြင်ရင် သူ့ကို ဘယ်သူကမှ မြန်မာအမျိုးသားတစ်ယောက်လို့ ထင် နိုင်ကြမှာမဟုတ်ဘူး။ ဒီတော့ ကျုပ်တို့အကြံ အောင်မြင်ရေးအတွက် သူ့ကို ဒီစခန်းမှာပဲ ထားပစ်ခဲ့ရမယ်"

"ကျုပ် ထောက်လှမ်းတွက်ချက်လို့ရသမျှတော့ နမ့်ကွင်းတံတား ဟာ ဒီကနေပြီး သုံးဆယ့်ခုနစ်မိုင်လောက်ပဲ ဝေးတယ်။ ဒါပေမယ့် ဒီ သုံးဆယ့်ခုနစ်မိုင်ဟာ ကျောက်ခဲအောင် အပင်ပန်းခံပြီး သွားကြရမယ့် ခရီးပဲ။ ခရီးက ဘာမှမဝေးပေမယ့် ကျုပ်တို့က လမ်းထွင်ပြီးသွားရ မှာဖြစ်တဲ့အတွက် အင်မတန်ခက်ခဲတဲ့ ခရီးကြမ်းကြီးတစ်ခုဖြစ်မှာ သေချာတယ်။ ကျုပ်တို့ဟာ ညအမှောင်ကို အကာအကွယ်ယူပြီး သွားကြရမှာဖြစ်တဲ့အတွက် တစ်ညလုံး ခရီးနှင်တာတောင်မှ တစ်ည ကို ခုနစ်မိုင် ရှစ်မိုင်လောက်ပဲ ခရီးပေါက်ကြလိမ့်မည်။ ဒီနှုန်းအတိုင်း ဆိုရင် သုံးဆယ့်ခုနစ်မိုင်ဝေးတဲ့ တံတားဆီကိုရောက်ဖို့အတွက် ကျုပ်တို့ ဟာ လေးည ငါးညလောက် ခရီးပြင်းနှင်ကြရလိမ့်မယ်။ ကျုပ်တို့ အတွက် ဦးစားပေးပြီး ယူသွားရမယ့်ပစ္စည်းကတော့ ဖောက်ခွဲတဲ့ ယက်နက်ကိရိယာတွေပဲ။ ဒီတော့ အဖွဲ့သားတိုင်းဟာ ကိုယ်ပိုင်ပစ္စည်း နှန်သမျှ လျှော့ချပြီး ယူကြရလိမ့်မယ်။ ကျုပ်တို့ဖောက်ခွဲဖျက်ဆီး ပစ်ရမယ့် မီးရထားတံတားဟာ ဟိုပင်နဲ့ ပင်ဘောကြားမှာရှိတယ်။ ကျုပ်တို့သာ လိမ္မာပါးနပ်ခဲ့ရင် တံတားပေါ်မှာ ရန်သူ့စစ်ကူရထားကြီး ရောက်နေတဲ့အချိန်မှာ အဝီစိပွက်သလို ပွက်သွားအောင် ဖောက်ခွဲပစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်မယ်မဟုတ်လား။ ကဲ…ဘယ်သူများ ဘာမေးစရာရှိသေးသလဲ”

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်၏စကားကို စူးစိုက်၍နားထောင်နေသူများအနက် ပထမဆုံး စောဒကတက်သူမှာ အော်စကာပင်ဖြစ်၏။ သူ့ကို တံတားရှိရာသို့ ခေါ်မသွားဘဲ မိုးကြိုးပစ် ခြေကုတ်စခန်းတွင် ထားခဲ့မည်ဟုဆိုသောကြောင့် မကျေမနပ်ဖြစ်နေခြင်းပင်ဖြစ်၏။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က အော်စကာအား အကျိုးအကြောင်းပြ၍ ထပ်မံနှစ်သိမ့်ရပြန်၏။

“နေ့လယ်ဘက်ဆိုရင် ကျွန်တော်တို့ ဘာတွေလုပ်နေမလဲ” ကာနေက ဂျက်၏စကားအဆုံးတွင် ကောက်၍မေးလိုက်၏။

“ချုံပုတ်ထူထူထဲကိုတိုးဝင်ပြီး အဲဒီမှာပဲ ငြိမ်ငြိမ်ကလေး ကုတ်နေရမှာပဲ။ ကျုပ်တို့ကို ဂျပန်တွေသာမက မြန်မာရွာသားတွေလည်း တွေ့မသွားအောင် အထူးသတိထားရလိမ့်မယ်။ ကချင်ရွာသားတွေနဲ့ဆိုရင်တော့ သိပ်အရေးမကြီးလှဘူး။ ကျုပ်တို့မှာလည်း ကချင်အမျိုးသား နှစ်ယောက်ပါလာတာပဲမဟုတ်လား”

“တံတားကိုဖောက်ခွဲပြီးတဲ့အချိန်မှာ ကျွန်တော်တို့ ဒီအတိုင်းပဲ လူပြန်စုပြီး ဒီစခန်းကိုပြန်လာကြမှာလား”ဟု ကျွန်တော်က မေးလိုက်သည်။

“ဒါကတော့ အခြေအနေပေါ်မှာကြည့်ပြီး လုပ်ရမယ့်အလုပ်ပဲ။ အခြေအနေကပေးသလို ကျုပ်တို့ စီစဉ်ပြီး လုပ်ကြရမယ်။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်ယောက်ချင်းဖြစ်စေ ဟောဒီ ခြေကုတ်စခန်းကိုတော့ရောက်အောင်ပြန်လာကြရမယ်”



အဖွဲ့ခေါင်းဆောင် ‘ဂျက်’သည် ကျွန်တော့်အမေးကို အဖြေပေးလိုက်ရင်း တစ်ဆစ်တည်းပင် ညွှန်ကြားချက်ထုတ်လိုက်သည်။

“အဖွဲ့သားတိုင်း ကိုယ်နဲ့သက်ဆိုင်တဲ့စာတွေ၊ မှတ်ပုံတင်ကဒ်ပြားတွေကို ဒီမှာကျန်ရစ်ခဲ့မယ်၊ အော်စကာ့လက်ထဲကို ချန်ပစ်ခဲ့ကြရမယ်။ ဒါထက်…အော်စကာ…သုံးပတ်လောက်မှ ကြာလို့ တို့အထဲက တစ်ယောက်မှ ဒီကိုပြန်ရောက်မလာရင် မောင်ရင်က ဌာနချုပ်ကို ဆက်ပြီးရှေ့ ဘာဆက်လုပ်ရမယ်ဆိုတာ အမိန့်တောင်းပေတော့”

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်သည် ရန်သူတို့၏နယ်မြေထဲသို့ ဝင်ရောက်၍ ရန်သူတို့၏ ထောက်ပံ့ရေးသွေးကြောကြီးတစ်ခုကို ဖြတ်တောက်ရတော့မည့် ကျွန်တော်တို့အတွက် အဘက်ဘက်မှ ပြည့်စုံအောင် ပြင်ဆင်ထားပြီး ရှိနေလေပြီတကား။

◆

www.burmeseclassic.com

www.burmeseclassic.com

# ( ၅ )

**ဖေဖော်ဝါရီလ ၁၅ ရက်နေ့၊ နေဝင်စ...**

ကျွန်တော်တို့ဘက်မှ အရှေ့ပိုင်းတပ်မတော်က ရခိုင်စစ်မျက်နှာရှိ ဒုန်းပိုက်စစ်ကြောင်းကို စတုတ္ထအကြိမ်မြောက် တိုက်စစ်မဆင်မီ သုံးရက်အလိုတွင် ကျွန်တော်တို့သည် အော်စကာအား လက်တဆုပ်ဆုပ်ယမ်း၍ နှုတ်ဆက်ရင်း ခြေကုတ်စခန်းမှ နမ့်ကွင်းတံတားရှိရာသို့ ဦးတည်၍ ချီတက်လာခဲ့ကြရသောအချိန်တည်း။

ချီတက်လာခဲ့သော တပ်ဖွဲ့သားတိုင်းပင် ပစ္စတိုတစ်လက်၊ ကျည်ဆံ ၂၁ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ သံလိုက်အိမ်မြှောင်တစ်ခု၊ ရိက္ခာခြောက် ရှစ်ပေါင်နှင့် ဒိုက်နမိုက်ဆယ့်ငါးပေါင်စီ ပါရှိလာခဲ့သည်။

အနောက်ဘက်တောင်စွယ်တွင် နေမင်းကြီးက မေးတင်လျက်ပင် ရှိနေသေးသော်လည်း ကျွန်တော်တို့ချီတက်လာခဲ့ရသော လမ်းခရီး၌ သစ်ခက် သစ်ရွက်များသည် ထီးများဖြန့်ကြဲထားသကဲ့သို့ပင်နေ၏။ အလင်းရောင်ကိုပင် မမြင်ရ၊ ကျွန်တော်တို့သည် အလင်း



ရောင်မရှိသော လိုဏ်ဂူကြီးတစ်ခုအတွင်းသို့ ရောက်နေသကဲ့သို့ ရှိနေလေသည်။

ဤကဲ့သို့သော ချောင်ကျသည့်လမ်းမျိုးကို ရှာဖွေတွေ့ရှိထားသော ဂျက်ကို ကျွန်တော်တို့က စိတ်မပါ့တပါဖြင့် ချီးကျူးနေမိကြသည်။ လမ်းခရီးမှာ ရန်သူနှင့် မည်ကဲ့သို့မျှ ရင်ဆိုင်တွေ့နိုင်မည့်လမ်းမျိုးမဟုတ်သော်လည်း သွားရလာရသည်မှာမူ ကျွန်တော်တို့အတွက် အခက်ကြီးခက်နေစေသော လမ်းဖြစ်၏။ ဂျပန်ရန်ထက်လမ်း၏အန္တရာယ်က ပို၍ကြီးမားနေလေသည်။

ကျွန်တော်တို့တွင် မြန်မာပြည်နှင့် မြန်မာပြည်ပတ်ဝန်းကျင်ရှိနယ်စပ်ဒေသများကို ဖော်ပြထားသော ပိုးဖြင့်ရက်လုပ်ထားသည့် မြေပုံလိပ်တစ်လိပ်စီနှင့် အအေးဒဏ်ကိုကာကွယ်ရန် စောင်တစ်ထည်စီလည်း ကျောပိုးအိတ်ထဲတွင် ပါရှိလာခဲ့၏။ တံတားကိုဖောက်ခွဲဖျက်ဆီးပစ်ပြီးနောက် တစ်ယောက်ချင်း ခြေကုတ်စခန်းရှိရာသို့ ပြန်ရမည်ဆိုလျှင် မိမိကိုယ်မိမိအားကိုး၍ ပြန်လာနိုင်ရန် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က စီမံပြုလုပ်ထားသော အစီအစဉ်တည်း။

အနောက်တောင်စွယ်တွင် မေးတင်နေသော နေလုံးကြီးက တောင်ကြားထဲသို့ ငုံ့လျှိုး၍သွားနေသည်နှင့်အမျှ ကျွန်တော်တို့ လျှောက်၍ နင်းနေရသောလမ်းမှာလည်း ပို၍ပို၍ အမှောင်ရိပ်လွှမ်းမိုးလာသည်။ မိမိလက်ညှိုးကို မိမိရှေ့တွင်ထောင်၍ကြည့်သော်မှ ရေးရေးကလေးသာ မြင်ရသော အမှောင်မျိုးတည်း။

ဂျက်သည် ခေါင်းဆောင်ပီပီ ရှေ့မှ လမ်းထွင်၍သွားနေသည်။ လမ်းတွင်ပိတ်ဆီးနေသော သစ်ကိုင်းသစ်ခက်များကို တော[illegible]ိုက်ဓားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခုတ်နေသံမှာ တဖြောင်းဖြောင်းဆူညံလျက်ရှိသည်။ ဝါးတောကို ဆင်အုပ်ကြီး တိုးနေသကဲ့သို့တည်း။

ကျွန်တော်သည် ရောက်ရှိနေသည့်နေရာမှ ရှေ့သို့လှမ်းကြည့်လိုက်သောအခါ 'ဂျက်'၏အရိပ်ကို ရိုးတိုးရိပ်တိတ်ကလေးသာ မြင်နေရ၏။

ကျွန်တော်တို့သည် ဤနည်းဖြင့် ဤနှုန်းအတိုင်း တစ်နာရီပြီး တစ်နာရီ ရှေ့သို့ချီတက်နေကြရ၏။ သုံးဆယ့်ခုနစ်မိုင်သည် သုံးသောင်းခုနစ်ထောင်ရှိသော ကန္တာရကဲ့သို့ ရှည်လျားခက်ခဲလှချေ၏တကား။

ညအမှောင်ထုက ပိန်းပိတ်နေသောကြောင့်လည်း မျက်စိကိုအားပြု၍ ကြည့်ရသည်မှာ မျက်လုံးအိမ်များ ပြုတ်ထွက်တော့မတတ်ဖြစ်နေသည်။ စခန်းချရပ်နားရန် တစ်မိုင်မျှသာလိုတော့သော အချိန်၌ ကျွန်တော်သည် ရှေ့မှအဖွဲ့သား၏ ကျောပိုးအိတ်ကို မှေး၍လိုက်ရင်း အိပ်မက်ထဲတွင် လမ်းလျှောက်သူကဲ့သို့ လိုက်ပါလာခဲ့ရတော့သည်။

ကျွန်တော်က ရှေ့မှအဖွဲ့သား၏ ကျောပိုးအိတ်ကို မှေး၍ လိုက်လာသလို ကျွန်တော့်နောက်မှ အဖွဲ့သားကလည်း ကျွန်တော့်ကျောပိုးအိတ်ကို မှေး၍လိုက်လာ၏။

ကျွန်တော်တို့သည် သစ်ပင်ထူသော တောအုပ်ထဲ၌ ခြေထောက်ဆယ့်ရှစ်ချောင်းရှိသော၊ ခေါင်းကိုးလုံးရှိသော နံကောင်ကြီးတစ်ကောင်မှောင်နှင့်မည်းမည်းတွင် တွား၍တွား၍သွားနေသည်နှင့် တူနေလေတော့သည်။

ကျွန်တော်တို့သည် လေးကန်နေသောခြေထောက်များကို တစ်



ပေပြီးတစ်ပေ တရွတ်တိုက်ဆွဲ၍ လာကြရသော်လည်း မည်သူမျှမောသည် ပန်းသည်ဟူ၍ တစ်ဖဝါးမျှ မရပ်နားရဲ။ မီးခြစ်ကလေးကိုခြစ်၍ စီးကရက်ကလေး တစ်ဖွာလောက်သောက်ရမည့်အချိန်လောက်ကိုပင် ရပ်တန့်နားနေခြင်းမပြုရဲ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် တစ်ဖဝါးအကွာကလေးမျှ ရပ်နား၍နေမိသည်နှင့် တစ်ပြိုင်နက် နံကောင်ကြီးတစ်ကောင်လိုဖြစ်နေသော လူကိုးယောက်ပါသည့်အတန်းမှ ကေန်မုချ ပြုတ်၍ ကျကျန်ရစ်ခဲ့မည်ကို သိနေသောကြောင့်တည်း။

သို့ဖြင့် စက်ရုပ်ကြီးတစ်ကောင်လို တစ်လှမ်းပြီးတစ်လှမ်း တွား၍သွားနေသော ကျွန်တော်သည် ရှေ့မှအဖွဲ့သားတစ်ယောက်၏ နောက်ကျောကို အင့်ခနဲမြည်အောင် ဝင်၍တိုက်မိသည်ကို သတိပြုလိုက်မိသည်။ ကျွန်တော့်ရှေ့မှ အဖွဲ့သား၏ မြည်တွန်တောက်တီးသံကိုလည်းကြားလိုက်ရသည်။ သည်တော့မှပင် ကျွန်တော့်မျက်စိများကို ဖွင့်၍ကြည့်လိုက်မိ၏။

အရှေ့ဘက်မှ လင်းအရုဏ်က သစ်ကိုင်းသစ်ခက်များကြားထဲသို့ ယှက်ဖြာ၍ စီးဆင်းနေလေပြီ။

ဂျက်ခေါင်းဆောင်သော ကျွန်တော်တို့စစ်ကြောင်းကလေးမှာ "ရပ်…"ဟူသော အမိန့်ကြောင့် တုံ့ခနဲရပ်သွားသော်လည်း အိပ်မှုန်စုံမွှားဖြစ်နေသော ကျွန်တော်မှာ ကျွန်တော့်ရှေ့တွင်ရှိနေသော ဘာ[illegible]၏ ကျောကုန်းကို ဝင်ရောက်၍ အရှိန်နှင့်တိုးမိနေခြင်းဖြစ်သည်။ ကျွန်တော့်နောက်တွင် လိုက်ပါလာသော အဖွဲ့သားများကလည်း ရထားခေါင်းတွဲ လမ်းချော်၍ကျသလို တစ်ယောက်ကျောကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဝင်၍တိုးမိနေကြ၏။

ကျွန်တော်သည် မျက်စိများကို ပွတ်သပ်၍ ကြည့်ရှုလိုက်သော အခါ တပ်သားကိုးယောက်ပါဝင်သော ကျွန်တော်တို့အဖွဲ့ကလေး သည် သစ်ပင်များဝန်းရံလျက်ရှိသော လွင်ကလေးတစ်ခုပေါ်သို့ ရောက် နေကြောင်းကို တွေ့ရှိရလေသည်။

ကျွန်တော်တို့ရောက်ရှိနေသော လွင်ကလေးကို ပတ်ချာဝိုင်း လျက်ရှိသော သစ်တောအုပ်အတွင်း၌ ရောင်စုံဆမ်းထားသော သစ်ခွ ပန်းများသည် ပျံ့မွှေးသောရနံ့ကို ကျွန်တော်တို့ဆီသို့ ပက်ဖျန်းလျက် ရှိနေကြ၏။ သစ်ပင်များတွင် တွဲလောင်းကျနေသော နွယ်ငန်းကြီး များကလည်း သစ်ခွပန်းနွယ်များဖြင့် ဘုရင့်သမီးတော်စီးသော ရတနာ စီခြယ်သည့် သိင်္ဂနိက်ဒန်းလို အဆန်းတကြယ်ရှိလှသည်။

ကျွန်တော်တို့သည် အိပ်မက်တိုင်းပြည်သို့ ရောက်နေကြသည်နှင့် တူနေလေသည်။ သို့သော် တကယ့်အိပ်မက်,မက်နေခြင်းမဟုတ်သည် ကား သေချာလှ၏။ အဘယ်ကြောင့်ဆိုသော် ရတနာမျိုးစုံနှင့် စီခြယ် ထားသော သိင်္ဂနက်ဒန်းများပေါ်၌ အလွန်တရာလှပချောမောသော မင်းသမီးကလေးများကို မတွေ့ရသောကြောင့်ပါတည်း။

သက်တန့်ကဲ့သို့ အရောင်စုံလှသော လိပ်ပြာကြီးတစ်ကောင်သည် ကျွန်တော်တို့ခေါင်းပေါ်တွင်ပျံဝဲလိုက်၊ မျှစ်စို့ပေါက်များပေါ်တွင် နား လိုက် လုပ်နေ၏။ ဥဩပျို၏ တွံသံချိုချိုကလည်း လိပ်ပြာ၏ အတောင်ပံ ခတ်သံနှင့် စည်းဝါးကိုက်ကာ မှန်မှန်ကြီးပေါ်ထွက်နေသည်။ ကြက် တူရွေးဖို တစ်ကောင်က အဖော်ကွဲနေဟန်ဖြင့် လွမ်းစဖွယ် တေးတစ် ပုဒ်ကို သီဆိုနေသည်။



ကျွန်တော်သည် အနားသို့ကပ်လာသော ကင်းခြေများ တစ် ကောင်ကို ဖိနပ်ဖြင့်ဖိ၍ သတ်လိုက်ပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာလိုက်သည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ဤလွင်ကလေးအတွင်းတွင် ပင် စခန်းချနားနေရန် ဆုံးဖြတ်လိုက်၏။ ဆယ့်ငါးမိနစ် အတော အတွင်းတွင်ပင် ကချင်အဖွဲ့သားနှစ်ယောက်က မီးဖိုကာ ပါလာသည့် ရိက္ခာဘူးများကိုဖောက်၍ စားသောက်စရာများကို ပြင်ဆင်ပြီးနေပေပြီ။

ကျွန်တော်တို့သည် နံနက်စာစားသောက်ကြပြီးနောက် တစ်နေ့ လုံးပင် လွင်ကလေးတွင်း၌ အိပ်စက်နားနေကြသည်။

မှောင်စပျိုးလာသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့၏ သုံးဆယ့် ခုနစ်မိုင်ရှည်သော ကန္တာရခရီးကြမ်းကြီးကို ဆက်လက်လှမ်းခဲ့ကြ ရပြန်သည်။

ကျွန်တော်တို့သည် ဤနည်းအတိုင်း နောက်ထပ် သုံးညဆက်၍ ခရီးနှင်ကြရ၏။ တစ်ညလျှင် အများဆုံး ခုနစ်မိုင် ရှစ်မိုင်သာ ခရီး ပေါက်နိုင်သည်။ လေးရက်မြောက်ညသို့ ရောက်လာသည့်အချိန်အထိ လမ်းတွင် ဂျပန်တိုက်ကင်းအဖွဲ့နှင့်သော်လည်းကောင်း၊ မြန်မာရွာသူ ရွာသားများနှင့်သော်လည်းကောင်း တွေ့ရှိခဲ့ရခြင်း မရှိသောကြောင့် ကျွန်တော်တို့၏ လုံခြုံရေးမှာ ရာခိုင်နှုန်းအပြည့် စိတ်ချစရာကောင်း သည်ဟု မှတ်ယူနေမိသည်။

ငါးရက်မြောက်သည့်ညတွင် ကျွန်တော်တို့သည် တစ်ခုသော တောင်ခြေကိုပတ်၍ ဆင်းလာခိုက် ခပ်ဝေးဝေးဆီမှ သီချင်းသံနှင့် လက်ခုပ်တီးသံများကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် တောင်ခြေရှိ ရွာတစ်ရွာနှင့် နီးကပ်လာကြောင်း ပြလိုက်သည့် အသံဗလံများတည်း။

ကျွန်တော်သည် သီချင်းသံနှင့် လက်ခုပ်သံများကို နားစိုက်၍ ထောင်လိုက်သောအခါ ကျွန်တော်တို့နှင့် အနီးဆုံးတွင်ရှိနေသောရွာ၌ ပွဲခံလျက်ရှိကြောင်း သိလိုက်ရ၏။ တပေါင်းလသို့ နီးကပ်လာပြီဖြစ်သည့်အလျောက် မြန်မာ့ကျေးရွာများတွင် ဘုရားပွဲတော်များ ကျင်းပလျက်ရှိသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ပွဲခင်းထဲမှနေ၍ ပတ်မတုတ်သံသည် တထိထိနှင့် ကျွန်တော့်နားထဲသို့ ဝင်လာသည်။ တတီတီမြည်နေသော နှဲသံကိုလည်း ကြားရ၏။ တစ်ချက်တစ်ချက်တွင် ဝါးလက်ခုပ်သံကို အာရုံစိုက်မိပြန်၏။

ကျွန်တော့်မှာ ငယ်စဉ်ကပင် မြန်မာဇာတ်ပွဲများကို ကြည့်ဖူးသူဖြစ်သည်။ အစပထမတွင် မြန်မာ့ဆိုင်းဝိုင်း တူရိယာသံကို ကျယ်လောင် မြည်ဟည်းလှချေ၏ တကားဟု အောက်မေ့မိကြမည်ဖြစ်သော်လည်း အတန်ကြာအောင် ဂရုတစိုက် နားထောင်လာသောအခါ မြန်မာ့ဆိုင်းဝိုင်းကြီး၏ တူရိယာသံကို နှစ်ခြိုက်လာကြမည် အမှန်ပင်ဖြစ်သည်။

ကျွန်တော်သည် ပွဲကြိုက်သူတစ်ယောက်ပီပီ ရွာထဲရှိ ပွဲခင်းရှိရာသို့ သွားလိုလှသဖြင့် ကျွန်တော်တို့မှာ အထူးတာဝန်နှင့် လာခဲ့ကြခြင်းဖြစ်သောကြောင့် ပွဲခင်းရှိနေသောရွာကို ဘေးမှပန်း၍ လာခဲ့ကြရ၏။

တောင်ကမူကလေးတစ်ခုပေါ်သို့ ရောက်လာသောအခါ ကျွန်တော်တို့ အောက်ဘက်တွင်ရှိနေသောရွာမှ ပွဲခင်းကို လှမ်း၍မြင်ရသည်။ စလောင်းဖုံးထဲတွင် ဆီစိမ်ထားသော မီးစာကိုထွန်းညှိထားသည့် မီးတိုင်များကို မြင်ရပါသည်။ ဇာတ်ခုံပေါ်တွင် အောက်လင်းဓာတ်မီးကြီးနှစ်လုံးကလည်း ထိန်ထိန်လင်းနေသည်။ မီးရောင်အောက်တွင် မင်းသားနှင့် မင်းသမီးတို့သည် သစ္စာထား အကကို ကနေသည်ဟု လှုပ်ရှားနေပုံကိုကြည့်၍ ခန့်မှန်းမိသည်။



ကျွန်တော်တို့သည် ချုံပုတ်အောက်များတွင် ငုတ်တုတ်ကလေးထိုင်လာပြီးနောက် တောင်ကမူပေါ်မှနေ၍ ပွဲကိုကြည့်နေမိကြ၏။ ကျေးရွာဘုရားပွဲတော်၏ ဖိတ်ကြားခြင်းမခံရသော ပရိသတ်များ ဖြစ်နေလေသည်။

ကျွန်တော်တို့သည် ဤနေရာတွင်ပင် ရပ်နား၍ ဤပွဲကိုပင် ကြည့်နေချင်ကြသော်လည်း တစ်ဖက်က အထူးကြီးလေးသောတာဝန်ကို ထမ်းဆောင်နေရသောကြောင့် တောင်ကမူပေါ်မှ မဆင်းချင် ဆင်းချင်နှင့် ဆင်းလာခဲ့ကြရ၏။

ကျွန်တော်တို့ ခြေကုတ်စခန်းရှိရာ မိုးကြိုးပစ်စခန်းမှ ခရီးထွက်လာခဲ့ကြပြီးနောက် ခြောက်ရက်မြောက်နေ့သို့ ကူးစပြုလာသည့် အချိန်တွင် ကျွန်တော်တို့သည် ဟိုပင်မြို့နှင့် ခပ်လှမ်းလှမ်းသို့ ရောက်လာခဲ့ကြ၏။

မန္တလေးနှင့် မြစ်ကြီးနားကို ဆက်သွယ်ထားသော ရထားလမ်းသည် ဟိုပင်မြို့ကိုဖြတ်၍ လရောင်အောက်တွင် တိတ်ဆိတ်စွာလဲလျောင်းလျက်ရှိသည်။ ရန်သူတို့၏ အရေးကြီးသော ထောက်ပံ့ရေးလမ်းကြောင်းကြီးတစ်ခုတည်း ကျွန်တော်တို့သည် လမ်းမကြီးအတိုင်း ချီတက်လာခြင်းက အိမ်ရိပ်များကိုခို၍လာခြင်းထက် ပို၍ ဘေးကင်း

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု တွက်မိကြ၏။ အချိန်မှာ အရုဏ်ဆွမ်းချက်ရန်၊ လယ်တော ဆင်းရန် ရွာသူ,ရွာသားများ အိပ်ရာမှထ,တတ်ကြသည့်အချိန် ဖြ သောကြောင့် ဟိုပင်လမ်းမကြီးအတိုင်း လရောင်အောက်တွင် ထင်ထ ရှားရှား လျှောက်လာရခြင်းက ပို၍အန္တရာယ်ကင်းမည်ဟု တွက်မိ ခြင်း ဖြစ်သည်။

ကျွန်တော်တို့သည် ဟိုပင်လမ်းမကြီးအတိုင်း ခပ်သုတ်သုတ် လျှောက်လာကြပြီးနောက် နမ့်ကွင်းချောင်းနှင့် ခပ်လှမ်းလှမ်းတွ ရှိသော ဝါးတောထဲသို့တိုးဝင်ကာ အခြေအနေကို အကဲခတ်လို ကြသည်။

ဝါးတောနောက်ဘက်တွင် လူတစ်ယောက် ခြေချ၍ရနိုင်သော လမ်းကလေးတစ်ခု ရှိနေ၏။ ကျွန်တော်တို့သည် ဤလမ်းအတိုင် ပို၍ တောထူသောနေရာသို့ တိုးဝင်သွားကြပြီးနောက် အိပ်စက်နား လိုက်ကြသည်။

သို့သော် မကြာမီပင် ကျွန်တော်တို့ နားနေအိပ်စက်ရန် ရွေးချယ် လိုက်သောစခန်းမှာ လူသူကင်းရှင်းသည့်နေရာ မဟုတ်ဘဲ လူနေအိ ခြေနှင့် နီးကပ်သည့်နေရာဖြစ်ကြောင်း သိလာရ၏။ ခွေးဟောင်သံနှ လူသံသူသံများက ကျွန်တော်တို့ကို အိပ်ရာမှ လန့်၍နိုးစေသည် ကျွန်တော်တို့သည် အိပ်ရာမှ ကမန်းကတန်းထကာ မိမိတို့ ကျော အိတ်များကို ကောက်ယူ၍ လူသူကင်းဝေးမည့်နေရာသို့ ကတိုက် ကရိုက် ရွှေ့ပြောင်းလာခဲ့ရ၏။

ကျွန်တော်တို့သည် မှောင်စပျိုးသည့်အချိန်အထိ အိပ်စက်ကြပြီး နောက် နိုးစက်ကဲ့သို့ အချိန်မှန်လှသော အဖွဲ့ခေါင်းဆောင် ဂျက်၏



သတိပေးချက်အရ ကျွန်တော်တို့သည် နမ့်ကွင်းတံတားနှင့် အနီးကပ် ဆုံးနေရာသို့ ချဉ်းကပ်လာခဲ့ကြရလေသည်။

ညအမှောင်မည်းမည်းတွင် ကြောင်ကဲ့သို့ မြင်နိုင်စွမ်းရှိသော ဂျက်သည် ကျွန်တော်တို့အား ကိုင်းတောကြီးကိုဖြတ်၍ နမ့်ကွင်း ချောင်းကမ်းပါးထိပ်ဆီသို့ ခေါ်ဆောင်လာခဲ့၏။

ဂျက်သည် နယ်မြေအနေအထားကို အတန်ကြာအောင် လေ့လာ အကဲခတ်လိုက်ပြီးနောက် ကျွန်တော်တို့အား ချောင်းကမ်းပါးထိပ်နှင့် ကပ်နေသော ကိုင်းတောကြီးထဲတွင် ရပ်နားရန် အမိန့်ပေးလိုက်၏။

ကိုင်းပင်များမှာ အကယ်၍ တိုက်ပွဲဖြစ်ပွားလာခဲ့လျှင် ကျွန်တော် တို့အတွက် အကာအကွယ်ကောင်းကောင်းပေးနိုင်မည်မဟုတ်သော် လည်း ယခု ကျွန်တော်တို့ရောက်ရှိနေသည့် နယ်မြေအနေအထား အရ ဆင်တစ်ရပ်ခန့်မြင့်သော ကိုင်းတောကြီးသည်သာ ကျွန်တော်တို့ အတွက် အကောင်းဆုံးသော အကာအကွယ်အဖြစ် ရှိနေတော့သည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်က ကျွန်တော်တို့အတွက် တင်းကြပ်သောစည်းကမ်းတစ်ရပ် သတ်မှတ်၍ပေးထားသည်။ နေ့ အချိန်များ၌ မည်သူမျှ လှုပ်ရှားသွားလာခြင်းမပြုရဟူသော စည်းကမ်း တည်း။

ဟိုပင်–မြစ်ကြီးနားလမ်းမကြီးမှာ ကျွန်တော်တို့ စခန်းချနေသော နေရာနှင့် ကိုက်လေးငါးရာခန့်သာ ဝေးကွာလျက်ရှိရာ ကျွန်တော် တို့သည် ဂျပန်လော်ရီကားများ ဤလမ်းမကြီးမှ ဥဒဟိုဖြတ်၍ နေ့စဉ် မပြတ် သွားလာနေသည်ကို ကျွန်တော်တို့ မြင်တွေ့နေရ၏။ ဤသို့ မြင်တွေ့နေရသည့်အတွက် ရန်သူ့လှုပ်ရှားမှုကို ကျွန်တော်တို့က စခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှထိုင်၍ အေးအေးဆေးဆေး ထောက်လှမ်းနေသည်နှင့်အမျှ ကျွ
တော်တို့၏ အန္တရာယ်မှာလည်း နီးကပ်လာချေသည်။ ဟိုပင်–မြစ်ကြ
နား လမ်းမကြီးမှ ခွဲထွက်ကာ ဂျပန်တပ်များ ကိုင်းတောကြီးထဲ
ဝင်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့တွင် အခိုင်အမာ အက
အကွယ်ယူစရာဟူ၍ တစ်ခုမျှမရှိတော့။ ရန်သူများသည် ကျွန်တော်
အား အကောင်လိုက် ဖျောက်ပစ်လိုက်နိုင်ရုံသာမက ကျွန်တော်တို့၏
အစီအစဉ်ကိုလည်း မြေမြှုပ်သင်္ဂြိုဟ်ပစ်နိုင်သည်။

ထို့ကြောင့် ကျွန်တော်တို့၏ အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်
နေ့အချိန်များ၌ ကိုင်းတောထဲတွင် လှုပ်ရှားမှုနှစ်ခုကိုသာ အခွင့်
ထား၏။ မှောက်၍နေချင်လျှင်နေ၊ လှန်၍နေချင်လျှင်နေ။

မှောက်နေရာမှ လှန်လိုလျှင်ဖြစ်စေ၊ လှန်နေရာမှ မှောက်လိုလျှ
ဖြစ်စေ လှုပ်ရှားမှုကို အသံမမြည်အောင်သော်လည်းကောင်း၊ အပြင်
များ မကြားနိုင်အောင်သော်လည်းကောင်း ပြုလုပ်ကြရမည်ဖြစ်သည်

ထမင်းမချက်ရ၊ မီးမဖိုရဟူသော အမိန့်ကြောင့်လည်း ကျွန်တော်
တို့သည် နေ့ရောညပါ ဘီစကွတ်နှင့် ချောကလက်ကိုသာ အာဟာ
လုပ်၍ စားနေရမည်ဖြစ်သည်။ ရေဘူးများကို ညအချိန်တွင်သာ
ဖြည့်ခွင့်ရှိသည်။ အကယ်၍ နေ့လယ်ဘက်အချိန်တွင် ကျင်ကြ
ကျင်ငယ် စွန့်လိုသည်ဟုဆိုလျှင် မိမိတို့ရှိနေသောနေရာမှ တီကော
သွားသကဲ့သို့ သွား၍ မြေကြီးတွင် တွင်းကလေးတူးကာ ကိုယ်လ
သန့်စင်သည့်အလုပ်ကို လုပ်ကြရမည်ဖြစ်သည်။

ကျွန်တော်တို့သည် ကိုင်းတောကြီးထဲတွင် တစ်ညမျှ နှစ်နှ
ခြိုက်ခြိုက် အိပ်စက်နားနေကြပြီးနောက် နောက်တစ်နေ့ ညဘက်တွ



ကွင်းတံတား ဖောက်ခွဲဖျက်ဆီးရေးအစီအစဉ်ကို အသေးစိတ်
တိုင်ပင်ဆွေးနွေးကြ၏။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်သည် ကျွန်တော်တို့အား တံတား
ဖောက်ခွဲရေးအစီအစဉ်ကို အသေးစိတ် ရှင်းလင်းပြောပြပြီးနောက်
တစ်ဦးစီဆောင်ရွက်ရမည့် တာဝန်ကို ပို၍သေချာရန်အတွက် အဖွဲ့
သားများအား ပြန်၍ မေးခွန်းထုတ်နေသည်။

"ဟေး...ချွန်၊ မင်းတာဝန်ကဘာတွေလဲ"

ဂျက်က ကျွန်တော့်ကို လှည့်၍မေးလိုက်၏။ ကျွန်တော်က
နှောင့်နှေးခြင်းမရှိဘဲ ပြန်၍ အဖြေပေးလိုက်သည်။

"ကျွန်တော်က ပက်ရယ်၊ ဘန်နေရယ် သုံးယောက် အတူတွဲပြီး
မီးရထားတံတားမှာရှိတဲ့ ယက်မတွေ ထုထည်ဘယ်လောက်ရှိတယ်
ဆိုတာ ညဘက်မှာ သွားပြီး အတိုင်းအတာယူရမယ်။ ယက်မတွေရဲ့
ထုထည်ကိုကြည့်ပြီး ဒိုက်နမိုက်ယမ်းဘီလူးတွေ ဘယ်လောက်လိုမယ်
ဆိုတာ ကျွန်တော်တို့က ထွက်ချက်ပေးရမယ်။ မီးရထားတံတားရဲ့
အခြေအနေနဲ့ အနီးအနားတစ်ဝိုက်မှာ ဘယ်လိုတောအုပ်တွေ၊ ချောင်း
လမ်းပါးတွေ တည်ရှိနေတယ်ဆိုတာကိုလည်း ကျွန်တော်တို့အဖွဲ့က
အတိအကျ သတင်းပို့ရမယ်။ ကျွန်တော်တို့ဟာ မီးရထားတံတားလမ်း
ကို ခေါက်တုံ့ခေါက်ပြန်လေ့လာပြီး အခြေအနေ အသေးစိတ်ကို
အစီရင်ခံရမယ်...ဒါပါပဲ"

အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်က ကျွန်တော့်စကားကို ငြိမ်
ကြိုက်၍ထောင်နေပြီး ကျွန်တော့်စကားဆုံးသည်နှင့် တစ်ပြိုင်နက်...

"အေး...မင်းပြောတာ ကျုပ် တာဝန်ပေးထားတဲ့အတိုင်း အတိ

www.burmeseclassic.com

www.burmeseclassic.com



အကျပဲ”ဟု ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ပြောလိုက်၏။

တစ်ဆက်တည်းပင် ဂျက်က ဒဲ(န်)နစ်အား လှမ်း၍မေးလိုက်သည်။

“မောင်ရင်နဲ့ အဖွဲ့သားနှစ်ယောက်ကကော ကျုပ်ကို ဘယ်လို အကူအညီပေးရမှာလဲ”

“ကျွန်တော်တို့အလုပ်ကတော့ သိပ်ပြီးမများလှပါဘူး ဗိုလ်မှူး၊ ကျွန်တော်တို့က ဂျွန်နဲ့ သူ့အဖွဲ့သားတွေပေးတဲ့ တံတားယက်မ ထုထည်အပေါ်မှာ မူတည်ပြီး ဒိုက်နမိုက်ယမ်းအားတွေ ဘယ်လောက် ချည်ရမယ်ဆိုတာ တွက်ချက်ပေးဖို့ပဲ”

အဖွဲ့ခေါင်းဆောင်ဖြစ်သူဂျက်သည် ကျန်အဖွဲ့သားများထံသို့ လှည့်လိုက်ပြီး...

“မောင်ရင်တို့ကတော့ လိုအပ်တဲ့အချိန်မှာ ကျုပ်တို့အတွက် ကာပစ် ပစ်ပေးဖို့ပဲ။ ငါတို့ တံတားကို ဖောက်ခွဲဖျက်ဆီးပစ်ရာမှာ ဘယ်လောက်အချိန်ကြာမယ်၊ တို့ရဲ့ စုရာအရပ်ကိုရောက်အောင် ဘယ်လောက်အထိ အချိန်ပေးပြီး စောင့်ရမယ်ဆိုတာ ကျုပ်က ဆုံးဖြတ်ပေးမယ်”

ဂျက်သည် ကျွန်တော်တို့အဖွဲ့သားများအား တည်ကြည်ငြိမ်သက်သောလေသံဖြင့် ပြောလိုက်ပြီး အရွှန်းကလေးဆက်၍ ဖောက်လိုက်သည်။

“ကျုပ်တို့အလုပ်က သိပ်ပြီးမခက်လှပါဘူး။ ကိုင်းတောထဲမှာ မလှုပ်မရှားဘဲ မှောက်ချီလှန်ချီနဲ့ နေရုံပါပဲ။ မှက်၊ ခြင်၊ ယင်တွေ လာပြီး နှောင့်ယှက်ရင်လည်း ကျုပ်တို့က သည်းခံပြီး ငြိမ်ငြိမ်ကလေး



ရမှာပဲ။ ဘယ်သူမှ ထပြီးလည်း မထိုင်ရဘူး။ မတ်တတ်လည်း မနေရဘူး။ နမ့်ကွင်းချောင်းပေါ်မှာရှိတဲ့ မီးရထားတံတားက သံမဏိ ကက်မတွေနဲ့ အခိုင်အခံ့လုပ်ထားတဲ့ တံတားပဲ။ ဒီတော့ ကျုပ်တို့က အတန်ကျေအောင် တိတိကျကျလုပ်ရလိမ့်မယ်။ ညဘက်မှာ ဒီတံတား ပေါ် ဖြတ်ကျော်သွားတဲ့ ရထားတွေရဲ့ အချိန်စာရင်းကိုလည်း ယူထား ရလိမ့်မယ်။ မနေ့ညကတော့ နှစ်နာရီအချိန်မှာ ကုန်ရထားတစ်စီး တံတားပေါ်က ဖြတ်ကျော်သွားတာကို သတိပြုမိလိုက်တယ်”

ဂျက်သည် ကျွန်တော်တို့အား အမှုင်မပြတ်ပြောနေရာမှ ရုတ် ရက် ရပ်တန့်သွားသည်။ သူ့လိုပင် ကျွန်တော်တို့လည်း ရှေ့ ပိတ် နေလိုက်ကြပြီး ရုတ်တရက် ထွက်ပေါ်လာသောအသံများကို နားစွင့်လိုက်ကြမိ၏။

ရထားတစ်စီးသည် တဂျုပ်ဂျုပ်မြည်သောအသံကိုပြုကာ ကျွန် တော်တို့ရှိရာ ချောင်းကမ်းပါးဘက်သို့ လာနေသံကို ကြားရသည်။ ကိုင်းတောကို ဖြတ်၍ကြည့်လိုက်သောအခါ ကျောက်မီးသွေးအစား ထင်းကိုအသုံးပြု၍ ခုတ်မောင်းလာသော ရထားတစ်စီးသည် ခေါင်း တိုင်မှ နီရဲသောမီးပွားများနှင့် မည်းမှောင်သော မီးခိုးများကို မှုတ် ထုတ်ရင်း နမ့်ကွင်းမီးရထားတံတားကို ဖြတ်ကျော်၍လာနေသည်ကို တွေ့လိုက်ကြရ၏။

အချိန်မှာ ဝံနက် ၂ နာရီတိတိပင်တည်း။

ရထားက နမ့်ကွင်းတံတားကို ဖြတ်ကျော်သွားပြီးသည့်အချိန်တွင် ဂျက်က ကျွန်တော့် အကျီလက်နှစ်ဖက်ကို ဆွဲ၍ ဆုပ်ကိုင်လိုက်ပြီး...

“ဟေး...ဂျွန်၊ ဒီအချိန်ဟာ မောင်ရင့်အတွက် တံတားကိုသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး လှေလှော်ဖို့ အကောင်းဆုံးအချိန်မဟုတ်ဘူးလား၊ မင်းက နမ့်ကွင်းမီးရထားတံတားကို လှေလှော်နေတဲ့အချိန်မှာ ပက်က တံတားရဲ့ တောင်ဘက်ကို လျှောက်ပြီး အကဲခတ်ပြီး ဘန်နေက တံတားရဲ့ မြောက်ဘက်ကို လှေလှော်နိုင်တယ်မဟုတ်လား။ နက်ဖြန်တစ်နေ့လုံး ကိုင်းတောထဲမှာ အောင်းနေရမှာထက် မင်းတို့အဖွဲ့က ခုည တံတားနဲ့ တံတားပတ်ဝန်းကျင်ကိုသွားပြီး လှေလှော်တာဟာ အကောင်းဆုံးပဲ မဟုတ်လား”ဟု အားတက်သရော ပြောလိုက်သည်။

ဘန်နေက စိုးရိမ်တကြီးဖြင့်…

“ဗိုလ်မှူး…တံတားမှာ ဂျပန် ကင်းစောင့်တပ်သားတွေ ရှိနေရင် ဘယ့်နှယ်လုပ်မလဲ”ဟု မေးလိုက်၏။

“ဒီကောင်တွေကိုတော့ ဘာမှသွားပြီး ရန်မစနဲ့။ တံတားရဲ့ အနေအထားကို မသိရသေးခင် ဒီကောင်တွေကိုသွားပြီး ရန်စတာဟာ ကျုပ်တို့ရဲ့အမှားဖြစ်မှာပဲ။ တံတားရဲ့အနေအထားကို သိပြီးတဲ့အချိန်ကျတော့ ဒီကောင်တွေကို လည်ပင်းဖြတ်ပြီး ချောင်းထဲကို ပစ်ချရမယ့်အလုပ်ဟာ ကျုပ်တို့အတွက် အလွယ်ကလေးပါ”

ဂျက်သည် ပြောပြောဆိုဆိုဖြင့် သူ့ရေဘူးကိုကိုင်ကာ ချောင်းထဲသို့ ဆင်းသွားသည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က နမ့်ကွင်းမီးရထားတံတားအား လှေလှော်အကဲခတ်ရန်အတွက် ထမင်းစားရေသောက်သည့် အလုပ်ကလေးတစ်ခုလို ပေါ့တီးပေါ့ဆပြော၍ ထွက်သွားသော်လည်း တာဝန်ယူထားရသော ကျွန်တော်တို့မှာ တံတားဆီသို့သွားရန် ပြင်ဆင်လိုက်ကြ၏။



ဘန်နေ၊ ပက်နှင့် ကျွန်တော်တို့သည် ချောင်းကမ်းပါးအတိုင်း လက်ယာဘက်မှ လျှောက်၍လာခဲ့ကြ၏။

လရောင်မှာ အနောက်ဘက်ကောင်းကင်တွင် ခိုဝင်နေပြီဖြစ်သည့်အတွက် ကျွန်တော်တို့အတွက် အသွားရအလာရ ခက်နေသည်။

ကိုင်းတောထဲမှ ချောင်းကမ်းပါးအတိုင်း ငါးမိနစ်ခန့်လျှောက်၍ လာကြသောအခါ ရှေ့မှ ခေါင်းဆောင်၍သွားနေသော ပက်သည် ချိုင့်ကြီးတစ်ခုထဲသို့ ထိုး၍ကျသွားသည်ကို တွေ့လိုက်ရ၏။ ကျွန်တော်နှင့် ဘန်နေတို့က ပက်အား ကူညီရန် ပြေး၍လိုက်သွားကြသည်။

ပက် လိမ့်ကျသွားသောနေရာနှင့် မလှမ်းမကမ်းတွင်မူ ကျွန်တော်တို့ ဖောက်ခွဲဖျက်ဆီးရန်လာခဲ့သော နမ့်ကွင်းတံတားကို ဝိုးတဝါး တွေ့မြင်နေရလေသည်။

ကြမ်းတမ်းလှသော သုံးဆယ့်ခုနစ်မိုင် ခရီးအဆုံးတွင် ဂျပန်တို့၏ ထောက်ပံ့ရေးလမ်းကြောင်း၌ အရေးကြီးသော ကွင်းဆက်တစ်ခုဖြစ်သည့် မီးရထားတံတားသည် အမှောင်ရိပ်ဝယ် ဆိတ်ငြိမ်စွာ လဲလျောင်းလျက် ရှိနေ၏။

ကျွန်တော်တို့သည် ရန်သူတို့နှင့်ပြိုင်ကာ နမ့်ကွင်း မီးရထားတံတားကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဖောက်ခွဲပစ်ရပေတော့မည်။

သြော်…နမ့်ကွင်းတံတား…။

◆

www.burmeseclassic.com

www.burmeseclassic.com

# ( ၆ )

နမ့်ကွင်းတံတားရှိရာသို့ လေးဘက်တွားရ၍ တက်လာခဲ့ကြပြီးနောက် အနီးသို့အရောက်တွင် ရန်သူအရိပ်အခြေကို အကဲခတ် လေ့လာ၍ ကြည့်လိုက်၏။

တံတားပေါ်တွင် ရန်သူအစောင့်စစ်သားဟူ၍ တစ်ယောက်မျှ မတွေ့ရ။

သို့တိုင်အောင် ကျွန်တော်တို့သည် သတိကြီးစွာထား၍ အသံမမြည်သောလှုပ်ရှားမှုကို ဆက်၍ ကျင့်သုံးနေကြသည်။

သည်မှာဘက်တွင် ရန်သူအစောင့်တပ်သားများ တစ်ယောက်မျှ မတွေ့ရသလို ဟိုမှာဘက်ရှိ တံတားအစွန်းတွင်လည်း ရန်သူအရိပ်အယောင်ဟူ၍ မတွေ့ရ။

ကျွန်တော်တို့သုံးယောက်သည် သုံးနေရာခွဲ၍ လေ့လာစူးစမ်းကြရန် သဘောတူကြပြီး ဘန်နေက ချောင်းအောက်ဘက်သို့ လည်းကောင်း၊ ပက်က ချောင်းအထက်ဘက်သို့လည်းကောင်း ထွက်ခွာသွားသည်။ ကျွန်တော်က တံတားပေါ်တွင်ပင် အသေးစိတ်လေ့လာ



ရန် ကျွန်ရစ်ခဲ့၏။

နမ့်ကွင်းတံတားမှာ သံမဏိယက်မကြီးများဖြင့် အခိုင်အမာ တည်ဆောက်ထားပြီး ကိုက်တစ်ရာခန့် အရှည်ရှိသည်ဟု ခန့်မှန်းရ၏။

လရောင်မရှိတော့ပြီဖြစ်သည့်အတွက် ကျွန်တော်သည် တံတားကိုယ်ထည်တစ်ခုလုံးကို လက်ဖြင့် ကိုင်တွယ်စမ်းသပ်၍ လေ့လာစူးစမ်းနေရ၏။

တံတားတွင်ခင်းထားသော ပျဉ်များမှာလည်း ခိုင်ခံ့လှချေသည်။ မီးရထားသံလမ်းကလည်း သေသပ်ကောင်းမွန်လှသည်။ အင်္ဂလိပ်အင်ဂျင်နီယာများ ဆောက်လုပ်သွားပြီး ဂျပန်အတက်တွင်ပင် မပျက်မစီးဘဲ ကျန်ရစ်ခဲ့သော တံတားကြီးတစ်ခုဟု ယူဆလိုက်မိသည်။

သို့သော် ဆက်လက်၍ စမ်းသပ်စူးစမ်းကြည့်သောအခါ တံတားတည်ဆောက်ပုံမှာ အင်္ဂလိပ်အင်ဂျင်နီယာများ၏ လက်ရာနှင့် မတူကြောင်း တွေ့လာရသည်။

ရခိုင်စစ်မျက်နှာရှိ ဂျပန်တပ်များအား လူနှင့် လက်နက်များ ထောက်ပံ့ရာတွင် အထောက်အကူပြုနေသော ရန်သူတို့၏ လက်ရာဖြစ်သည့် ဤနမ့်ကွင်းတံတားကို သံတိုသံစများအဖြစ်သို့ရောက်အောင် ပြုလုပ်ရတော့မည်ဖြစ်သည့်အတွက် ကျွန်တော်က ပို၍ စိတ်အားထက်သန်လာသည်။

တစ်နာရီခန့်အကြာတွင် နမ့်ကွင်းချောင်း၏ အထက်နှင့် အောက်ဘက်သို့ အခြေအနေလေ့လာရန် ထွက်ခွာသွားခဲ့ကြသော ဘန်နေနှင့်ပက်တို့ တံတားပေါ်သို့ ပြန်လည်ရောက်ရှိလာကြ၏။

သူတို့၏ပြောပြချက်အရ ဤနမ့်ကွင်းတံတားကြီး အနီးတွင်

www.burmeseclassic.com

www.burmeseclassic.com



အခြားတံတားငယ်နှစ်ခုလည်း ရှိနေသေးကြောင်း သိရ၏။

တံတားတစ်ခုမှ နမ့်ကွင်းတံတားကြီးနှင့် နှစ်မိုင်ခန့်အကွာတွင် ရှိနေပြီး အခြားတံတားတစ်ခုမှာ ဟိုပင်မှ များစွာမကွာလှသော "ဓား ကွင်း"ရွာတွင် ရှိနေကြောင်း သိရှိရသည်။

ဘန်နေနှင့် ပက်တို့က နမ့်ကွင်းတံတားကြီး၏ ဟိုမှာဘက်ထိပ်နှင့် မလှမ်းမကမ်းရှိ ရွာကလေးတွင် လှုသံသူသံများ ဆူဆူညံညံ ကြားခဲ့ရသည်ဟူ၍လည်း ကျွန်တော့်ကို ပြောပြကြ၏။

နမ့်ကွင်းတံတားကြီး၏ အင်္ဂါအစိတ်အပိုင်းများကို အသေးစိတ် နီးပါး လေ့လာပြီးသည်ကတစ်ကြောင်း၊ တစ်ဖက်ကမ်းရှိ ရွာတွင် လှုသံသူသံများ ကြားနေရသည်က တစ်ကြောင်းတို့ကြောင့် ကျွန်တော် တို့ သုံးယောက်သား ကိုင်းတောကြီးရှိရာ ယာယီစခန်းသို့ ပြန်လာခဲ့ ကြပြီး အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်အား ကျွန်တော်တို့ တွေ့မြင်လာ ခဲ့သမျှကို သတင်းပို့ကြသည်။

ဂျက်သည် ကျွန်တော်တို့ သတင်းပို့ချက်များကို စူးစိုက်၍ နားထောင်နေပြီးနောက် ယနေ့ညအဖို့ ဤမျှဖြင့် ရပ်နားထားပြီး နောက်တစ်နေ့ညကျမှ ဆက်လက်စုံစမ်းပါဟု ညွှန်ကြားချက်ပေးလိုက် သည်။

ကျွန်တော်တို့သုံးဦးက အိပ်တော့မည်ဟု စောင်ကိုဆွဲ၍ ခြုံတော့ မည့်ဆဲဆဲတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ဟိုပင်မြို့ရှိရာဘက် သို့ တစ်ယောက်တည်းထွက်သွားသည်ကို တွေ့လိုက်ကြရလေသည်။

ကျွန်တော်သည် ခြုံတော့မည့်ဆဲဆဲစောင်ကို ခွာချလိုက်ပြီး နောက် ထ၍ထိုင်လိုက်ကာ ကျောက်ခဲကဲ့သို့ မာနေသော ဘီစကွတ်



ကို သွားဖြင့်ကြိတ်ဝါးပြီးနောက် လည်ချောင်းထဲသို့ မျှောချလိုက် သည်။ ထို့နောက် ရေဘူးနှင့် မုတ်ဆိတ်ရိတ်ဓားကိုယူကာ ချောင်းစပ် သို့ ဆင်းသွားပြီး မုတ်ဆိတ်ရိတ်၏။ ရေဘူးကိုလည်း ရေထပ်ဖြည့် သည်။

ကိုင်းတောထဲရှိ ကျွန်တော်တို့ ယာယီစခန်းသို့ ပြန်လည် ရောက် ရှိလာသောအခါ ကျွန်တော်တို့နေရာမှာ နှင်းများဖြင့် ရွှဲရွှဲစိုလျက် ရှိသည်ကို တွေ့ရ၏။ စောစောကအိပ်ချင်နေသောစိတ်မှာ ယခုအချိန် တွင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီး မျက်စိကိုမှိတ်၍ပင် မရအောင် ဖြစ်နေမိလေသည်။ မိုးလင်းရန် တစ်နာရီလောက်သာ လိုတော့သည်ဟု စိတ်ကိုတင်းရင်း အမှောင်ထုကိုသာ အဓိပ္ပာယ်မရှိ ဘဲ ကြည့်နေမိသည်။ ဤအတွင်း ရထားသုံးစင်း နမ့်ကွင်းတံတားပေါ် မှ ပြုတ်ကျော်၍သွားသံတို့ ကြားလိုက်ရ၏။

ရထားတွဲများ အများအပြားပါလာပုံနှင့် ရထားအသွားနှေးပုံ ကိုထောက်၍ ကုန်ရထားများပင် ဖြစ်ရမည်ဟု တွက်မိသည်။ ရထား သုံးစင်း တံတားကိုဖြတ်ကျော်သွားသည့်အချိန်များကိုလည်း အတိ အကျ ‌‌ရေး၍ထားလိုက်၏။

ကျွန်တော်သည် အိပ်မပျော်နိုင်တိုင်း ဂရောင်းရှိပေါ်တွင် တလူး လူး တလှိမ့်လှိမ့်ဖြစ်နေစဉ် အဖွဲ့ခေါင်းဆောင်ဂျက် ပြန်ရောက်လာ သည်ကို တွေ့ရ၏။

ကျွန်တော်က နောက်ထပ် ရထားသုံးစင်း တံတားပေါ်မှ ဖြတ် ကျော်သည့်အကြောင်းကိုပြောရန် စကားစပ်သည်နှင့် တစ်ပြိုင်နက် ဂျက်က ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တွေ့လိုက်ပါတယ်၊ တစ်စင်းကတော့ စစ်သားတွေ တင်လာတယ်၊ ရခိုင်စစ်မျက်နှာကို စစ်ကူပို့မယ့်တပ်တွေလို့ ထင်ရတာပဲ။ ကျန်တဲ့နှစ်စင်းကတော့ စစ်ပစ္စည်းတွေသယ်လာတာနဲ့တူတယ်။ ဒီရထားအသွားအလာကို အကဲခတ်လိုက်တော့ ညအချိန်မှာ ခရီးသည်တွေပါတဲ့ရထားတွေ အသွားအလာမရှိဘူးလို့ ထင်ရတာပဲ။ ဒါပေမယ့် ဒီတစ်ညတည်းစောင့်ကြည့်ရုံနဲ့ ညအချိန်မှာ တံတားပေါ်က ဖြတ်ပြီးသွားတဲ့ ရထားမှန်သမျှ စစ်ရထားချည်းပဲလို့ ယူဆထားလို့ မဖြစ်ဘူး။ နောက်ထပ် အနည်းဆုံး နှစ်ညလောက် ဆက်ပြီး အခြေအနေကို အကဲခတ်ရလိမ့်ဦးမယ်။ အရပ်သားခရီးသည်တွေပါတဲ့ ရထားကိုမှ ရွေးပြီး ဖောက်ခွဲဖျက်ဆီးမိရင် တို့တစ်တွေအတွက် မဟာအရှက်တော်ကွဲရတဲ့ကိန်းနဲ့ ကြုံနေလိမ့်မယ်။ ခုတောင် မြန်မာပြည်မှာ အင်္ဂလိပ်တပ်တွေအတွက် မျက်နှာမပြရဲအောင် ဖြစ်နေရတယ် မဟုတ်လား။ ခုအချိန်မှာ ကျုပ်တို့က အရပ်သားခရီးသည်တွေပါတဲ့ ရထားကို ဖောက်ခွဲဖျက်ဆီးမိရင် ဂျပန်တွေကို ပြန်ချဖို့အတွက် တိုင်းရင်းသားတပ်တွေရမယ်၊ သည်အချိန်ရောက်လာတော့ ကျုပ်တို့အတွက် သိပ်ပြီး အခက်တွေ့နေလိမ့်မယ်။ ဒီတော့ နှစ်ညလောက် ဆက်ပြီး ဒုက္ခခံကြရဦးမှာပေါ့ကွာ"

ဟု လေရှည်ကြီးလျှောက်၍ ဩဝါဒပေးနေလေသည်။

"နောက်ထပ်တွေ့ရတဲ့ တံတားနှစ်ခုကိုကော ဘယ်လိုအစီအစဉ်လုပ်မလဲ"

ကျွန်တော်က ဂျက်၏စကားအဆုံးတွင် လိုရင်းကို ကောက်၍ မေးလိုက်၏။



ဂျက်က ခဏမျှစဉ်းစားနေသည်။ ပြီးမှ...

"အဲဒီတံတားနှစ်ခုကိုလည်း ဖောက်ခွဲဖျက်ဆီးပစ်ရမှာပဲ။ မူလက အစီအစဉ်လုပ်ထားတာကို နည်းနည်းတော့ ပြောင်းရလိမ့်မယ်။ ရက်နဲ့ ဒဲ(န်)နှစ်တို့က နမ့်ကွင်းတံတားကိုဖောက်ခွဲဖို့ တာဝန်ယူပြီး မောင်ရင်နဲ့ ကျုပ်က ဓားကွင်းတံတားကို တာဝန်ယူရလိမ့်မယ်။ ပက်နဲ့ ဘာနေက တတိယတံတားကို တာဝန်ယူရမှာပဲ။ ဒိုက်နမိုက်တွေ ခွဲဝေတဲ့နေရာကျတော့ နမ့်ကွင်းတံတားကို တာဝန်ယူတဲ့လူတွေအတွက် ပထမဆုံး ဦးစားပေးရမှာပဲ။ နောက်ထပ်တွေ့ရတဲ့ တံတားနှစ်ခုကို ဖောက်ခွဲဖျက်ဆီးတာဟာ ရန်သူတွေအတွက် အခြေအနေရှုပ်သွားအောင် စွယ်ရောင်ပြသဘောမျိုးလို့ ယူဆထားရမယ်။ တံတားကို ဖောက်ခွဲဖျက်ဆီးပြီးတဲ့နောက် ကျုပ်တို့တစ်တွေ လူပြန်စုမယ့်နေရာကိုလည်း ကျုပ် သတ်မှတ်ထားခဲ့ပြီးပြီ။ ဓားကွင်းတံတားနဲ့ မလှမ်းမကမ်းမှာရှိနေတဲ့ ညောင်ပင်ကြီးဟာ တို့တစ်တွေ တံတားရှိရာကို သွားဖို့အတွက်ရော တံတားကိုဖြတ်ပြီးတဲ့နောက် လူချင်းပြန်စုဖို့ရော အကောင်းဆုံးနေရာပဲ ဖောက်ခွဲရမယ့်အချိန်မရောက်ခင် အဖွဲ့သားတွေကိုစုပြီး ဒီအစီအစဉ်ကို ထပ်ပြီးပြောပြဦးမယ်။ ကဲ...မောင်ရင်လည်း မေးချင်ရင် မေးလိုက်ဦး။ ကျုပ်တော့ မြေပုံကိုကြည့်ပြီး နယ်မြေအနေအထားကို လေ့လာလိုက်ဦးမယ်"

ဂျက်သည် ပြောပြောဆိုဆိုဖြင့် သူ့အင်္ကျီအိတ်ထဲမှ ပိုးချည်ဖြင့် ရက်လုပ်ထားသော မြေပုံလိပ်ကို ဆွဲထုတ်ပြီး သူ့ရှေ့တွင် ဖြန့်၍ ခင်းလိုက်၏။ ထို့နောက် ဂရောင်းရှိပေါ်တွင် မှောက်လိုက်ကာ မေးကို လက်နှစ်ဖက်ဖြင့်ထောက်ရင်း မြေပုံကို စူးစိုက်၍ကြည့်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မြေပုံကို ကသိုဏ်းရှုသလို ရှုနေသော ဂျက်အား လှမ်း၍ကြည့်လိုက်ပြီးနောက် ကျွန်တော့်စိတ်အာရုံကို ကောင်းကင်ပြင်ကျယ်ကြီးဆီသို့ လွှတ်ထားလိုက်၏။

စောစောက မည်းမှောင်နေသော ကောင်းကင်ပြင်ကြီးသည် အရှေ့ဘက်မှ နေမင်းကြီး၏ ရှေ့ပြေး လင်းရောင်ခြည်များကြောင့် ရွှေရောင်သန်းလျက် ရှိနေပေပြီ။ ကျွန်တော်သည် လှဲနေရာမှ ထ၍ ပတ်ဝန်းကျင် နယ်မြေအနေအထားကို ကြည့်လိုက်ချင်စိတ် ပေါက်လာသည်။ သို့သော် နေ့ဘက်သို့ကူးလာသည်နှင့် တစ်ပြိုင်နက် လှုပ်ရှားမှု လုံးဝမပြုရဟူသော စည်းကမ်းကြောင့် ကျွန်တော့်ဆန္ဒကို ဖက်သတ်၍ထားလိုက်ရ၏။

ကျွန်တော်သည် ဂျက်ကဲ့သို့ပင် တစ်စုံတစ်ခု၌ စိတ်ဝင်စားကာ ငြိမ်သက်စွာ လဲလျောင်းနေနိုင်စေရန်အတွက် ကျွန်တော့်အိတ်ထဲတွင် အမြဲပါရှိနေသော စာအုပ်ကို ထုတ်ယူလိုက်သည်။

စာရေးဆရာမ ဂျိန်းအော်စတင်ရေးသော "ပရိုက်အင်ဝဲဂျူးဒစ်" ခေါ် လူသားတို့၏ အတ္တမာနကို သရုပ်ဖော်ထားသော ဝတ္ထုစာအုပ်ပင်တည်း။

မကြာမီပင် ကျွန်တော့်စိတ်အာရုံကို စာရေးဆရာ ဂျိန်းအော်စတင်၏ ဝတ္ထုစာအုပ်က ဖမ်းစားလာတော့၏။ ဝတ္ထုစာအုပ်ထဲတွင် ပါရှိသော မစ္စတာဂါဒင်နာ၊ မစ္စဂါဒင်နာနှင့် အဲလီဇဘက်တို့သည် မိုင်လေးဆယ်ဝေးသော တောလမ်းခရီးကို မမောနိုင်မပမ်းနိုင် လျှောက်နေကြရ၏။ ကျွန်တော်သည် ကျွန်တော်တို့ချီတက်လာခဲ့ရသော သုံးဆယ့်ခုနစ်မိုင် ကန္တာရခရီးကြမ်းကို ပြန်၍ မှန်းမျှော်ကာ ကြည့်နေမိလေသည်။



ကျွန်တော်သည် ဝတ္ထုထဲမှ ဇာတ်ကောင်များနှင့်အတူ ပင်ဘာလီတောထဲ၌ လှည့်လည်သွားလာနေစဉ် တစ်ဖက်တောထဲမှ ဆူညံသော အသံဗလံများကို ကြားလိုက်ရ၏။ ဝတ္ထုထဲမှကြားရသော အသံဗလံများကား မဟုတ်။ တစ်ဖက်တောထဲမှ တကယ်ကြားလိုက်ရသော အသံများတည်း။

ကျွန်တော်သည် ပင်ဘာလီတောနက်ထဲမှနေ၍ ဂျပန်များ သိမ်းပိုက်ထားသော မြန်မာပြည်ရှိ ကိုင်းတောထဲသို့ ပြန်ရောက်လာသည်။

ကျွန်တော်သည် တစ်ဖက်ရှိတောထဲသို့ နားစွင့်လျက်ရှိသော ဂျက်၏မျက်နှာကို လှမ်း၍ကြည့်လိုက်မိသည်။ အခြားအဖွဲ့သားများကလည်း ခေါင်းဆောင်ဖြစ်သူ ဂျက်၏ အရိပ်အကဲကိုသာ စောင့်ကြည့်နေကြ၏။

"နေမြဲအတိုင်း မှောက်ပြီးနေကြစမ်း၊ စိုးရိမ်စရာတော့ မဟုတ်ဘူး၊ ကျုပ် သွားကြည့်လိုက်မယ်"

ဂျက်သည် ပြောပြောဆိုဆိုဖြင့် ကိုင်းတောထဲသို့ တိုးဝင်သွားသည်။ မြွေတစ်ကောင် လျှော၍သွားသကဲ့သို့တည်း။

ကျွန်တော်တို့သည် ဂျက်ပြန်အလာကိုစောင့်ရင်း နှစ်ဖာလုံအကွာခန့်ရှိ တောထဲမှ ဆက်ခါဆက်ခါ ကြားနေရသောအသံများကို နားစွင့်ထားကြ၏။

အသံဗလံများမှာ အစပထမတွင် တဖြည်းဖြည်း နီးကပ်လာသည်ဟု ထင်ရသော်လည်း စူးစိုက်၍ နားထောင်လိုက်သောအခါ တစ်ကြိမ်က ကျွန်တော့်နားတွင် ယဉ်ပါးခဲ့သော အသံဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိလာတော့၏။ ထို့ကြောင့်ပင် ထိတ်လန့်တကြားဖြစ်မိသော ကျွန်တော့်အဖြစ်ကို အသံထွက်အောင်ပင် တစ်ချက်မျှ ရယ်လိုက်မိသည်။

"ဘာဖြစ်လို့ ရယ်နေရတာလဲ မောင်ရင်…"ဟု ကျွန်တော့်အနီးတွင်ရှိသော ဘန်နေက လေသံဖြင့် တီးတိုးမေးလိုက်၏။

"တစ်ကြိမ်က ကိုယ့်နားထဲမှာ ယဉ်ပါးနေခဲ့တဲ့အသံကိုတောင် ခုအချိန်မှာ ထိတ်လန့်တကြား ကြောက်နေမိလို့ ရယ်မိတာပါပဲ။ ခု ကြားနေရတဲ့ အသံတွေဟာ သစ်ခုတ်သမားတွေ သစ်ခုတ်တဲ့အသံပါ"

ပြောင်ရှူးကြီးဝိုင်းနှင့် မော်လိုက်ခရိုင်ရှိ ကြိုးဝိုင်းများတွင် နေထိုင်ခဲ့ရစဉ်က ကျွန်းပင်ကြီးများကို ပုဆိန်ဖြင့်'ထစ်'သော အသံများမှာ ကျွန်တော့်အတွက် ဂီတသံများ ဖြစ်၍နေခဲ့၏။ အရပ်သားဘဝမှ စစ်သားဘဝသို့ ကူးပြောင်းလာခဲ့ပြီးနောက် ကောက်ကွေ့ချောင်းဝှမ်းတွင် လေထီးဖြင့်ခုန်ဆင်းကာ ရန်သူ့နယ်မြေဖြစ်သော နမ့်ကွင်းချောင်းဘေးသို့ ရောက်လာသည့်အချိန် ယခင်က ယဉ်ပါးနေခဲ့သော ဂီတသံသည်ပင် ကျွန်တော့်အတွက် ထိတ်လန့်တုန်လှုပ်စရာ ဖြစ်လာခဲ့ရပေပြီ။

ကျွန်တော်တို့စခန်းမှ မြွေတစ်ကောင်ကဲ့သို့ လျှောခနဲထွက်သွားခဲ့သော ဂျက်သည် မြွေတစ်ကောင်ကဲ့သို့ပင် အသံမကြားရဘဲ ပြန်၍ ရောက်လာ၏။ ဂျက်၏ပြောပြချက်အရ ဟိုပင်–မိုးကောင်း လမ်းဘေးတစ်လျှောက်ရှိ သစ်တောအုပ်တွင် တံတားတည်ဆောက်ရေး အဖွဲ့ကလေးတစ်ဖွဲ့ဟု ထင်ရသော မြန်မာ့အလုပ်သမားအချို့သည် သစ်ပင်များကို ခုတ်လှဲလျက်ရှိနေကြကြောင်း၊ မြန်မာ့အလုပ်သမားများကို



ကြည့်ရသည်မှာ ဂျပန်က အတင်းခိုင်းစေ၍သာ လုပ်ကိုင်နေရသည့် လက္ခဏာရှိနေကြောင်း၊ အလုပ်သမားအဖွဲ့ကို ဦးစီးသည့် ဂျပန်စစ်သားများကိုမူ မမြင်ခဲ့ရကြောင်းဖြင့် သိရှိရသည်။

သစ်ခုတ်သံကြောင့် အိပ်ရာမှလန့်နိုးလာခဲ့ကြသော အဖွဲ့သားများမှာ တစ်ယောက်မှ ပြန်၍အိပ်မရတော့။ နေကလည်း တစ်စတစ်စ မြင့်တက်လာခဲ့ပြီဖြစ်သည်။ တစ်နေ့လုံးလုံး ဤကိုင်းတောထဲတွင် လုသေကောင်လို မလှုပ်မယှက်နေရဦးတော့မည်ဟူသော အသိက ကျွန်တော်တို့စိတ်ကို ချောက်ချားစေသည်။

ကျွန်တော်သည် ဂရောင်းရှိပေါ်တွင် လဲလျောင်းနေရာမှ အဖွဲ့သားများရှိရာသို့ လှည့်၍ကြည့်လိုက်မိသည်။ လေး၊ ငါးယောက်သော အဖွဲ့သားက ဝတ္ထုစာအုပ်များနှင့် မြေပုံများကို သူတို့ရှေ့တွင်ချထားကြသည်။ ဘန်နေက သတင်းစာအဟောင်းတစ်ခုတွင် ပါရှိလာသော ဝဟောဋ္ဌိကို ခဲတံတစ်ချောင်းဖြင့် ကြိုးစား၍ ဖြေနေသည်ကို တွေ့ရ၏။ ကချင်အဖွဲ့သားနှစ်ယောက်က မြေကြီးပေါ်တွင် ကျားကွက်ရေးပြီး ကျားထိုးတမ်း ကစားနေကြသည်။ အဖွဲ့ခေါင်းဆောင် ဂျက်ကမူ စောစောက လေ့လာလက်စရှိသော မြေပုံကိုပင် ပြန်၍ လေ့လာနေသည်။ ကျွန်တော်သည် စာရေးဆရာမ ဂျိန်းအော်စတင်၏ "ပရိုက်အင်ပဲဂျူဒစ်"စာအုပ်ကို ကောက်ကိုင်လိုက်ပြီး မစ္စတာ ဂါဒင်နာ၊ မစ္စစ်ဂါဒင်နာ၊ အဲလီဇဘက်တို့နှင့်အတူ ပင်ဘာလီတောထဲသို့ လျှောက်၍ လည်နိုင်ရန် ကြိုးစားနေမိလေသည်။

နေမင်းက ကောင်းကင်တွင် တဖြည်းဖြည်းမြင့်တက်၍လာသည်နှင့်အမျှ အပူဓာတ်က ပြင်းထန်လာသည်။ သို့သော် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းနေရသော ကိုင်းတောမြေမှာ နဂိုကပင် အစိုဓာတ်ခံရှိနေသောကြောင့် နေ့လယ်ဘက်တွင် အငွေ့ပြန်ကာ စိုထိုင်းလျက်ရှိနေသည်။ အပေါ်မှ အပူရှိန်နှင့် အောက်မှ အစိုဓာတ်အကြားတွင် ကျွန်တော်တို့သည် မီးထဲသို့တစ်ဝက် ရေထဲသို့တစ်ဝက် ရောက်နေသည်နှင့် တူနေတော့၏။ သည်အထဲတွင် သမှန့်လောက်ရှိသော ဖြုတ်များကလည်း ကျွန်တော်တို့ကို အကြီးအကျယ် ဒုက္ခပေးလျက်ရှိသည်။ အရှင်လတ်လတ် ငရဲပြည်သို့ ရောက်ရှိနေသကဲ့သို့တည်း။

နေ့လယ်နှစ်နာရီခန့်သို့ ရောက်လာသောအခါ အဖွဲ့သားတိုင်းပင် ချွေးတပြိုက်ပြိုက်နှင့် ဖြစ်လာခဲ့ကြရ၏။ ကျွန်တော်သည် ရေဘူးမှ ရေကို ခဏခဏဖွင့်၍ သောက်နေမိသဖြင့် ရေဘူးတွင် ရေအနည်းငယ်သာ ကျန်တော့သည်ကို တွေ့ရ၏။ မိုးစုပ်စုပ်ချုပ်သည်အထိ ကျွန်တော်တို့သည် ဤနေရာမှ ရွေ့လျားသွားလာခြင်း ပြုလုပ်နိုင်မည်မဟုတ်ရာ ကျွန်တော့်အတွက် ရေမှာ အရေးကြီးသောပြဿနာ ဖြစ်လာရတော့သည်။

ကျွန်တော်သည် ကျောက်ခဲကဲ့သို့မာနေသော ဘီစကွတ်များကို ဝါးလုက်ပြီးနောက် ဘူးထဲတွင်ကြွင်းကျန်နေသေးသော ရေကလေးကို မော့၍သောက်လိုက်၏။ ကျွန်တော့်အတွက် ယနေ့အဖို့ နောက်ဆုံးရေတစ်ကျိုက်ပင် ဖြစ်တော့သည်။ နေမဝင်မချင်း ရေငတ်သည့်ဝေဒနာကို အောင့်၍ခံနေရဦးမည်ပါတကား။

ကျွန်တော့်ရှေ့တွင်ရှိသော "ပရိက်အင်ပဲဂျူဒစ်"ဝတ္ထုမှ စာလုံးများသည် တဖြည်းဖြည်း ဝါး၍ဝါး၍လာသည်။ ကျွန်တော်သည် စာအုပ်မှ မျက်နှာလွှဲလိုက်ကာ သဲကန္တာရထဲတွင် ရေရှာသူကဲ့သို့



ကိုင်းတောမြေကို တုတ်စကလေးတစ်ခုဖြင့် အဆက်မပြတ် တူး၍နေမိ၏။

"ဟေး...ဂျွန်၊ ကိုင်းတောစပ်ဆီကို သွားစမ်း၊ ရထားတစ်စီးလာနေသံ ကြားတယ်"

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ကျွန်တော့်အား တိုးသော်လည်း စူးရှသောလေသံဖြင့် လှမ်း၍ အမိန့်ပေးလိုက်၏။ နေပူရှိန်နှင့် ရေငတ်သည့်ဒဏ်ကြောင့် သတိလစ်လုဆဲဖြစ်နေသော ကျွန်တော်သည် စိတ်ကို 'အမိန့်'ဖြင့် ထိန်းထားလိုက်ပြီး ကိုင်းတောစပ်ရှိရာသို့ သွား၍တက်လာခဲ့၏။

စောစောက ရေငတ်နေသည်ကိုပင် သတိမရတော့။ ကျွန်တော်သည် အဖွဲ့သားတစ်ဦးစီ၏ အခြေအနေကို ကောင်းစွာအကဲခတ်တတ်သော ဂျက်အား ချီးကျူးလိုက်မိသည်။

ကိုင်းတောအစပ်မှနေ၍ ကိုင်းပင်များကိုဖြဲကာ ကြည့်လိုက်သောအခါ နမ့်ကွင်းတံတားကို တိုက်ရိုက်ကြီးမြင်နေရသည်။

ရထားတစ်စီးသည် မြစ်ကြီးနားဘက်မှ တဖြည်းဖြည်းလာနေသည်ကို အပေါ်သို့လိမ့်၍တက်လာသော မီးခိုးများကိုကြည့်၍ သိရ၏။ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်၏နားမှာ ပါးလှချေသည်။

ရထားကြီးသည် တဂျုတ်ဂျုတ်မြည်သောအသံကိုပြုလျက် နမ့်ကွင်း တံတားပေါ်မှ ဖြတ်ကျော်ခုတ်မောင်းသွားသည်ကို တွေ့ရ၏။ ရှေ့တွင် စက်ခေါင်းနှစ်လုံးရှိပြီး နောက်တွင် တစ်လုံးရှိသည်ကို သတိထားလိုက်မိသည်။

ရှေ့နှင့်နောက် စက်ခေါင်းများအကြားတွင် ဘူမ်းတွဲနှစ်တွဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဖော်လက်တွဲ သုံးတွဲနှင့် ကုန်တွဲလေးတွဲ ချိတ်ဆွဲထားသည်။ ပက်လက်တွဲ တစ်ခုပေါ်တွင် တာလပတ်များဖြင့် ဖုံးအုပ်ထားသော မော်တော်ကားတစ်စီး၏ပုံသဏ္ဌာန်ကို မြင်ရသည်။ ဆယ့်ငါးဟန္ဒြတ်ဝိတ်ခန့် ရှိမည်ဟု ထင်ရ၏။ အခြားပက်လက်တွဲများပေါ်တွင်လည်း တာလပတ်ဖြင့် ဖုံးအုပ်ထားသော ပစ္စည်းများကို မြင်ရသည်။ လူစီးတွဲများကို လှမ်း၍ကြည့်လိုက်သောအခါ လိုက်ပါလာသည့် ခရီးသည်များမှာ အရပ်သားများမဟုတ်ဘဲ ဂျပန်စစ်သားများဖြစ်သည်ဟု ကျွန်တော် တတ်အပ်ပြောနိုင်သည့် အခြေအနေရှိသည်။

ကျွန်တော့်မျက်စိအောက်မှ မီးရထားကြီး ပျောက်ကွယ်သွားသည့်နောက် ကျွန်တော်တို့၏စခန်းရှိရာသို့ ပြန်၍ တွားလာခဲ့သည်။ ကျွန်တော်က တွေ့မြင်ခဲ့ရသမျှကို ဂျက်အား သတင်းပို့လိုက်သောအခါ ဂျက်က...

"လူစီးတွဲတိုင်းမှာ စစ်သားအပြည့်ပါသလား၊ သူတို့ဂျပန်စစ်သားဖြစ်ကြောင်းကော မောင်ရင် ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ"ဟု လိုရင်းကို ဖြတ်၍မေးလိုက်၏။

"လူစီးတွဲတိုင်းမှာ စစ်သားအပြည့်ပါတယ်လို့ ကျွန်တော် ယုံကြည်တယ်၊ တချို့စစ်သားတွေက ခေါင်းကို ပြတင်းပေါက်ကထုတ်ထားကြတော့ သူတို့ဟာ ဂျပန်စစ်သားဖြစ်ကြောင်း ကျွန်တော်သိရတယ်"

ကျွန်တော်က တိတိကျကျပင် အဖြေပေးလိုက်သည်။

"မောင်ရင်မြင်ရတဲ့ စစ်သားတွေဟာ မြန်မာစစ်သားတွေကော မဖြစ်နိုင်ဘူးလား၊ မြန်မာစစ်သားတွေလည်း ဂျပန်စစ်ယူနီဖောင်းမျိုး



ကို ဝတ်ကြတာပဲမဟုတ်လား"

ဂျက်က ကျွန်တော့်ကို ပြန်၍မေးလိုက်၏။

"ဘယ်နည်းနဲ့မှ မြန်မာစစ်သားတွေ မဖြစ်နိုင်ဘူး။ မျက်နှာပေါက်ချင်းနဲ့ အသားအရောင်က ကွာနေတာပဲ။ ဒီစစ်သားတွေဟာ ရခိုင်စစ်မျက်နှာကို စစ်ကူသွားတဲ့ စစ်သားတွေပဲ ဖြစ်ရမယ်"

ဂျက်သည် ခဏမျှစဉ်းစားလိုက်ပြီး လေးလေးပင်ပင်ကြီးပင် မှတ်ချက်ချလိုက်၏။

"ရခိုင်စစ်မျက်နှာကို စစ်ကူသွားတဲ့ စစ်သားတွေဆိုရင် ဒီအဓိပ္ပာယ်က ကျုပ်တို့ တံတားကိုဖျက်ဖို့ဟာ အချိန်ဆွဲနေလို့ မဖြစ်တော့ဘူးလို့ ဆိုလိုတဲ့အဓိပ္ပာယ်ပဲ။ ကျုပ်အထင်တော့ ရခိုင်စစ်မျက်နှာမှာ တိုက်ပွဲတွေ အပြင်းအထန်ဖြစ်နေပြီလို့ ထင်သည်။ ဒီနေ့ညပဲ တံတားတွေမှာ ဒိုက်နမိုက်ချည်ပြီး နက်ဖြန်ည ရန်သူ့ရထားလာတဲ့ အချိန်မှာ ဖောက်ခွဲပစ်လိုက်နိုင်ရင် အကောင်းဆုံးပဲ"

ဂျက်သည် ပိုးချည်ဖြင့်ရက်လုပ်ထားသော မြေပုံကို အိတ်ထဲသို့ ခေါက်၍ထည့်လိုက်ပြီးနောက် ပို့စကတ်အလွတ်တစ်ခုပေါ်တွင် ခဲတံတစ်ချောင်းဖြင့် ဂဏန်းများလိုရေးချကာ တွက်ချက်နေသည်။ နမ့်ကွင်းတံတားကို ဖောက်ခွဲဖျက်ဆီးရာတွင် ဒိုက်နမိုက် အချိန်မည်မျှလိုမည်ကို တွက်ချက်နေခြင်းတည်း။

ကျွန်တော်သည် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက် တွက်ချက်နေသည်ကို စောင်းငဲ့ကြည့်ရင်း ကျောက်ခဲကဲ့သို့မာနေသော ဘီစကွတ်တစ်ခုကို ပါးစပ်ထဲသို့ထည့်၍ ဝါးလိုက်မိသည်။ ပြီးမှ ကျွန်တော့်ရေဘူးထဲတွင် ရေတစ်စက်မျှမရှိတော့သည်ကို သတိရလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နမ့်ကွင်းချောင်းနားတွင် ကပ်နေပါလျက် မိုးစုပ်စုပ်ချုပ်သည် အထိ ရေတစ်ပေါက်မျှ မသောက်ရဘဲနေမည့် ကျွန်တော့်ဒုက္ခမှာ ကြီးလှပါဘိခြင်း။

◆

( ၇ )

မှောင်စမပျိုးမီပင် တံတားတွင်ချည်ရမည့် ဒိုက်နမိုက်များကို အသင့်ပြုလုပ်ထားပြီး ဖြစ်နေပေပြီ။

ဒိုက်နမိုက်များကို ပလတ်စတစ်အိတ်များဖြင့် ဆယ့်ငါးပေါင် ဆယ်ပေါင်ခွဲခြား၍ ထည့်ထားသည်။ ဆယ့်ငါးပေါင်ပါရှိသော ပလတ်စတစ်အိတ်များကို တံတားတွင်ချည်ပြီး ဆယ်ပေါင်အိတ်များကိုမူ ရထားသံလမ်းတစ်လျှောက်တွင် ချည်ထားရန်ဖြစ်၏။ ရထားကိုရော တံတားကိုပါ တစ်ပြိုင်တည်း ဖောက်ခွဲဖျက်ဆီးနိုင်အောင် ပြုလုပ်ထားသော အစီအစဉ်တည်း။

မားကွင်းတံတားနှင့် နှစ်မိုင်ကွာရှိ အခြားတံတားတစ်ခုကိုမူ ဆယ့်ငါးပေါင် ပလတ်စတစ်အိတ်များချည်ပြီး တဖြည်းဖြည်းသာ လောင်ကျွမ်းစေသော စနက်တံများတပ်ထားရန် သတ်မှတ်ထားသည်။

ကျွန်တော်တို့သည် မည်ကဲ့သို့သော အခြေအနေပေါ်ပေါက်လာ သည်ဖြစ်စေ နမ့်ကွင်းတံတားကြီးကို မဖြစ်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီး ပစ်ကြရမည်ဖြစ်၏။ အခြားတံတားနှစ်ခုကိုမူ အခြေအနေကိုကြည့်၍ လက်လွှတ်တန်က လက်လွှတ်လိုက်ကြမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တံတားသုံးခုကို ဖောက်ခွဲဖျက်ဆီးရမည့် အဖွဲ့သုံးဖွဲ့သည် ကိုင်းတောများကို တိုး၍ ထွက်ခွာလာခဲ့ကြတော့သည်။

ကောင်းကင်တွင် လ,ကလေးက မှုန်မှုန်ကလေးသာနေ၏။

ရက်နှင့် ဒဲ(န်)နစ်တို့အဖွဲ့က နမ့်ကွင်းတံတားကြီးဆီသို့ ဦးတည်၍ ချီတက်နေပြီး ပက်နှင့် ဘန်နေတို့အဖွဲ့က နမ့်ကွင်းချောင်း အောက်ဘက်ရှိ တံတားဆီသို့ ရှေးရှုနေသည်။ ဤအချိန်တွင်ပင် ဂျက်နှင့် ကျွန်တော်က ဟိုပင်မြို့အနီးရှိ ဓားကွင်းတံတားရှိရာသို့ လာခဲ့ကြသည်။ အဖွဲ့သားတိုင်း၏ ကျောကုန်းပေါ်တွင် ဒိုက်နမိုက်အထုပ်များ၊ ဝိုင်ယာကြိုးခွေများ ယမ်းအိုးနှင့် ခလုတ်များဖြင့် လေးလံလျက်ရှိနေကြ၏။ ကျွန်တော်တို့သည် နမ့်ကွင်းတံတားကြီးကိုသာမက တံတားပေါ်သို့ရောက်ရှိလာမည့် ဂျပန်စစ်သားများပါရှိလာသော စစ်ရထားကြီးကိုပါ တစ်ကြိမ်တည်း၊ တစ်ခါတည်း ဖောက်ခွဲဖျက်ဆီးကြရပေတော့မည်။

မြစ်ကြီးနားမှ စတင်ထွက်ခွာလာသောရထားသည် မိုးကောင်းသို့ ရောက်သည်အထိ အနောက်ဘက်သို့ ဦးတည်၍လာခဲ့ပြီး မိုးကောင်းမှ တစ်ဖန် အနောက်တောင်ဘက်သို့ ရောက်လာသည်။ ဟိုပင်မှလွန်သော် ရထားသည် အများအားဖြင့် တောင်ဘက်သို့ မျက်နှာကာ မိုးညှင်း၊ မော်ဟန်၊ ဝန်းသို၊ ရွှေဘို စသော မြို့များကိုဖြတ်၍ ဆင်းလာပြီးနောက် စစ်ကိုင်းသို့ရောက်လာသည်။ စစ်ကိုင်းမှ တစ်ဆင့် မန္တလေးသို့ဆက်၍ ကူးနိုင်သည်။ စစ်ကိုင်းနှင့် မန္တလေးသို့ ရောက်လာသော် စစ်ကူတပ်များနှင့် စစ်ပစ္စည်းများကို ပြည်မှတစ်ဆင့်



တောင်ကုပ် တောင်ကြားလမ်းဖြင့် ရခိုင်စစ်မျက်နှာသို့ အရောက်ပေးပို့နိုင်တော့မည်ဖြစ်၏။

ကျွန်တော်တို့က ရန်သူတို့၏ အရေးပါ အရာရောက်သော ထောက်ပံ့ရေးသွေးကြောကြီးကို ဖောက်ခွဲဖျက်ဆီးရန် သတ်မှတ်ထားသော အပိုင်းအခြားမှာ မိုးကောင်းနှင့် ဟိုပင်မြို့အကြား ဆယ့်ငါးမိုင်မျှ ကျယ်ဝန်းသော နယ်မြေဖြစ်သည်။ မန္တလေး–မြစ်ကြီးနား ရထားသည် ဟိုပင်မြို့သို့ အဝင်တွင် တံတားသုံးခုကိုဖြတ်၍ ဝင်ရသည်။ ကျွန်တော်တို့ အဓိကထား၍ ဖောက်ခွဲဖျက်ဆီးရမည့် နမ့်ကွင်းတံတားကြီးသည် ဟိုပင်မြို့သို့အဝင်တွင် အရေးအကြီးဆုံး တံတားကြီးပင်တည်း။

ရထားလမ်းနှင့်ယှဉ်၍ ပြေးနေသော မော်တော်ကားလမ်း တစ်ဖက် တစ်ချက်တွင် အိုးအိမ်လူနေများ ကင်းရှင်းလျက်ရှိနေသည်ကို တွေ့ရ၏။ တာလမ်းအတိုင်း လျှောက်၍လာခဲ့ပြီးနောက် တံတားဆီသို့သွားရန်မှာ ကျွန်တော်တို့အတွက် များစွာအန္တရာယ်ရှိလှမည်မဟုတ်ဟု တွက်ထားမိသည်။

တစ်နေ့လုံး အထက်က မိုးလိုပွက်ကာ အောက်က ရေမြှုပ်လိုရွှတ်စိုလျက်ရှိသော ကိုင်းတောကြီးအတွင်းမှ သဘာဝ၏ဒဏ်ကို အလူးအလဲ ခံကြရပြီးနောက် လူသကောင်လို မလှုပ်မယှက်ဘဲ နေရာမှဆ၍ လှုပ်ရှားလိုက်ရခြင်းမှာ ကျွန်တော်တို့အတွက် အလွန်ထူးခြားသော အရသာတစ်ခုကဲ့သို့ ဖြစ်နေလေသည်။

ကောင်းကင်တွင် ကြယ်ကလေးများက တလက်လက် တောက်ပလျက်ရှိကြပြီး လေပြည်လေညင်းကလေးကလည်း ချိုဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်လျက်ရှိ၏။ လောကကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး ကျွန်တော်တို့အဖွဲ့သားများ သက်ဆိုင်ရာ တဲတားများဆီသို့ ချီတက်သွားသော ခြေသံများသာ တရှပ်ရှပ်ပေါ်ထွက်နေသည်။

ကျွန်တော်တို့သည် တိတ်ဆိတ်စွာ ချီတက်သွားကြပြီး ကျွန်တော်တို့၏ လက်ယာဘက်တွင် အရိပ်ထိုး၍ကျနေသော လွိုက်ပက်တောင်တန်းကြီးကို မြင်ရသည်။ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်တွင်မူ မီးကလေးတလက်လက်နှင့်ရှိသော ဟိုပင်မြို့တည်း။

ကျွန်တော်သည် ဟိုပင်မြို့ရှိရာဘက်သို့ ချီတက်လာနေရင်း ဘုရားမှ ဆည်းလည်းသံကဲ့သို့ သာယာကြည်နူးဖွယ်ကောင်းသော အသံကလေးကို တချွင်ချွင်ကြားလိုက်သည်ဟု ထင်မှတ်လိုက်မိသည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်သည် ကျွန်တော့်အား တစ်စုံတစ်ရာ ညွှန်ကြားထားခြင်းမရှိဘဲ သူ၏ညာလက်ကို ဆန့်ထုတ်၍ ရပ်တန့်ရန် အချက်ပေးလိုက်သည်။ မိုးကောင်း၊ ဟိုပင် မော်တော်ကားလမ်းသည် ဤနေရာသို့ရောက်လာသည့်အခါ၌ ရထားလမ်းနှင့် ကိုက်အနည်းငယ်သာ ကွာလျက်ရှိနေသောကြောင့်တည်း။

မီးကျည်ကဲ့သို့ ရဲရဲနီသော မီးရောင်များနှင့် ရထားခေါင်းတိုင်မှ စင်၍ကျလာသော မီးပွားများကို မြင်ရသည်။ မည်းနက်သောသတ္တဝါကြီးတစ်ကောင်နှင့်တူသည့် ရထားကြီးတစ်စင်းက ကျွန်တော်တို့ရှိရာဘက်သို့ လာနေသည်ကို တွေ့ရသည်။ မကြာမီ ပက်လက်တွဲငါးတွဲပါသော ကုန်ရထားတစ်စင်းသည် ကျွန်တော်တို့အနားမှဖြတ်၍ မိုးကောင်းမြို့ဆီသို့ ထွက်သွားသည်ကို တွေ့လိုက်ရ၏။ ကျွန်တော်တို့မှာ ရထားလမ်းနှင့် အလွန်ကပ်လျက်ရှိရာ ပက်လက်တွဲများပေါ်တွင်



စည်သည့်စစ်ပစ္စည်းများ ပါလာသည်ကိုပင် ထင်ထင်ရှားရှား တွေ့မြင်လိုက်ကြရသည်။ ပထမ ပက်လက်တွဲ လေးတွဲပေါ်တွင် ဖားပြုပ်ကြီးလေးကောင်ကဲ့သို့ဖြစ်နေသော ထရပ်ကားလေးစီးကို တွေ့ရပြီး ပဉ္စမတွဲပေါ်တွင်မူ ပြောင်းရိုးလိမ်ကောက်နေသော လေယာဉ်ပစ်အမြောက်ကြီးတစ်လက်ကို သတိပြုလိုက်မိကြသည်။

မြစ်ကြီးနားမှာ ဂျပန်အလုပ်ရုံတွေ တော်တော်စုံစုံလင်လင် ရှိပုံရတယ်။ ဒီထရပ်ကားတွေနဲ့ အမြောက်ကိုပြင်ဖို့ သယ်သွားကြတာပဲ”

နောက်ဆုံးကုန်တွဲက ကျွန်တော်တို့ကို ဖြတ်ကျော်သွားပြီးနောက် အတန်ကြာမှ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က မှတ်ချက်ချလိုက်၏။

ဂျက်သည် ကျွန်တေ ်အား တိတ်ဆိတ်စွာလိုက်ပါလာရန် ညွှန်ကြားလိုက်ပြီးနောက် ဆက်လက်၍ ချီတက်လာခဲ့ကြ၏။ ကိုက်ငါးဆယ်ခန့် ဆက်၍ လာခဲ့ကြသောအခါ မှိတ်ချည်လင်းချည်ဖြစ်နေသော လက်နှိပ်ဓာတ်မီးရောင်များကို တွေ့လိုက်ကြရ၏။ ကင်းစောင့်တပ်သားတစ်ဦး၏ မှန်မှန်ကြီး ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော ဖိနပ်သံကိုလည်း ကြားကြရသည်။

ဓားကွင်းတဲတားသည် ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် ရှိနေလေသည်။

ကျွန်တော်သည် ရှေ့သို့တွား၍တက်ရန် ဟန်ပြင်လိုက်စဉ် ဂျက်က ကျွန်တော့်အင်္ကျီလည်ပင်းကို ဆွဲ၍ နောက်သို့ပြန်လှည့်လိုက်၏။ သူသည် ကျွန်တော့်အား တရွတ်တိုက်ဆွဲလာကာ မော်တော်ကားလမ်းကို ချန်ထားခဲ့ပြီး တောအုပ်တစ်အုပ်ဆီသို့ ခေါ်ယူသွားသည်။

ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ယှက်သန်းကာ ကျောက်ဂူတစ်ခုကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော နေရာသို့ ရောက်လာမှ ဂျက်က ရပ်တန့်လိုက်၏။ သည်တော့မှပင် ကျွန်တော့်မှာလည်း အသက်မှန်မှန်ပြန်၍ရှူလာနိုင်တော့၏။

ဂျက်သည် ကျွန်တော့်အား ဤသို့ တရွတ်တိုက်ဆွဲကာ ဓားကွင်းတံတားနှင့် ဝေးရာသို့ ခေါ်ဆောင်လာခဲ့ခြင်းသည် ကျွန်တော်တို့၏ အဓိကပစ်မှတ်ဖြစ်သော နမ့်ကွင်းတံတားကြီးအား ကျွန်တော်တို့က ဖောက်ခွဲဖျက်ဆီးပစ်ရန် ကြံစည်နေသည်ကို ရန်သူက ရိုးတိုးရိပ်တိတ်ကလေးမှ သင်္ကာမကင်း မဖြစ်စေရန် အလွန်လိုအပ်သော နည်းပရိယာယ်တစ်ရပ်ဖြစ်ကြောင်းကို ကျွန်တော် ယခုမှ စဉ်းစားမိသည်။ အကယ်၍ ဓားကွင်းတံတားအနီးတွင် မသင်္ကာဖွယ်အရိပ်အရောင်များကို ရန်သူ့ကင်းစောင့်တပ်သားက တွေ့ရှိသွားခဲ့လျှင် ကျားကို ခလုတ်သစ်ငုတ်ကို သင်ဖြူး၊ ဆူးကိုမွေ့ရာသဘောထား၍ အပန်းတကြီး ချီတက်လာခဲ့ရသော ကျွန်တော်တို့၏ အဓိကရည်ရွယ်ချက်ကြီးမှာ ဘာမဟုတ်သည့် အကြောင်းကလေးတစ်ခုကြောင့် လုံးဝပျက်ပြားသွားရပေတော့မည်။

ဂျက်သည် ပိန်းပိတ်အောင်မှောင်နေသော တောထဲမှနေ၍ ကျွန်တော့်အား ရှေ့ဆောင်ကာ ခေါ်ယူလာခဲ့ပြီးနောက် ကျွန်တော်တို့၏ ယာယီစခန်းဖြစ်သော ကိုင်းတောကြီးနှင့် တစ်မိုင်မျှအကွာသို့ ဘေးကင်းစွာ ရောက်လာခဲ့ကြ၏။ နောက်ထပ် နာရီဝက်ခန့်အကြာတွင် ကျွန်တော်တို့သည် ကိုင်းတောကြီးစခန်းသို့ ဘေးကင်းစွာပြန်လာ ရောက်ရှိနိုင်ခဲ့ကြလေသည်။

ရက်နှင့် ဒဲ(န်)နစ်တို့က ကျွန်တော်တို့ထက် စောစွာပင် ကိုင်းတောကြီးစခန်းသို့ ပြန်လည်ရောက်ရှိနေကြပြီး အပန်းဖြေနေကြသည်ကို တွေ့ရသည်။

ရက်က နမ့်ကွင်းတံတားကြီးတွင် ဒိုက်နမိုက်များချည်ပြီးကြောင်း ဂျက်အား စိတ်အားထက်သန်စွာဖြင့် သတင်းပို့လိုက်၏။ နမ့်ကွင်းတံတားကြီးပေါ်တွင် အစောင့်စစ်သားဟူ၍လည်း တစ်ယောက်မျှ မတွေ့ရ။ ကင်းလှည့်လာသော ရန်သူများကိုလည်း မမြင်ရကြောင်းဖြင့် ရက်က ဆက်၍သတင်းပို့သည်။ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ရန်သူ့ ထောက်ပံ့ရေးလမ်းကြောင်းကြီး၏ အရေးကြီးသောကွင်းဆက်တစ်ခုဖြစ်သည့် နမ့်ကွင်းတံတားကြီးကို မိုးထိအောင် မြောက်တက်သွားအောင် ဖောက်ခွဲ ဖျက်ဆီးပစ်နိုင်ပေတော့မည်။

အဖွဲ့ခေါင်းဆောင်ဂျက်က ရက်နှင့် ဒဲ(န်)နစ်တို့နှစ်ယောက်ကို ချီးကျူးလိုက်ပြီး ဓားကွင်းတံတားအနီးတွင် ကျွန်တော်တို့ကြုံတွေ့ခဲ့ရသော အခြေအနေကို ရှင်းလင်းပြောပြလိုက်ကြသည်။

မကြာမီပင် တတိယမြောက်တံတားတွင် ဒိုက်နမိုက်ချည်ရန် သွားရောက်ခဲ့ကြသော ပက်နှင့် ဘာနေတို့ ပြန်လည်ရောက်ရှိလာကြ၏။ သူတို့နှစ်ယောက်မှာလည်း မည်သည့်အနှောင့်အယှက်မှ မတွေ့ရဘဲ ဒိုက်နမိုက်များကို ကောင်းစွာချည်နိုင်ခဲ့ကြကြောင်း သိရှိရသည်။

ကျွန်တော်တို့သည် နမ့်ကွင်းချောင်းထဲသို့ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ တွဲကာ အလှည့်နှင့် ရေချိုးဆင်းကြသည်။ ရေဘူးများကိုလည်း ရေဖြည့်ကြရသည်။

ကျွန်တော်နှင့် ကချင်အမျိုးသားနှစ်ယောက်မှာ ရေချိုးဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ကြရာတွင် တစ်ဖွဲ့တည်းဖြစ်သည်။ ကျွန်တော်သည် ကမ်းစပ်တွင် ဒူးထောက်၍ထိုင်ရင်း ရန်သူ့အခြေအနေကို စဉ်းစားခန်းဝင်နေမိ၏။ ကိုင်းတောကြီးကို လေတိုးသံသည်လည်းကောင်း၊ အချိန်မတော် ထ၍ အော်ဟစ်လိုက်သော ညဉ့်ငှက်တစ်ကောင်၏ အသံသည်လည်းကောင်း၊ လှိုင်းကြက်ခွပ်ကလေးများက ကမ်းစပ်ကို လာရောက်ရိုက်ခတ်နေသော အသံသည်လည်းကောင်း၊ သစ်ကိုင်းချင်း ပွတ်တိုက်သံသည်လည်းကောင်း ကျွန်တော့်အတွက် ထိတ်လန့်စရာ အသံဗလံများ ဖြစ်နေ၏။

ရန်သူ့တပ်ကြီးတစ်တပ်က ကျွန်တော်တို့ ယာယီစခန်းပြုလုပ်ထားသောနေရာကို ဝိုင်းထားပြီး ကျွန်တော်တို့ကို အရှင်လတ်လတ် လက်ရဖမ်းရန် ကြံစည်နေသလားဟု ထင်နေမိသည်။

ကျွန်တော်တို့သည် ချောင်းထဲသို့ဆင်းလိုက်ပြီးနောက် ကချင်ရဲဘော်တစ်ယောက်ထံမှ ဆပ်ပြာတုံးကို လှမ်း၍တောင်းလိုက်၏။ သို့သော် ကျွန်တော်နှင့်လိုက်ပါလာသော ကချင်အဖွဲ့သားနှစ်ယောက်က စခန်းရှိရာသို့ ပြန်နှင့်ကြပြီကို တွေ့လိုက်ရသည်။ ကျွန်တော့်ကျောထဲတွင် အရိုးစိမ့်၍သွားလောက်အောင် ကြောက်၍သွားမိသည်။ တစ်ယောက်တည်းပါကလားဟူသော အသိက ကျွန်တော့်စိတ်ကို ပို၍ချောက်ချားစေ၏။

ကျွန်တော့်အဖော်နှစ်ယောက်မှာ အော်၍ခေါ်လျှင် ကြားနိုင်လောက်သည့်နေရာသို့ ရောက်နေကြသော်လည်း ကျွန်တော်က အော်၍ မခေါ်ရဲ။ တစ်ယောက်ထီးထီးဖြစ်နေရုံမျှမက လက်နက်ဆို၍လည်း တစ်စုံတစ်ခုမျှ ပါမလာသော ကျွန်တော်သည် အရေးကြုံလာပါက



သက်လုံမကောင်းနိုင်လောက်အောင် ဖြစ်နေတော့၏။

ကျွန်တော်သည် မှင်ရောင်ကဲ့သို့ မည်းမှောင်နေသော ရေပြင်ကို ဖြတ်ကာ တစ်ဖက်ကမ်းသို့ လှမ်း၍ကြည့်လိုက်၏။ မှောင်နှင့်မည်းမည်းဖြစ်နေ၍ မည်သည့်အရာကိုမျှ မမြင်ရ။ ကျွန်တော့်ညာဘက် ခပ်လှမ်းလှမ်းတွင်မူ တလက်လက်တောက်နေသော အရောင်ကလေးများကို သတိပြုမိသည်။ ကြယ်ရောင်တွေလား၊ လက်နှိပ်ဓာတ်မီးရောင်တွေလားဟု ကျွန်တော် မခွဲခြားတတ်။ လက်နက်ဆို၍ တောလိုက်ဓားတစ်ချောင်းပင် ယူမလာမိသော ကျွန်တော့်အဖြစ်ကို ဒေါသထွက်နေမိသည်။

ကျွန်တော့်နောက်ဘက်ဆီမှ လူတစ်ယောက်၏ အသက်ပြင်းပြင်း ရှူသံနှင့်တူသောအသံကို ကြားလိုက်ရသလိုလို ထင်လာပြန်သည်။ ဟိုမှာတစ်ဖက်ကမ်းသို့ ကူးပြေးသွားရလျှင် ကောင်းမည်ဟု စိတ်ကူးမိပြန်သည်။

ကျွန်တော့်မျက်စိထဲတွင် ဂျပန်စစ်ဗိုလ်များ ကိုင်ဆောင်လေ့ရှိသော ဆာမူရိုင်ဓားရှည်ကြီးကိုလည်းကောင်း၊ နှုတ်ခမ်းမွေးဖွားဖွား ခေါင်းပြောင်ပြောင်နှင့် မခန့်လေးစားပြုံးရယ်နေသော ဂျပန်စစ်သား၏ မျက်နှာကိုလည်းကောင်း မြင်၍နေမိသည်။ ကျွန်တော်သည် တစ္ဆေ အခြောက်ခံနေရသောသူတစ်ယောက်ကဲ့သို့ ဖြစ်နေမိလေသည်။

ကျွန်တော်သည် စိတ်ကိုတင်းလိုက်ပြီး ကမ်းပေါ်သို့တက်ကာ ကိုင်းတောထဲရှိ ယာယီစခန်းရှိရာသို့ ပြေးတက်ရန် ကြိုးစားလိုက်၏။ ဤအချိန်တွင်ပင် ရောမင်းကြီးတစ်ကောင်နှင့် တူသည်ထင်ရသော သတ္တဝါတစ်ကောင်က ကျွန်တော်ရှိရာကမ်းစပ်သို့ အဟောင်းများကို

www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ကား၍ ပြေးလာသည်။

သတိရ၍ ကျွန်တော့်ကို ဝိုင်းအုံထားသော အဖွဲ့သားများကို ကြည့်လိုက်သောအခါ အဖွဲ့သားတိုင်းက ကျွန်တော့်ကို စိုးရိမ်သော မျက်နှာနှင့် ကြည့်နေကြသည်ကို တွေ့လိုက်ရ၏။ ကျွန်တော်သည် ကမ်းစပ်မှနေ၍ အဖွဲ့သားများရှိရာသို့ ရောက်သည်အထိ ကြောက်အားလန့်အားနှင့် ပြေး၍တက်လာမိသည်တကား။

"အိမ်လောက်ရှိတဲ့ ငန်းကြီးတစ်ကောင်က ကျုပ်ကို ပြေးပြီး ခွပ်မလို့လုပ်လို့ ပြေးလာရတယ်ဗျာ"ဟု ကျွန်တော်က အရှက်ပြေ ပြောလိုက်ရသည်။

"မောင်ရင်မြင်ရတဲ့ငန်းကြီးက ပန်းရောင်လား အဖြူလား"

အဖွဲ့သားတစ်ယောက်က ကျွန်တော့်ကို ပြောင်၍ မေးလိုက်၏။ အခြားတစ်ယောက်ကလည်း...

"ဟေ့...ဂျွန်၊ မောင်ရင်မြင်ရတာက အင်းတော်ကြီးကန်က တမွေနဲ့တူပါတယ်ကွာ"ဟု ဝင်၍နောက်လိုက်ပြန်သည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ကျွန်တော့်အား ဝိုင်း၍စနေကြသော အဖွဲ့သားများအား ရပ်တန့်ကရပ်စေပြီး အဖွဲ့သားများအား နှစ်ယောက်စီတွဲ၍ ကျွန်တော်တို့ စခန်းပြုလုပ်ထားသော နေရာ တစ်ဝိုက်မှ တစ်မိုင်ကွာအထိ ကင်းလှည့်ခိုင်းသည်။ ကျွန်တော်တို့၏ လုံခြုံရေးနှင့် နမ့်ကွင်းတံတားကြီးအား ဖောက်ခွဲဖျက်ဆီးရေး အစီအစဉ်တွင် အနှောင့်အယှက်မရှိ ကြိုတင်သိရှိထားရန်တည်း။

ဂန့်ဂေါတောင်တန်းပေါ်တွင် နေမင်းကြီး၏ ရောင်ခြည်များ ယှက်သန်းလာသည့်အချိန်တွင် ကင်းလှည့်ရာမှ ကျွန်တော်တို့စခန်းသို့



ပြန်လည်ရောက်ရှိလာကြ၏။ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်သည် ကျွန်တော်တို့အား နံနက်စာစားသောက်ရန် အမိန့်ပေးလိုက်ပြီးနောက် တံတားသုံးခုကို ထိုနေ့ညတွင်ပင် ဖောက်ခွဲဖျက်ဆီးပစ်တော့မည်ဟု ကြေညာလိုက်သည်။

မန္တလေး–မြစ်ကြီးနား ရထားလမ်းကို ဂျပန်စစ်တပ်ကသာ အသုံးပြုနေသည်ကို တွေ့ခဲ့ရသောကြောင့်လည်း ဂျက်က တံတားသုံးခုကို ရန်သူ့ရထားလာချိန်၌ ဖောက်ခွဲဖျက်ဆီးပစ်ရန် စိတ်အားထက်သန်နေသည်။

ဂျပန်စစ်ရထားများ၏ သွားလာမှုအချိန်ဇယားမှာ တိကျမှန်ကန်လှခြင်း မရှိသော်လည်း မြစ်ကြီးနားဘက်သို့ အဆန်ရထားတစ်စင်း နမ့်ကွင်းတံတားကြီးအပေါ်မှ ဖြတ်ကျော်ကာ တက်သွားသည့်အချိန်အတွင်း မြစ်ကြီးနားမှ မန္တလေးဘက်သို့စုန်လာသော စစ်ရထားငါးစီးက နမ့်ကွင်းတံတားကိုဖြတ်၍သွားသည်ကိုမူ အသေအချာသိနေရသည်။

"ဒီစခန်းကနေပြီး ၁၉း၀၀ နာရီမှာ ကျုပ်တို့ထွက်ကြရမယ်။ စခန်းကထွက်တာနဲ့တစ်ပြိုင်နက် သက်ဆိုင်ရာအဖွဲ့တွေဟာ ကိုယ်တာဝန်ကျတဲ့ တံတားတွေဆီကို တိတ်တိတ်ကလေး ချီတက်ကြရမယ်၊ နမ့်ကွင်းတံတားကြီးနဲ့ မြောင်းအောက်ဘက်မှာရှိတဲ့ တတိယတံတားကို ဖောက်ခွဲဖို့အတွက်တော့ အနှောင့်အယှက်တွေ့ရလိမ့်မယ် မထင်ဘူး။ ဟိုပင်နဲ့ကပ်နေတဲ့ ခါးကွင်းတံတားကို တာဝန်ယူထားရတဲ့ ကျုပ်နဲ့ ဂျွန်အတွက်တော့ ဘယ်လိုအခြေအနေရှိမယ်ဆိုတာ ကြိုတင်ပြီး မပြောတတ်ဘူး။ ဒီတော့ ကျန်တဲ့အဖွဲ့သားသုံးယောက်က စောစောက

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ပြောထားတဲ့ ညောင်ပင်ကြီးအောက်မှာ နေရာယူပြီး ရှိနေရမယ်။ မားကွင်းတံတားဆီက ပစ်သံခတ်သံကြားရတာနဲ့ တစ်ပြိုင်နက် ဒီအဖွဲ့သားသုံးယောက်က တံတားပေါ်မှာရှိတဲ့ ရန်သူကို ဒီညောင်ပင်ဘက်ကို ပြေးထွက်လာအောင် စစ်မြူပြီးပေးရမယ်။ ဒီအဖွဲ့သားသုံးယောက်က ကျုပ်တို့နဲ့အတူလိုက်လာပြီး အဲဒီညောင်ပင်အောက်မှာ နေရာယူထားရမယ်။ နမ့်ကွင်းတံတားကြီးကို ဖောက်ခွဲပြီးတဲ့နောက် နာရီဝက်အကြာမှာ ကျုပ်တို့ ဒီညောင်ပင်ကြီးအောက်မှာ ဆုံကြရမှာပဲ။ ဘယ်နှစ်နာရီမှာ ဆုံကြရမယ်ဆိုတာတော့ အတိအကျပြောလို့ မဖြစ်ဘူး။ မြစ်ကြီးနားက ဆင်းလာမယ့် ရန်သူ့စစ်ကူရထား နမ့်ကွင်းတံတားပေါ်ကို ရောက်လာမယ့်အချိန်ပေါ်မှာ...တည်တယ်။ နမ့်ကွင်းတံတားကို ဖောက်ခွဲဖျက်ဆီးရမယ်။ ရက်နဲ့ ဒဲ(န်)နစ်ကတော့ ဖြတ်ထိုးဉာဏ်ကို အများကြီးအသုံးပြုရလိမ့်မယ်။ ရန်သူ့ဘက်က အများဆုံး ကျဆုံးအောင် ဆောင်ရွက်ကြရမှာပဲ။ ချောင်းအောက်ဘက်က တံတားကို တာဝန်ယူထားတဲ့ ပက်နဲ့ ဘန်နေက နမ့်ကွင်းတံတားပေါက်ကွဲသံကို ကြားရပြီးတဲ့နောက် စက္ကန့်သုံးဆယ်အတွင်းမှာ သူတို့တံတားကို ဖောက်ခွဲပစ်ရမယ်။ ကျုပ်တို့ကလည်း ချောင်းအောက်ဘက်က တတိယတံတား ပေါက်ကွဲသွားပြီး စက္ကန့်သုံးဆယ်အကြာမှာ မားကွင်းတံတားကို ဖောက်ခွဲပစ်ရမယ်။ ပထမဆုံးပေါက်ကွဲလာတဲ့အသံဟာ နမ့်ကွင်းတံတားကြီးဆီက ပေါ်လာတဲ့အသံပဲဖြစ်ရမယ်။ တံတားတွေကို ဖောက်ခွဲပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့အခြေအနေကို ကြည့်ပြီး ကိုယ့်ထိုးထွင်းဉာဏ်နဲ့ကိုယ် မိုးကြိုးပစ်စခန်းကို ရောက်အောင် လာကြရလိမ့်မယ်။ ကျုပ်တို့အတွက် လောလောဆယ်‘စုရပ်’



ကတော့ ကျုပ်ပြောခဲ့တဲ့ ညောင်ပင်ကြီးပဲ။ အဲဒီညောင်ပင်အောက်မှာ ၂၂:၀၀ ဒါမှမဟုတ် ၂၃:၀၀ နာရီအထိ စောင့်နေရမယ်။ ဒါထက်နောက်ကျပြီးတော့ စောင့်နိုင်မှာမဟုတ်ဘူး။ ကဲ...ဘယ်သူက ဘာများမေးချင်သေးသလဲ”

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ကျွန်တော်တို့အား နေဝင်ပြီးသည်နှင့် တစ်ပြိုင်နက် သက်ရှင်နိုင်ဖွယ်ရာ ကြုံတွေ့ရတော့မည့် အစီအစဉ်ကို ရှင်းလင်းပြောပြရင်း ထုံးစံအတိုင်း မေးခွန်းကလေးဖြင့် နိဂုံးချုပ်လိုက်၏။

မိမိတို့ရှေ့တွင် ပိုးဖြင့်ရက်လုပ်ထားသော မြေပုံကိုကြည့်ရင်း ဂျက်၏စကားကို နားစိုက်လျက်ရှိကြသော အဖွဲ့သားအားလုံးက “မရှိပါဘူး”ဟု တစ်ပြိုင်နက်လိုလို အဖြေပေးလိုက်ကြ၏။

ကျွန်တော်တို့သည် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က သတ်မှတ်ပေးထားသော ၁၉:၀၀ နာရီ ရောက်သည်အထိ အထက်မှ အပူဒဏ်နှင့် အောက်မှ စိုစွတ်သောဒဏ်ကို ကုန်း၍ခံနေကြရပေဦးမည်။

နမ့်ကွင်းတံတားကြီးသည် သံတိုသံစအဖြစ်သို့ရောက်ကာ ရေအောက်တွင် နစ်မြုပ်သွားရန် အချိန်များစွာ မကြာလှတော့။ သို့သော် မိုးတစ်ပိုင်း ရေတစ်ပိုင်း ဒုက္ခကို ခံနေရသော ကျွန်တော်တို့အဖို့ အချိန်မှာ များစွာနှောင့်နှေးကြန့်ကြာလျက်ရှိလေသည်။

ဩော်...နမ့်ကွင်းတံတား...။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

**(၁၉:၀၀)နာရီ...**

အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်က နောက်ဆုံးညွှန်ကြားစရာရှိသမျှကို တိုးတိုးညွှန်ကြားပေးပြီးနောက် အဖွဲ့သုံးဖွဲ့သည် မိမိတို့တာဝန်ကျရာ တဲတားများဆီသို့ ထွက်လာခဲ့ကြ၏။

ကျွန်တော်တို့၏ ကိုင်းတောကြီးစခန်းကို ထာဝစဉ် နှုတ်ဆက်ခွဲခွာခဲ့ခြင်းတည်း။

ရက်နှင့် ဒဲ(န်)နစ်တို့က ညာဘက်သို့ချိုးသွားပြီး ပက်နှင့် ဘန်နေက ချောင်းအောက်ဘက်သို့ ဆင်းသွားသည်။ ကချင်အဖွဲ့သားနှစ်ယောက်၊ ဗိုင်ယာလက်အော်ပရေတာ 'ဇော'၊ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်နှင့် ကျွန်တော်တို့က ဝဲဘက်လမ်းအတိုင်း ကွင်းပြောင်ပြောင်ကြီးကို တစ်ကွေ့ကြီးပန်းကာ ဓားကွင်းတဲတားဆီသို့ ဦးတည်၍လာခဲ့ကြသည်။

ကျွန်တော်တို့အဖွဲ့က ကိုင်းတောကြီးစခန်းမှ စတင်ထွက်ခွာလာသည့်အချိန်တွင် ရန်သူ့ စစ်ရထားတစ်စင်းက နမ့်ကွင်းတဲတားကြီး



ပေါ်မှ ဖြတ်ကျော်ကာ မန္တလေးဘက်သို့ တဂျုံးဂျုံး ခုတ်မောင်းသွားသည်ကို တွေ့လိုက်ရသည်။

ဤစစ်ရထားတစ်စင်းက ကျွန်တော်တို့လက်မှ လွတ်သွားသော်လည်း နောက်လာမည့် ရန်သူ့စစ်ကုရထားမှာ ကျွန်တော်တို့လက်မှ မည်သည့်နည်းနှင့်မျှ လွတ်နိုင်တော့မည်မဟုတ်။

မကြာမီပင် ကျွန်တော်တို့သည် မိုးကောင်း–ဟိုပင် မော်တော်ကားလမ်းမနှင့်ယှဉ်၍ ပြေးနေသော တောလမ်းပေါ်သို့ ရောက်ရှိလာကြ၏။

ရထားလမ်းနှင့်မူ ကိုက်သုံးဆယ်ကျော်ကျော်ကလေးသာ ကွာတော့သည်။

ဖားတစ်ကောင်က တအုံ့အုံ့တအင်အင်နှင့် မိုးခေါ်သံပေးနေသည်။ အနီးရှိတောအုပ်ထဲမှ ငှက်မောင်နှံကလည်း တကျီကျီတကြောကြောဖြင့် တစ်ကောင်နှင့်တစ်ကောင် လှုပ်သံထိုးနေကြ၏။ တောဘဲတစ်ကောင်က ကျွန်တော်တို့ခေါင်းပေါ်မှ ကျော်၍ ဧရာဝတီမြစ်ရှိရာတောင်ဘက်အရပ်သို့ ကြောက်လန့်တကြား ပျံသွားသည်။ တောပန်းတောင်ပန်းတို့၏ ရနံ့ကလည်း လေအသွေးတွင် မွှေးကြိုင်၍လာသည်။ အရှေ့ဘက်ကောင်းကင်တွင် ကြယ်ကလေးအချို့မှာ မျက်နှာကလေး ငယ်ငယ်ဖြင့် ကျွန်တော်တို့အား ငေးစိုက်၍ကြည့်နေကြသည်။ ကောင်းကင်တစ်ပြင်တစ်ခွင်လုံးမှာ တိမ်တောင်တိမ်ရိပ်များကင်းစင်လျက်ရှိသော်လည်း ဘိုးလစန္ဒာငွေသော်တာမှာမူ တောင်စွယ်တောင်တန်းများနောက်ကွယ်တွင် ရှိနေသေးသဖြင့် ဩကာသလောကကြီးတစ်ခုလုံးသည် လင်းတစ်ဝက် မှောင်တစ်ဝက်ဖြစ်နေလေသည်။ ကျွန်တော့် ကျောပိုးအိတ်ထဲတွင် ဆယ့်ငါးပေါင်စီ အလေးချိန်စီးသော

www.burmeseclassic.com

www.burmeseclassic.com



ဒိုက်နမိုက်များမပါ,ပါက နေဝင်ရီတရောအချိန်တွင် လေညင်းခံရင်း လမ်းလျှောက်ထွက်လာသူကဲ့သို့ ဖြစ်နေပေတော့မည်။

ကျွန်တော်တို့သည် ဓားကွင်းလမ်းဆုံသို့ မည်သည့်အနှောင့်အယှက်မျှ မတွေ့ရဘဲ ရောက်ရှိလာခဲ့ကြ၏။ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ထီးထီးကြီးတည်ရှိနေသော ညောင်ပင်ကြီးကို လက်ညှိုးညွှန်၍ပြလိုက်သည်။ တံတားများကို ဖောက်ခွဲပြီးနောက် 'စုရပ်'အဖြစ် သတ်မှတ်ထားသော ညောင်ပင်တည်း။

ဓားကွင်းတံတားတွင် ပစ်သံခတ်သံကြားရပါက ရန်သူအား စစ်မြှူ၍ပေးနိုင်ရန်အတွက် ကချင်အဖွဲ့သားနှစ်ယောက်နှင့် ဝိုင်ယာလက် အော်ပရေတာစောတို့အား ညောင်ပင်အောက်တွင် ချန်ထားခဲ့ပြီး ဂျက်နှင့် ကျွန်တော်တို့က ဓားကွင်းတံတားရှိရာသို့ ချဉ်းကပ်၍ လာခဲ့ကြ၏။

ညအမှောင်မှာ ပို၍သိပ်သည်းလာပြီဖြစ်သည့်အလျောက် ကျွန်တော်တို့သည် အထူးသတိထား၍ လာခဲ့ကြရ၏။ တစ်ကြိမ်လျှင် သုံးလေးလှမ်းမျှသာလှမ်းပြီး ရန်သူ့အရိပ်အခြည်ကို စောင့်၍ကြည့်ကြသည်။ စိတ်ချမှ ဆက်၍လှမ်းပြန်သည်။ ဓားကွင်းတံတားသို့ မရောက်မချင်း ကျွန်တော်တို့ကို မည်သူမျှမမြင်စေလို။ ဓားကွင်းတံတားသို့ ရောက်လာလျှင်လည်း ယခင်တစ်နေ့ကကဲ့သို့ ရန်သူ့အစောင့်တပ်သားနှင့် မတွေ့ရပါစေနှင့်ဟု ဆုတောင်းနေမိသည်။

ကျွန်တော်တို့သည် ဝါးရုံပုတ်ကလေးများကို အကာအကွယ်ယူရင်း ဓားကွင်းတံတားရှိရာသို့ တစ်ကွေ့ကြီး ပန်း၍ လာခဲ့ကြရသည်။

မကြာမီပင် လမ်းနှင့်နီးသည့်နေရာသို့ ရောက်လာခဲ့ကြ၏။ ဟိုပင်



မြို့စွန်ရှိ တဲအိမ်များမှာ ကျွန်တော်တို့နှင့် များစွာမကွာလှတော့။

ဤအချိန်မှာ မြို့စွန်ရှိလူများအားလုံး အိပ်ပျော်နေပြီဟု သတ်မှတ်၍ ရနိုင်သောအချိန်မဟုတ်။ ထို့ကြောင့် ကျွန်တော်တို့သည် ဂျပန်စစ်တပ်ကြီးရှိနေသော မြို့တစ်မြို့ကို လျှို့ဝှက်စွာ ဝင်ရောက်လာရသကဲ့သို့ သဘောထားလိုက်ကြသည်။

ကျွန်တော်တို့သည် ဓားကွင်းတံတားနှင့် ကိုက်ရှစ်ဆယ်ကျော်ခန့်ကလေးသာ ကွာတော့သော လယ်ကွင်းတစ်ခုထဲသို့ ရောက်လာကြသည်။ ကန်သင်းပေါင်ကို အကာအကွယ်ယူကာ တံတားရှိရာသို့ လှမ်း၍အကဲခတ်လိုက်ကြ၏။ ဤအချိန်တွင် သောကတစ်ခုက ကျွန်တော့်ရင်တွင် လာ၍စွဲကပ်လာသည်။

ဂျက်နှင့် ကျွန်တော်က ဓားကွင်းတံတားတွင် ဒိုက်နမိုက်ချည်နေသည့်အချိန်၌ ရန်သူ့စစ်ရထားတစ်စင်း နမ့်ကွင်းတံတားကြီးပေါ်မှ ဖြတ်ကျော်၍လာမည်ဆိုလျှင် ဓားကွင်းတံတားပေါ်၌ရှိနေသော ကျွန်တော်တို့၏ အခြေအနေသည် ရှေ့မတိုးသာ နောက်မဆုတ်သာနှင့် ဖြစ်နေမည်မဟုတ်ပါလား။

နမ့်ကွင်းတံတားကြီးပေါ်သို့ ရန်သူ့စစ်ရထားကြီး ရောက်လာသည်နှင့်တစ်ပြိုင်နက် ရက်နှင့် ဒဲန်နစ်တို့က ရထားကြီးကိုရော တံတားကြီးကိုပါ တစ်ပြိုင်နက် ဖောက်ခွဲဖျက်ဆီးလိုက်ကြမည်မှာ သေချာလှသည်။ ပေါက်ကွဲသွားသောအသံကြီးကြောင့် ဟိုပင်မြို့အတွင်းတွင်ရှိနေသော ဂျပန်တပ်များသည် နမ့်ကွင်းတံတားကြီးရှိရာသို့ လည်းကောင်း၊ ချောင်းအောက်ဘက်ရှိ တံတားရှိရာသို့လည်းကောင်း၊ ကျွန်တော်တို့ ဓားကွင်းတံတားရှိရာသို့လည်းကောင်း ညာသံပေး၍ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြမည်ဖြစ်၏။ ဤအခိုက်တွင် ကျွန်တော်တို့မှာ တံတားကို ဒိုက်နမိုက်ချည်နေတုန်းအချိန် ရှိနေမည်ဖြစ်ရာ ကျွန်တော်တို့အဖို့ ရှောင်၍တိမ်း၍ မလွတ်သာအောင် ဖြစ်နေရတော့မည်မဟုတ်ပါလား။

၁၉း၀၀ နာရီရောက်ပြီးသည့်အချိန်မှစ၍ မန္တလေးဘက်မှ မြစ်ကြီးနားဘက်သို့ တက်သွားသော အဆန်ရထားတစ်စင်းမျှ မရှိတော့၊ မြစ်ကြီးနားမှ စုန်ဆင်းလာမည့် ရန်သူ့ စစ်ရထားများသည် ဓားကွင်းတံတားတွင် ကျွန်တော်တို့ ဒိုက်နမိုက်ချည်ပြီးသည့်အချိန်ရောက်မှ လာတော့မည်ဟု စိတ်ကိုဖြေရတော့သည်။

ဂျက်နှင့် ကျွန်တော်တို့သည် လယ်ကန်သင်းကို အကာအကွယ်ယူနေရာမှ ဓားကွင်းတံတားဆီသို့ တစ်ဟုန်ထိုးပြေး၍ တက်တော့မည်ဟု ဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခတ်မီးရောင်တစ်ခုက တံတားယက်မများပေါ်သို့ ဝှေ့ယမ်း၍ ထိုးကျလာသည်ကို ရုတ်တရက် တွေ့လိုက်ရ၏။ ဓားကွင်းချောင်း ဟိုမှာဘက်ကမ်းပေါ်ရှိ တံတားအစွန်းဘက်တွင် ထိုးကျလာသော မီးရောင်များတည်း။

ဂျက်နှင့် ကျွန်တော်တို့သည် လယ်ကန်သင်းပေါင်တွင် ပြန်၍ဝပ်နေလိုက်ကြရ၏။ ရန်သူ့လှုပ်ရှားမှုကိုလည်း အစွမ်းကုန် နားစွင့်၍ထားသည်။

ကျွန်တော်တို့သည် ကန်သင်းပေါင်ဘေးတွင် ဆယ့်ငါးမိနစ်ခန့်အထိ မလှုပ်မယှက်ဘဲ ဝပ်နေကြပြီး ရန်သူ့အခြေအနေကို အကဲခတ်နေကြ၏။ ဓားကွင်းတံတား၏ ဟိုမှာဘက်ကမ်းထိပ်တွင် အစောင့်စစ်သားတစ်ယောက်က ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ကင်းစောင့်နေသည်မှာ သိသာထင်ရှားလှသည်။



ဂျက်က ကျွန်တော့်ပခုံးကို လက်နှင့်အသာကလေးပုတ်၍ အချက်ပေးလိုက်၏။ လယ်ကွင်းထဲမှနေ၍ တံတားရှိရာသို့ မတက်ဘဲ ဘေးမှပန်းဝိုက်၍တက်ရန် ပေးလိုက်သော အချက်တည်း။

ကျွန်တော်သည် ရှေ့မှသွား၍တက်သွားသော ဂျက်နောက်သို့ တကောက်ကောက်လိုက်လာခဲ့၏။ ဂျက်က အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တံတားတစ်ဖက်ထိပ်ရှိ ရန်သူ့လည်ကုပ်ကို ခုတ်ပိုင်း၍ ချနိုင်ရန် တောလိုက်ဓားကိုလည်း လက်ထဲတွင် အသင့်ကိုင်ထားသည်။ လူတစ်ယောက်အား သွေးအေးအေးဖြင့် သတ်ရမည့်အလုပ်မှာ ရွံမုန်းစရာကောင်းလှသည်။ သို့သော် ကျွန်တော်တို့တာဝန်မှာ ရခိုင်စစ်မျက်နှာတွင် အလူးအလဲခံနေရသော ကျွန်တော်တို့၏ ရဲဘော်ရဲဘက်များအား ရန်သူ့ထောက်ပံ့ရေးလမ်းကြောင်းကို တတ်နိုင်သမျှ ဖြတ်တောက်ပေးခြင်းအားဖြင့် ကူညီရမည်ဖြစ်ရာ ကျွန်တော်သည် ရဲဘော်ရဲဘက်များအတွက် ရန်သူ့စစ်သားတစ်ယောက်အား သွေးအေးအေးဖြင့် သုတ်သင်ပစ်လိုက်ရတော့မည်ဖြစ်၏။

ကျွန်တော်သည် ရှေ့မှ တရိပ်ရိပ်တက်နေသော ဂျက်နောက်သို့ ကပ်၍လိုက်ပါနေတော့၏။ ကျွန်တော်တို့သည် ဓားကွင်းချောင်းနှင့် ဘေးချင်းယှဉ်ကာ ဓားကွင်းတံတားရှိရာသို့ တက်နေကြခြင်းဖြစ်သည်။

ရေပြင်သည် အလင်းရောင်ကင်းမဲ့နေသဖြင့် မင်ကဲ့သို့ မှောင်နေသည်။ မှောင်နေသောရေပြင်ထက်တွင် အရိပ်ကြီးတစ်ခုက အပေါ်မှ စီး၍နေသည်။ ဓားကွင်းတံတားပေတည်း။

ကျွန်တော်တို့သည် တစ်ဖက်ကမ်းသို့ အသံမကြားအောင် ကူးသွားပြီးနောက် ကျွန်တော်တို့၏လုပ်ငန်းကို ဟန့်တားနေသော ရန်သူ့

www.burmeseclassic.com

www.burmeseclassic.com



ကင်းစောင့်တပ်သားအား အသံမပြည်သောသတ်နည်းဖြင့် သတ်လိုက်ရတော့မည်ဖြစ်၏။

ကျွန်တော်တို့သည် ဓားကွင်းချောင်းစပ်သို့ဆင်းကာ အစောင့်ရှိရာ တစ်ဖက်ကမ်းသို့ကူးရန် ဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် မြေငလျင်ကြီးလှုပ်၍မလာမီ တော်လဲသံကြီးပေါ်၍လာသကဲ့သို့သောအသံကိုကြားလိုက်ရပြီး ခဏအတွင်းတွင်ပင် ကျွန်တော်တို့ ဝပ်၍နေသော ချောင်းကမ်းပါးကြီးတစ်ခုလုံး ပြိုကျသွားတော့မည်ကဲ့သို့ဖြစ်သွားသည်ကို သတိပြုလိုက်မိ၏။

ပေါက်ကွဲသံကြီးကား မိုးပြို၍ကျလာသကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှတော့သည်။

ရက်နှင့် ဒဲန်နစ်တို့က နမ့်ကွင်းတံတားကြီးကို ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့ကြပေပြီ။

သြော်...နမ့်ကွင်းတံတား...

ပေါက်ကွဲသံကြီးထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဂျက်နှင့်ကျွန်တော်တို့သည် ချောင်းကမ်းပါးရှိ ချုံပုတ်ထဲသို့ ထိုး၍ဝပ်လိုက်ကြသည်။

ပေါက်ကွဲသံကြီး ပေါ်လာသည်နှင့် မရှေးမနှောင်းပင် အားလုံးသောအရာတို့သည် ဆက်တိုက်ဖြစ်ပေါ်လာသည်ဟု ကျွန်တော့်စိတ်ထဲတွင် ထင်မှတ်နေမိသည်။ ရန်သူတို့၏ အော်ဟစ်အမိန့်ပေးသံများ ပစ်ခတ်သံများ တံတားရှိရာသို့ တဖုန်းဖုန်း တဒိုင်းဒိုင်း ပြေးလာသောခြေသံများနှင့်အတူ နေကဲ့သို့လင်းသော လက်နှိပ်ဓာတ်မီးရောင်များသည် တံတားသုံးခုရှိရာသို့ ဝင်းခနဲ လက်ခနဲ ကျရောက်နေတော့



သည်။ မော်တော်ဆိုင်ကယ် စက်နှိုးသံများနှင့် ခရာမှုတ်သံများကလည်း ကမ္ဘာမီးလောင်ရာတွင် ဆီမီးခွက်ဝင်၍တောက်သကဲ့သို့ ဖြစ်နေလေသည်။

ရန်သူ့ဘက်မှ အရပ်ရှစ်မျက်နှာမကျန်ရအောင် ထောင့်စိတ်ကွက်စိုက်ထိုးနေသော လက်နှိပ်ဓာတ်မီးရောင်များအနက် အားကောင်းသော လိပ်နှိပ်ဓာတ်မီးရောင်တစ်ခုက ကျွန်တော်တို့နှစ်ယောက်ဝပ်၍နေသော ချုံပုတ်ကလေးပေါ်သို့ ယှက်ဖြာ၍ကျလာသည်။

ကျွန်တော်တို့သည် အသက်ကိုပင် ပြင်းပြင်းမရှူရဲဘဲ သစ်တုံးကဲ့သို့ ငြိမ်၍နေလိုက်ကြ၏။ လက်နှိပ်ဓာတ်မီးရောင်သည် ကျွန်တော်တို့ဝပ်နေသော ချုံပုတ်ပေါ်မှ ချောင်းအလယ်သို့ ရောက်သွားပြန်သည်။

ဂျက်နှင့် ကျွန်တော်တို့သည် သက်ပြင်းတစ်ချက်စီ ချလိုက်မိကြ၏။ သည်နေရာတွင် ကြာကြာနေ၍ဖြစ်တော့မည် မဟုတ်သော်လည်း တွက်လိုက်မိကြသည်။ ထို့ကြောင့် ကျွန်တော်တို့ဝပ်နေသော ချုံပုတ်ပေါ်မှ ဓာတ်မီးရောင် ချောင်းအလယ်ခေါင်သို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် ဂျက်နှင့် ကျွန်တော်တို့သည် စုရပ်အဖြစ် သတ်မှတ်ထားသော ညောင်ပင်ကြီးရှိရာသို့ တစ်ရှိန်ထိုး ပြန်၍ပြေးလာခဲ့ကြ၏။

ရန်သူဘက်မှ လက်နှိပ်ဓာတ်မီးရောင်သည် ကျွန်တော်တို့ဆီသို့ ရုတ်တရက်ပြန်၍ရောက်လာရန် ဟန်ပြင်လျက်ရှိနေသည်ကို သတိပြုမိလေသည်။ ဂျက်နှင့် ကျွန်တော်သည် နီးရာချုံပုတ်တစ်ခုအတွင်းသို့ မှောက်၍ဝပ်လိုက်ကြပြန်သည်။ ဤအချိန်တွင်ပင် ချောင်းအောက်ဘက်ရှိ တတိယတံတားပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပက်နှင့် ဘန်နေတို့က တတိယတံတားကို ရန်သူများ ပတ်ပတ်လည် ဝန်းရံနေသည့်ကြားမှ အောင်မြင်စွာ ဖောက်ခွဲဖျက်ဆီးပစ်နိုင်ခဲ့ပေပြီ။

လှုပ်လှုပ်ရှားရှားဖြစ်နေသော လက်နှိပ်ဓာတ်မီးရောင်များကြောင့် ဟိုပင်မြို့တွင်းမှ အလန့်တကြား စုပြုံ၍ထွက်လာကြသော မြို့သူမြို့သားများကို ဝိုးတဝါး လှမ်း၍မြင်နေရ၏။

ရန်သူဘက်မှ ရမ်းသန်း၍ ပစ်ခတ်လိုက်သော သေနတ်သံများကလည်း ဆူညံလျက်ရှိသည်။ လက်နှိပ်ဓာတ်မီးရောင်များကလည်း ကြယ်စုကလေးများ ပြိုင်၍ လက်နေကြသကဲ့သို့ရှိနေ၏။ သို့သော် မကြာမီပင် ပေါက်ကွဲသံများနှင့် ဆူဆူညံညံ အသံဗလံများရပ်သွားကာ နမ့်ကွင်းတံတားတစ်ဝိုက်တွင် တိတ်ဆိတ်သွားပြန်၏။ ဓားကွင်းတံတားပေါ်တွင် စုန်ချည် ဆန်ချည် လှုပ်ရှားနေသော ဓာတ်မီးရောင်များကို ကြည့်ရခြင်းအားဖြင့်လည်း အနည်းဆုံး အစောင့်စစ်သား ခြောက်ယောက် တံတားပေါ်တွင်ရှိနေကြောင်း သိသာနိုင်သည်။ တံတားတွင် ဒိုက်နမိုက်ပင် မချည်ရသေးသော ကျွန်တော်တို့သည် ဤကဲ့သို့ ကမ္ဘာတုန်အောင် ကြောက်လန့်တကြား လှုပ်ရှားနေသော အချိန်၌ အဘယ်မှာလျှင် ဓားကွင်းတံတားကို ဖောက်ခွဲဖျက်ဆီး၍ ရနိုင်ပါတော့အံ့နည်း။

ကျွန်တော်တို့သည် တံတားပေါ်မှ အစောင့်စစ်သားများ ဟိုမှာဘက် တံတားထိပ်ဆီသို့ လှည့်သွားခိုက်တွင် ဝပ်နေရာမှ ထ၍ ပြေးလာခဲ့ကြပြန်သည်။ မကြာမီပင် စုရပ်အဖြစ် သတ်မှတ်ထားသော



ညောင်ပင်ကြီးဆီသို့ ရောက်ရှိလာခဲ့ကြ၏။ ဝိုင်ယာလက် အော်ပရေတာ စောနှင့် ကချင်အဖွဲ့သားနှစ်ယောက်က ကျွန်တော်တို့ကို စိုးရိမ်တကြီး စောင့်ကြိုလျက်ရှိနေကြသည်။ ဂျက်က ဓားကွင်းတံတားတွင် ကျွန်တော်တို့နှစ်ယောက် မည်သို့မည်ပုံ အရှုံးပေး လက်မြှောက်ခဲ့ရကြောင်း အကျဉ်းချုံး ပြောပြလိုက်ရ၏။ မည်သို့ပင်ဖြစ်စေ နမ့်ကွင်းတံတားကြီးနှင့် ချောင်းအောက်ဘက်မှ တံတားကိုမူကား ကျွန်တော်တို့ ဘက်တော်သားများက ကောင်းစွာဖျက်ဆီးဖောက်ခွဲနိုင်ခဲ့သည်ဟု ယူဆကြသည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်မှာ အိန္ဒိယပြည်ရှိ ဌာနချုပ်သို့ မန္တလေး–မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းမှ အရေးကြီးသော သွေးကြောကြီးတစ်ခုကို ကျွန်တော်တို့က ဖြတ်တောက်နိုင်ခဲ့ပြီဖြစ်ကြောင်း အမြန်ဆုံးသတင်းပို့နိုင်ရန် ဆန္ဒပြင်းပြလျက်ရှိနေသည်။

ကျွန်တော်တို့သည် လူစုံလျှင်စုံချင်း သုံးဆယ့်ခုနစ်မိုင်ဝေးသော ကန္တာရခရီးကြမ်းကို ပြန်၍တပ်ခေါက်ကြရမည်ဖြစ်ကာ အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်က ကျွန်တော်တို့အား ခရီးမစမီ တစ်ရေးလောက်စီ အိပ်ထားကြဟု ညွှန်ကြားလိုက်၏။ စိတ်ရောကိုယ်ပါ ပင်ပန်းနေသော ကျွန်တော်သည် ညောင်ပင်ခြေရင်းတွင် လဲလျောင်းရင်း အိပ်ပျော်ရန်ကြိုးစားကြည့်သည်။ ဓားကွင်းတံတားရှိရာသို့ လာခဲ့ရာတွင်လည်းကောင်း၊ ဓားကွင်းတံတာမှ ပြန်၍ပြေးလာခဲ့ရရာတွင်လည်းကောင်း၊ ကျွန်တော်တို့သည် တစ်ကွေ့ကြီးပန်းဝိုက်၍ အမောတကော လာခဲ့ရသောကြောင့် ကျွန်တော့်တစ်ကိုယ်လုံးမှာ နာကျင်ကိုက်ခဲလျက်ရှိသည်။ မောလိုက်သည်မှာလည်း ပြောမပြ၍ပင်မရတော့။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ရန်သူက ကျွန်တော်တို့နှင့် နီးကပ်လျက်ရှိသောကြောင့် ကျွန်တော်သည် မျောက်မျဉ်းအိပ်ပျော်ရုံမျှသာ အိပ်ပျော်ခဲ့၏။ ကျွန်တော့် အတ္တဘောကြီးက အိပ်ပျော်နေသော်လည်း ကျွန်တော့်စိတ်အစဉ်မှာ ရန်သူ့ အသံဗလံများကို အမြဲနားစွင့်လျက်ရှိနေသည်။

ည ၁၁ နာရီခွဲသည်နှင့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ဝိုင်ယာလက် အော်ပရေတာစောနှင့် ကချင်အဖွဲ့သားနှစ်ယောက်ကို လှုပ်၍နှိုးလိုက်၏။ ကျွန်တော့်မှာ သူ့လိုပင် တစ်ခါတစ်ခါ မျောက်မျဉ်းအိပ်ပျော်နေသည်ကို သိနေပုံရ၏။ ထို့ကြောင့် ဂျက်က ကျွန်တော့်အား နှိုးရန်မလိုဟု ယူဆထားပုံရသည်။

ကျွန်တော်သည် အခြားအဖွဲ့သားသုံးယောက်ထက် စော၍ လှဲနေရာမှ ထလိုက်၏။ ဤအချိန်သို့ရောက်လာသည့်တိုင် ကျွန်တော်တို့၏ ရဲဘော်ရဲဘက်များဖြစ်သော ပက်၊ ရက်၊ ဒဲန်နစ်နှင့် ဘန်နေတို့က ပြန်လည်ရောက်ရှိလာရခြင်း မရှိသေး။

အကယ်၍သာ မူလအစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ရမည်ဆိုပါက ကျွန်တော်တို့သည် ည ၁၁ နာရီခွဲသည်နှင့် တစ်ပြိုင်နက် စုရပ်ဖြစ်သော ညောင်ပင်ကြီးအောက်မှ မိုးကြိုးပစ်စခန်းရှိရာသို့ စတင်ထွက်ခွာကြရမည်ဖြစ်၏။ သို့သော် နမ့်ကွင်းတံတားကြီးနှင့် ချောင်းအောက်ဘက်မှ တတိယတံတားကို အောင်မြင်စွာ ဖောက်ခွဲဖျက်ဆီးပစ်နိုင်ခဲ့သော ရောင်းရင်းကြီးလေးယောက်က ယခုအချိန်အထိ ပြန်လည်ရောက်ရှိမလာသောအခါ ကျွန်တော်တို့ စိတ်ထဲ နှလုံးထဲ၌ နာကျင်ပြင်းပြသော ဝေဒနာတစ်မျိုးကို ခံစားနေကြရ၏။ နှလုံးသားက စကားပြောသော ရောင်းရင်း ရဲဘော်စိတ်ဆိုသည်မှာ ယခု ကျွန်တော်တို့စိတ်ထဲ နှလုံးထဲ၌ ခံစားနေရသော စိတ်မျိုးပင် ဖြစ်လေမည်လား။



"တစ်ခုခုတော့ဖြစ်နေပြီ။ ဒီအချိန်ဆိုရင် ဒီလူတွေ ဒီနေရာကို ရောက်လာဖို့ကောင်းပြီ။ အန္တရာယ်တစ်ခုခုနဲ့ ရင်ဆိုင်နေရလို့သာ ဒီလူတွေ ဒီကိုမလာနိုင်ဘဲ တောနက်တဲ့နေရာကို ပြေးဝင်သွားတာ ဖြစ်ရမယ်။ ကျုပ်တို့ နောက်ထပ်ပြီး ၁၅ မိနစ်လောက် စောင့်ကြရအောင်။ ဒီလိုစောင့်နေတဲ့အချိန်မှာ ကဲ...ဂျွန်ရေ၊ မောင်ရင်က ဓားကွင်းတံတားဆီကိုသွားပြီး အခြေအနေကို အကဲခတ်ပါဦး၊ တံတားပေါ်မှာ အစောင့်တွေမရှိတော့ဘူးဆိုရင် ကျုပ်တို့က ကျုပ်တို့တာဝန်ကို ဆက်ပြီး လုပ်ကြရအောင်။ ဒါမှလည်း ကျုပ်တို့ရောင်းရင်း ရဲဘော်တွေ အပေါ်မှာ သစ္စာရှိရာရောက်မယ်။ တကယ်လို့ အနီးအနားတစ်ဝိုက်မှာ ဂျပန်တွေမရှိဘူးဆိုရင် ကျုပ်တို့က လင်းအားကြီးအချိန်အထိ ကျုပ်တို့ရဲဘော်တွေကို ဒီနေရာကစောင့်မယ်။ ကဲ...ဂျွန်ရေ...တံတားဆီကိုသွားပြီး အကဲခတ်လိုက်စမ်းပါဦး"

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ကျွန်တော့်အား အေးဆေးတည်ငြိမ်သောလေသံဖြင့် ပြောလိုက်၏။ ဂျက်၏အသံမှာ ငယ်သားတစ်ယောက်အား အထက်အရာရှိတစ်ဦးက အမိန့်ပေးသည့်လေသံမျိုး မဟုတ်ဘဲ သားငယ်တစ်ယောက်အား အကျိုးအကြောင်း အဆိုးအကောင်းကို ဖျောင်းဖျ၍ပြောနေသော မိခင်တစ်ဦး၏ လေသံနှင့် တူနေလေသည်။

ကျွန်တော်သည် ချက်ချင်းပင် စုရပ်ဖြစ်သော ညောင်ပင်အောက်မှ ဓားကွင်းတံတားရှိရာသို့ ဘေးမှပန်းဝိုက်၍ လာခဲ့၏။ တံတားထိပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကပ်လျက်ရှိသော ကုန်းမို့မို့ပေါ်တွင် တစ်ခုတည်းသော အလင်းရောင်ကို ခပ်လှမ်းလှမ်းမှမြင်ရသည်။ ဤအလင်းရောင်မှအပ ဓားကွင်းတဲတားပေါ်တွင် အသက်ဝင်လှုပ်ရှားနေသော အရာဟူ၍ တစ်ခုမျှမတွေ့ရ။

ကျွန်တော်သည် အတန်ကြာမျှ ရန်သူ့အရိပ်အခြေကို အကဲခတ်လိုက်ပြီးနောက် တဲတားရှိရာ ချောင်းစပ်သို့ ဆင်းလာခဲ့သည်။ ညစ်ပေလျက်ရှိသော ကျွန်တော့်ခြေထောက်နှစ်ချောင်းကို ချေးစေးများပျောက်သွားအောင် ဓားကွင်းချောင်းထဲတွင် ဆေးလိုက်ရလျှင် ကောင်းမည်ဟု စိတ်ကူးရလာသည်။ ခြေအိတ်နှင့် စစ်ဖိနပ်ကို မချွတ်တမ်း ဝတ်ထားခဲ့ရသောကြောင့် ကျွန်တော့်ခြေဖဝါးနှစ်ဖက်မှာ ပုပ်စော်နံလျက်ရှိသည်။

ကျွန်တော်သည် မားကွင်းတဲတားနှင့် ကိုက် ၂၀ သာကွာသော ချောင်းစပ်၌ အသာအယာထိုင်ချလိုက်ပြီးနောက် တဲတားရှိရာသို့ လှမ်းမျှော်၍ကြည့်လိုက်၏။ လှုပ်ရှားမှုဟူ၍ တစ်ခုမျှမတွေ့ရ။ ဂျပန်စစ်သားများသည် နမ့်ကွင်းတဲတားကြီးနှင့် ချောင်းအောက်ဘက်မှ တဲတားနှစ်ခုဖောက်ခွဲဖျက်ဆီးခြင်းခံရပြီးနောက် ရန်သူသည် ဤနေရာမှ ထွက်ခွာသွားလေပြီဟု စိတ်ချနေဟန်တူသည်။ တဲတားပေါ်တွင် မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရ။

ကျွန်တော်သည် ခြေအိတ်နှင့် စစ်ဖိနပ်များကိုချွတ်လိုက်ပြီးနောက် ကျွန်တော့် ခြေထောက်နှစ်ချောင်းကို ရေထဲသို့ချလိုက်၏။

ချေးစေးများဖြင့် စစ်ဖိနပ်ထဲတွင် ပိတ်လှောင်ထားခြင်းခံရသော ခြေဖဝါးနှစ်ဖက်မှာ အေးမြသောရေနှင့် ထိတွေ့လိုက်ရသောကြောင့် စိမ့်ခနဲဖြစ်သွားကြသည်။ သို့သော် ခံစားမှုက အရသာရှိလှ၏။ မီးဖိုထဲမှနေ၍ အနောဒတ္တရေအိုင်ထဲသို့ သက်ဆင်းရသကဲ့သို့တည်း။



ကျွန်တော်သည် ခြေထောက်နှစ်ချောင်းကို အေးမြသောရေထဲတွင် နှစ်ထားမိရုံသာမက ဒူးနှစ်ဖက်ကိုလည်း နှံ့လိုက်မိ၏။ ရေများလုံစီကာ ထလာသည်။ ခဏအတွင်းတွင်ပင် ရိုင်ဖယ်သေနတ်သံတစ်ချက် ပေါ်ထွက်လာပြီး ကျည်ဆန်ထိပ်ဖူးတစ်ခုက ကျွန်တော့်အနားမှ ဖြတ်၍ပြေးသွားသည်။ ရန်သူသည် ဆည်ဝမှ ဗျိုင်းစောင့်သကဲ့သို့ ကျွန်တော်တို့ကို စောင့်နေလေသည်တကား။ ကျွန်တော်သည် ရေထဲမှ ခြေထောက်နှစ်ချောင်းကို ပြန်၍ထုတ်လိုက်ပြီး ဖိနပ်နှစ်ဖက်ကို အလျင်စလိုစွပ်လိုက်သည်။ ဤအချိန်တွင် ဒုတိယမြောက် ရိုင်ဖယ်သေနတ်သံတစ်ချက် ပေါ်ထွက်လာပြန်သည်။ ကျွန်တော်သည် ဘာမျှစဉ်းစားမနေတော့ဘဲ စုရပ်ရှိရာ ညောင်ပင်ကြီးဆီသို့ ကွေ့ကောက်သောလမ်းကို အသုံးပြုရင်း ပြန်၍ပြေးလာခဲ့၏။

ပထမဆုံး ကျွန်တော်သတိပြုမိသောအရာကား ကျွန်တော့် ခြေဖဝါးနှစ်ဖက်တွင် ခြေအိတ်များ ပါမလာဟူသောအချက်ပင် ဖြစ်၏။ ခြေအိတ်နှင့် ဝတ်နေကျစစ်ဖိနပ်ကို ခြေအိတ်မပါဘဲဝတ်၍ ပြေးလာရသောအခါ ခြေဖဝါး အသားနုနုများမှာ ကျားလျှာနှင့် အတိုက်ခံရသကဲ့သို့ မခံချိမခံသာဖြစ်နေရ၏။ သို့သော် နောက်မှ တဒိုင်းဒိုင်းပစ်ခတ်နေသော သေနတ်သံက ကျွန်တော့်ကို မှောင်နှင့်မည်းမည်းထဲတွင် ရမ်း၍,သန်း၍ ပြေးနေစေသည်။ အရေးထဲတွင် ဒူးဆစ်လောက်နက်သော ရွှံ့ဗွက်အိုင်ကြီးတစ်အိုင်ပေါ်သို့ တက်နင်းမိလျက်သား ဖြစ်နေပြန်သည်။ ကြောက်အားလန့်အားနှင့် ရွှံ့အိုင်တွင်းမှ အတင်းရုန်း၍ တက်လိုက်သောအခါတွင်ကား ကျွန်တော့်ခြေထောက်တွင် ဖိနပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မျှ ပါမလာတော့။

စုရပ်ရှိရာ ညောင်ပင်ကြီးအောက်သို့ ကျွန်တော်ရောက်သွားသည့် အချိန်တွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်နှင့်တကွ ဝိုင်ယာလက် အော်ပရေတာစော၊ ကချင်အဖွဲ့သားနှစ်ယောက်တို့မှာ ညောင်ပင်အောက် မှ တောအုပ်ရှိရာဘက်သို့ ထွက်သွားကြပြီဖြစ်ကြောင်း တစိုက်စိုက် လှုပ်ရှားနေသော အရိပ်များကြောင့် သိလိုက်ရ၏။

ကျွန်တော်သည် အရေးထဲတွင် ခြေဆော့လက်ဆော့ဖြစ်မိသော ကျွန်တော့်ကိုယ်ကို ပြန်၍ကျိန်ဆဲလိုက်မိသည်။ အရေးကောင်းလျှင် ဒိန်းခေါင်းဖျက်ဆိုသည်မှာ ကျွန်တော့်လိုအကောင်မျိုးပင် မဟုတ်ပါ လား။

ကျွန်တော်သည် မိမိတို့တာဝန်ကို အသက်နှင့်ရင်း၍ ကျေပွန် ခဲ့ကြသော ပက်၊ ရက်၊ ဒဲန်နစ်နှင့် ဘန်နေတို့အပေါ်တွင် မလေးမစား အရေးမထားရာ ရောက်နေခဲ့ရပေပြီ။

သို့သော် ယခုအချိန်တွင် မည်ကဲ့သို့မျှ မတတ်နိုင်တော့။ ကျွန် တော်သည် ရှေ့မှ တစိုက်စိုက် ခရီးနှင်လျက်ရှိသော ဂျက်နှင့် အဖွဲ့ သားများဆီသို့ ဒုံးစိုင်း၍ အမီလိုက်ရသည်။ မကြာမီပင် ကျွန်တော် သည် ဂျက်နှင့် ပခုံးချင်းယှဉ်မိ၏။

အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်သည် ကျွန်တော့်အား တစ်လုံး တစ်ပါဒမျှ မမေးဘဲ ရှေ့သို့သာ သုတ်သုတ်ကြီး ခရီးနှင်လျက်ရှိနေ သည်။ ကျွန်တော်တို့နောက်မှ ရမ်းသန်းပစ်ခတ်လိုက်သော သေနတ် သံများကား ငရဲပွက်သကဲ့သို့ ရှိနေတော့၏။

အိန္ဒိယရှိ ဌာနချုပ်သို့ ရန်သူတို့၏ ထောက်ပံ့ရေးလမ်းကြောင်း



တွင် သွေးကြောကြီးတစ်ခုဖြစ်သော နမ့်ကွင်းတံတားကြီးကို ကျွန်တော် တို့အဖွဲ့က ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ကြောင်း သတင်းပို့ရန်မှာ အရေး အကြီးဆုံးဖြစ်၏။ ဒုတိယအရေးအကြီးဆုံးမှာ စုရပ်ရှိရာ ညောင်ပင် ကြီးသို့ အချိန်တန်သည်ထက် ပို၍ နောက်ကျပါလျက် ရောက်လာ ခြင်းမရှိသော အဖွဲ့သားလေးယောက်အား ကင်းထောက်လေယာဉ် များ စေလွှတ်၍ ရှာဖွေခိုင်းရန်ပင် ဖြစ်သည်။

ကျွန်တော်တို့သည် တစ်နာရီတိတိကြာအောင် သုတ်သုတ်ကြီး ခရီးနှင်ခဲ့ကြပြီးနောက် လမ်းတွင် ဆယ်မိနစ်သာ ရပ်နားသည်။ ထို့နောက် မိုးကြိုးပစ်စခန်းရှိရာသို့ လာခဲ့သောလမ်းအတိုင်း ဆက်၍ ချီတက်လာခဲ့ကြ၏။ အမှောင်ထဲတွင် ကြောင်ကဲ့သို့ မျက်စိရှင်လှ သော ဂျက်သည် ကျွန်တော်တို့အား ချီတက်လာစဉ်က ကဲ့သို့ပင် ပိန်းပိတ်အောင်မှောင်နေသော တောထဲ၌ ခေါင်းဆောင်၍လာခဲ့၏။ ဖိနပ်မပါ ဗလာအလျှဉ်းဖြစ်နေသော ကျွန်တော်မှာ ကံယုံ၍ ဆူးပုံကို ခုန်နင်းသူကဲ့သို့ ဖြစ်နေရလေသည်၊ သည်အထဲတွင် တောကြက် ပင့်ကူများကို တက်နင်းမိမည်ကိုလည်း ကြောက်နေရ၏။ တက်နင်းမိ မည်ဆိုပါက ကျွန်တော်သည် ရန်သူ့လက်ချက်ဖြင့် မသေဘဲ တော ကြက်ပင့်ကူ၏ လက်ချက်ဖြင့် အနိစ္စသဘော ကိစ္စချောရပေတော့ မည်။

တစ်ညနှင့် တစ်နေ့မျှ ခရီးပြင်းနှင်လာခဲ့ကြပြီးနောက် ကျွန်တော် တို့သည် ဇာတ်လိုက်မင်းသားကြီး အော်စကာရှိရာသို့ ဆိုက်ရောက်လာ ခဲ့ကြ၏။ ခန့်ချောကြီးချောသော အော်စကာသည် တရုတ်ဘိုင်းမှောင်ခို ဂိုဏ်းသမားယောင် ဆောင်ထားသော အဝတ်အစားများဖြင့် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ကို ဆီးကြိုနေသည်။ ဂျက်က ကျွန်တော်တို့ခရီးစဉ်နှင့် နမ့်ကွင်းတံတားကြီးအကြောင်းကို ခရေစေ့တွင်းကျပြောပြရင်း အိန္ဒိယဌာနချုပ်သို့ ပေးပို့ရန် သတင်းရေးနေသည်။

"နက်ဖြန်ဆိုရင် ဒီနေရာက ခရီးထွက်ကြရအောင်။ ဒီမှာစောင့်နေလို့လည်း အကြောင်းထူးမှာမဟုတ်ဘူး။ တကယ်လို့ ကျုပ်တို့ရောင်းရင်းရဲဘော်တွေ ဒီနေရာကိုရောက်လာလို့ရှိရင်လည်း သူတို့သိနိုင်အောင် သစ်ပင်တစ်ပင်မှာ လျှို့ဝှက်စကားသုံးပြီး စာရေးထားခဲ့မယ်။ သူတို့အတွက် ရိက္ခာကိုလည်း လုံခြုံတဲ့နေရာမှာ အမှတ်အသားလုပ်ပြီး ထားပေးခဲ့မယ်။ ဒီအတွင်းမှာ ကျုပ်တို့အတွက် ရိက္ခာလာပို့ဖို့လည်း အကြောင်းကြားလိုက်မယ်။ ကျုပ်တို့ဟာ ဒီစခန်းကနေပြီး ပူတာအိုမှာရှိတဲ့ 'ဖို့ဟာဒ်(စ်)'ကို အရောက်ချီတက်ကြရလိမ့်မယ်။ ကျုပ်တို့ရဲ့ အနောက်ဘက်မှာ ကုမ့်တောင်တန်းရှိပြီး အရှေ့ဘက်မှာ တြိဂံဒေသ ရှိလိမ့်မယ်။ အဲဒီနှစ်ခုကြားမှာရှိတဲ့ ချိုင့်ဝှမ်းကနေပြီး 'ဖို့ဟာဒ်(စ်)'အရောက် ချီတက်ကြရလိမ့်မယ်"

ခေါင်းဆောင်ဖြစ်သူ ဂျက်၏စကားအဆုံးတွင် ကချင်အဖွဲ့သားနှစ်ယောက်က တပြုံးပြုံးဖြစ်နေကြ၏။ အဘယ်ကြောင့်ဆိုသော် ကချင်တောင်တန်းကြီး၏ မြောက်ဘက်တွင်ရှိသော ဖို့ဟာဒ်(စ်)သို့ ချီတက်ကြရမည် ဖြစ်သောကြောင့်တည်း။

◆

( ၉ )

နောက်တစ်နေ့နံနက်တွင် အိပ်ရာမှ စောစောထကြပြီးနောက် ယာယီဆောက်လုပ်ထားသော တဲစခန်းနှင့် အသုံးအဆောင်များကို အစအနမှ မထပ်ရအောင် ဖျောက်ဖျက်ပစ်လိုက်ကြ၏။ ပက်၊ ရက်၊ ဘန်နေနှင့် ဒဲန်နစ်တို့ရောက်လာလျှင် အလွယ်တကူ ထုတ်ယူစားသုံးနိုင်ရန်အတွက် ရိက္ခာခြောက်အချို့ကို တောင်ကမ်းပါးရံ တစ်နေရာတွင် တွင်းတူး၍မြှုပ်ထားကြပြီး သစ်ပင်တစ်ပင်တွင် ရိက္ခာရှိသောနေရာကို ညွှန်းထားသည့် လျှို့ဝှက်စာကို ဓားဦးဖြင့်ထွင်း၍ ရေးထားခဲ့ကြ၏။

ပေါင် ၄ ပေါင်ခန့်စီလေးသော ကျောပိုးအိတ်များကို ထမ်းလျက် သံလိုက်အိမ်မြှောင်ကို အဖော်ပြုကာ အရှေ့ရှုးရှုးသို့ ထွက်လာခဲ့ကြသည်။

တစ်စတစ်စ မြင့်တက်၍လာသောနေသည် ကျွန်တော်တို့အား အသနား အညှာတာမရှိဘဲ မီးနှင့်မြိုက်၍နေသကဲ့သို့ ရှိနေ၏။ မလွဲသာ မရှောင်သာသော ရွှံ့နွံဗွက်အိုင်တို့ကို တွေ့ရသောအခါ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့သည် နွားအုပ်ကြီးတစ်အုပ်ကဲ့သို့ ရုန်းကန်၍သွားကြရ၏။ တစ်ခါတစ်ခါတွင်မူ ထရံကိုယောင်ထားသကဲ့သို့ မတ်စောက်သော တောင်များကို တက်ကြရပြီးနောက် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများကို အမောတကော ဆင်းကြရပြန်၏။ ညအချိန်တွင် မြေကြီးကို အိပ်ရာလုပ်ကာ အိပ်ကြရသည်။ ခရီးမှာ အလွန်တရာ ပင်ပန်းလှသည်မှန်သော်လည်း မည်သူမျှ မညည်းညူကြ။ နေ့စဉ်စားရသော အာဟာရမှာ ဘီစကွတ်၊ ချော့လက်နှင့် ဆန်ကိုချက်ထားသော ထမင်းပင် ဖြစ်သည်။

ကျွန်တော်တို့သည် တစ်ရက်တာခရီးကို ချီတက်ပြီးသည့်အချိန်တိုင်း အိန္ဒိယဌာနချုပ်သို့ သတင်းပို့သည်။ ဌာနချုပ်မှကြားရသော သတင်းများမှာ ကျွန်တော်တို့အတွက် စိတ်မသက်သာစရာပင် ဖြစ်၏။ မြစ်ကြီးနားမြို့၏ မြောက်ဘက် မိုင် ၉၀ အကွာတွင်ရှိသော 'ဆွမ်ပရာဘွမ်'မှ အင်္ဂလိပ်တပ်များ ဆုတ်ခွာသွားရပြီး မြစ်ကြီးနားမြို့တွင်လည်း ဂျပန်စစ်ကူတပ်များ အများအပြား ရောက်ရှိလာသည်ဟု သိရသည်။

ကျွန်တော်တို့သည် တြိဂံနယ်မြေသို့ရောက်အောင် ဤအရပ်ဒေသများကိုဖြတ်၍ သွားရမည်ဖြစ်ရာ ကျွန်တော်တို့အတွက် ပို၍ အခက်အခဲ အဟန့်အတား ထူပြောလာလေသည်။

ကျွန်တော်တို့သည် ၆ ရက်မြောက်သည့်နေ့အထိ မည်သည့် ကျေးရွာဇနပုဒ်ကိုမျှ မတွေ့ရ။ ဖြတ်သန်းလာခဲ့ရသော ခရီးမှာ ဝါးတောကြီးများ၊ သစ်ပင်ထူသော တောကြီးများသာဖြစ်၏။ ခုနစ်ရက်မြောက်သောနေ့တွင်မူ အတန်ငယ်ကျယ်သော လူသွားလမ်းကလေးတစ်ခုကို



တွေ့လာရ၏။ လူသွားလမ်းကို တွေ့ခြင်းအားဖြင့် အနီးအနားတွင် ကျေးရွာဇနပုဒ်များရှိမည်ဟု ခန့်မှန်းရ၏။ ထို့ကြောင့် ကချင်အမျိုးသားနှစ်ယောက်အား ရှေ့မှနေ၍ ကင်းထောက်ရန် စေလွှတ်လိုက်၏။

အကယ်၍ ကျေးရွာသားတစ်စုံတစ်ယောက်ကို တွေ့ရှိပါက ကျွန်တော်တို့အဖွဲ့သည် အင်္ဂလိပ်ဘုန်းတော်ကြီးတစ်ပါးအား တြိဂံဒေသသို့ ပို့ဆောင်ရန်လာကြကြောင်း သတင်းလွှင့်ထားရန် မှာကြားထားလိုက်သည်။

ကချင်အမျိုးသားနှစ်ယောက်က ရွာရှိမည်ဟုထင်ရသော အရပ်သို့ ထွက်ခွာသည့်အချိန်တွင် ဥပမိရုပ်ကောင်းကာ ရုပ်ပြောင်းရုပ်လွှဲလုပ်ရာ၌ ဝါသနာပါသော လူချောကြီး အော်စကာက အင်္ဂလိပ်ဘုန်းတော်ကြီးဝတ်စုံကိုဝတ်၍ မျက်နှာကိုလည်း အင်္ဂလိပ်ဘုန်းတော်ကြီးနှင့်တူအောင် ရုပ်ဖျက်နေသည်။ ဘုန်းတော်ကြီးဝတ်စုံမှာ ကျွန်တော်တို့ သိမ်းဆည်း၍ယူလာခဲ့သော လေထီးစများကို ပြုပြင်ထားသော ဝတ်စုံပင်ဖြစ်၏။ မုတ်ဆိတ်မွေးဗရပျစ် ညစ်ပေသည့်အဝတ်စားနှင့် ရှိနေကြသော ကျွန်တော်တို့မှာမူ ဘုန်းတော်ကြီး၏ တပည့်တပန်းများ ဖြစ်ကြရမည်ဖြစ်သည်။

များမကြာမီ ကင်းထောက်ထွက်သွားသော ကချင်အမျိုးသားနှစ်ယောက် ပြန်၍ရောက်လာကြ၏။ သူတို့နှင့်အတူ အသက် ၆၀ ခန့်ရှိသော ကျေးတောသားကြီးတစ်ယောက်နှင့် အသက် ၄၀ နီးပါးတစ်ဝိုက်တွင်ရှိမည်ဟုထင်ရသော ရွာသားတစ်ယောက် ပါလာသည်။

အသက် ၄၀ နီးပါးခန့်ရှိသူမှာ အသားအရေ ဖြူဖြူစင်စင်နှင့် အဝတ်ကောင်း အစားကောင်းများကို ဝတ်ဆင်ထားပုံကိုကြည့်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ရှမ်းဗမာ ကပြားတစ်ယောက်ဟု ထင်ရသည်။ အင်္ဂလိပ် ဘုန်းတော်ကြီးဝတ်စုံကို ဆင်မြန်းထားသော အော်စကာက လက်နှစ်ဖက်ကို အပေါ်သို့ဖြန့်၍ မြှောက်လိုက်ပြီး ကောင်းချီးသြဘာ မင်္ဂလာစကားများကို ရွတ်ဆိုနေ၏။ အသက် ၆၀ ခန့်ရှိသော ကျေးတောသားကြီးက အော်စကာ၏ ကောင်းချီးသြဘာ မင်္ဂလာစကားများကို နားစိုက်၍ထောင်နေသော်လည်း အသက် ၄၀ ခန့်ရှိသော ရှမ်းဗမာအမျိုးသားကမူ ကျွန်တော်တို့၏ အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်ကိုသာ ခြေဆုံးခေါင်းဆုံး အပြန်ပြန်အလှန်လှန် ကြည့်ရှုနေသည်။

ဘုန်းတော်ကြီးအော်စကာ၏ ကောင်းချီးသြဘာ မင်္ဂလာစကားများ မပြီးဆုံးသေးမီပင် ရှမ်းဗမာအမျိုးသားက ဂျက်အား ဝမ်းသာအားရသောအသံဖြင့် စ၍ စကားဆိုလိုက်၏။

"ဒူဝါး...ကျွန်တော်တို့ဆီကို ပြန်ရောက်လာပြီကိုး၊ တစ်နေ့တော့ ဒူဝါး ပြန်ရောက်လာမယ်ဆိုတာ ကျွန်တော်တို့ အမြဲယုံကြည်နေပါတယ်"

ရှမ်းဗမာအမျိုးသား၏ စကားကြောင့် ကျွန်တော်တို့ထွင်ထားသော လုပ်ဇာတ်မှာ တစ်မုဟုတ်ချင်း ပျက်သွားရတော့၏။ အဘယ်ကြောင့်ဆိုသော် ရှမ်းဗမာအမျိုးသားမှာ ကျွန်တော်တို့၏ အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်,လက်အောက်တွင် တစ်ခါက သစ်ထုတ်လုပ်ရေး အမှုထမ်းအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်သောကြောင့်တည်း။

ဤရှမ်းဗမာအမျိုးသားသာမက သူ၏ဖခင်ဖြစ်သူမှာလည်း ဂျက်၏ ဖခင်ထံတွင် သစ္စာရှိရှိ အမှုထမ်းခဲ့ဖူးသူ ဖြစ်နေလေသည်။

ရုပ်ပြောင်းရုပ်လွှဲအတတ်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်



သည်ကို အရေးကြုံခိုက် အစွမ်းပြရန် အားခဲထားသော ကျွန်တော်တို့၏ ဇာတ်လိုက်ကြီး အော်စကာခမြာမှာ ရှမ်းဗမာအမျိုးသား၏ စကားကြောင့် ကိုးရိုးကားယား ဖြစ်နေရလေသည်။

ကျွန်တော်တို့က အသက် ၆၀ ခန့်ရှိ ကချင်အမျိုးသားကြီးနှင့် အသက် ၄၀ ခန့်ရှိ ရှမ်းဗမာအမျိုးသားတို့အား ကျွန်တော်တို့နှင့်အတူ ၁၅ ရက်၊ အရက် ၂၀ ခန့် လိုက်ပါရန် ခေါ်ကြ၏။ အစပထမတွင် သူတို့သည် အင်တင်တင်ဖြစ်နေကြသော်လည်း ကျွန်တော်တို့က ငွေနှင့် ဘိန်းများကို လက်ဆောင်ပေးလိုက်သောအခါ တတ်နိုင်သမျှ ကူညီပါမည်ဟု ပြောဆိုလာကြသည်။

ကျွန်တော်တို့သည် ရှေ့သို့ဆက်ရမည့်ခရီးအတွက် ရိက္ခာလိုနေသည်။ ခရီးမဆက်မီ သုံးလေးရက်ခန့်လည်း နားနေလိုကြသေးသည်။ ကချင်အမျိုးသားကြီးက သာဟိုနရွာ တောင်ဘက်ရှိ 'ဆွမ်မ်ပရာဘွမ်' တောထဲတွင် ပုန်းအောင်း၍နေနိုင်ရန် စခန်းကောင်းများရှိကြောင်း ပြောဆိုပြီး ကျွန်တော်တို့အား ခေါ်ယူသွားသည်။

သာဟိုနရွာ တောင်ဘက် နှစ်မိုင်အကွာတွင် ကျွန်တော်တို့ ယာယီစခန်းချလိုက်ကြ၏။ ကျွန်တော်တို့တွင် ရိက္ခာများ နည်းပါးလျက်ရှိခြင်းကြောင့် ရှေ့သို့ ခရီးဆက်ရန် ခဲယဉ်းနေသည်။ အိန္ဒိယရှိ ဗျာနချုပ်သို့ ကြိုးမဲ့ကြေးနန်းဖြင့် မတ်လ ၇ ရက်နေ့ ညတွင် ရိက္ခာများလာရောက်ချပေးရန် သတင်းပို့လိုက်သည်။ ရိက္ခာချပေးရမည့် နယ်မြေအနေအထားကိုလည်း မြေပုံအညွှန်းနှင့်တကွ ပေးပို့လိုက်သည်။

ရိက္ခာလာချပေးမည့်ရက်ကို စောင့်နေစဉ်အတွင်း ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် ကချင်အမျိုးသားကြီးနှင့် ရှမ်းဗမာအမျိုးသားတို့ထံမှ ဂျပန်လက်အောက်သို့ ရောက်နေရသော မြန်မာအမျိုးသားတို့၏ အခြေအနေကို အသေးစိတ် မေးမြန်းစုံစမ်းခွင့်ရခဲ့၏။ အာရှတိုက်ကြီးသာတူညီမျှဝါဒဟူသော ကြွေးကြော်သံဖြင့် စစ်တိုက်လာခဲ့သော ဂျပန်သည် မြန်မာပြည်ကို သိမ်းပိုက်ပြီးသည့်အချိန်၌ မြန်မာတိုင်းရင်းသားများအား ဖက်ဆစ်စနစ်ကို ကျင့်သုံးကာ အရပ်သူအရပ်သားများအား အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းလျက်ရှိနေကြောင်း သိရှိရ၏။

မတ်လ ၇ ရက်နေ့ ည ၂၂:၀၀ နာရီတွင် ကျွန်တော်တို့သည် ကျောပိုးအိတ်များကိုလွယ်လျက် လေယာဉ်မှ ရိက္ခာချပေးရန် သတ်မှတ်ထားသောနေရာသို့ ထွက်ခွာလာခဲ့ကြသည်။ ရိက္ခာချမည့်ကွင်းမှာ ကျယ်လှသည်။ ပတ်ပတ်လည်တွင် သစ်ပင်ပုကလေးများနှင့် ချုံပုတ်ကလေးများသာရှိ၏။ ကျွန်တော်တို့သည် ကိုက် ၈၀ စီကွာသော မီးပုံသုံးပုံကို အနားညီတြိဂံသဖွယ် ပြုလုပ်၍ထားကြ၏။ အနောက်ဘက်ဆီမှ ဒါကိုတာလေယာဉ်ပျံသံကို ကြားရသည်နှင့် တစ်ပြိုင်နက် အသင့်ပြုလုပ်ထားသော မီးပုံသုံးပုံကို တစ်ပြိုင်တည်း မီးရှို့၍ပေးလိုက်သည်။

ဆယ်မိနစ်ခန့်အကြာတွင် ရိက္ခာချပေးမည့် ဒါကိုတာလေယာဉ်ကြီးသည် ကျွန်တော်တို့ခေါင်းပေါ်သို့ ရောက်ရှိလာပြီး အောက်မှ ပြထားသော မီးဖိုမှ မီးရောင်ကိုအဖော်ပြုကာ ရိက္ခာချပေးရမည့် ကွင်းပြင် ပတ်ပတ်လည်ကို လှည့်၍ အကဲခတ်နေလေသည်။

မကြာမီပင် ဖြူ,နီ,ပြာ,ဝါ အရောင်အမျိုးမျိုးဖြာနေသော လေထီးများသည် လေယာဉ်ကြီး၏ ဝမ်းဗိုက်မှ တအိအိဆင်းလာသည်ကို



တွေ့ကြရ၏။ လေယာဉ်မှချပေးလိုက်သော ပစ္စည်းအားလုံးပင် သတ်မှတ်ထားသော ကွင်းပေါ်သို့ တိကျကျရောက်ရှိလာကြ၏။ ဒိုက်နမိုက်များ၊ စည်သွတ်ဘူးများ၊ နို့ဆီများ၊ လက်ဖက်ခြောက်၊ ဘိစကွတ်၊ ချောကလက်၊ စီးကရက်၊ ရှမ်း၊ စစ်ဝတ်စုံများ၊ ဆန်နှင့် ဘိနပ်များ...။

ကျွန်တော်တို့သည် ရိက္ခာများကို ကောက်ယူပြီးနောက် ရိက္ခာထည့်သည့် သေတ္တာများ၊ လေထီးများကို ဖျောက်ဖျက်ပစ်လိုက်ကြ၏။ ပြီးသည်နှင့်တစ်ပြိုင်နက် ရိက္ခာပစ္စည်းများကို အသီးသီးခွဲဝေ၍ ထမ်းပိုးကြပြီး ဆက်လက် ခရီးထွက်ခွာလာခဲ့ကြသည်။

ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ 'ဆင်ဘို'အနီးမှနေ၍ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းသို့ ဖြတ်ကူးရန်တည်း။

ကျွန်တော်တို့သည် အသစ်တွေ့ရှိရသော မဟာမိတ်နှစ်ဦး၏ အကူအညီဖြင့် တစ်ညလုံး ခရီးနှင်ကြရ၏။ ကောက်ကွေ့တောင်တန်းများဆီမှ ဧရာဝတီမြစ်ရှိရာသို့ ဆင်းလာရသော ခရီးတည်း။

မြစ်မင်းဧရာနှင့် များစွာမကွာလှသော တောင်ကမူတစ်ခုသို့ အရောက်တွင် ကျွန်တော်တို့အား လမ်းပြအဖြစ် ခေါ်ဆောင်လာခဲ့သော ရှမ်းဗမာအမျိုးသားက ရုတ်တရက် ရပ်တန့်လိုက်ပြီး ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင်ရှိနေသော ဧရာမ ဂွမ်းလိပ်ကြီးနှင့်တူသည့် ဧရာဝတီမြစ်ပြင်ကို လက်ညှိုးညွှန်၍ ပြလိုက်၏။

မြစ်ပြင်ပေါ်တွင် မြူနှင်းများက တဝေ့ဝေ့ ပြေးလွှားနေကြ၏။

ကျွန်တော်တို့သည် 'ဆင်ဘို'မြို့အစွန်းသို့ ရောက်လာခဲ့ကြပေပြီ။ ဆင်ဘိုသည် ဗန်းမော်မြို့မှ ၃၅ မိုင်ခန့်သာ ကွာသလို တရုတ် မြန်မာ နယ်စပ်နှင့်လည်း ထိုမျှသာကွာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်က တိကျသောဆုံးဖြတ်ချက်ကို ပေးလိုက်၏။

"ဒီအချိန်ဟာ ဘယ်သူမှ အိပ်ရာမနိုးသေးတဲ့အချိန်ပဲ။ ဒီအချိန်ဟာ ရောဝတီကိုဖြတ်ကူးဖို့ အကောင်းဆုံးပဲ။ ကမ်းစပ်မှာတော့ ကျုပ်တို့အလိုရှိနေတဲ့ လှေတွေရှိနေမှာပဲ။ ကဲ...အဖွဲ့ဝင်အားလုံး ဘယ်သူမှ စကားမပြောဘဲ ကမ်းစပ်ကိုဆင်းကြစို့"

ဂျက်က ပြောပြောဆိုဆိုဖြင့် ရှေ့မှခေါင်းဆောင်၍ ရောဝတီမြစ်ကမ်းစပ်သို့ ဆင်းသွားသည်။ ဆင်ဘိုမြို့စွန်ရှိ အရပ်သူအရပ်သားများမှာ ချမ်းချမ်းနှင့် အိပ်ကောင်းနေကြဆဲ ဖြစ်ဟန်တူသည်။ လူသံသူသံဟူ၍ အလျဉ်းမကြားရ။ ကျွန်တော်တို့သည် တစ်ယောက်နောက်မှ တစ်ယောက် စီတန်းကာ ရောဝတီမြစ်ကမ်းစပ်သို့ ခြေသံမကြားအောင် ဆင်းသွားကြ၏။ မြစ်ရေပြင်ပေါ်တွင် နှင်းထုမှာ ပို၍သိပ်သည်းလျက်ရှိနေသည်။ ရေစပ်သို့ရောက်သောအခါ ကမ်းပေါ်တွင်တင်ထားသော လုံးထွင်းလှေ ငါးစင်းကိုတွေ့ရ၏။ လှေများပေါ်တွင်လည်း တက်များ အဆင်သင့်ရှိနေသည်။ တံငါလှေများပေတည်း။

ကျွန်တော်တို့သည် လုံးထွင်းလှေငါးစင်းကို ရေထဲသို့တွန်းချကြပြီးနောက် ပါလာသည့် ဝန်စည်စလယ်များကို လူအလေးချိန်နှင့်ကိုက်အောင် မျှ၍တင်လိုက်သည်။ အဖွဲ့ခေါင်းဆောင် ဂျက်နှင့် ကျွန်တော်က ပထမဆုံးဖြတ်ကူးရမည့်လှေပေါ်တွင် ထိုင်လိုက်ပြီး အော်စကာက ပစ္စည်းနှင့် တစ်ယောက်တည်းလိုက်လာရမည် ဖြစ်သည်။ တတိယမြောက်လှေတွင် ဝိုင်ယာလက်အော်ပရေတာ'ဇော'က ဝိုင်ယာလက် ပစ္စည်းများနှင့်အတူ ဖြတ်ကူးရမည်ဖြစ်၏။ ကချင်အမျိုးသားကြီးနှင့် ရှမ်းဗမာအမျိုးသားတို့က စတုတ္ထလှေတွင် လိုက်ပါလာရမည်ဖြစ်ပြီး ကျွန်တော်တို့၏ အဖွဲ့သားနှစ်ယောက်ဖြစ်သော ကချင်အမျိုးသား နှစ်ယောက်က ပဉ္စမမြောက်လှေတွင် နောက်ရံတပ်အဖြစ် ကွပ်ကဲလာရမည်ဖြစ်သည်။



နှင်းထုများ မြစ်ပြင်ပေါ်တွင် သိပ်သည်းလျက်ရှိရာ လှေတစ်စင်းနှင့်တစ်စင်းကိုပင် အတော်အားစိုက်၍ ကြည့်ယူမှ မည်းမည်းအရိပ်သဏ္ဍာန်လောက်ကိုသာ မြင်နေရ၏။ တစ်နည်းအားဖြင့်ဆိုလျှင် သဘာဝက ကျွန်တော်တို့အား အခွင့်အရေးပေးနေခြင်းပင်တည်း။

သုံးလေးချက်မျှဆောင့်၍ လှော်လိုက်သောအခါ ကျွန်တော်တို့လှေသည် ရေလယ်လောက်နီးနီး ရောက်လာ၏။ နောက်ထပ် သုံးလေးချက်မျှ အားစိုက်၍ လှော်လိုက်သောအခါတွင် ကျွန်တော်တို့သည် မတိုးသာမဆုတ်သာ ဖြစ်နေရသော အခြေအနေနှင့် မမျှော်လင့်ဘဲ ရင်ဆိုင်တိုးနေရတော့၏။

ဆင်ရိုင်းတစ်အုပ်က နံနက်စောစောစီးစီး မြစ်ထဲတွင်ဆင်း၍ ရေချိုးနေလေသည်။

ကျွန်တော်တို့မှာ မမျှော်လင့်ဘဲ တွေ့နေရသော ဆင်ရိုင်းအုပ်ကြောင့် နောက်မှလိုက်လာသောလှေများကိုပင် သတိမပေးနိုင်လောက်အောင် ပျာလောင်ခတ်သွားမိကြ၏။ ရေလယ်တွင် ရန်သူ ဂျပန်များနှင့်တွေ့လျှင် ယခုလောက် ကျွန်တော်တို့ ကြောက်သွားမိမည်မဟုတ်။ ဆင်ရိုင်းကိုမဆိုထားနှင့် ဆင်ယဉ်ကိုပင် မည်သို့ကိုင်တွယ် ထိန်းသိမ်းရမည်ကို နားမလည်သော ကျွန်တော်တို့မှာ လှေထဲတွင် မလှုပ်မယှက်ဘဲ ငုတ်တုတ်ကလေးသာ ထိုင်နေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ နောက်မှလိုက်လာသော လှေကလေးများ ကျွန်တော်တို့အနီးသို့ ရောက်လာပြန်သည်။ လှေငါးစင်းမှာ ရေထဲတွင် ငုပ်လိုက်ပေါ်လိုက်လုပ်ကာ ကစားနေသော ဆင်အုပ်ကြီးကြောင့် လှိုင်းမိသလိုဖြစ်နေပြီး တစ်ဖက်သို့စောင်း၍ မှောက်သွားမလိုဖြစ်နေသည်။ ကျွန်တော်တို့သည် လှော်တက်များကို ရေထဲချ၍ မလှော်ဝံ့ဘဲ လှေမြုပ်မသွားအောင်သာ ထိန်းပေးနေရ၏။ လှေထဲသို့ဝင်လာသောရေများကိုလည်း ခပ်မှန်မှန်ပင် ခပ်ထုတ်ပေးနေရသည်။

ကျွန်တော်တို့က သစ်ငုတ်များကဲ့သို့ လှေပေါ်တွင် မလှုပ်မယှက်ဘဲ ထိုင်နေကြသောအခါ ဆင်အုပ်ကြီးက ကျွန်တော်တို့အား ဂရုမစိုက်ကြတော့ဘဲ မြစ်အောက်ဘက်သို့ တရွေ့ရွေ့စုန်သွားကြသည်။ သည်တော့မှပင် ကျွန်တော်တို့အားလုံး အသက်ပြင်းပြင်းရှူမိကြသည်။ လှေကို ကမ်းရိုးရာသို့ ပြန်၍ ဦးတည်လိုက်ပြီးနောက် ကျွန်တော်တို့ဆက်လက်၍ လှော်ခတ်လာကြ၏။ မြူနှင်းများမှာ မြစ်ပြင်ကိုဖြတ်၍ ထူထပ်စွာကျနေဆဲပင်ရှိသည်။

တစ်ဖက်ကမ်းသို့ရောက်လာကြပြီးနောက် လှေများကို ကမ်းစပ်ပေါ်သို့ ဆွဲတင်နေသည့်အချိန်တွင် ဆင်ဘိုဘက်ကမ်းမှ တံငါသည်အချို့၏ အော်ဟစ်သံများကို ဆူဆူညံညံကြားလိုက်ရ၏။ ယူသွားသော လှေများကို ပြန်ပေးကြပါဟူသော အော်ဟစ်သံပင်တည်း။

ကျွန်တော်တို့သည် ရေစိုနေသော အဝတ်အစားများဖြင့်ပင် ဆက်၍ ခရီးနှင်ခဲ့ကြရ၏။ နံနက်စောစော နှင်းကျသည့်အချိန်တွင် တစ်ကိုယ်လုံး ရေရွှဲရွှဲစိုနေသော ကျွန်တော်တို့မှာ မေးတစ်ဆတ်ဆတ်တုန်အောင် ချမ်းနေကြ၏။ သို့သော် မီးဖိုတစ်ဖို့,ဖိုကာ နားမနေရဲ။



ကျွန်တော်တို့သည် အရှေ့ရှုးရှုးအရပ်သို့ ဦးတည်၍ ချီတက်လာခဲ့ကြ၏။ နှင်းများကွဲသွားပြီးနောက် နေထွက်၍လာသည့်အချိန်တွင် အင်္ကျီများပြန်၍ခြောက်သွားသဖြင့် နေသာထိုင်သာရှိလာသော်လည်း များမကြာမီပင် ပူပြင်းသောနေအရှိန်ကို ခံကြရပြန်သည်။

ကျွန်တော်တို့လူစုထဲတွင် အပင်ပန်းမခံနိုင်ဆုံးမှာ အသက်ခြောက်ဆယ်ခန့်ရှိသော ကချင်အမျိုးသားကြီးပင် ဖြစ်၏။ ကျွန်တော်တို့ထက် အသက် သုံးပြန်လောက်ကြီးသော်လည်း ကျွန်တော်တို့ထမ်းသော အလေးချိန်မျိုးကိုထမ်း၍ မမောမပန်း လှမ်းလာနိုင်သည်။ သူသည် တောတောင်ချောင်းမြောင်း ထူထပ်သောဒေသ၌ နေ့ညမဟူခရီးသွားခဲ့ဖူးသူဖြစ်၏။ သူ့အဖော်ကား နေလနှင့် ကြယ်တာရာများပင်တည်း။

ကျွန်တော်တို့သည် နံနက်စာစားရန်အတွက် ခေတ္တမျှသာနားကာ ဆက်၍ ခရီးပြင်းနှင်ခဲ့ကြ၏။ ပေသုံးထောင်လောက်မြင့်သော တောင်တစ်လုံးကို နှစ်နာရီခန့်ကြာအောင် ခက်ခက်ခဲခဲ တက်ခဲ့ကြရပြီးနောက် ကျောက်တောင်ကြီးတစ်ခု၏ ခြေရင်းတွင်ရှိသော ကျောက်ဂူတစ်ခုသို့ ရောက်လာကြ၏။

ရှေ့မှလမ်းပြခေါ်ဆောင်လာသော ကချင်အမျိုးသားကြီးနှင့် ရှမ်းဗမာ အမျိုးသားတို့က လူတစ်ယောက်တွား၍ ဝင်လောက်ရုံသာကျယ်သော ကျောက်ဂူအဝတွင် ရပ်လိုက်ပြီး ဤကျောက်ဂူထဲတွင် စခန်းချရန်သင့်ကြောင်း ပြောပြကြ၏။

ကျောက်ဂူအဝမှ တွား၍ဝင်ခဲ့ပြီးနောက် သုံးကိုက်ခန့်အကွာသို့အရောက်တွင် တွားရာမှ မတ်တတ်ရပ်လိုက်သောအခါ စောစောက

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းဂူတစ်ခုဟု ထင်ရသော ကျောက်ဂူမှာ ကျယ်ဝန်းသော၊ လေကောင်းလေသန့်ရသော လိုဏ်ဂူတစ်ခုဖြစ်နေသည်ကို တွေ့ရ၏။ ကျွန်တော်တို့အတွက် ရန်သူ့လက်မှလွတ်အောင် လုံခြုံမှုပေးနိုင်မည့် စခန်းပင်တည်း။

ကျွန်တော်တို့သည် ကျောပေါ်မှ အထုပ်အပိုးများကိုချလိုက်ပြီး ညနေစာချက်ပြုတ်ရန် ပြင်ဆင်ကြ၏။ ဝိုင်ယာလက် အော်ပရေတာက အိန္ဒိယရှိ ဌာနချုပ်သို့ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက် ရေးပေးသည့်သတင်းကို ပို့ရန်အတွက် ပြင်ဆင်နေသည်။ ဂျက်က ဤကျောက်ဂူတွင် သုံးလေးရက်ခန့်နားနေမည်ဟု ဆုံးဖြတ်လိုက်လေသည်။

အိန္ဒိယရှိ ဌာနချုပ်မှရရှိသောသတင်းမှာ ကျွန်တော်တို့အတွက် ဝမ်းမြောက်ဖွယ်ကောင်းလှသည်။ နမ့်ကွင်းတံတားကြီးကို ဖောက်ခွဲသည့် စစ်ဆင်ရေးတွင် ကျွန်တော်တို့နှင့် လူချင်းကွဲသွားသူများကို ကောက်ကွေ့ချောင်း တစ်နေရာတွင် ကင်းထောက်လေယာဉ်တစ်စင်းက တွေ့ရှိထားပြီဟူသော သတင်းတည်း။

ဂျက်က ထိုအဖွဲ့သားများရှိရာသို့ ဝိုင်ယာလက်အော်ပရေတာတစ်ဦး လေထီးဖြင့်ချပေးရန် ဌာနချုပ်သို့ ထပ်ခါထပ်ခါ မေတ္တာရပ်ခံသည်။ ထို့ပြင် အဖွဲ့သားများကိုလည်း ကောက်ကွေ့ချောင်းဝှမ်းတွင် လုံခြုံမည့်နေရာ၌ စခန်းချနေစေပြီး သူကိုယ်တိုင် ထိုအဖွဲ့သားများကို လာခေါ်မည့်အကြောင်းကိုလည်း သတင်းပို့ထားသည်။

အသက်လေးဆယ်ခန့်ရှိသော ရှမ်းဗမာအမျိုးသားက ကျွန်တော်နှင့်အတူ ကျောက်ဂူထဲတွင် တစ်ညအိပ်ပြီးနောက် နောက်တစ်နေ့နံနက်တွင် သူ့ရွာသို့ပြန်ပါရစေဟု ခွင့်တောင်းသည်။ သူ့မှာ နီပွန်မြန်မာ သစ်ထုတ်လုပ်ရေးကုမ္ပဏီတွင် အလုပ်လုပ်နေသူဖြစ်ရာ သူ့အိမ်သူ အိမ်သားများ၏ စားရေးသောက်ရေးအတွက် တာဝန်ရှိနေပါသည်ဟု အကြောင်းပြသည်။ သူ့အကြောင်းပြချက်မှာ ကျွန်တော်တို့က ငြင်း၍မရအောင် မှန်ကန်လှသည်။

ထို့ကြောင့် သူ့အား ပြန်၍လွှတ်လိုက်ရတော့သည်။ ကချင်အမျိုးသားကြီးမှာမူ ကျွန်တော်တို့ထံမှ ဘိန်းမှန်မှန်ရနေမည်ကို သိနေသည့်အတွက် ကျွန်တော်တို့နှင့်ပင် ဆက်လက်၍ လိုက်ပါမည်ဟု ကတိပေးသည်။

ကချင်အမျိုးသားကြီးမှာ တောကျွမ်းသူဖြစ်သည့်အလျောက် ဂျက်က ရက်နှင့် ကျန်အဖွဲ့သားသုံးယောက်အား ရှာရန်အသွားတွင် အဘိုးကြီးကို လမ်းပြအဖြစ် ခေါ်ယူသွားသည်။

ဂျက်နှင့် ကချင်အမျိုးသားကြီးတို့ ကောက်ကွေ့ချောင်းဝှမ်းသို့ ခရီးထွက်သွားသည့်နေ့တွင်ပင် ကျွန်တော့်မှာ ဝမ်းကိုက်ရောဂါကို အလူးအလဲခံရတော့၏။ အစပထမတွင် ကျွန်တော်သည် ကျောက်ဂူဝအလွန်ရှိ ကျောက်တုံးကျောက်ဆောင်များအကြားသို့ သွား၍ ထွက်ကာ ကိုယ်လက်သုတ်သင်သည့်အလုပ်ကို လုပ်နိုင်သော်လည်း ပို၍ကြာလာလေ အားနည်းလာလေဖြစ်ကာ ကျောက်ဂူထဲတွင်ပင် နေရာမှ မထနိုင်ဘဲ ကျင်ကြီးကျင်ငယ်များကို စွန့်နေရတော့၏။

အော်စကာနှင့် ကျန်အဖွဲ့သားများကသာ ကျွန်တော့်အား ဂရုစိုက်ရံ့ စိုက်ကြလျှင် ကျောက်ဂူတစ်ခုလုံးမှာ ကျင်ကြီးနဲ့ ကျင်ငယ်များဖြင့် ဆိုးဆိုးရွားရွား ဖြစ်နေပေတော့မည်။ သူတို့က ကျွန်တော့်အား



www.burmeseclassic.com

www.burmeseclassic.com



မရှိမရှာဘဲ ပြုစုပေးကြသောကြောင့်သာ ကျွန်တော့်မှာ သန့်သန့် ပြန့်ပြန့်ရှိနေရသည်။

သို့သော် ရောဂါကား သက်သာသည်ဟူ၍မရှိ။ တစ်နာရီထက် တစ်နာရီ ပို၍သာဆိုးလာသည်။

ဂျက်နှင့် ကချင်အမျိုးသားကြီးတို့ ပြန်လည်ရောက်ရှိလာကြ သော နောက်တစ်နေ့တွင် ကျွန်တော့်မှာ မျော့မျော့ကလေးသာ ကျန် တော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း ခံစားနေရသော ရောဂါမှ ထနိုင်တော့မည်မဟုတ်ဟု အားလျှော့ထားသည်။

ကချင်အမျိုးသားကြီးသည် ခရီးရောက်မဆိုက်ပင် ကျွန်တော့် အခြေအနေကို အကဲခတ်လိုက်ပြီး…

"ရောဂါက တော်တော်ဆိုးနေတယ်။ ဒါပေမယ့် မကြာခင် ပျောက်သွားစေရပါ့မယ်"

ပြန်၍နိုးလာသည့်အချိန်တွင် ကျွန်တော့်မှာ စောစောကထက် နေသာထိုင်သာ ရှိလာသည်။ ပို၍လည်း အားအင်များတိုးတက်လာ သည်ဟု ထင်ရ၏။ အဆက်မပြတ်ဆိုသလို ခံစားနေရသော ဝမ်းကိုက် ရောဂါမှာလည်း သက်သာလာသလိုလို ထင်ရ၏။ ကျွန်တော်၏ ကျင်ကြီးပေါက်မှ အဆက်မပြတ်ဆိုသလို ယိုစီး၍ကျနေသော ကျင် ကြီး အနံ့အသက်များမှာလည်း ပျောက်သွားသလိုဖြစ်နေ၏။

သူ့ဆေးနည်းနှင့်သူ ကျေနပ်မှုရှိနေသော ကချင်အမျိုးသားကြီး က နောက်နှစ်ရက်သုံးရက်ခန့် ဆက်၍ ကျွန်တော့်ကို ဆေးဝါးတိုက် ကျွေးသည်။ မကြာမီပင် ကျွန်တော်သည် ကျောက်ဂူအပြင်ဘက် ထွက်၍ နေစာလှုံနိုင်သည်အထိ အားအင်ပြည့်ဖြိုးလာလေသည်။



ကောက်ကွေ့ချောင်းဝှမ်းသို့ ရက်နှင့် အဖွဲ့သားသုံးယောက်ကို ရှာရန် ထွက်ခွာသွားခဲ့သော ဂျက်မှာ မည်သူ့ကိုမျှ ရှာဖွေစုံစမ်း၍ မရဘဲ လက်လျှော့ကာ ပြန်လာခဲ့ရကြောင်း သိရှိရ၏။ တောင်ခြေ ရှိ ကျေးရွာဇနပုဒ်များမှ စုံစမ်းသိရှိချက်အရ မျက်နှာဖြူအမျိုးသားများ ပါသော အဖွဲ့တစ်ဖွဲ့ကို လွိုင်ကော်ပက်တောင်ခြေအနီးတွင် နောက်ဆုံး တွေ့မြင်လိုက်ရကြောင်း၊ ထိုအဖွဲ့တွင် အဖွဲ့သားသုံးယောက်သာ ပါတော့ကြောင်း သိရှိခဲ့ရ၏။ အဖွဲ့သားလေးယောက်ရှိရမည့်အနက် သုံးယောက်ကိုသာ ကျေးတောသားများက တွေ့ရှိလိုက်ကြသည်ဆို သောကြောင့် မည်သူသည် မည်သည့်အတွက် မည်သည့်နေရာတွင် ပျောက်ဆုံးကျန်ရစ်ခဲ့ကြောင်း ဂျက်ကိုယ်တိုင် မစဉ်းစားတတ်အောင် ဖြစ်နေရလေသည်။

ကျွန်တော်တို့ခြေရာကိုခံ၍ နောက်မှ တကောက်ကောက်လိုက်ပါ လာခဲ့သော ဂျပန်တိုက်ကင်းအဖွဲ့တစ်ဖွဲ့သည် 'ဆင်ဘို'သို့ ရောက်ရှိ လာကြောင်း ကြားသိရ၏။ ဆင်ဘိုမြို့စွန်ရှိ အရပ်သူ အရပ်သားများ က လုံးထွင်းလှေ ငါးစင်းကို ကျွန်တော်တို့အဖွဲ့က အရေးတကြီး အချိန်တွင် ခိုးယူသွားကြောင်းဖြင့် အစစ်ခံကြသည်။ ဂျပန်တို့သည် ဆင်ဘိုဒေသတစ်ဝိုက်ကို မြေလှန်၍ရှာကြသောအခါ ကျွန်တော်တို့ မြှုပ်ထားခဲ့သော လေထီးစများနှင့် ပစ္စည်းများထည့်သော သေတ္တာ များကို တွေ့ရှိသွားကြောင်း ဂျပန်တိုက်ကင်းအဖွဲ့က ကျွန်တော်တို့ ဝေးဝေးသို့ရောက်နိုင်ဦးမည်မဟုတ်ကြောင်း၊ ဆက်လက်၍ ရှာဖွေရန် ထွက်ခွာသွားကြောင်း စသော သတင်းများကိုလည်း ကြားသိရသည်။

ကြားသိရသော သတင်းများအရ ကျွန်တော်တို့သည် သတိကြီး

www.burmeseclassic.com

www.burmeseclassic.com



စွာထား၍ လှုပ်ရှားကြရတော့မည်ဖြစ်၏။

“ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဒီကျောက်ဂူမှာတော့ ဆက်ပြီးနေကြ ရလိမ့်ဦးမယ်။ ကျုပ်တို့နောက်ကို ညှာသံပေးပြီးလိုက်လာတဲ့ ဂျပန် တိုက်ကင်းအဖွဲ့တွေ မောသွားအောင် ကျုပ်တို့ ဒီကပဲ အေးအေးလူလူ ထိုင်ပြီးစောင့်နေမယ်။ ဒီအတောအတွင်း ဒီစခန်းနဲ့ တော်တော်လှမ်း တဲ့နေရာမှာ လေယာဉ်နဲ့ လာရိက္ခာချပေးဖို့ စီစဉ်ရဦးမယ်။ ကျုပ်တို့ အတွက် ပိုပြီးလုံခြုံမှုရအောင် နောက်ထပ် စခန်းခွဲတစ်ခုရှာပြီး ရိက္ခာ တွေကို ဖြန့်ထားရမယ်။ ဒီကျောက်ဂူနဲ့ အနည်းဆုံး မိုင်နှစ်ဆယ် လောက်အကွာမှာ ရှိရမယ်။ ဒီအတောအတွင်းမှာ ကျုပ်တို့ ကချင် အမျိုးသားကြီးကို မြစ်ကြီးနားအထိလွှတ်ပြီး ရန်သူ့အခြေအနေကို ထောက်လှမ်းဖို့ ခိုင်းရမယ်”

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က အဖွဲ့သားများ၏ ဆွေးနွေး ချက်အပေါ်တွင် အခြေပြုကာ ဆုံးဖြတ်ချက်ပေးလိုက်သည်။

ထိုနေ့တွင်ပင် ကျွန်တော်တို့စခန်းချလျက်ရှိသော ကျောက်ဂူနှင့် ခြောက်မိုင်ခန့်ကွာသည့်နေရာတွင် လေယာဉ်ဖြင့် လာရောက်ရိက္ခာချ ပေးရန် အိန္ဒိယရှိ ဌာနချုပ်သို့ သတင်းပို့လိုက်ပြီး ကချင်အမျိုးသား ကြီးကိုလည်း မြစ်ကြီးနားသို့ သတင်းထောက်လှမ်းရန် စေလွှတ် လိုက်၏။

မတ်လ ၂၈ ရက်နေ့ညတွင် အိန္ဒိယရှိ ဌာနချုပ်မှ ကျွန်တော်တို့ သတ်မှတ်ထားသောနေရာသို့ လေယာဉ်ဖြင့် ရိက္ခာလာရောက်ချပေး မည်ဟု သတင်းရသောကြောင့် ထိုနေ့ည စောစောပိုင်းကပင် ကျွန် တော်တို့ ကျောက်ဂူစခန်းမှ ထွက်လာခဲ့ကြ၏။



ကျွန်တော့်မှာ လူကောင်းတစ်ယောက်လို ဖြစ်မလာသေးသည့် တိုင် ရိက္ခာကောက်ရန် လိုက်ပါလာခြင်းဖြင့် ကျွန်တော့်အခြေအနေမှာ ပို၍ကောင်းလာစရာရှိသည်ဟု ယူဆသဖြင့် ဂျက်က အတန်တန် တား နေသည့်ကြားမှ ဇွတ်လိုက်လာခဲ့သည်။

ကျွန်တော်တို့သည် ရိက္ခာထုပ်ငါးထုပ်ကို အနှောင့်အယှက်မရှိ ဘဲ မတ်လ ၂၈ ရက်နေ့ညတွင် ကောက်ယူနိုင်ခဲ့ကြသည်။

မြစ်ကြီးနားသို့ သတင်းထောက်လှမ်းရန် ထွက်ခွာသွားခဲ့သော ကချင်အမျိုးသားကြီးသည် ၅ ရက်အကြာတွင် ကျွန်တော်တို့စခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့၏။ သူ့ထံမှကြားသိရသော သတင်းများမှာ ကျွန်တော်တို့အတွက် အဖိုးတန်လှသည်။ သူသည် ဂျက်ကဖြန့်၍ပြ သော မြေပုံပေါ်၌ မည်သည့်နေရာတွင် ဂျပန်စစ်သားများ စုရုံးလျက် ရှိနေသည်၊ မည်သည့်နေရာတွင် ဂျပန်မော်တော်ကားများထားသည်၊ မည်သည့်နေရာတွင် ခဲယမ်းလက်နက်များ ထားရှိသည်တို့ကို လက်ညှိုး ဖြင့်ထောက်၍ ပြောပြနိုင်သည်။

ကချင်အမျိုးသားကြီး ယူဆောင်လာခဲ့သော ကြက်ဥတစ်ဒါဇင် အနက် ကြက်ဥလေးလုံးကို ကျွန်တော့်အား ကျက်ကျက်ပြုတ်၍စားပါ ဟု ပေးသည်။ ကျွန်တော့်အနေနှင့် အစာအိမ်ထဲတွင် ဝမ်းကိုက်ရောဂါ ကြောင့် ကြေပျက်သွားသော အမြှေးပါးများကို ဤကြက်ဥပြုတ်များက အစားထိုးပေးလိမ့်မည်ဟုလည်း ပြောလိုက်သေးသည်။

ကျွန်တော်သည် ဆရာဝန်လက်သစ်ဖြစ်သော ကချင်အမျိုးသား ကြီးကို လက်ဖျားခါ၍ ချီးကျူးလိုက်မိတော့သည်။

တစ်ရက်နှစ်ရက်အတွင်းတွင်ပင် ကျွန်တော်တို့သည် စခန်းခွဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုရှာရန် ထွက်လာခဲ့၏။ မှတ်မှတ်ရရ ဧပြီလ ၂၇ ရက်နေ့ပင် ဖြစ်၏။

ကျွန်တော်တို့သည် ရှစ်ရက်တိုင်အောင် စိတ်တိုင်းကျဖြစ်မည့် စခန်းချနေရာကို ရှာနေခဲ့ရသည်။ တစ်ခါတစ်ခါ ညဘက်တွင် ခရီးထွက်ပြီး၊ တစ်ခါတစ်ခါ နေ့ဘက်မှာ နယ်မြေအနေအထားကို လေ့လာကြသည်။ ဤရက်များအတွင်း မြန်မာကျေးရွာသားများကို လည်းကောင်း၊ ဂျပန်တိုက်ကင်းအဖွဲ့ကိုလည်းကောင်း မတွေ့ရ။ ကျွန်တော်တို့လှည့်လည်ရှာဖွေနေသော ဒေသမှာ မြေနိမ့်ပိုင်းဖြစ်၍ အသွားအလာရ လွယ်ကူသည်။

ကျွန်တော်တို့သည် တောင်ဘက်တွင်ရှိသော ကျောက်ဂူကဲ့သို့ပင် စခန်းချပြုလုပ်ရန်ကောင်းသော နေရာတစ်ခုကို နောက်ဆုံးတွေ့ရှိကြ၏။ ကျွန်တော်တို့သည် စခန်းဟောင်းမှ ရိက္ခာများကို စခန်းချရန် သင့်လျော်သမျှ သယ်ယူရွှေ့ပြောင်းကြရ၏။ လွန်ခဲ့သောရက်အတွင်းက ဝမ်းကိုက်ရောဂါဖြင့် လဲနေခဲ့သော ကျွန်တော်သည် ယခုအချိန်တွင် လူကောင်းကြီးတစ်ယောက်ဖြစ်နေပြီး ရိက္ခာထုပ်များကိုပင် ကျောပေါ်တွင် သယ်ယူနိုင်ပေပြီ။

မကြာမီပင် အိန္ဒိယရှိ ဌာနချုပ်က ကျွန်တော်တို့အား တာဝန်သစ်တစ်ရပ် ပေးအပ်ခဲ့ပြန်သည်။

မြစ်ကြီးနားအနီးတွင်ရှိသော 'ဝါးရှောင်'တံတားကို ဖောက်ခွဲဖျက်ဆီးပစ်ရန်တည်း။

◆

## ( ၁၀ )

'ဝါးရှောင်'တံတားကို ဖောက်ခွဲဖျက်ဆီးရန်အတွက် ကျွန်တော်တို့သည် ဗန်းမော်မှ မြစ်ကြီးနားသို့ရောက်နိုင်သော မော်တော်ကားလမ်းကို ဖြတ်ကျော်၍ ချီတက်ကြရမည်ဖြစ်၏။

ဗန်းမော်–မြစ်ကြီးနားကားလမ်းနှင့် ပတ်သက်၍ ကျွန်တော်တို့တွင် တိကျမှန်ကန်သောသတင်းများ ရရှိထားခြင်းမရှိ။ 'သာဟိုန်'ရွာအနီးမှနေ၍ ကျွန်တော်တို့နှင့်အတူလိုက်လာသော ကချင်အမျိုးသားကြီးမှာလည်း ဗန်းမော်–မြစ်ကြီးနား မော်တော်ကားလမ်းကို အဝေးမှ မျှော်၍ ကြည့်ဖူးပြီး တစ်ခါမျှ ထိုလမ်းပေါ်သို့ ရောက်ဖူးပေါက်ဖူးခြင်းမရှိ။

ဗန်းမော်မြို့နှင့် မြစ်ကြီးနားမြို့ နှစ်မြို့ကို ဂျပန်တပ်များက သိမ်းပိုက်ထားသည်ကိုထောက်လျှင် ဤမြို့နှစ်မြို့အကြား၌ မော်တော်ကား အသွားအလာရှိရမည်ဟု တွက်ကြည့်မိသည်။ သို့သော် အသွားအလာ မည်မျှများပြားသည်ကိုမူ ကျွန်တော်တို့ ခန့်မှန်း၍မဖြစ်။

ဤကဲ့သို့ အခြေအနေမသိရသေးသော ရန်သူ့လက်ထဲမှ မော်

www.burmeseclassic.com

www.burmeseclassic.com



တော်ကားလမ်းမကြီးတစ်ခုအား ကျွန်တော်တို့လို လူလေး,ငါး,ခြောက် ယောက်သာပါသော အဖွဲ့ကလေးတစ်ဖွဲ့က ဖြတ်ကျော်ရမည်မှာ မလွယ်ကူလှ။ အိန္ဒိယရှိ ဌာနချုပ်ကလည်း 'ဝါးရှောင်'တံတားနှင့် တံတားပတ်ဝန်းကျင်ရှိ အခြေအနေကို သတင်းပို့ပေးခြင်းမရှိ။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်က ကချင်အမျိုးသားကြီးနှင့် ကျွန်တော့်အား မော်တော်ကားလမ်းအခြေအနေကို အတိအကျ ထောက်လှမ်းရန် တာဝန်ပေးလိုက်၏။

လေးရက်စာ ရိက္ခာကို ယူဆောင်ခဲ့ပြီးနောက် ကချင်အမျိုးသားကြီးနှင့် ကျွန်တော်တို့ မော်တော်ကားလမ်းရှိရာသို့ ခရီးထွက်ခဲ့ကြသည်။ ညနေဘက် နေမဝင်မီအချိန်တွင်ပင် ဗန်းမော်-မြစ်ကြီးနားကားလမ်း၏ အနောက်ဘက်အရပ်သို့ ကျွန်တော်တို့ရောက်လာခဲ့ကြ၏။ ကျွန်တော်တို့သည် ဝါးရုံပုတ်တစ်ခုကို အကာအကွယ်ယူပြီးနောက် မော်တော်ကားလမ်း အခြေအနေကို အကဲခတ်ကြသည်။

လမ်းအနောက်ဘက် တောင်ကုန်းပေါ်မှနေ၍ အရှေ့ဘက်သို့ မြင်ရသော ရှုခင်းမှာ သာယာလှသည်။

ကချင်အမျိုးသားကြီးက ရှုမျှော်ခင်းတွင် စိတ်ဝင်စားနေသော ကျွန်တော့်အား အသာလက်တို့လိုက်ပြီး...

"လမ်းပေါ်မှာ အသွားအလာမရှိဘူး၊ ဒီအချိန်မှာ လမ်းကိုဖြတ်ပြီး ကူးရအောင်။ လမ်းတစ်ဖက်မှာရှိတဲ့ တောင်စောင်းကနေပြီးကြည့်ရင် လမ်းအရှေ့ဘက်ကိုရော၊ အနောက်ဘက်ကိုရော အဝေးကြီး မြင်ရလိမ့်မယ်ထင်တယ်"ဟု ပြောလိုက်၏။

ကချင်အမျိုးသားကြီး ပြောသည့်အတိုင်း မှန်ကန်လှသည်။



တစ်ဖက်ရှိ တောင်စောင်းပေါ်မှနေ၍ ကြည့်လိုက်သောအခါ အရှေ့နှင့် အနောက် သွယ်တန်းလျက်ရှိသော ဗန်းမော်-မြစ်ကြီးနားလမ်းမကြီးကို အတိုင်းသားမြင်နေရသည်။

လမ်းကိုကျော်ဖြတ်ခဲ့စဉ်က မော်တော်ကားဘီးရာများကို အထင်အရှားတွေ့ရ၏။ နေရောင်မှာ ကားလမ်းပေါ်တွင် လင်းလျက်ပင် ရှိနေသောကြောင့် ကျွန်တော်သည် ကြာကြာရပ်၍ ကြည့်မနေနိုင်ဘဲ လမ်းတစ်ဖက်သို့ ကူးခဲ့ရ၏။

ကျွန်တော်တို့သည် တောင်စောင်းရှိ ကျောက်တုံးကြီးတစ်ခုကို အကာအကွယ်ယူကာ ဗန်းမော်-မြစ်ကြီးနား လမ်းတစ်လျှောက်ကို မှန်ပြောင်းဖြင့် ထောက်လှမ်းကြည့်ရှုသည်။

ကြည့်ကင်းစခန်းပြုလုပ်ထားသော ကျောက်တုံးကြီးနောက်တွင် သုံးရက်နှင့် သုံးညတိုင်တိုင်လောက်က ရန်သူ့မော်တော်ကားများကို လေ့လာကြည့်သည်။ ဒုတိယမြောက်နေ့တွင် နွားလှည်းတစ်စီး တောင်ဘက်သို့ ပျင်းပျင်းရိရိ တောဘက်သို့မောင်းသွားသည်ကို တွေ့လိုက်ရ၏။ နောက်တစ်နေ့တွင် ကချင်အမျိုးသားတစ်စု ရောင်းချစရာ အထုပ်ကလေးများကို ထမ်း၍သွားသည်ကို တွေ့ရသည်။ ဤမှအပ ဗန်းမော်-မြစ်ကြီးနားကားလမ်းပေါ်တွင် ရန်သူ့လှုပ်ရှားမှုဟူ၍ မတွေ့ရ။

ကျွန်တော်သည် ကားလမ်းတစ်လျှောက်တွင် ကိုယ်တိုင်ဆင်း၍ ကြည့်ရှုသောအခါ ပျက်စီးယိုယွင်းလျက်ရှိသော အင်္ဂလိပ်စစ်တပ်မှ မော်တော်ကားများကိုသာ တွေ့ရသည်။ အင်္ဂလိပ်တပ်များ ဆုတ်ခွာစဉ်က စွန့်ပစ်ထားခဲ့ရသော ထရပ်ကားများပေတည်း။

ထောက်လှမ်းရေးခရီးမှ ပြန်လည်ရောက်ရှိလာကြပြီးနောက် အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်သော ဂျက်အား တွေ့မြင်ခဲ့ရသမျှ သတင်းပို့လိုက်၏။ ကျွန်တော်တို့ ထောက်လှမ်းရေးခရီးထွက်စဉ်အတွင်းကလည်း ရွာနီးချုပ်စပ်မှ ရွာသားများကို ဗန်းမော်-မြစ်ကြီးနား ကားလမ်းနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းထားသည်။ ရွာသားများ၏ ပြောပြချက်အရ အင်္ဂလိပ်စစ်သားတစ်စုသည် ဂျပန်တို့၏ ရိက္ခာစခန်းအချို့နှင့် လက်နက်ခဲယမ်းတိုက်အချို့ကို ဖောက်ခွဲဖျက်ဆီးပစ်သွားကြောင်း ထို့နောက် တောထဲတွင်ပျောက်သွားကြောင်း သိရှိရ၏။

ဂျက်က ရွာနီးချုပ်စပ်မှ ကျေးရွာသားများအား ကျွန်တော်တို့အဖွဲ့သို့ ဝင်ရောက်ရန် သိမ်းသွင်းခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိ။ စစ်စစ်ပေါက်ပေါက် ရွာသားနှစ်ယောက်သာ တြိဂံဒေသတွင်ရှိသော ကချင်လဲဗီးတပ်ဖွဲ့နှင့် ဆက်သွယ်ရန်အတွက် ကျွန်တော်တို့နှင့် လိုက်ခဲ့ပါမည်ဟု ကတိပေးသည်။

ဝါးရှောင်တံတားရှိရာသို့ ကျွန်တော်တို့ထွက်ခွာမလာမီ လေယာဉ်မှ လာရောက်၍ ရိက္ခာများချပေးပြန်သည်။ လက်နက်ခဲယမ်းအချို့နှင့် ရိက္ခာအချို့ကို အခြားအင်္ဂလိပ်တပ်များ ဤဒေသသို့ ရောက်လာခဲ့လျှင် သုံးစွဲနိုင်ရန်အတွက် လျှို့ဝှက်အမှတ်အသား ပြုလုပ်၍ ဝှက်ထားခဲ့ကြ၏။

မေလ ပထမအပတ်အတွင်းတွင် ကျွန်တော်တို့သည် ဝါးရှောင်တံတားရှိရာသို့ ချီတက်ခဲ့ကြလေသည်။

သုံးနေ့နှင့် သုံးညတိုင်တိုင် ဗန်းမော်-မြစ်ကြီးနား မော်တော်ကားလမ်းကို ထောက်လှမ်းခဲ့ပြီးဖြစ်သောကြောင့် ရန်သူ့လှုပ်ရှားမှု အလွန်နည်းပါးသည်ကို သိနေခဲ့ရသော ဂျက်သည် ရဲရဲကြီးပင် မော်တော်ကားလမ်းရှိရာသို့ လာခဲ့၏။ ရန်သူ့မော်တော်ကားအရိပ်အရောင်ကို တွေ့လျှင် နီးစပ်ရာ အကာအကွယ်ကိုယူလိုက်ရန်သာ ညွှန်ကြားထားသည်။



ကျွန်တော်တို့သည် မြစ်ကြီးနားနှင့် ဆယ်မိုင်ကွာသည်အထိ ရောက်ရှိလာကြပြီးနောက် အရှေ့မြောက်ဘက်အရပ်သို့ လှည့်၍ ချီတက်လာခဲ့ကြ၏။ အရှေ့မြောက်ဘက်စူးစူးသို့ ဆက်၍သွားသောအခါ ဗန်းမော်-မြစ်ကြီးနားလမ်းမှ ဖြာထွက်သွားသော လမ်းခွဆုံများကို တွေ့ရသည်။ တစ်လမ်းမှာ တရုတ်ပြည်နယ်စပ်ထဲသို့ရောက်ပြီး အခြားတစ်လမ်းက လောခေါင်သို့ရောက်သည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဂျက်သည် ကျွန်တော်နှင့် ကချင်အမျိုးသားတစ်ယောက်အား ခေါ်ယူသွားပြီး လမ်းဘေးတစ်နေရာတွင် အကာအကွယ်ယူ၍နေလိုက်၏။ ပထမဆုံးတွေ့ရသော ခရီးသည်များထံမှ ရန်သူ့အခြေအနေကို အလွယ်တကူထွက်၍ စုံစမ်းမေးမြန်းနိုင်ရန်တည်း။

ကျွန်တော်တို့သည် လေးနာရီခန့်ကြာအောင် တစ်ယောက် တစ်လှည့်စီ ကင်းစောင့်ကြရပြီးနောက် ဂျက်က ကျွန်တော့်နားနားသို့ကပ်၍ တီးတိုးပြောလိုက်၏။

"ဟေ့...ဟိုမှာ မြစ်ကြီးနားဘက်က စက်ဘီးစီးပြီး လူနှစ်ယောက် လာနေတယ်။ မောင်ရင်က ဦးထုပ်ဆောင်းထားတဲ့လူကို ရအောင် ဖမ်း။ ကျွန်တော့်လူကတော့ ကျုပ်တာဝန်ပဲ။ လွတ်ထွက်မသွားစေနဲ့နော်" ဟု ပြောလိုက်၏။

သစ်ပင်အကိုင်းများကြားမှ လှမ်း၍ကြည့်လိုက်သောအခါ ချည်

www.burmeseclassic.com

www.burmeseclassic.com



လုံချည်များ ဝတ်ဆင်ထားသော လူနှစ်ယောက်သည် ကျွန်တော်တို့ ရှိရာဘက်သို့ စက်ဘီးကို တအိအိနင်းလာသည်ကို တွေ့ရ၏။ နှစ်ဦး စလုံးမှာ အသက်နှစ်ဆယ်ထက် ကြီးပုံမပေါ်။ မျက်နှာနေ မျက်နှာ ပေါက်ကို ကြည့်ရခြင်းအားဖြင့် နှစ်ဦးစလုံးပင် ရှမ်းဗမာအမျိုးသား များဖြစ်ကြောင်း သိသာနိုင်လေသည်။

ကျွန်တော်တို့ပုန်းကွယ်နေသော ချုံပုတ်ရှိရာအနီးသို့ စက်ဘီးစီး သူ နှစ်ယောက် ရောက်လာသည်နှင့်တစ်ပြိုင်နက် ဂျက်နှင့် ကျွန် တော်က ပုန်းနေရာမှ လမ်းပေါ်သို့ဆင်းလိုက်ပြီး ပစ္စတိုများဖြင့် ချိန်ထားလိုက်ကြ၏။

ရှမ်းဗမာလူငယ်နှစ်ဦးမှာ ထိတ်လန့်တကြားဖြင့် စက်ဘီးများ ပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

ကျွန်တော်တို့သည် ရှမ်းဗမာလူငယ်နှစ်ဦးအား သူတို့၏စက်ဘီး များကို ကောက်ယူစေပြီး လမ်းနှင့်ဝေးရာ တောအုပ်တစ်အုပ်ထဲသို့ ခေါ်ယူလာခဲ့ကြ၏။

ရှမ်းဗမာလူငယ်နှစ်ဦးမှာ ကျွန်တော်တို့မေးသော မေးခွန်းမှန် သမျှကို ခေါင်းမာမာနှင့် ငြင်းဆန်နေကြရုံသာမက ကျွန်တော်တို့ကို ဆက်ဆံပုံမှာလည်း ရွံရှာမုန်းတီးသူတစ်ယောက်ကို ဆက်ဆံနေသကဲ့သို့ ရှိနေသည်။

“ကျုပ်တို့ဟာ အင်္ဂလိပ်အရာရှိတွေပဲ၊ မင်းတို့က ကျုပ်တို့ကို တတ်နိုင်တဲ့အကူအညီ ပေးစေချင်တယ်”

ဂျက်က အေးအေးဆေးဆေးပင် ပြောလိုက်၏။ သို့သော် ဦးထုပ် ဆောင်းထားသောလူငယ်က…



“ကျုပ်တို့က အင်္ဂလိပ်အစိုးရကို အသိအမှတ်မပြုဘူး၊ ခု မြန်မာ ပြည်ကိုအုပ်စိုးနေတာ ဂျပန်တွေပဲ”ဟု ခါးခါးသီးသီး ပြန်၍ပြောလိုက် ပြီးနောက် “အင်္ဂလိပ်တွေ ကျဆုံးပါစေ…”ဟု အော်ဟစ်လိုက်သည်။

“အေး…အင်္ဂလိပ်တွေ ကျဆုံးမလား၊ ဂျပန်တွေ ကျဆုံးမလား ဆိုတာ စောင့်ကြည့်သေးတာပေါ့ကွာ”ဟု ဂျက်က ပြောလိုက်ပြီး တစ်ဆက်တည်းပင်…

“မြစ်ကြီးနားခရိုင်မှာ ဂျပန်တွေဘယ်လောက်ရှိသလဲ”ဟု မေး လိုက်၏။

ရှမ်းဗမာလူငယ်နှစ်ယောက်လုံးပင် သရော်ပြုံးပြုံးလိုက်ကြသည်။ ဂျက်၏အမေးကို မည်သူမျှ အဖြေမပေးကြ။

“မြစ်ကြီးနားခရိုင်မှာ ဂျပန်တွေ ဘယ်လောက်ရှိသလဲ”

ဂျက်က တည်ငြိမ်သောအမူအရာဖြင့် ဒုတိယမှ မေးလိုက်ပြန် သည်။

ရှမ်းဗမာလူငယ်နှစ်ယောက်က ပခုံးနှစ်ဖက်ကို ပြိုင်တူလိုပင် တွန့်လိုက်ကြ၏။ ဦးထုပ်နှင့် ရှမ်းဗမာလူငယ်က ဤမျှဖြင့် ရပ်မနေ သေးဘဲ ဂျက်၏မျက်နှာကို လှမ်း၍ တံတွေးနှင့်ထွေးလိုက်သည်။ ဂျက်က လျင်မြန်ဖျတ်လတ်၍သာ တံတွေးများ မျက်နှာကိုမမှန်ခြင်း ဖြစ်သည်။ ကျွန်ုရှမ်းဗမာလူငယ်က သူ့အဖော်၏ အပြုအမူကိုကြည့် ပြီး လက်ခုပ်တီး၍ ဩဘာပေးလိုက်သည်။

“ကိုယ့်လူတွေ ကောင်းကောင်းပြောရင် ကောင်းကောင်းနား ထောင်စမ်းပါ။ ကျုပ်တို့ ဒီကိုရောက်လာတာဟာ စစ်သားအနေနဲ့ ရောက်လာတယ်ဆိုတာ သတိထားကြစမ်း”

www.burmeseclassic.com

www.burmeseclassic.com



ဂျက်၏အသံက ခက်ထန်မာကျောလာလေသည်။

"စစ်သားဆိုတာဟာ စစ်အတွင်းမှာ ရန်သူကိုသတ်ရတဲ့အလုပ်ကို လုပ်ရတယ်။ တစ်ခါတစ်ခါဆိုရင် ရန်သူကို အကူအညီပေးနေတဲ့လူတွေကိုလည်း သတ်ရတယ်။ မင်းတို့ရဲ့ ပြောပုံဆိုပုံ ပြုမူဆက်ဆံပုံကိုကြည့်ရင် မင်းတို့ဟာ ရန်သူကိုကူညီနေတဲ့လူတွေဆိုတာ ထင်ရှားနေတယ်။ မင်းတို့ဟာ ရန်သူတွေကိုကူညီနေတဲ့လူတွေမဟုတ်ဘူးဆိုရင် ကျုပ်မေးတာကို ကောင်းကောင်းအဖြေပေးစမ်းပါ။ မှန်တာကိုပြောရင် မင်းတို့ကို ကျုပ်တို့က ဘာမှမလုပ်ဘူး။ ကဲ...ခုနောက်ဆုံးအကြိမ်မေးမယ်။ မေးလို့မှ ကောင်းကောင်းမပြောရင်တော့ ဟောဒီဦးထုပ်နဲ့လူကို သေနတ်စာကျွေးလိုက်ရတော့မှာပဲ။ မြစ်ကြီးနားခရိုင်မှာ ဂျပန်တွေ ဘယ်လောက်ရှိသလဲ"

ဂျက်က ဦးထုပ်ဆောင်းထားသော ရှမ်းဗမာလူငယ်ကို တတိယနှင့် နောက်ဆုံးအကြိမ် မေးလိုက်သည်။

ဦးထုပ်နှင့် ရှမ်းဗမာလူငယ်သည် မခန့်လေးစားသော အမူအရာကိုပြရင်း မာကျောသောအသံဖြင့် အဖြေပေးလိုက်၏။

"မင်းတို့ အင်္ဂလိပ်ကောင်တွေကို တိုက်ထုတ်ပစ်နိုင်လောက်အောင် အများကြီးရှိတယ်"

ဂျက်က အနီးတွင်ရှိသော ကချင်အဖွဲ့သားတစ်ယောက်အား ခေါင်းညိတ်၍ အချက်ပေးလိုက်သည်။ ကချင်အဖွဲ့သားသည် စတ္တန်ပိုင်းကလေးမျှလောက်သာ တွေဝေနေပြီး ပစ္စတိုမှ ခလုတ်ကိုဖြုတ်ချလိုက်သည်။

ဦးထုပ်နှင့် ရှမ်းဗမာလူငယ်သည် တစ်ချက်မျှသာ အော်နိုင်ပြီး



နောက်သို့ ပက်လက်လန်၍ ကျသွားလေသည်။ ပစ္စတိုမှ ကျည်ဆန်ထိပ်ဖူးက ရှမ်းဗမာလူငယ်၏ နဖူးတည့်တည့်သို့ စူးဝင်သွားသည်။

ကျွန်တော်သည် ကျန်နေသော ရှမ်းဗမာလူငယ်၏မျက်နှာကို စိုက်၍ကြည့်လိုက်မိ၏။ မိမိအဖော်၏အဖြစ်ကို မြင်တွေ့လိုက်ရသော ရှမ်းဗမာလူငယ်သည် ကလေးငယ်ကလေး တစ်ယောက်ကဲ့သို့ အော်ဟစ် ငိုကြွေးလိုက်သည်။

ဂျက်သည် ရှမ်းဗမာလူငယ်ဘက်သို့ လှည့်လိုက်ပြီး စောစောကမေးခွန်းကိုပင် ထပ်ဆင့်၍ မေးလိုက်သည်။

"မြစ်ကြီးနားခရိုင်မှာ ဂျပန်တပ်မ တစ်ခုရှိပါတယ်။ အမှတ် ၁၈ တပ်မပါပဲ။ ဌာနချုပ်ကိုတော့ မြစ်ကြီးနားမှာ ဖွင့်ထားတယ်။ တပ်နှစ်တပ်က ဟူးကောင်းမြစ်ဝှမ်းထိပ်မှာ တပ်စွဲထားပြီး တစ်တပ်ကတော့ အရံတပ်အနေနဲ့ ရှိနေတယ်"

ရှမ်းဗမာလူငယ်က ရှိုက်နေရာမှ တစ်လုံးချင်း အဖြေပေးလိုက်၏။ သူ၏စိတ်ဓာတ်မှာ အဖော်ဖြစ်သူ၏အဖြစ်ဆိုးကို မြင်ရသောကြောင့် ပျော့ညံ့သွားသည်မှာ ထင်ရှားလှသည်။ သူက မြစ်ကြီးနားရှိ ဂျပန်ဌာနချုပ်တွင် စကားပြန်အဖြစ် ဆောင်ရွက်နေကြောင်း၊ မြစ်ကြီးနားမြို့ထဲတွင် ဂျပန်တပ်များ အနည်းငယ်သာရှိကြောင်း၊ မြို့စောင့်တပ်မှူးဖြစ်သူမှာ ဗိုလ်မှူးကြီးမာရူးယားမဖြစ်ကြောင်း ဆက်၍ပြောပြသည်။ မည်သည့်နေရာတွင် ဂျပန်ကင်းစခန်းများ၊ ရိက္ခာဂိုဒေါင်များ၊ အသယာဉ်ကွင်းများရှိသည်ကိုလည်း မြေပုံပေါ်တွင်ထောက်၍ ပြောပြသည်။ သူ၏ပြောပြချက်မှာ ကျွန်တော်တို့ ဝါးရှောင်တဲ့ကားဆိသို့ ရောက်မလာမီက အသက် ၆၀ ခန့်ရှိ ကချင်အမျိုးသားကြီး မြစ်ကြီးနား

www.burmeseclassic.com

www.burmeseclassic.com



သို့လာ၍ ထောက်လှမ်းခဲ့သည့်အချက်များနှင့် ကိုက်ညီနေလေသည်။

ကျွန်တော်တို့သည် ဤရှမ်းဗမာလူငယ်အား ကျွန်တော်တို့နှင့် အတူ ခေါ်ယူသွားခြင်းအားဖြင့် ကျွန်တော်တို့၏ စစ်ဆင်ရေးအတွက် အတော်အတန် အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်သဖြင့် ဆက်၍ခေါ်ယူသွားရန် ဆုံးဖြတ်လိုက်ကြ၏။

ကျွန်တော်သည် နေရောင်တွင် ဒန်ရောင်တလက်လက်တောက် နေသော စက်ဘီးနှစ်စီးဖြင့် မြေပေါ်တွင် ပက်လက်ကြီးသေဆုံးနေ သော ရှမ်းဗမာလူငယ်၏ အလောင်းကိုကြည့်ကာ စိတ်မကောင်းဖြစ် နေမိသည်။ စစ်ဆိုသည်မှာ ဤကဲ့သို့သော အချင်းအရာမျိုးနှင့် ကြုံ တွေ့တတ်စမြဲ ဖြစ်လေသည်တကား။

စက်ဘီးနှစ်စီးနှင့် အလောင်းကောင်ကို ဖျောက်ဖျက်ပစ်လိုက် ပြီးနောက် ခရီးဆက်၍လာခဲ့ကြ၏။ ဂျက်၊ ကချင်အဖွဲ့သား တစ် ယောက်နှင့် ရှမ်းဗမာလူငယ်က ရှေ့မှချီတက်သွားပြီး ကျွန်တော်တို့ က နောက်မှ အရံတပ်အဖြစ် လိုက်ပါလာကြသည်။

လမ်းခွဆုံရှိရာနှင့် ခပ်လှမ်းလှမ်းတွင် စခန်းချရန်ကောင်းသော နေရာတစ်ခုတွေ့သဖြင့် ကျွန်တော်တို့သည် နောက်တစ်နေ့အထိ အပန်းဖြေနားနေကြ၏။ စိတ်ဓာတ်အပြောင်းလဲကြီး ပြောင်းလဲခဲ့သော ရှမ်းဗမာလူငယ်က ဝါးရှောင်ရွာသို့ ရောက်သည့်အထိ လမ်းပြရုံသာ မက တံတားအနီးသို့ မည်သည့်လမ်းမှ ချဉ်းကပ်ရမည်ကို လိုက်လံ ပြသပါမည်ဟု ကတိပေးလေသည်။

နောက်တစ်နေ့ည လထွက်လာသည်နှင့်တစ်ပြိုင်နက် ကျွန်တော် တို့သည် ဝါးရှောင်တံတားရှိရာသို့ ချီတက်ခဲ့ကြ၏။ ဂျက်နှင့် ရှမ်း



ဗမာလူငယ်က ရှေ့တော်ပြေးတပ်အဖြစ် ကျွန်တော်တို့ထက်စော၍ ချီတက်သွားသည်။

ကျွန်တော်တို့သည် ပေထောင့်ငါးရာခန့်အမြင့်ရှိသော တောင် တန်းတစ်ခုကို တဖြည်းဖြည်း တက်လာခဲ့ကြရ၏။ ကျွန်တော်တို့၏ တစ်ဖက်တစ်ချက်တွင် လရောင်ဖျန်းသဖြင့် ငွေရောင်သန်းနေသော တောင်စဉ် တောင်တန်းများကို မြင်နေရသည်။ လမ်းတစ်လျှောက်လုံး မည်သူမျှ စကားမပြောကြ။ ကျွန်တော်တို့၏ဖိနပ်သံများက ကျွန် တော်တို့၏ ခြေလှမ်းနှင့် စည်းချက်ကိုက်နေသည်။ လရောင်အောက် တွင် စည်းချက်ကို မှန်မှန်တီး၍ ရွာလယ်လမ်းတွင် ကာလသား တစ်သိုက် လမ်းသလားနေသည်နှင့် တူနေလေသည်။ သို့သော် ကျွန် တော့်စိတ်ထဲတွင်မူ မကြာခင်ကလေးကမှ ဦးထုပ်နှင့် ရှမ်းဗမာလူငယ် အား သွေးအေးအေးဖြင့် ပစ်သတ်ခဲ့ရသောအလုပ်ကို ရာဇဝတ်အမှုကြီး တစ်ခုလို ထင်နေမိလေသည်။

ရှေ့မှဦးဆောင်၍ ချီတက်နေသော ရှမ်းဗမာလူငယ်က လမ်းမ ကြီးမှ ဘေးသို့ ကွေ့ချိုးလိုက်၏။ ခပ်လှမ်းလှမ်းတွင် တဲအိမ်ငယ် ကလေးများ စီတန်းလျက်ရှိသည်ကို တွေ့ရ၏။

ကျွန်တော့်စိတ်ထဲတွင် ဤရှမ်းဗမာလူငယ်က သူ့အဖော်အတွက် လက်စားချေလိုသောကြောင့် ကျွန်တော်တို့အဖွဲ့အား ထောင်ချောက် ထဲသို့ မှုား၍ခေါ်လာခဲ့သည်ဟု သံသယဖြစ်နေမိပြန်သည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သော ဂျက်က ကျွန်တော်တို့အား ခရီးကို ရပ်တန့်ရန် အချက်ပေးလိုက်သည်။

“ရှေ့ကရွာဟာ ဝါးရှောင်ရွာပဲ၊ ကျုပ်တို့ရဲ့မိတ်ဆွေက ပြောပြ

www.burmeseclassic.com



ချက်အရဆိုရင်တော့ ရွာထဲမှာ ဂျပန်ကင်းစခန်းတစ်ခုရှိတယ်လို့ သိရတယ်။ ဒီတော့ အဖွဲ့သားအားလုံး သတိဝီရိယထားပြီး ချီတက်ကြရလိမ့်မယ်။ ဒီကနေပြီး ဂျပန်ကင်းစခန်းကို လွတ်အောင် တကွေ့ကြီးပတ်ပြီး ချီတက်ကြရလိမ့်မယ်။ တံတားနဲ့ မလှမ်းမကမ်းကို ရောက်တဲ့အချိန်မှာ ကျုပ်နဲ့ဂျွန်က တံတားရှိရာကိုသွားပြီး ကျန်အဖွဲ့သားတွေက နောက်မှာချန်ပြီး နေခဲ့ကြရမယ်။ ကျုပ်နဲ့ ဂျွန်က ကျောပိုးအိတ်တွေကို ထားပစ်ခဲ့ပြီး တံတားကို ဖောက်ခွဲဖျက်ဆီးရမဲ့ ကိရိယာတွေကို ယူသွားမယ်။ ကျုပ်တို့က တံတားမှာ ဒိုက်နမိုက်ချည်ပြီးတဲ့အချိန်အထိ ကျန်အဖွဲ့သားတွေက ပုန်းပြီးစောင့်နေရမယ်။ တကယ်လို့ တံတားမှာ ကျုပ်တို့ အခက်အခဲနဲ့ ရင်ဆိုင်နေရရင် ကျန်တဲ့အဖွဲ့သားတွေက ကာပစ်,ပစ်ပြီး အကူအညီပေးရလိမ့်မယ်။ တကယ်လို့ တ ယောက်ချင်းခွဲပြီး ကိုယ်လွတ်ရုန်းကြရမဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်ရရင် အဖွဲ့သားအားလုံး ဒီကနေပြီး တစ်မိုင်ကွာတဲ့ ချောင်းနားမှာ ပြန်စုကြရမယ်။ အထူးကိစ္စမရှိဘဲ ဘယ်သူမှ သေနတ်ကိုမသုံးရဘူး ဓားမြှောင်ကိုပဲသုံးရမယ်။ ကဲ...ဂျွန်ရေ...လာဟေ့"

အဖွဲ့ခေါင်းဆောင်ဖြစ်သူဂျက်က အဖွဲ့သားများအား ညွှန်ကြားချက် အတိုချုပ်ကိုပေးပြီးနောက် ကျွန်တော့်အား ခေါ်လိုက်၏။ ကျွန်တော်တို့နှစ်ယောက်သည် တံတားဖောက်ခွဲဖျက်ဆီးရေး ကိရိယာများကို ကျောတွင်ပိုးကာ တံတားရှိရာသို့ လာခဲ့ကြ၏။ ဤအချိန်တွင် စောစောက သာနေသောလမှာ ဝင်သွားပြီဖြစ်သောကြောင့် ကြည့်လေရာ အရပ်တိုင်း မည်းမည်းမှောင်လျက်ရှိနေသည်။ ကျွန်တော်တို့သည် တဲအိမ်ကလေးများအကြားမှ ခြေဖျားထောက်၍လာခဲ့ကြပြီးနောက် အသုံးမပြုတော့သော စပါးကျီတစ်ခုအနားသို့ ရောက်လာခဲ့ကြ၏။



ကျွန်တော်တို့သည် စပါးကျီအနီးမှတစ်ဆင့် ဂျပန်ကင်းစောင့်တဲဟု ထင်ရသော တဲကြီးကြီးတစ်လုံးကို ဘေးမှပန်းဝိုက်၍ ချီတက်လာခဲ့ကြပြန်သည်။ ကင်းစောင့်တဲအတွင်းတွင် မှောင်လျက်ရှိပြီး အသံဗလံဟူ၍ တစ်ခုမျှမကြားရ။ ဂျပန်ကင်းစောင့်များ အိပ်ပျော်နေသည့်အတွက် ကံကောင်းလိုက်လေခြင်းဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

သို့သော် ကံကောင်းခြင်းမှာ များစွာမကြာလှပါချေ။ ကျွန်တော်တို့နောက်ဘက် တဲအိမ်တစ်အိမ်မှ ခွေးတစ်ကောင်က တဝုတ်ဝုတ်နှင့်ဆ၍ဟောင်တော့၏။ တစ်ကောင်ကစ၍ ဟောင်လိုက်သည်နှင့် တစ်ရွာလုံးရှိ ခွေးများက လိုက်၍ဟောင်လိုက်ကြ၏။ ကျွန်တော်တို့အတွက် ချက်ချင်းပင် ကံဆိုး၍လာလေသည်။

ဂျပန်ကင်းတဲဟု ထင်မှတ်ရသောနေရာမှ လှုပ်ရှားသံများ ပေါ်ထွက်လာသည်။ လူရိပ်နှစ်ခုသုံးခုကိုလည်း ဝိုးတဝါးမြင်လာရသည်။ အမိန့်ပေးသံတစ်ခုက ဂျပန်လိုပေါ်ထွက်လာ၏။

ကျွန်တော်တို့သည် ဝါးရှောင်တံတားရှိရာသို့ ပြေးသွားလိုက်သည်နှင့်တစ်ပြိုင်နက် သေနတ်သံများ ဆူဆူညံညံပေါ်ထွက်လာသည်။ ကျွန်တော်တို့ပြေးသည့်ဘက်သို့ သေနတ်ကျည်ဆန်ထိပ်ဖူးများ ရောက်ရှိလာခြင်းမရှိသောကြောင့် ဂျပန်ကင်းသမားက အိပ်မှုန်စုံမွှားနှင့် ထမ်းသန်း၍ ပစ်လိုက်သော သေနတ်သံများဟု ယူဆရသည်။

ဝါးရှောင်တံတား ကြမ်းခင်းကို ကျွန်တော်တို့ စ၍ နင်းမိသည့်အချိန်တွင် တံတားတစ်ဖက်ထိပ်မှ သေနတ်သံများ ပေါ်ထွက်လာပြန်၏။ ခဏအတွင်းတွင်ပင် တံတားတစ်ဖက်တစ်ချက်မှပစ်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်ထိပ်ဖူးများသည် ကျွန်တော်တို့ခေါင်းပေါ်တွင် တဝီဝီ မြေ
လွှားလျက်ရှိသည်။

ဓားကွင်းတံတားကို အကြံမအောင်ခဲ့သော ကျွန်တော်တို့နှ
ယောက်သည် ဝါးရှောင်တံတားတွင်လည်း တပ်လှန်ခဲ့ကြရပြန်၏။
ရန်သူများ ဤသို့ တက်တက်ကြွကြွ စောင့်ကြပ်နေသော တံတား
တစ်ခုကို အဘယ်သူသည် ဒိုက်နမိုက်ချည်၍ ဖောက်ခွဲဖျက်ဆီးနိုင်
မည်နည်း။

ကျွန်တော်တို့သည် တံတားပေါ်မှနေ၍ ရေထဲသို့ထိုးဆင်းလိုက်
ပြီးနောက် စုရပ်အဖြစ် သတ်မှတ်ထားသော အထက်ဘက်သို့ တစ်မိုင်
နီးပါး လာခဲ့ကြရသည်။

စုရပ်တွင် လူစုံသည်နှင့်တစ်ပြိုင်နက် ချောင်ကောင်းသောနေ
ရှိ ဝါးရုံပုတ်တစ်ခုအောက်တွင် အာရုဏ်တက်လာသည့် အချိန်အ
အိပ်စက်နားနေလိုက်ကြ၏။ ဤနေရာမှမထွက်ခွာမီ အိန္ဒိယရှိ ဌာ
ချုပ်သို့ လှမ်း၍သတင်းပို့လိုက်သည်။

ဌာနချုပ်က ဝါးရှောင်တံတားကို နောက်ထပ်ဖောက်ခွဲဖျက်
ရန် မကြိုးစားနှင့်တော့ဟု ညွှန်ကြားချက်ပေးသည်။ အဘယ်ကြော
ဆိုသော် ကျွန်တော်တို့အကြံကို ရန်သူများသိသွားရုံသာမက မိုးကျ
လည်း အချိန်နီးကပ်လာပြီ ဖြစ်သောကြောင့်တည်း။

ကျွန်တော်တို့သည် လူသူ မရောက်မပေါက်ဖူးသော တော
တောင် ဒေသများကို မိုင်ပေါင်း ၁၅၀ ကျော်အထိ ဖြတ်သန်း
အိန္ဒိယသို့ အရောက်ပြန်ကြရဦးမည်ဖြစ်၏။ တောင်အဆင့်ဆင့်
အသွယ်သွယ် ကာဆီးနေသော လမ်းခရီးမျိုး၌ မိုးဖြိုင်ဖြိုင်သာ ရွာ



ပါက ကျွန်တော်တို့အဖွဲ့သားများအနက် တစ်ယောက်မျှ အိန္ဒိယသို့
ရောက်နိုင်မည်မဟုတ်တော့။

ဂျပန်သည် ကျွန်တော်တို့ရန်သူပင်ဖြစ်ပါ၏။ သို့သော် ယခု
အချိန်တွင် ဂျပန်ထက် ကြောက်မက်ဖွယ်ကောင်းသော ရန်သူကို
ကျွန်တော်တို့က စိုးရိမ်ကြောင့်ကြနေကြ၏။

ထိုရန်သူကား မြန်မာပြည်၏ မိုးပင်တည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

မေခနှင့် မေလိခအကြားတွင်ရှိသော ရေဝေကုန်းတန်းကို တြိဂံနယ်မြေဟု ခေါ်သည်။ ဤတြိဂံနယ်မြေကိုဖြတ်သန်း၍ ကျွန်တော်တို့သည် မြောက်ဘက်သို့ ချီတက်လာခဲ့ကြရ၏။ အများအားဖြင့် မေလိခမြစ်ဝှမ်းအတိုင်း ဆန်တက်လာခဲ့ကြပြီး တစ်ခါတစ်ခါတွင်မူ ကုမ္ဘန်တောင်တန်းကြီး၏ အောက်ခြေရှိ တောများကိုဖြတ်၍လာခဲ့ကြရသည်။

ဂျက်၏ဖခင်ဖြစ်သူမှာ တြိဂံဒေသတွင် တောင်တန်းအရေးပိုင်အဖြစ် ဆောင်ရွက်သွားခဲ့ဖူးသောကြောင့် ဂျက်က တြိဂံနယ်မြေကို အထူးစိတ်ဝင်စားနေသည်။ ကပ္ပတိန် ဝက်(စ်)အမည်ရှိသော အင်္ဂလိပ်လူရွယ်တစ်ဦးမှာ တြိဂံဒေသတွင် နှစ်ပေါင်းအတော်ကြာအောင် နေထိုင်ခဲ့ပြီး တိုင်းရင်းသားလူမျိုးစုများနှင့် လက်ပွန်းတတီး ရှိနေခဲ့သည်။ လူမျိုးစုများ၏ ဓလေ့ထုံးစံကိုလည်း ကောင်းစွာ ကျွမ်းကျင်နားလည်ခဲ့သည်။ သို့ရာတွင် နောက်ဆုံး၌ မယုံသင်္ကာဖြစ်တတ်သော တိုင်းရင်းသားတစ်ဦး၏ အဆိပ်လူးမြားချက်ကြောင့် ကျဆုံးခဲ့ရကြောင်းကို



ဂျက်က ရာဇဝင်နောက်ကြောင်းကိုလှန်၍ ပြောပြသည်။

ကျွန်တော်တို့အဖွဲ့နှင့် လိုက်ပါလာသော ကချင်အမျိုးသားများအနက် တြိဂံဒေသတွင် ဆွေမျိုးသားချင်းရှိသော ကချင်တစ်ဦး ပါရှိလာသည်။ ပထမဆုံးရွာသို့ စတင်ရောက်ရှိသောအချိန်က ကျွန်တော့်မှာ ဂျက်ပြောပြသော ကပ္ပတိန်ဝက်(စ်)၏ သနားစရာအဖြစ်အပျက်ကို ပြန်၍ သတိရနေမိ၏။

ရွာထဲသို့ တစ်ယောက်နောက်မှတစ်ယောက် စီတန်း၍ဝင်လာသော ကျွန်တော်တို့အဖွဲ့ကို မည်သူမျှ အိမ်ပြင်သို့ထွက်၍ မကြည့်ကြ။ အိမ်ရှေ့တံခါးကိုပိတ်၍ ချောင်းကြည့်နေကြပုံရသည်။ ရွာထဲသို့ အတန်ငယ် ဝင်မိတော့မှ ကျွန်တော်တို့အဖွဲ့ထဲတွင်ပါလာသော ကချင်အမျိုးသားနှင့် ဆွေမျိုးတော်စပ်သော ရွာခံသားတစ်ယောက်က အိမ်ပြင်သို့ထွက်၍ ဟစ်အော်ကြိုဆိုသည်။ သည်တော့မှ တစ်ရွာလုံး လမ်းမသို့ထွက်လာကာ ကျွန်တော်တို့အား ပျူပျူငှာငှာ လက်ခံစကားပြောဆိုကြတော့၏။

ကျွန်တော်တို့သည် ရွာထဲရှိအိမ်များတွင် လူခွဲ၍ တည်းခိုကြရသည်။ သိကျွမ်းလာပြန်တော့လည်း ရွာသူရွာသားများမှာ ကျွန်တော်တို့အပေါ်တွင် စေတနာကောင်းလှ၏။ ခေါင်ရည်၊ အရက်နှင့် ဝက်သားများမှာ စားသောက်၍ မကုန်နိုင်လောက်အောင် ပေါများနေသည်။ မြေပြင်ကို ခြေတင်ကာ ခရီးချည်း နှင်လာခဲ့ရသော ကျွန်တော်တို့တစ်တွေမှာ ဤရွာကလေးသို့ရောက်မှ အိပ်ကောင်းခြင်းအိပ်၊ စားကောင်းခြင်း စားရတော့သည်။ ကမ္ဘာကြီးတစ်ခုလုံး စစ်မီးဟုန်းဟုန်းတောက်နေသော်လည်း ဤရွာငယ်မှာမူ ပြင်ပမှ အခြားကမ္ဘာတစ်ခုကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ဆိတ်ငြိမ်အေးချမ်းလှသည်။

ကျွန်တော်တို့သည် ဤရွာတွင် ရက်ပေါင်းအတန်ကြာအောင် နေထိုင်မည်ဟု စိတ်ကူးထားကြ၏။ သို့သော် သုံး,လေးရက်ခန့်ရှိလျှင်ပင် မကြားချင်သောသတင်းကို ကြားလာကြသည်။ ကျွန်တော်တို့အား တရုတ်ထောက်လှမ်းရေးတပ်ကြီးတစ်တပ်ဟု အထင်ရှိနေသော ဂျပန်တို့သည် မြစ်ကြီးနားမှနေ၍ ကျွန်တော်တို့ခြေရာကိုကောက်ကာ နောက်မှလိုက်လာကြောင်း သတင်းပင်တည်း။

ဂျပန်များက ကျွန်တော်တို့အား တရုတ်တပ်ဟု ထင်မှတ်သွားခြင်းမှာ ဝါးရှောင်ရွာမှ ကျွန်တော်တို့အဖွဲ့ ဒရောသောပါး ဆုတ်လာခဲ့စဉ် အဖွဲ့သားတစ်ဦး၏ လက်နှိပ်ဓာတ်မီးတစ်ခု ကျကျန်ရစ်ခဲ့ပြီး ဓာတ်မီးပေါ်တွင် "ဟောင်ကောင်မှာလုပ်သည်"ဟု ကုန်အမှတ်တံဆိပ်ရိုက်နှိပ်ထားသောကြောင့်ဖြစ်၏။

ကျွန်တော်တို့သည် အတူပါလာသော ရှမ်းဗမာအမျိုးသားအား ဤရွာတွင် နောက်ထပ်၍ တစ်ပတ်ခန့် အကျယ်ချုပ်ထားရန် မှာကြားခဲ့ပြီးနောက် မြောက်ဘက်သို့ ဆက်၍ ခရီးထွက်လာခဲ့ကြရပြန်သည်။

နောက်မှလိုက်လာသော ရန်သူများ မျက်စိမှားရန်အတွက် ကျွန်တော်တို့သည် လမ်းကို ဖြောင့်ဖြောင့်မသွားဘဲ ကွေ့၍ကောက်၍ လာခဲ့ကြရသည်သာမက တောနက်ရာဒေသကို ရွေး၍လာခဲ့ကြ၏။ ညအချိန်များမှာ အလွန်ချမ်းအေးလှရာ ကျွန်တော်တို့မှာ နားနေစခန်းချရန်ပင် မဖြစ်နိုင်လောက်အောင် ဖြစ်နေကြရသည်။ ထို့ကြောင့် ညအချိန်တွင် ပို၍ ခရီးတွင်အောင်နှင်ကြသည်။ ကျွန်တော်တို့နှင့်အတူ ကချင်အမျိုးသားများ ပါရှိလာသောကြောင့် တည်းခိုရန်ရွာများကို



အလွယ်တကူပင် တွေ့ရ၏။ သို့သော် ကြာကြာမနေရဲ။ နောက်မှ ခြေရာကောက်၍လိုက်လာသော ရန်သူကို ကြောက်ရသလို ကျွန်တော်တို့ရှေ့မှ တားဆီးနေမည့် မုတ်သုံရာသီကိုလည်း စိုးရိမ်ကြောက်ရွံ့နေရ၏။

တောအထပ်ထပ် တောင်အဆင့်ဆင့် မြစ်အသွယ်သွယ်ကို တစ်နေ့ဝင်တစ်နေ့ထွက် ဖြတ်ကျော်၍လာခဲ့ကြသော ကျွန်တော်တို့သည် အင်္ဂလိပ်တပ်အချို့ရှိနေသော 'ဖို့ဒ်ဟတ်(စ်) တောင်ဘက်သို့ ရောက်လာခဲ့ကြ၏။

ဖို့ဒ်ဟတ်(စ်)တွင် ကချင်လဲဗီးတပ်များကို ဦးစီးကွပ်ကဲနေသူကား 'ဒုဗိုလ်မှူးကြီး ဂင်ဘဲလ်နှင့် ဗိုလ်ကြီးလီ(ချ)'ဖြစ်သည်။ ကချင်လဲဗီးတပ်မှာ တပ်ခွဲခြောက်ခွဲအထိ လူအင်အားရှိပြီး အိန္ဒိယမှ မှာယူရောက်ရှိလာသော ဂေါ်ရခါးတပ်ခွဲနှစ်ခွဲလည်း ရှိနေသည်။

ကြားသိရသောသတင်းများအရ ဤတပ်ခွဲများသည် မြန်မာပြည် မြောက်ပိုင်းသို့တက်လာသော ဂျပန်တပ်များကို ဆွမ်ပရာဘွမ်မြောက်ဘက်တွင် ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့သောကြောင့် ဂျပန်တပ်များသည် ပန်းချန်ခတ်မြစ် တောင်ဘက်ကမ်းတွင် များစွာ အထိနာပြီး ရှေ့သို့မတက်နိုင်ဘဲ ဖြစ်နေသည်။

ဖို့ဒ်ဟတ်(စ်)သို့ရောက်ပြီးနောက် နှစ်ရက်ခန့်အကြာတွင် ကျွန်တော်တို့နှင့်ပါလာသော ကချင်အမျိုးသားများအား ကချင်လဲဗီးတပ်တွင် ထည့်သွင်းပေးပြီးနောက် ဒင်ဂျန်သို့ ဆက်လက်ထွက်ခွာလာခဲ့ကြ၏။

ဒင်ဂျန်တွင် အရေးပေါ်ဆောက်လုပ်ထားသော လေယာဉ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ လေယာဉ်ကွင်းပေါ်၌ ဒါကိုတာလေယာဉ်ကြီးနှစ်စင်း ရှိနေ၏။ လေးလလုံးလုံး တောထဲတောင်ထဲတွင် လှုပ်ရှားနေခဲ့ရပြီး ယခုကဲ့သို့ လေယာဉ်တစ်စင်းကို မြေပြင်ပေါ်တွင်တွေ့လိုက်ရခြင်းမှာ ကျွန်တော်တို့အတွက် အံ့ထူးအဆန်းဖြစ်နေလေသည်။

ပို၍ထူးဆန်းနေသည်ကား မြေပြင်ကိုအိမ်လုပ်၍ သွားလာနေထိုင်ခဲ့ကြရသော ကျွန်တော်တို့သည် ဒါကိုတာလေယာဉ်ကြီးကို တငြိမ့်ငြိမ့်စီးကာ ကာလကတ္တားသို့ လာခဲ့ရခြင်းပင်တည်း။

ကျွန်တော်တို့စီးနင်းလိုက်ပါလာခဲ့ကြသော လေယာဉ်ကြီးသည် ခန္တီးလုံ တောင်တန်းကြီးမှ တောင်ထွတ်များပေါ်သို့ ကျော်ကာ ပျံသန်းလာခဲ့၏။ ကျွန်တော်သည် အောက်ဘက်တွင် ပြား၍ပြား၍ ကျန်ရစ်ခဲ့သော မှိုင်းညို့ညို့တောင်တန်းများကို စိတ်ထဲမှ နှုတ်ဆက်နေမိသည်။

ဤအချိန်က ကျွန်တော်သည် များမကြာမီရက်အတွင်း ရှမ်းပြည်မြောက်ပိုင်း သံလွင်မြစ်အရှေ့ဘက်ကမ်းသို့ နောက်တစ်ခေါက် လေထီးဖြင့် ခုန်ဆင်းရမည်ကို မသိရှိခဲ့ခြင်းကြောင့် မှိုင်းညို့ညို့တောင်တန်းကြီးများကို စိတ်ထဲမှ နှုတ်ဆက်နေခြင်းဖြစ်လေသည်တကား။

◆

( ၁၂ )

မြေကြီးပေါ်တွင် ရောမမှို့ပွင့်ကြီး တစောင်းလဲ၍နေသကဲ့သို့ ဖြစ်နေသော လေထီးကို ခေါက်၍ပြီးသည့်အချိန်တွင်ပင် ကျွန်တော်ရှိရာသို့ လူတစ်ယောက် ချဉ်းကပ်လာသည်ကို သတိပြုမိလိုက်သည်။

ဘေးသို့လှည့်စောင်း၍ကြည့်လိုက်သောအခါ လူတစ်ယောက်သည် အင်္ဂလိပ်လုပ် ပွိုင့်သုံးရာ့သုံး ရိုင်ဖယ်တစ်လက်ကို ပခုံးတွင်ထမ်းလျက် ကျွန်တော်ရှိရာသို့ ခပ်မှန်မှန်လှမ်း၍ လာနေသည်ကို တွေ့ရ၏။ သူ့ကိုယ်ပေါ်တွင်ဝတ်ထားသော ကာကီအင်္ကျီမှာ စုတ်ပြတ်ပေရေလျက်ရှိကြောင်း တထိန်ထိန်သာနေသော လရောင်က ဖော်ပြလျက်ရှိသည်။ ခါးတွင် ကာကီဘောင်းဘီတစ်ထည် ဝတ်ထားပြီး ခြေထောက်တွင် ပတ္တူဖိနပ်ကိုစီးထားသည်။ ခေါင်းပေါ်တွင်မူ လက်ဖက်ရည်အုပ်ဆောင်းနှင့်တူသော သိုးမွေးခေါင်းစွပ်တစ်ခုကို ဆောင်းထား၏။ သူသည် ကျွန်တော်နှင့် လေး,ငါးပေခန့်အကွာတွင် ခြေစုံပစ်၍ရပ်လိုက်ပြီး အသံဝဲဝဲနှင့် ကျွန်တော့်ကို နှုတ်ဆက်လိုက်သည်။ သူ့လေသံကိုကြားရခြင်းအားဖြင့် သံလွင်အရှေ့ဘက်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုးကန့်နယ်တစ်ဝိုက်တွင် အမှတ် ၁၃၆ တပ်ဖွဲ့က ဦးစီးကွပ်ကဲကာ ဖွဲ့စည်းထားသော ပြောက်ကျားတပ်မှ တပ်သားတစ်ယောက် ဖြစ်ကြောင်း သိသာထင်ရှားလှသည်။

သူသည် ကျွန်တော့်အား သူ၏တပ်မှူးရှိရာသို့ လိုက်လာရန် ဖိတ်ခေါ်နေလေသည်။

ကျွန်တော်သည် ဆိုင်းငံ့နေခြင်းမရှိတော့ဘဲ သူခေါ်ရာသို့ လိုက်ပါလာခဲ့၏။

ကျွန်တော်တို့နှစ်ယောက် လယ်ကွင်းပြင်ကိုဖြတ်၍ လာနေသည့် အချိန်တွင် ကျွန်တော့်အား ပို့ဆောင်ရန်လာသော 'ဟတ်ဆင်'ဗုံးကြဲ လေယာဉ်ပျံကြီးမှ လေထီးဖြင့်ချပေးသော ရိက္ခာထုပ်များကို ကောက်ရန် ရောက်ရှိလာသော ပြောက်ကျားတပ်သားများကို တွေ့ရ၏။ တစ်ဖက်ကွက်လပ်ဆီမှ အင်္ဂလိပ်စကားဖြင့် အမိန့်ပေးသံကိုလည်း ကြားနေရသည်။

ကျွန်တော်သည် ရှေ့မှ လမ်းပြ၍သွားနေသော တစ်ခါမျှမတွေ့ရဖူးသည့် လူအပေါ်တွင် ယုံမှားသံသယ အနည်းငယ်မျှ မရှိတော့ဘဲ သူခေါ်ဆောင်ရာနောက်သို့ စိတ်ချစွာ ဆက်၍လိုက်လာခဲ့၏။

သူသည် ကျွန်တော့်အား အတန်ကြာအောင်ခေါ်သွားပြီးနောက် တဲတစ်ခုရှေ့တွင် တာဝန်ကျနေသော ကင်းသမားတစ်ယောက်နှင့် မိတ်ဆက်ပေးလိုက်၏။ ကင်းသမားက ကျွန်တော်တို့တွေ့ရသော တဲအနောက်ဘက်မှ အခြားတဲတစ်တဲသို့ ခေါ်ယူသွားပြန်သည်။

တဲတံခါးဝမှ အထဲသို့ဝင်သွားသောအခါ သစ်သားကြမ်းများဖြင့် ပြုလုပ်ထားသော စားပွဲတစ်ခုတွင် ခပ်မှိန်မှိန်လင်းနေသော လက်ဆွဲ



မှန်အိမ်၏အရောင်ဖြင့် ထိုင်၍စာရေးနေသော ဗိုလ်မှူးကြီးတစ်ယောက်ကို တွေ့ရသည်။

ဗိုလ်မှူးကြီးမှာ ကူမင်းသို့ ကျွန်တော်ရောက်ခဲ့စဉ်က သိကျွမ်းခင်မင်ခဲ့ဖူးသူတစ်ယောက် ဖြစ်နေသောကြောင့် ဝမ်းသာ၍သွားမိ၏။

ဗိုလ်မှူးကြီးသည် ကျွန်တော့်အား ပျူပျူငှာငှာနှုတ်ဆက်လိုက်ပြီးနောက် လေယာဉ်မှချပေးခဲ့သော ရိက္ခာထုပ်များတွင် မည်ကဲ့သို့သော ရိက္ခာနှင့် ပစ္စည်းများပါရှိသည်ကို အရေးတကြီးမေးမြန်းနေသည်။

ဘိန်းနှင့် ဝိုင်ယာလက်အပိုပစ္စည်းများမှာ ဗိုလ်မှူးကြီး အထူးအလိုရှိနေသော ပစ္စည်းများဖြစ်ကြောင်း သိရ၏။

"မောင်ရင်နဲ့ ကောက်ကွေးချောင်းဂှမ်းမှာ အတူတူဆင်းခဲ့တဲ့ ဂျက်နဲ့ အဖွဲ့သားကိုးယောက်လည်း ကျုပ်တို့ဆီမှာရောက်နေတယ်။ သူတို့က ဒီကနေပြီး မိုင်နှစ်ဆယ်လောက်ကွာတဲ့ ရှေ့ပြေးကင်းစခန်းမှာ တာဝန်ကျနေတယ်။ မောင်ရင်က သူတို့စခန်းကိုသွားပြီး ဂျက်ပေးတဲ့တာဝန်ကို ထမ်းဆောင်ဖို့ပဲ"

ဗိုလ်မှူးကြီးက ကျွန်တော့်တာဝန်ကို အကြမ်းဖျဉ်း ပြောပြလိုက်ပြီးနောက် သူ့တဲနှင့်ကပ်လျက်ရှိသော အခြားတဲတစ်လုံးတွင် ကျွန်တော့်အား နေရာချထားပေးရန် ညွှန်ကြားလိုက်သည်။

စိတ်ရောကိုယ်ပါ ပန်းနေသော ကျွန်တော်သည် သစ်သားကြမ်းများဖြင့် ပြုလုပ်ထားသော အိပ်စင်ပေါ်၌ ခေါင်းချမိသည်နှင့် တစ်ပြိုင်နက် ချက်ချင်းပင် အိပ်ပျော်သွားသည်။

နောက်တစ်နေ့နံနက်တွင် အရပ်ပုပု ဂင်တိုတိုနှင့် ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင်ရှိသော ကချင်အမျိုးသားတစ်ယောက်က ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကို လာနှိုးသဖြင့် လက်မှနာရီကို ကြည့်လိုက်သောအခါ နံနက် ၁၀ နာရီပင် ထိုးနေပြီဖြစ်ကြောင်း တွေ့ရလေသည်။ ဤကချင်အမျိုးသားမှာ ဂျက်၏ရှေ့ပြေးစခန်းရှိရာသို့ ကျွန်တော့်အား လိုက်ပို့ရန် တာဝန်ပေးခြင်းခံရသူဖြစ်၏။

ကျွန်တော်သည် ထမင်းတစ်ပန်းကန်ကို ခပ်သုတ်သုတ်စားလိုက်ပြီးနောက် လက်ဖက်ရည်မှုန်း ကော်ဖီမှုန်း ခွဲခြား၍မရနိုင်သောသောက်သုံးစရာတစ်ခုကို မော့၍ချလိုက်၏။ ထို့နောက် ကျွန်တော့်အား လာရောက်နှိုးသူ ကချင်အမျိုးသားကို သွားကြစို့ဟု ပြောလိုက်သည်။

တောင်များကိုဖြတ်၍ မိုင်နှစ်ဆယ်ကျော် သွားရမည်ဖြစ်သောကြောင့် ကျွန်တော်နှင့်အတူပါလာသော လေထီးစကို ဤစခန်းတွင်ပင် ထားခဲ့လျှင် ကောင်းမည်ဟု စဉ်းစားမိသည်။ သို့သော် စဉ်းစားမိသည့်အတိုင်း လေထီးစကို ချန်မထားပစ်ခဲ့ဘဲ ကျွန်တော့် ကျောပိုးအိတ်ထဲတွင်ထည့်၍ ယူလာခဲ့မိသည်။ ဤကဲ့သို့ယူလာမိခဲ့ခြင်းကြောင့်သာ ထိုညအဖို့ ကျွန်တော်သည် အအေးဒဏ်မှ သက်သာရာရခဲ့သည်ကို နောက်မှတွေ့ရသည်။

ဂင်တိုတို ကချင်အမျိုးသားနှင့် ကျွန်တော်တို့သည် နံနက် ၁၁ နာရီအချိန်တွင် ဗိုလ်မှူးကြီး၏ဌာနချုပ်မှ ဂျက်၏ ရှေ့ပြေးကင်းစခန်းရှိရာသို့ ထွက်လာခဲ့ကြ၏။

ကျွန်တော်တို့သည် ကြမ်းတမ်းခက်ထရော်သော တောင်စောင်းများကို ဖြတ်ကျော်၍လာခဲ့ကြရသောကြောင့် ခရီးမတွင်။ မည်သို့ပင်ဖြစ်စေ လမ်းတွင် ညနေစာစားရန်အတွက် ခဏမျှသာနားပြီး ကြမ်းတမ်းလှသော မိုင်နှစ်ဆယ်ခရီးကို ရှစ်နာရီနှင့် အရောက်ခရီးပေါက်ခဲ့ကြသည်။



ကျွန်တော်တို့ နောက်ဆုံးတက်ခဲ့ရသော တောင်မှာ ပေ ၆၀၀၀- ၇၀၀၀ ခန့်မြင့်လျက် လေတဟူးဟူးတိုက်ခတ်နေသောနေရာတွင် တည်ရှိနေသည်။ တောင်စောင်းပေါ်တွင် အိုဟောင်းလျက်ရှိသော ဘန်ဂလိုကြီးတစ်ခုကို လှမ်း၍မြင်ရသည်။ တစ္ဆေအိမ်ကြီးနှင့်ပင် တူနေတော့၏။

လှေကားထိပ်မှရပ်ကာ အောက်ဘက်ရှိ မြတစ်ဝက် ရွှေတစ်ဝက်ဖြစ်နေသော သစ်ပင်များကို စိုက်၍ကြည့်နေသူကား နမ့်ကွင်းတံတားဖောက်ခွဲရာတွင် ကျွန်တော်တို့အား ခေါင်းဆောင်ခဲ့သော ဂျက်ပင်တည်း။

ဂျက်နှင့် ကျွန်တော်မှာ သံလွင်မြစ်ကမ်း အရှေ့ဘက်သို့ တရုတ်ပြည်မှတစ်ဆင့် ကုန်းကြောင်းခရီးဖြင့်ဝင်ရောက်ရန် သက်ဆိုင်ရာတို့က အစပထမတွင် စီးစဉ်ခဲ့သည်။ တရုတ်ပြည် ကူမင်းမြို့သို့ ဂျက်နှင့် ကျွန်တော်တို့ ကာလကတ္တားမှတစ်ဆင့် ရောက်သွားပြီးနောက် တရုတ် စစ်ဖက်ဆိုင်ရာ အာဏာပိုင်တို့က ကျွန်တော်တို့နှစ်ယောက်၏ ရှေ့ခရီးစဉ်ကို အချိန်ဆွဲ၍ထားခဲ့ကြ၏။ ဤအတွင်း အိန္ဒိယရှိဌာနချုပ်က ကျွန်တော့်အား ပြန်လာရန် အရေးတကြီး ဆင့်ခေါ်လိုက်သဖြင့် အိန္ဒိယသို့ပြန်လာပြီး တောတွင်းတိုက်ခိုက်ရေး မွမ်းမံသင်တန်းကို တက်နေခဲ့ကြရ၏။ ထို့ကြောင့် ဂျက်မှာ ကျွန်တော့်ထက်စော၍သံလွင်အရှေ့ဘက်ကမ်းသို့ ရောက်နေခဲ့ခြင်းဖြစ်၏။

လှေကားထိပ်တွင်ရပ်နေသော ဂျက်သည် ကျွန်တော်နှင့် ကချင်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား လမ်းပြတို့ကို မြင်သည်နှင့်တစ်ပြိုင်နက် လှေကားပေါ်မှ ပြေးဆင်းလာပြီး ကျွန်တော့်ကို ဖက်လဲတကင်း နှုတ်ဆက်လိုက်၏။

"မောင်ရင်ရောက်လာမယ်ဆိုတာ လွန်ခဲ့တဲ့သုံးရက်လောက်ကပဲ သတင်းရထားတယ်။ ဘာဖြစ်လို့ နောက်ကျနေတာလဲ။ နောက်ကျနေတဲ့အတွက် မောင်ရင့်ကို အပြစ်ပေးရလိမ့်မယ်"

ဂျက်က ရယ်ရယ်မောမောဖြင့် ပြောလိုက်၏။

"လွန်ခဲ့တဲ့သုံးရက်ကပဲ ရောက်လာမလို့ဟာ ကျွန်တော့်ကို တင်ခေါ်လာတဲ့လေယာဉ်က အောက်က အချက်ပြမီးတွေကို ရှာမတွေ့တာနဲ့ ကာလကတ္တားကို လှည့်ပြီးပြန်လာရတယ်။ မနေ့ညကမှ ဆင်းရမဲ့နေရာကို ရှာတွေ့တော့တယ်"

ကျွန်တော်က နောက်ကျရသည့်အကြောင်းကို ရှင်း၍ ပြောပြလိုက်သည်။

"မောင်ရင်က တော်သေးတယ်။ ကျုပ်ဖြင့် တရုတ်တွေနဲ့ ကုန်းကြောင်းလိုက်လာရတာ သေချင်စော်ကို နံသွားတာပဲ။ ဒီမောင်တွေက ဘာပဲပြောလိုက်ပြောလိုက် အင်းမလှုပ် အဲမလှုပ်နဲ့ ငုတ်တုတ်ကြီး ထိုင်နေဖို့ပဲတတ်တယ်။ စစ်တပ်ထဲဝင်ပြီး အေးအေးကလေး ထိုင်စားနေချင်တဲ့ တရုတ်တွေကို ကွပ်ကဲနေရတဲ့ ဗိုလ်ချုပ်စတီးဝဲလ်တော့ တော်တော့်ကို ဦးနှောက်ခြောက်ရလိမ့်မယ်။ ကဲ...လာ...လာ...အပေါ်တက်ရအောင်"

ဂျက်က ပြောပြောဆိုဆိုဖြင့် ကျွန်တော့်အား အပေါ်ထပ်သို့ ဆွဲခေါ်သွားသည်။ ခပ်လှမ်းလှမ်းမှကြည့်လျှင် တစ္ဆေအိမ်ကြီးနှင့် တူသော ဘန်ဂလိုကြီးမှာ အနားကပ်၍ကြည့်လိုက်မှ ပို၍စိတ်ပျက်စရာ



ကောင်းနေလေသည်။

အမိုးများမှာ လုံလုံခြုံခြုံရှိနေသော်လည်း အကာအရံများမှာ အပေါက်ပေါက်အပြဲပြဲဖြစ်နေရုံမက အချို့ပျဉ်ပြားများမှာ လေတိုးလိုက်တိုင်း တကျွီကျွီမြည်နေကြ၏။ အပေါက်အပြဲကြားမှ တဟူးဟူး တိုးဝင်နေသော လေမှာလည်း ရေခဲရေနှင့်ပက်နေသလို အေးလှသည်။

ဂျက်သည် အခန်းကျယ်ကြီးထဲရှိ ထောင့်တစ်ထောင့်ကို လက်ညှိုးညွှန်လိုက်ပြီး...

"အဲဒီထောင့်က မောင်ရင်အိပ်ဖို့နေရာပဲ"ဟု ပြောလိုက်၏။

အခန်းပတ်ပတ်လည်ကို ကျွန်တော်လှည့်၍ ကြည့်လိုက်သောအခါ အခန်းထောင့်တိုင်းတွင် ကြမ်းပြင်ပေါ်၌ခင်းထားသော ဂရောင်းရှိများနှင့်အတူ ကျောပိုးအိတ်များကို တွေ့ရ၏။

ဂျက်သည် ကျွန်တော်တို့နှစ်ယောက်အတွက် မတ်ခွက်ထဲတွင် ရမ် လက်နှစ်လုံးစီ ငှဲ့ထည့်လိုက်ပြီး "ဒီနေရာက သိပ်အေးတယ်၊ ဒါတောင် ရမ်ကို နေ့တိုင်းသောက်ဖို့ အလုံအလောက်မရှိဘူး၊ အိပ်တဲ့အခါလည်း သတိထားပြီးအိပ်"ဟု ပြောလိုက်၏။ ပြီးမှ "မောင်ရင့်တာဝန်က သံလွင်မြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ ကူးတို့ဆိပ်တွေမှာ ရန်သူ့အခြေအနေ ဘယ်လောက်ရှိတယ်ဆိုတာ ထောက်လှမ်းစုံစမ်းဖို့ပဲ။ ဒီဒေသမှာရှိတဲ့ ရှမ်းတွေကိုတော့ ထောက်လှမ်းရေးလုပ်ငန်းမှာ သိပ်ပြီး အားကိုးလို့မရဘူး။ သူတို့က အေးအေးစား၊ အေးအေးနေပြီး အေးအေးသေချင်တဲ့ လူစားတွေ။ သူတို့စကားပုံတောင် ရှိသေးတယ်။ ထမင်းကို ဖြည်းဖြည်းစားရင် ဘယ်တော့မှ ဗိုက်မနာဘူးတဲ့။ ဂျပန်တွေက လာပြီး မနှိပ်စက်ဘူးဆိုရင်တော့ သူတို့က သိသမျှ သတင်း

www.burmeseclassic.com

www.burmeseclassic.com



ပေးတတ်ကြတယ်။ ဒါပေမယ့် ဂျပန်စစ်သားတွေကလည်း ခပ်လှမ်းလှမ်းရောက်လာရော သတင်းပေးမယ့်လူ တစ်ယောက်မှ မရှိအောင် ပျောက်သွားတတ်ကြတယ်။ ဒီနယ်မြေကို မောင်ရင်ကျွမ်းကျင်သွားအောင် လေ့လာဦးပေါ့။ နက်ဖြန်ကျတော့ မောင်ရင့်ဆီမှာ စကားပြန်ရမယ့် ချာလီနဲ့ မောင်ရင့်ကို မိတ်ဆက်ပေးရဦးမယ်"ဟု ကျွန်တော် လုပ်ရမည့်တာဝန်ကို အတိုချုံး၍ ပြောပြနေသည်။

"ချာလီဆိုတာ ဘယ်သူများလဲ"

ကျွန်တော်က သိလိုစိတ်ဖြင့် မေးလိုက်၏။

"ချာလီဆိုတာ ဒီနယ်က ရှမ်းတရုတ်ကပြား လူလတ်ပေါ့ကွာ၊ မောင်ရင်ရော ကျုပ်ရော ဗမာစကားကို ပွတ်နေအောင်နားလည်ပေမယ့် တစ်ခါတစ်ခါတော့ ဗမာစကားမတတ်ချင်ယောင် ဆောင်ရတယ်။ အထူးသဖြင့် ဒီနယ်မြေမှာ ဗမာစကား နားမလည်ဘူးလို့ ပြောထားတာဟာ အကောင်းဆုံးပဲ။ ကျုပ်တို့က ဗမာစကား နားမလည်ဘူးဆိုတော့ လူတိုင်းက ကျုပ်တို့ရှေ့မှာ အရေးကြီးတဲ့စကားရော အရေးမကြီးတဲ့စကားရော ပြောတတ်ကြတယ်မဟုတ်လား။ ဒီစကားတွေကို နားမလည်သလိုလုပ်ပြီး မသိမသာ နားထောင်ရတာဟာ ကျုပ်တို့အတွက် ပိုပြီးသတင်းကောင်းတွေ ထောက်လှမ်းလို့ ရနိုင်တယ်။ ဒါထက် မောင်ရင်အိပ်တဲ့အခါကျရင် အပေါ်ကအင်္ကျီတွေ ချွတ်ပြီး မအိပ်ပါနဲ့"

ဂျက်သည် ကျွန်တော့်အား ကူမင်းတွင် ကျွန်တော်တို့နှစ်ယောက် ခွဲခွာခဲ့ကြပြီးနောက် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို စကားပတ်ကုံး ပြောပြနေသည်။ ကျွန်တော်တို့ရှေ့တွင်ထောင်ထားသော



ရမ်ပုလင်းမှာလည်း လျော့၍လျော့၍လာသည်။

ကျွန်တော်နှင့် ဂျက်တို့ စကားကောင်းနေသည့်အချိန်အတွင်း လက်ထောက်အရာရှိကလေး နှစ်ယောက်သုံးယောက် ရောက်လာကာ ဂျက်အား သတင်းပို့နေသည်ကို သတိပြုမိသည်။ သို့သော် ထိုသတင်းများမှာ လတ်တလောချင်း အရေးကြီးသောကိစ္စများမဟုတ်။

ဂျက်နှင့် ကျွန်တော်တို့သည် ရမ်ပုလင်းတစ်လုံးကို 'ဖြို'လိုက်ကြပြီးနောက် အိပ်ရာသို့ အသီးသီးဝင်ခဲ့ကြ၏။ ကျွန်တော့်မှာ နေ့စဉ်ဆက်၍ အိပ်ပျက်နေသည့်ကတစ်ကြောင်း၊ ယနေ့ပင် ကြမ်းတမ်းလှသော မိုင်နှစ်ဆယ်ခရီးကို နေ့ချင်းပေါက် လာခဲ့ရသောကြောင့် လည်းကောင်း အိပ်ချင်မူးတူးဖြစ်နေ၏။ ဝါးဘိုးချောချောကို တစ်ခြမ်း၊ခြမ်း၍ ပြုလုပ်ထားသော ခေါင်းအုံးပေါ်၌ ခေါင်းချလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အိပ်အပျော်ကြီး ပျော်သွားသည်။

သို့သော် မကြာပါချေ။ ကျွန်တော်သည် မေးတခိုက်ခိုက် တုန်လာကာ အိပ်ရာမှ လန့်၍နိုးလာရပါတော့၏။ အေးလိုက်သည်မှာ ရိုးတွင်းချဉ်ဆီထဲမှပင် မခံမရပ်နိုင်အောင်ရှိလှ၏။ ပုဇွန်ထုပ်ကွေးသလို ဒူးနှင့်နဖူးထိအောင် ကွေးထားသည့်တိုင် ချမ်းမြချမ်းနေသည်။ တစ်ကိုယ်လုံးလည်း နတ်ပူးသကဲ့သို့ တခိုက်ခိုက်တုန်နေ၏။ သုံးရက်ဆက်၍ အိပ်ပျက်နေခဲ့ပြီးနောက် ကြမ်းတမ်းလှသော မိုင်နှစ်ဆယ်ခရီးကို ရှစ်နာရီနှင့်ရောက်အောင်လာခဲ့ပြီး ရမ်တစ်ပုလင်းကို နှစ်ယောက်ခွဲ၍ သောက်ထားသော ကျွန်တော်သည် ပြန်၍မအိပ်နိုင်အောင် ဖြစ်နေရလေသည်။

ကျွန်တော့်ခေါင်းထဲသို့ ဒုဗိုလ်မှူးကြီးဂျင်ဘယ်လ်တို့ စခန်းမှ

www.burmeseclassic.com

www.burmeseclassic.com



ခေါက်၍ တပင်တပန်းယူဆောင်လာခဲ့ရသော ပိုးလေထီးစအကြောင်းက ကသောင်းကနင်းဝင်ရောက်လာသည်။ ယခုလို မခံမရပ်နိုင်အောင်အေးလှသောအချိန်၌ တပင်တပန်းယူဆောင်လာခဲ့ရသော ပိုးလေထီးစသည် ကျွန်တော့်အတွက် အသက်ကိုကာကွယ်နိုင်သည့် ပစ္စည်းတစ်ခုဖြစ်နေသည် မဟုတ်ပါလား။

ကျွန်တော်သည် ရေခဲတိုက်ထဲသို့ အရှင်လတ်လတ်ရောက်နေသော လူတစ်ယောက်လို ဖြစ်နေရာမှ ကျောပိုးအိတ်ထဲတွင်ရှိသောလေထီးစကိုနှိုက်၍ကြည့်လိုက်၏။ လေထီးပိုးစသည် အလွယ်တကူပင်အပြင်သို့ထွက်လာသည်။ ကျွန်တော်သည် လေထီးပိုးစကို အခေါက်ခေါက် အခါခါ ပြန်၍ခြုံရင်း ကျွန်တော့်ကိုယ်ကို ဘောလုံးကြီးတစ်ခုလိုဖြစ်အောင် ကွေးထားလိုက်၏။ သည်တော့မှပင် အအေးဒဏ်ကသက်သာလာပြီး ကျွန်တော်သည် ပြန်၍အိပ်ပျော်သွားခဲ့လေသည်။ဤလေထီးစကိုသာ ကျွန်တော် ယူမလာခဲ့ပါက အဆုတ်တွင် အအေးမိသောရောဂါဖြင့် ကျွန်တော်သည် အိပ်ရာထဲတွင် အချိန်ကြာမြင့်စွာလဲနေခဲ့ရမည်ဖြစ်လေသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော့်အတွက် စကားပြန်လုပ်ပေးမည့် 'ချာလီ'ရောက်လာသည်။ သူ့အမူအရာမှာ ကမ္ဘာကျော် လူရွှင်တော် မင်းသားကြီး ချာလီချက်ပလင်နှင့် တူနေသောကြောင့် နာမည်ရင်းပျောက်ကာ တပ်ထဲတွင် 'ချာလီ'ဟု တွင်နေခြင်းဖြစ်၏။

နံနက်စာစားပြီးနောက် ချာလီ့ကို အဖော်ပြုကာ မိုးတေရွာသို့ထွက်လာခဲ့သည်။

ဂျက်က ကျွန်တော်တို့လုံခြုံရေးအတွက် တရုတ်စစ်ဗိုလ် တစ်



ယောက်ကို ပြောက်ကျားစစ်သား ၆ ယောက်နှင့်အတူ ထည့်ပေးလိုက်၏။ တရုတ်စစ်ဗိုလ်မှာ အမှတ်ကိုး တရုတ်တပ်မကြီးမှ ဗိုလ်ကြီးအဆင့်အတန်းရှိသူဖြစ်သည်။ သူ့အမည်ကို အတိုချုံး၍ 'ဗွိုင်'ဟုခေါ်ကြ၏။

မိုးတေရွာသို့ သွားသောလမ်းမှာ ပထမတွင် ပြေပြေပြစ်ပြစ်ရှိသော်လည်း နောက်ပိုင်းတွင် ထိုးထိုးထောင်ထောင်ဖြစ်နေသောတောင်စောင်းများကို ဖြတ်ကျော်၍သွားရ၏။ တောင်စောင်းတစ်ခုပေါ်သို့ ရောက်လာကြသောအခါ ခပ်ဝေးဝေးဆီတွင်ရှိနေသော မိုးတေရွာကို လှမ်း၍မြင်ရ၏။ တဲအိမ်များ ဟိုတစ်စု သည်တစ်စု ရှိနေပြီ။ဖြူ, ပြာ, နီ, ဝါ ...စသော ရောင်စုံအဝတ်များကို ဝတ်ဆင်ထားသည့်တိုင်းရင်းသူ တိုင်းရင်းသားများကိုလည်း တွေ့ရသည်။

"မိုးတေရွာ...ခုနစ်ရက်ဈေးလေ"ဟု ကျွန်တော်၏စကားပြန်ကြီးချာလီက လက်ညှိုးညွှန်၍ ပြောလိုက်၏။

မိုးတေဈေးခင်းသို့ ကျွန်တော်တို့ရောက်သွားသောအခါ ခပ်လှမ်းလှမ်းမှ တွေ့မြင်ရသော ဖြူ,ပြာ,နီ,ဝါ ဝတ်စုံများမှာ စုတ်ပြတ်ပေရေလျက်ရှိနေသည်ကို တွေ့ရ၏။ ရှမ်း၊ ကချင်၊ ပလောင်၊ ဝ,နှင့် တရုတ်အမျိုးသား အမျိုးသမီးများ ဈေးခင်းထဲတွင် ပျားပန်းခပ်မျှ သွားလာလှုပ်ရှား ရောင်းဝယ်လျက်ရှိနေကြသည်။ အမျိုးသမီးဦးရေထက် အမျိုးသားဦးရေက ပိုမို၍များပြားသည်ကို သတိထားမိသည်။ အခြေအနေမငြိမ်သက်သောကြောင့် အမျိုးသမီးဦးရေ အတော်များများမှာ ဝေးကင်းရာအရပ်သို့ ရှောင်တိမ်းနေကြောင်း သိရှိရ၏။ ဈေးခင်းထဲတွင်ရောင်းချလျက်ရှိသော ပစ္စည်းများနှင့် ကြက်၊ ငှက်၊ သစ်သီး သစ်ရွက်

www.burmeseclassic.com

www.burmeseclassic.com



များ၏ ဈေးနှုန်းမှာ အရှေ့တိုင်းသားများ၏ ထုံးစံအတိုင်း တကယ်ရောင်းချလိုက်သည့်ဈေးထက် သုံးဆမျှမြင့်၍ထားသည်ကို တွေ့ရ၏။ မြင်ရသမျှသော တိုင်းရင်းသားများမှာ ဆင်းရဲနေသည့်အသွင်ကို ဆောင်နေကြ၏။ စစ်ဘေးစစ်ဒဏ်ကိုလည်း ကုန်း၍ခံနေကြရပုံရသည်။ သို့သော် သူတို့ကား အပြုံးအရယ်မပျက်။

မိုးတေဈေးထဲတွင်ပင် ကျွန်တော့်မိတ်ဆွေကြီး ချာလီ၏ မိတ်ဆက်ပေးမှုကြောင့် တရုတ်စစ်ဗိုလ်ကလေး 'ဗွိုင်ယင်ဂိုင်'နှင့် ကိုးကန့်နယ်သား လဝီးစစ်ဗိုလ် 'ယန်ဆန်ပြိုင်'တို့ကို တွေ့ရသည်။

တရုတ်စစ်ဗိုက်ကလေး 'ယင်'မှာ မိုးတေဈေးနှင့် မလှမ်းမကမ်းတွင် တပ်စိတ်တစ်စိတ်နှင့် ကင်းတာဝန်ကိုယူထားရသည်ဟု သိရသည်။ ကိုးကန့်နယ်သား ပြောက်ကျားဗိုလ်ပြိုင်က မိုးတေရွာနှင့် တစ်မိုင်ကျော်ခန့်ဝေးသော 'မြင်းဝလီ'ရွာတွင် သူကြီး'ချော်ရတ်ရီ' ရှိကြောင်း သို့သော် ယခုအချိန်တွင် ခရီးထွက်နေကြောင်းဖြင့် ပြောပြ၏။ ပြောက်ကျားဗိုလ်ပြိုင်မှာ အင်္ဂလိပ်စကားကို သွက်လက်ချက်ချာစွာ ပြောဆိုနိုင်သူဟာ တစ်ယောက်ဖြစ်သည်။ သူက ကျွန်တော့်အား အရေးကြီးသောသတင်းတစ်ခုကိုလည်း ပြောပြသည်။

သံလွင်မြစ်ပေါ်ရှိ ကူးတို့ဆိပ် အမှတ် ၄ နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော 'တန်ယန်ဆိုင်'ရွာတွင် ဂျပန်စစ်သား ၆၀-၇၀ ခန့် ရောက်ရှိနေသော သတင်းပင်ဖြစ်၏။

"အမှတ် ၄ ကူးတို့ဆိပ်က ဒီကနေပြီး ဘယ်လောက်ဝေးသလဲ"

ကျွန်တော်က စိတ်ပါဝင်စားစွာဖြင့် မေးလိုက်သည်။

"ခြောက်မိုင်လောက်ပဲဝေးပါတယ်"



ကျွန်တော်က ကျွန်တော့်အားစောင့်ရှောက်ရန် လိုက်ပါလာကြသော တရုတ်စစ်ဗိုလ်'ဗွိုင်'နှင့် အဖွဲ့သားများအား ကျွန်တော်သည် 'ပြိုင်'နှင့်အတူ သံလွင်မြစ်ကမ်းရှိ ကူးတို့ဆိပ် အမှတ် ၄ သို့ အခြေအနေကို အကဲခတ်ရန်သွားမည်ဖြစ်၍ ကျွန်တော်နှင့်အတူလိုက်ပါလိုက လိုက်ပါနိုင်သည်ဖြစ်ကြောင်း၊ မလိုက်လိုက ပြန်သွားနိုင်ကြောင်း ပြောပြလိုက်သည်။

ဗိုလ်ကြီးအဆင့်အတန်းရှိ ဗွိုင်သည် သံလွင်မြစ်တစ်ဖက်ကမ်းတွင် ဂျပန်စစ်သားများ ရောက်ရှိနေပြီဟူသော သတင်းကြောင့် ကျွန်တော်နှင့်အတူ လိုက်ပါသင့်,မသင့် အတန်ကြာအောင် စဉ်းစားနေသည်။ ထို့ကြောင့် ကျွန်တော်က အလိုက်သိစွာနှင့်ပင် သူနှင့် အဖွဲ့သား ၆ ယောက်အား ဂျက်ရှီရာစခန်းသို့ ပြန်၍လွှတ်လိုက်၏။

ကျွန်တော်နှင့် စကားပြန်ကြီးချာလီတို့သည် အစောင့်အရှောက်မပါဘဲ ပြောက်ကျားဗိုလ်ပြိုင် ခေါ်ရာနောက်သို့ လိုက်ခဲ့ကြ၏။ လမ်းမှာ ဆံထိုးကွဲသို့ ကောက်ကွေ့နေပြီး တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ တောလမ်းကလေး တစ်ဖက်တစ်ချက်တွင် ထူထပ်သော သစ်ပင်အုပ်ကြီးရှိသည်။ တစ်ခါကမူ ဤသစ်တောအုပ်ကြီးအတွင်း၌ သားရဲတိရစ္ဆာန်များ မင်းမူနေခဲ့ကြမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ယခုအချိန်တွင်မူ တစ်ကောင်တလေမျှ မတွေ့ရတော့။

ငါးမိုင်ကျော်ကျော်မျှ ခရီးပေါက်လာသောအခါ သစ်ပင်များအကြားမှနေ၍ တသွင်သွင်စီးနေသော သံလွင်မြစ်၏ ရေအလျဉ်ကို လှမ်း၍မြင်နေရ၏။ ကမ်းစပ်နှင့် ဆယ်ကိုက်ခန့်အကွာသို့ ရောက်တွင် ပြောက်ကျားဗိုလ်ပြိုင်က ကျွန်တော်တို့အား အထူးသတိထား၍

www.burmeseclassic.com

www.burmeseclassic.com



သွားရန် သတိပေးလိုက်ပြီး သူကိုယ်တိုင်လည်း လေးဘက်တွား၍ ကူးတို့ဆိပ်ရှိရာသို့ သွားနေသည်ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်တော် တို့လည်း သူ့နည်းအတိုင်း နောက်မှလိုက်ပါလာခဲ့ကြရ၏။

ရေစပ်ရှိ ချုံပုတ်တစ်ခုအထဲသို့ ရောက်လာကြပြီးနောက် တစ် ဖက်ကမ်းသို့ လှမ်းမျှော်၍ကြည့်လိုက်သောအခါ ဟိုတစ်စု သည်တစ် ပြန့်ကျဲ၍နေသော တဲအိမ်ကလေးများကို တွေ့ရ၏။

"ဟော...ဟိုမှာမြင်ရတာဟာ တန့်ယန်ဆိုင်ရွာပဲ"

ပြောက်ကျားဗိုလ်ပြိုင်က ကျွန်တော့်အနားတွင်ကပ်၍ ပြောလိုက် သည်။

တစ်ဖက်ကမ်းရှိ တဲအိမ်စုများအကြားတွင် ဟိုမှသည်သို့ သွား လာနေကြသော လှုရိပ်လှုခြည်များကို တွေ့ရသော်လည်း အလှမ်းကွာ လှသဖြင့် ယောကျ်ားလား၊ မိန်းမလားဟု မခွဲခြားနိုင်သလို ရှမ်းအမျိုး သားလား၊ ဂျပန်စစ်သားလားဟူ၍လည်း ခွဲခြား၍မရ။

ပြောက်ကျားဗိုလ်ပြိုင်က ကျွန်တော့်လက်ထဲသို့ မှန်ပြောင်းအငယ် စားကလေးတစ်ခု ထည့်လိုက်၏။ မှန်ပြောင်းကို မျက်နှာတွင်တပ်၍ တစ်ဖက်ကမ်းသို့ ကြည့်လိုက်သောအခါ တဲအိမ်စုများအကြားတွင် လှုပ်ရှားသွားလာနေသူများမှာ ရှမ်းအမျိုးသားနှင့် အမျိုးသမီးကြီးများ ဖြစ်ကြောင်း တွေ့ရ၏။ ရွာအခြေအနေကို ကြည့်ရခြင်းအားဖြင့် ဂျပန်စစ်တပ်တစ်တပ်ကို ရိက္ခာထောက်နေနိုင်လောက်အောင် စည်ပင် ဝပြောခြင်းမရှိကြောင်း တွေ့ရ၏။

ရွာတွင်းသို့ မှန်ပြောင်းဖြင့် ပိုက်စိပ်တိုက်၍ လိုက်လံထော လှမ်းကြည့်သော်လည်း ဂျပန်စစ်သားနှင့်တူသည့်သူကိုပင် တစ်ယော



မျှ မတွေ့ရ။

ပြောက်ကျားဗိုလ်ပြိုင်က တန့်ယန်ဆိုင်တွင် ဂျပန်စစ်သား ၆၀ ၇၀ ခန့် ရောက်ရှိနေပြီဆိုခြင်းမှာ ဖြီးလုံးသက်သက်သာ ဖြစ်ပေလိမ့် မည်။

မည်သို့ပင်ဖြစ်စေ အမှတ် ၄ ကူတို့ဆိပ်သို့ ကျွန်တော်ရောက်ရှိ လာခဲ့ခြင်းမှာ အချည်းနှီးတော့မဖြစ်။ အဘယ်ကြောင့်ဆိုသော် အရေး ကြုံလာပါက ကူးတို့ဆိပ် အမှတ် ၄ သည် သံလွင်မြစ်ကိုဖြတ်ကူးရန် အကောင်းဆုံးသော နေရာတစ်ခုဖြစ်ကြောင်း တပ်မှူးဖြစ်သူ ဂျက်အား ကျွန်တော်က သတင်းပို့နိုင်မည်ဖြစ်သောကြောင့်တည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

တစ္ဆေအိမ်ကြီးနှင့်တူသော ဂျက်၏ဌာနချုပ်ကို ဗဟိုရုံပြုကာ ပတ်ဝန်းကျင်ရှိ တောင်ပေါ်ကျေးရွာများသို့ နေ့စဉ်လိုပင် ခရီးထွက်၍ နယ်မြေအနေအထားနှင့် ကျေးရွာသားများ၏ စိတ်နေစိတ်ထားကို လေ့လာနေခဲ့သော ကျွန်တော့်အား တစ်ခုသောညနေတွင် ဂျက်က သီးသန့်တာဝန်တစ်ရပ် ပေးအပ်လိုက်၏။

အနောက်ဘက် ဆယ်မိုင်ခန့်ကွာသော 'အကျုယာချိုင်'ရွာသို့ ချီတက်ပြီးနောက် သံလွင်မြစ်ကမ်းတစ်လျှောက်တွင်ရှိသည့် မြစ်ကူးကူးတို့ဆိပ်များကို ထောက်လှမ်းရန် တာဝန်တည်း။

ဂျပန်တပ်များမှာ အများအားဖြင့် သံလွင်မြစ်ကမ်း အနောက်ဘက်ကမ်းတွင် စုရုံးလျက်ရှိရာ အရှေ့ဘက်ကမ်းတစ်လျှောက်တွင် ထောက်လှမ်းရေးခရီးထွက်မည့် ကျွန်တော်သည် နေ့အချိန်၌ လွတ်လွတ်လပ်လပ်ကြီး လှုပ်ရှားနိုင်မည်မှာ သေချာသည်။ သို့သော် အမှောင်လွှမ်းမိုးသည့် ညအချိန်တွင်မူ ဂျပန်တိုက်ကင်းအဖွဲ့များ အရှေ့ဘက်ကမ်းသို့ကူး၍ ကျွန်တော်တို့ အင်္ဂလိပ်တပ်များ အခြေအနေကို



ထောက်လှမ်းလေ့ရှိသောကြောင့် ကျွန်တော်တို့သည် သတိဝီရိယထား၍ လှုပ်ရှားကြရမည်ဖြစ်၏။ ဤသို့ သတိဝီရိယထားရန်လည်း ဂျက်က ကျွန်တော့်ကို မှာထားသည်။

နယ်မြေအနေအထားနှင့် ကျေးရွာသူရွာသားများ၏ စိတ်အနေအထားကို အတော်အတန် တီးမိခေါက်မိရှိနေပြီဖြစ်သော ကျွန်တော်သည် နောက်တစ်နေ့နံနက်တွင် အဖွဲ့သား လေးငါးဆယ်ယောက်ဖြင့် 'အကျုယာချိုင်'ရွာရှိရာသို့ ရေးရှု၍ ချီတက်လာခဲ့၏။

ကျွန်တော်တို့သည် တောင်ပေါ်ရွာကလေးနှစ်ရွာကို အနှောင့်အယှက်မတွေ့ရဘဲ ဖြတ်ကျော်လာခဲ့ပြီးနောက် လားသွားရုံလောက်သာကျယ်သော လမ်းကလေးတစ်ခု၏ ထောင့်ချိုးကို ကွေ့၍ ချိုးလိုက်သည်နှင့် တစ်ပြိုင်နက် နွားဝန်တင်များဖြင့် သယ်ဆောင်၍လာသော ထောက်ပံ့ရေးအဖွဲ့တစ်ဖွဲ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

ကျွန်တော်သည် စကားပြန်ချာလီအား နွားဝန်တင်အဖွဲ့ကို ခေါင်းဆောင်၍လာသော ရှမ်းအဖိုးကြီးရှိရာသို့ စေလွှတ်လိုက်ပြီး ကျွန်တော်ကမူ သူတို့နှစ်ယောက်စကားပြောသည်ကို ကြားနိုင်လောက်သည့် လမ်းဘေးချုံပုတ်ထဲသို့ တိုးဝင်ကာ ပုန်းနေလိုက်သည်။

"နွားဝန်တင်တွေနဲ့ ဘယ်ကိုသွားမှာလဲ အဘကြီး"

စကားပြန်ချာလီက မေးလိုက်၏။ ရှမ်းအဖိုးကြီးက ချာလီ လာရောက်မေးမြန်းသည်ကို မကျေနပ်သည့်လေသံဖြင့်...

"ကျုပ်ရောက်ချင်တဲ့နေရာကို သွားမှာပဲ၊ မောင်ရင်နဲ့ ဘယ်လိုများ ဆိုင်လို့တုံး"ဟု ခပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

"ဒီလိုပါ...ဘကြီး၊ ကျွန်တော်က ပေါ့ဟို ချုံပုတ်ထဲမှာ အနား

www.burmeseclassic.com

www.burmeseclassic.com



ယူနေတဲ့ ဗိုလ်ကြီးဆီမှာ စကားပြန်လုပ်ရတဲ့သူပါ။ အဲဒီဗိုလ်ကြီးက မေးခိုင်းလို့ လာပြီးမေးရတာပါ"

ချာလီက အောက်ကျို့သံပါသော်လည်း မဖြေလျှင် အခက်တွေ့လိမ့်မည်ဟု ခြိမ်းချောက်သံကိုပါ နှောက်မှရော၍ ထည့်မေးလိုက်လေသည်။

"ဘကြီးက ဒီနွားဝန်တင်တွေနဲ့ ဘယ်ကိုသွားမယ်၊ ဘာပစ္စည်းတွေ ပါတယ်ဆိုတာ ပြောမပြရင် ဘကြီးကို ဗိုလ်ကြီးက ဂျပန်ဘက်တော်သားဆိုပြီး ထင်သွားလိမ့်မယ်"

"ဂျပန်တွေအတွက်မဟုတ်ဘဲ တရုတ်တွေအတွက်ဆိုရင်ကော မောင်ရင်တို့ဗိုလ်ကြီးက ဘကြီးကို ဘယ်လိုသဘောမျိုးထားမလဲ"

"တရုတ်တွေအတွက်ဆိုရင်တော့ ဘကြီးကို သာဓုခေါ်မှာပေါ့ဗျာ၊ အထုပ်တွေနဲ့ သေတ္တာတွေထဲမှာ ဘာတွေပါတယ်ဆိုတာ ပြောစမ်းပါ"

"အထုပ်တွေကတော့ ရိက္ခာတွေပဲ၊ သေတ္တာတွေကတော့ ခဲယမ်းလက်နက်တွေပေါ့။ ဒီပစ္စည်းတွေကို တစ်နေရာစီခွဲပြီး ပို့ရမယ်"

"သံလွင်တစ်ဖက်ကမ်းမှာ ဂျပန်တွေ ဘယ်လောက်ရှိသလဲ ဘကြီး"

ချာလီက ဆက်၍မေးလိုက်ပြန်သည်။

"မောင်ရင်က တန့်ယန်ဆိုင်ရွာမှာ ဂျပန်ဘယ်လောက်ရှိတယ်ဆိုတာ မေးတယ်လား။ တန့်ယန်ဆိုင်မှာတော့ ဂျပန် တစ်ယောက်မှ မရှိဘူး။ ဒါပေမယ့် အကူယာချိုင်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ချင်ရှန်မှာတော့ ဂျပန်တွေရောက်နေတယ်လို့ ကြားရတယ်"

"ဒါဖြင့် တန့်ယန်ဆိုင်ကနေပြီး မြစ်ကိုဖြတ်ကူးမယ်ဆိုရင်



ကျွန်တော်တို့အတွက် အန္တရာယ်မရှိဘူးပေါ့"

"ဒါတော့ ဘယ်ပြောတတ်မလဲ မောင်ရင်၊ ဒီနေ့ ဂျပန်တွေ မရှိပေမယ့် နက်ဖြန် ဒီကောင်တွေ ရောက်မလာဘူးလို့ ဘယ်လိုလုပ်ပြီး ကျုပ်က တာဝန်ခံနိုင်မှာလဲ"

နွားဝန်တင်ခေါင်းဆောင် ရှမ်းအဖိုးကြီးက ယတ္တာဘူတကျသော စကားကို ဆိုလိုက်၏။

ကျွန်တော်က ချုံပုတ်ထဲမှနေ၍ ရှမ်းအဖိုးကြီးကို လွှတ်လိုက်တော့ဟု စကားပြန်ချာလီအား ပြောလိုက်သည်။

နွားဝန်တင်အဖွဲ့သည် ကျွန်တော်တို့ကိုကျော်ကာ ဆက်၍ ခရီးနှင်သွားလေသည်။

နွားဝန်တင်အဖွဲ့ လမ်းချိုးတွင် ပျောက်ကွယ်သွားပြီးနောက် ကျွန်တော်တို့သည် အကူယာချိုင်ရွာဆီသို့ ဆက်လက်လာခဲ့ကြ၏။

ကျွန်တော်တို့ရရှိထားသော သတင်းအရ အကူယာချိုင်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ချင်ရှန်ရွာကို ဂျပန်များက တပ်စွဲထားသည်ဟု သိရ၏။ ချင်ရှန်မှာ သံလွင်အနောက်ဘက်ကမ်းတွင်ရှိသော ရွာတည်း။

ချင်ရှန်ရွာသည် အရှေ့ဘက်ကမ်းတွင်ရှိသော အကူယာချိုင်ရွာထက် ပို၍မြင့်သော တောင်ကုန်းပေါ်တွင် တည်ရှိနေသည်ဖြစ်ရာ ကျွန်တော်တို့သည် အကူယာချိုင်သို့ သစ်ပင်ချုံပုတ်များကို အကာအကွယ်ယူကာ တဖြည်းဖြည်း ချဉ်းကပ်ကြရ၏။

တစ်ဖက်ကမ်း ချင်ရှန်ရွာတွင် ဂျပန်များက ကြည့်ကင်းစခန်းတည်ဆောက်၍ ကျွန်တော်တို့အုပ်စီးထားသော အရှေ့ဘက်ကမ်းရှိ အကူယာချိုင်ကို အမြဲမပြတ် မှန်ပြောင်းဖြင့်ထောက်လှမ်းနေမည်မှာ

www.burmeseclassic.com

www.burmeseclassic.com



သေချာလှသည်။

ကျွန်တော်တို့သည် အကူယာချိုင်ရွာနှင့် ခပ်လှမ်းလှမ်းသို့အရောက်တွင် တောအုပ်အလယ်ရှိ ကွင်းပြင်တစ်ခု၌ စတည်းချလိုက်ကြ၏။ ရွာထဲသို့ဝင်၍ တည်းခိုလျှင် ကျွန်တော်တို့အတွက် သက်သောင့်သက်သာရှိမည်ကိုသိသော်လည်း တစ်ဖက်ကမ်းမှ ဂျပန်များ သံလွင်မြစ်ကို တိတ်တဆိတ်ဖြတ်ကူးလာကာ အငိုက်တွင် ကျွန်တော်တို့ကို ဝင်၍ အစီးခံရပါက ခေါင်းဆောင်လာသော ကျွန်တော့်အတွက် အရှက်တကွဲအကျိုးနည်းစရာ ရှိနေလေသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ရွာနှင့် ခပ်လှမ်းလှမ်းတွင် စတည်းချကာ ရွာအခြေအနေကို အကဲခတ်ကြည့်သည်။ ရန်သူများကင်းရှင်းပြီဟု ယုံကြည်ရမှ ရွာထဲသို့ ဖြည်းဖြည်းချင်းဝင်လာခဲ့ကြ၏။

ကျွန်တော်တို့ ပထမဆုံးတွေ့ရသူမှာ တရုတ်ကင်းစောင့်စစ်သားတစ်ယောက်ပင်ဖြစ်၏။ သူသည် ကျွန်တော်တို့ ရွာတွင်းသို့ဝင်လာသည်ကို မြင်လျှင်မြင်ချင်း သေနတ်ကို အပေါ်သို့မြှောက်၍ တရုတ်စကားဖြင့် အော်ဟစ်လိုက်သည်။ သို့သော် ကျွန်တော်တို့က ခြေလှမ်းမပျက်ဘဲ ဝင်လာခဲ့ကြ၏။ ခဏအကြာတွင် ရိုင်ဖယ်ကိုယ်စီကိုင်ထားသော တရုတ်စစ်သား ၉ ယောက်ခန့် တဲနောက်ဘက်မှ ပေါ်ထွက်လာပြန်သည်။ တရုတ်စစ်သားများ သေနတ်ကို ကိုင်ထားကြပုံမှာ မကိုင်လျှင်မဖြစ်သောကြောင့် ကိုင်ထားရသည့်အသွင် ပေါ်နေသည်။

ကျွန်တော်နှင့် အဖွဲ့သားများ ကင်းစောင့်တဲအနီးသို့ ရောက်လာသောအခါ အခြားတဲတစ်ခုအတွင်းမှ ထွက်လာသော တရုတ်စစ်ဗိုလ်တစ်ယောက်ကို တွေ့ရ၏။ သူက သေနတ်တပြင်ပြင်ဖြစ်နေ



သော တရုတ်စစ်သားများကို အော်ငေါက်၍ပြောဆိုလိုက်ပြီး ကျွန်တော့်ဘက်သို့လှည့်ကာ ဖိတ်မန္တကပြုလိုက်၏။

"ကျွန်တော်တို့တရုတ်စစ်သားတွေက သိပ်ပြီး ဝီရိယကောင်းတယ်။ ရန်သူကို တိုက်ချင်တာလည်း လက်ကို ယားနေကြတာပဲ၊ ဗိုလ်ကြီးတို့ကို ဘာမှမမေးမြန်းဘဲ မပစ်မိတာ ကံကောင်းတာပေါ့"ဟု ပြောလိုက်သည်။

ကျွန်တော်က...

"အင်း...ကံကောင်းတယ်လို့ပဲ ဆိုရမှာပေါ့ဗျာ"ဟု စိတ်မပါတပါဖြင့် ဝတ်ကျေတမ်းကျေ စကားဆိုလိုက်ရ၏။ "ဒီတရုတ်စစ်သားတွေအတွက်တော့ ခင်ဗျားတို့ရဲ့ စစ်သူကြီးချန်ကေရှိတ်က အထူးဂုဏ်ယူမိမှာပါပဲ"

သွားခေါခေါနှင့် တရုတ်စစ်ဗိုလ်သည် ကျွန်တော့်စကားကြောင့် မျက်နှာများ ရှုံ့မဲ့၍သွားသည်။

"ချန်ကေရှိတ်ကိုတော့ ကျွန်တော် နည်းနည်းမှ သဘောမကျဘူး။ အမေရိကန်ဆီက ငွေတွေ၊ လက်နက်တွေ နင်းကန်ယူပြီး သူကောင်းစားဖို့ပဲ လုပ်နေတယ်။ တရုတ်စစ်သားတွေအပေါ်မှာတော့ ဘာမှ ဂရုမစိုက်ဘူး။ ချန်ကေရှိတ်ဟာ စစ်ပညာလည်းမတတ်ဘူး၊ နိုင်ငံရေးကိုလည်း ကိုယ်ကျိုးအတွက်ပဲ အသုံးချနေတယ်။ ဒါထက် ကျွန်တော်တို့ဌာနချုပ်ကိုလိုက်ပြီး ခေါင်ရည်ကလေးများ သောက်ရင်း အမောအပန်းဖြေပါဦး"

ကျွန်တော်က ခေါင်းခါလိုက်ပြီး "နေဝင်တော့မှ သွားမယ်။ ခင်ဗျားတို့ ဒီရွာကိုရောက်တာ ဘယ်လောက်ကြာပြီလဲ"ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သုံးပတ်ကျော်ကျော်လောက်ပဲ ရှိပါသေးတယ်"

ကျွန်တော်က အုတ်စီကာ ရွှံ့ဖြင့်မံထားသော တဲများရှိရာသို့ ညွှန်ပြလိုက်ပြီး...

"ဒီရွာကို ခင်ဗျားတို့ရောက်လာတော့ တဲတွေမှာ ခုမြင်ရတဲ့ အတိုင်းပဲ အပေါက်ပေါက်အပြဲပြဲဖြစ်နေသလား"ဟု မေးလိုက်၏။

အုတ်ဖြင့်ပြုလုပ်ထားသော တဲနံရံများမှာ အမြောက်အသေးစား ကလေးများ၏ ထိပ်ဖူးဖြင့် ထိမှန်ထားသောကြောင့် အပေါက်ပေါက် အပြဲပြဲဖြစ်နေသည်။ အချို့တဲနံရံများပေါ်တွင်မူ ကျောက်ပေါက်မကဲ့သို့ ဖြစ်နေသော စက်သေနတ်ကျည်ဆန်ထိပ်ဖူးရာများကို အများအပြား တွေ့ရ၏။

"ဒီဇင်ဘာလတုန်းကပဲ ဒီလိုဖြစ်နေတာပါ။ ရွာသားတွေကို မေးကြည့်လို့ ကျွန်တော်သိရပါတယ်။ တစ်ဖက်ကမ်းမှာရှိတဲ့ ချင်ရှန် ရွာကနေပြီး ဂျပန်တွေက ဒီရွာကို လှမ်းပြီးပစ်ခဲ့တာပါပဲ။ မိန်းမတွေ နဲ့ ကလေးတွေကတော့ ရွာကထွက်ပြေးကုန်ပြီ။ ယောက်ျားတွေဆိုရင် လည်း တစ်ဝက်လောက်ပဲ ရှိတော့တယ်"

"ဒီရွာမှာရှိတဲ့ အမှတ် ၅ ကူးတို့ဆိပ်ကကော ကူးလို့လွယ်ရဲ့ လား"

"ချင်ရှန်မှာရှိတဲ့ ဂျပန်တွေက ဖြတ်ကူးတဲ့လူတွေမှန်သမျှကို လိုက်မရှင်းဂန်းနဲ့ ပစ်ထည့်နေတာပဲ။ ကူးဖို့ မလွယ်ပါဘူး"

"ချင်ရှန်မှာ ရန်သူဘယ်လောက်ရှိတယ်လို့ ခန့်မှန်းရသလဲ"

သွားခေါ်ခေါ်နှင့် တရုတ်စစ်ဗိုလ်သည် ခဏမျှစဉ်းစားလိုက်ပြီး...

"ကျွန်တော်တို့ ငါးရက်ဆက်ပြီး ဒီဘက်ကမ်းကနေ မှန်ပြောင်းနဲ့



ထောက်လှမ်းကြည့်တော့ ဂျပန်စစ်သားတစ်ရာလောက် တွေ့ရတယ်။ အရာရှိတွေပါ အပါအဝင်ပေါ့လေ"ဟု ထစ်ထစ်ငေါ့ငေါ့နှင့် အဖြေ ပေးလိုက်၏။

"ခင်ဗျားလက်အောက်မှာကော လူဘယ်နှစ်ယောက်ရှိသလဲ"

"အားလုံး ဆယ့်ရှစ်ယောက်ရှိပါတယ်။ ဆယ့်တစ်ယောက်က ကျွန်တော်နဲ့အတူ ရွာထဲမှာတာဝန်ယူထားပြီး တပ်သားခုနစ်ယောက် ကိုတော့ ကူးတို့ဆိပ်မှာ နေရာယူခိုင်းထားပါတယ်။ ဗိုလ်ကြီးက မြစ်ဆိပ်ကိုဆင်းပြီး ရှေ့ပြေးကင်းစခန်းကို စစ်ဆေးကြည့်ချင်လို့လား"

သွားခေါ်ခေါ်နှင့် တရုတ်စစ်ဗိုလ်က ပျာယီးပျာယာနှင့် စုံစမ်း လိုက်သည်။

"ခုတော့ မစစ်ဆေးသေးပါဘူး၊ နေဝင်ပြီးမှ သွားကြတာပေါ့။ ဒီရွာပေါ်က ဂျပန်လေယာဉ်များ ဖြတ်ပြီးပျံသွားတာ တွေ့သလား"

"ဂျပန်လေယာဉ်တော့ တစ်စင်းမှမတွေ့ဘူး။ မနေ့ကနေ့လယ် ကတော့ အမေရိကန် ဗုံးကြဲတိုက်လေယာဉ်တစ်စင်း ဒီရွာပေါ်က ဖြတ်ပြီး အနောက်တောင်ဘက်ကိုသွားတာ တွေ့လိုက်ရတယ်။ ငါး မိနစ်လောက်ကြာတော့ ဗုံးကြဲသံတွေကြားရတယ်။ ကွမ်းလုံကိုသွား ပြီး ဗုံးကြဲတာလို့ ထင်ရတယ်"

"ဒါထက် အမှတ် ၄ ကူးတို့ဆိပ်နဲ့ပတ်သက်ပြီး ဘယ်လိုများ သတင်းရထားသလဲ"

သွားခေါ်ခေါ်နှင့် တရုတ်စစ်ဗိုလ်သည် သွားဖုံးများပေါ်အောင် ပြုံးလိုက်ပြီး...

"ကျွန်တော်ကတော့ တန့်ယန်ဆိုင်ကလာတဲ့ [illegible]တွေကို နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီး စုံစမ်းနေတာပဲ။ သူတို့ဆီက ကြားရသလောက်တော့ ဂျပန်တွေက အမှတ် ၄ ကူးတို့ဆိပ်ကို သိပ်ပြီး ဂရုစိုက်ပုံမရဘူးလို့ သိရတယ်။ ဒါပေမယ့် ရွာကသူကြီးကိုတော့ ဂျပန်ရှေ့ပြေးတပ်မှာပါမယ့် တပ်သားသုံးဆယ်နဲ့ အရာရှိနှစ်ယောက်အတွက် ရိက္ခာနဲ့ နေစရာအိမ်တွေရှာထားဖို့ ညွှန်ကြားထားတယ်လို့ ကြားရတယ်။ တန့်ယန်ဆိုင်က ရွာသူရွာသားတွေလည်း မိုးတေရွာဘက်ကို ပြေးလာကြတယ်လို့ ဆိုတယ်”ဟု အဖြေပေးလိုက်၏။

“ခင်ဗျားတို့ရွာကို တစ်ဖက်ကမ်းက လှမ်းပြီးထုတော့ အသေအပျောက် ဘယ်လောက်ရှိသလဲ”

“လူတွေတော့ တစ်ယောက်မှမသေပါဘူး၊ နွားတစ်ကောင်ပဲ သေတယ်။ နှစ်ယောက်ကတော့ ဒဏ်ရာရသွားတယ်။ ဒါပေမယ့် တစ်ရွာလုံး ထိတ်လန့်ပြီးပြေးကုန်တော့ ကျွန်တော်တို့အတွက် နေ့စဉ်ရနေကြ နွားနို့တွေ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မရတော့ဘူးပေါ့”

တရုတ်စစ်ဗိုလ်သည် ခဏမျှ အသံထွက်အောင်ရယ်လိုက်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ပြီးမှ ကျွန်တော်နှင့် စ၍တွေ့စဉ်က စကားကိုပင် ထပ်၍ဆိုလိုက်၏။

“မကြာခင် နေဝင်တော့မှာပဲ၊ ကျွန်တော်တို့ဌာနချုပ်ကို ခေါ်ရည်သောက်ဖို့ ကြွပါ”

တရုတ်စစ်ဗိုလ်သည် ကျွန်တော့်ထံမှ ပြန်ကြားမည့်စကားကိုပင် နားထောင်မနေတော့ဘဲ သူ့ဌာနချုပ်ရှိရာသို့ လှည့်၍သွားသဖြင့် ကျွန်တော်တို့လည်း သူ့နောက်မှ လိုက်လာခဲ့ကြရတော့သည်။



ဌာနချုပ်ပြုလုပ်ထားသော တရုတ်စစ်ဗိုလ်၏တဲမှာ တစ်ရွာလုံးရှိ တဲများထက် ပို၍ကျယ်ကာ ပို၍လည်း အပေါက်အပြဲနည်းပါးသည်ကို တွေ့ရ၏။ အခန်းကျယ်ကြီးထဲသို့ ဝင်လိုက်သောအခါ သစ်သားကြမ်းများဖြင့်ပြုလုပ်ထားသော စားပွဲကြီးတစ်လုံးကို တွေ့ရသည်။ စားပွဲပတ်ပတ်လည်တွင် ကျည်ဆန်သေတ္တာများကို ကုလားထိုင်သဖွယ် ပြုလုပ်ထား၏။ စားပွဲကြီးပေါ်တွင် မြန်မာပြည်မြောက်ပိုင်းနှင့် တရုတ်ပြည် တောင်ပိုင်းကို ဖော်ပြထားသော မြေပုံကြီးတစ်ချပ်ကို ဖြန့်ခင်းထားပြီး အစနှစ်ဖက်ကို ခေါင်ရေထည့်ထားသော မတ်ခွက်ကြီးနှစ်ခွက်ဖြင့် ဖိထားလေ၏။

တရုတ်စစ်ဗိုလ်သည် မတ်ခွက်ကြီးနှစ်ခွက်ကို ဖက်လိုက်ပြီး မြေပုံစာရွက်ကြီးကို အောက်သို့ပစ်ချလိုက်၏။ ပြီးနောက် အခြားမတ်ခွက်များတွင် ကျွန်တော်တို့အတွက် ခေါင်ရည်များလောင်းထည့်နေလေသည်။

စစ်သူကြီး ချန်ကေရှိတ်၏ တရုတ်စစ်ဗိုလ်က ခေါင်ရည်ဘူးဖြင့် အလုပ်များနေစဉ် ကျွန်တော်က စားပွဲပေါ်တွင်တွေ့ရသော အဝေးကြည့် မှန်ပြောင်းတစ်လက်ဖြင့် ချင်ရှန့်ရွာခဆီသို့ ယောက်လှမ်း ကြည့်ရှုနေမိသည်။ တစ်ရွာလုံးကို ပိုက်စိပ်တိုက်၍ တစ်ကိုက်ပြီးတစ်ကိုက် ထောက်လှမ်းကြည့်ရှုလိုက်သောအခါ မြင့်မောက်သော တောင်ကမ်းပါးယံထက် တစ်နေရာတွင် အပင်များကိုရှင်းလင်းထားသော မြေကွက် တစ်ကွက်ကို တွေ့ရ၏။ ထိုမြေကွက်တွင် ကင်းတဲတစ်ခု ဆောက်ထားသည်ကို မြင်ရပြီး ကင်းတဲရှေ့တွင် ဂျပန်စစ်သားတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်သားသည် ကျွန်တော်တို့ဘက်ကမ်းမှကြည့်၍ မမြင်နိုင်အောင် သူ့ကိုယ်နှင့် သံခမောက်ပေါ်တွင် သစ်ကိုင်းများ ထိုးစိုက်ကာ ပုံဖျက်ထားလေသည်။ သူ့လက်ထဲတွင်ကိုင်ထားသော ရိုင်ဖယ်မှာ အင်္ဂလိပ်ရိုင်ဖယ်ထက် ပို၍ရှည်သည်ကို သတိပြုမိသည်။

ချင်ရှန်မှာ ဂျပန်တို့ အမြဲတမ်း ကင်းချထားသော နေရာဖြစ်ကြောင်း ထင်ရှားနေပေပြီ။

ရွာထဲသို့ လှမ်း၍ကြည့်လိုက်သောအခါ ဂျပန်စစ်သားများသည် အစုကလေးများဖွဲ့၍ စစ်သီချင်းများကို သီဆိုလျက်ရှိနေကြသည်ကို မြင်ရ၏။ ကြယ်နှစ်ပွင့်တပ်ထားသော ဗိုလ်အဆင့်အတန်းရှိသူတစ်ဦးက ဟိုမှသည်မှ သွားလာရင်း အလုပ်များနေဟန်တူသည်။ ရွာထဲရှိ တဲများအလွန်တွင် ဘုရားစိန်ဖူးတော်တစ်ခုကို ရွှေထီးနှင့်တကွ ဖူးမြော်ရ၏။

ကျွန်တော်သည် လက်ထဲမှမှန်ပြောင်းကို စားပွဲပေါ်တွင် ပြန်ချထားလိုက်ပြီး ခေါင်းရည်ဗိုင်းတွင် ဝင်၍ထိုင်လိုက်လေသည်။

နေဝင်စပြုသည်နှင့်တစ်ပြိုင်နက် ခေါင်းရည်ကိုသာမက မီးတောက်အရက်ကိုပါ တမော့တည်းမော့နေသော တရုတ်စစ်ဗိုလ်အား ကူးတို့ဆိပ်ရှိရာသို့သွား၍ ရေ့ပြေးကင်းစခန်းကို စစ်ဆေးရန် သတိပေးလိုက်ရသည်။

ကျွန်တော်နှင့် တရုတ်စစ်ဗိုလ်တို့သည် မြစ်ကမ်းစပ်ရှိရာသို့ ခြေကို ဖော့နင်းလျက်လာခဲ့ကြ၏။ ကူးတို့ဆိပ်မှာ ချောင်ကျသော ဒေသများထုံးစံအတိုင်း မှောင်ရိပ်ထဲတွင် ရေးရေးသာမြင်ရသည့် နင်းကြမ်းများဖြင့် ပြုလုပ်ထားသော ရေဆင်းတံတားတစ်ခု ဖြစ်သည်။



တစ်ဖက်ကမ်း ချင်ရှန်ရှိ ကမ်းပါးမြင့်ပေါ်မှ ဂျပန်စစ်သားတစ်ယောက်၏ အရက်မူးမူးနှင့် သီချင်းဆိုသံက ကျွန်တော်တို့ထံသို့ ပျံ့ဝဲရောက်ရှိလာသည်။

ကျွန်တော့်ရှေ့မှ ကုတ်ချောင်းကုတ်ချောင်းနှင့် သွားနေသော တရုတ်စစ်ဗိုလ်သည် ရုတ်တရက် ရပ်တန့်လိုက်ပြီး ငှက်မြည်သံကဲ့သို့သော အသံတစ်ခုကို ပြုလိုက်၏။ မကြာမီပင် ငှက်မြည်သံတစ်ခုက ကျွန်တော်တို့ရှေ့ ဆယ်ကိုက်လောက်အကွာမှ ပြန်၍ထွက်ပေါ်လာသည်။

တရုတ်စစ်ဗိုလ်က ဒုတိယအကြိမ်မြောက် အချက်ပေးလိုက်သောအခါ အခြားတစ်ဖက်မှလည်း ပြန်၍ အချက်ပေးသံကို ကြားရ၏။ တရုတ်စစ်ဗိုလ်သည် ကျွန်တော့်လက်မောင်းကိုဆွဲကာ သစ်ပင်ချုံပုတ်များအောက်ဆီသို့ တိုး၍ဝင်သွားသောအခါ ပုံဖျက်၍ထားသော ကတုတ်ကျင်းတစ်ခုကို တွေ့ရသည်။ ကတုတ်ကျင်းမှာ ကမ်းစပ်အထိရောက်လုမတတ် ရှည်လျားသည်ကို သတိထားလိုက်မိသည်။ ကတုတ်ကျင်းထဲတွင် ရိုင်ဖယ်ကိုယ်စီနှင့်ရှိနေကြသော တရုတ်စစ်သားခုနစ်ယောက်နှင့်အတူ တစ်ဖက်ကမ်းရှိ ချင်ရှန်ရွာဘက်သို့ ပြောင်းလှည့်၍ထားသော လိုက်မရှင်းဂန်းတစ်လက်ကိုပါ ဆင်လျက်သားမြင်ရသည်။

ကျွန်တော်တို့သည် သံလွင်မြစ်ကမ်းနဖူးရှိ တရုတ်ရှေ့ပြေးကင်းစခန်းကို စစ်ဆေးကြည့်ရှုလိုက်ပြီးနောက် မှောင်နှင့်မည်းမည်းထဲတွင် ရွာရှိရာသို့ ပြန်လာခဲ့သည်။ အပြန်ခရီးတွင် တရုတ်စစ်ဗိုလ်က သူ၏ရှေ့ပြေးကင်းတပ်သားများမှာ အကြောင်းမဲ့ ဒုက္ခခံနေရကြောင်း၊ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



စစ်သားများသည် မည်သည့်အခါမှ အကူယာချိုင်ဘက်ကမ်းသို့ ကူးလာသည်ကို မတွေ့ရကြောင်းဖြင့် ညည်းတွားရှာလာခဲ့၏။

တရုတ်စစ်ဗိုလ်၏ပြောပြချက်အရ တစ်ခါကမူ ဂျပန်စစ်သားအယောက်နှစ်ဆယ်ခန့်သည် ချင်ရှန်ရွာမှ ကူးတို့ဆိပ်သို့ သီချင်းတကြော်ကြော်အော်ဆို၍ ဆင်းလာပြီးနောက် အရှေ့ဘက်ကမ်းသို့ ကူးရန် လှေများပေါ်သို့ပင် တက်ပြီးနေကြကြောင်း၊ သို့သော် အရာရှိတစ်ယောက် ရုတ်တရက်ရောက်လာကာ လှေပေါ်တွင် အသင့်ထိုင်လျက်ရှိသော စစ်သားများကို ရွာထဲသို့ပြန်၍ခေါ်ယူသွားသည်ကို တွေ့ရကြောင်း၊ ရှေ့ပြေးကင်းစခန်းရှိ တရုတ်စစ်သားများမှာ ဂျပန်များ၏ အပြုအမူကြောင့် နားဝေတိမ်တောင်ဖြစ်သွားခဲ့ရဖူးကြောင်းဖြင့်လည်း သိရှိရ၏။

ကျွန်တော့်စိတ်အထင်တွင် ပရိယာယ်ကြွယ်လှသော ဂျပန်တို့သည် အရှေ့ဘက်ကမ်းရှိ တရုတ်စစ်သားများ၏အင်အားကို သိလိုသောကြောင့်တစ်ကြောင်း၊ မည်သည့်နေရာတွင် မောင်းပြန်သေနတ်များ ဆင်ထားသည်ကို စုံစမ်းလိုသောကြောင့် တစ်ကြောင်းတို့ကြောင့် ညနေ နေဝင်ရီတရောတွင် လူရိပ်လူရောင်ပြကာ အကဲစမ်းခြင်းသက်သက် ဖြစ်သည်ဟု ယူဆမိသည်။

တရုတ်စစ်ဗိုလ်နှင့် ကျွန်တော်သည် အကူယာချိုင်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် မီးတောက် ချက်အရက်ကို ဆက်၍သောက်ကြသည်။

တရုတ်စစ်ဗိုလ်၏'ဌာနချုပ်'မှ ရွာအပြင်ဘက် တောအုပ်အလယ်ရှိ ကျွန်တော်တို့စခန်းရှိရာသို့ ကျွန်တော်ပြန်လာသောအချိန်တွင်



လမင်းထိန်ထိန်သာနေပေပြီ။

နေ့လယ်က 'စခန်း'အဖြစ် တည်ဆောက်ထားခဲ့သော နေရာသို့ ရောက်ရန် ကိုက်နှစ်ဆယ်ခန့်အလိုတွင် သစ်ပင်ရိပ်အောက်မှ ထွက်လာသော စကားပြန်ချာလီကို တွေ့ရ၏။ ကျွန်တော်ပြန်လာမည့်ခရီးတွင် ဆီးကြိုနေခြင်းပင်ဖြစ်သည်။

ကျွန်တော်က ကူးတို့ဆိပ်ရှိ ရှေ့ပြေးကင်းစခန်းတွင် တွေ့ရပုံနှင့် တစ်ဖက်ကမ်းရှိ ဂျပန်တပ်များအကြောင်းကို ပြန်၍ပြောပြလိုက်ရင်း...

"ဟော့...ချာလီ...လလည်းထွက်နေပြီ၊ တို့နှစ်ယောက် ရှေ့ပြေးကင်းစခန်းကတရုတ်တွေ ဘယ်လောက် သတိဝီရိယကောင်းတယ်ဆိုတာ သွားပြီးစစ်ကြည့်ရအောင်၊ တစ်ဖက်ကမ်းကိုလည်း ထပ်ပြီးလေ့လာနိုင်တာပေါ့၊ ကဲ...လိုက်ခဲ့"ဟု ခေါ်လိုက်ကာ ရှေ့ပြေးစခန်းရှိရာသို့ လှည့်၍ထွက်လာခဲ့သည်။

စကားပြန်ချာလီသည် ကျွန်တော့်နောက်မှ မသက်သာသော အမူအရာဖြင့် တကောက်ကောက်လိုက်ပါလာလေသည်။

ရှေ့ပြေးစခန်းနှင့် နီးသည်ထက်နီးလာသည့်အချိန်ကျမှ ကျွန်တော်သည် ကတုတ်ကျင်းထဲရှိ တရုတ်စစ်သားများအား သွားခေါ်ခေါ်နှင့် တရုတ်စစ်ဗိုလ်လို အချက်မပေးတတ်ကြောင်း ရုတ်တရက် သတိရလာသည်။

သို့သော် လာမိသည့်အတူတူ မထူးတော့ဟုယူဆကာ စကားပြန်ချာလီအား မှောင်ရိပ်ကောင်းသည့် သစ်ပင်တစ်ပင်အောက်တွင် ထားခဲ့ပြီး ကျွန်တော်တစ်ယောက်တည်း ရှေ့ပြေးကတုတ်ကျင်းရှိရာသို့ အသံမကြားအောင် လေးဘက်တွား၍ လာခဲ့၏။ ဂျပန်များ တပ်စွဲ

www.burmeseclassic.com

www.burmeseclassic.com



ထားသော တစ်ဖက်ကမ်းရှိ ချင်ရှန်ရွာကလေးကို လှမ်း၍ကြည့်လိုက်သောအခါ ကညင်ဆီမီးရောင်ကလေးများ မှိတ်တုတ်မှိတ်တုတ် လက်နေသည်ကို တွေ့ရ၏။

တစ်လှမ်းချင်း လေးဘက်တွား၍လာခဲ့သော ကျွန်တော်သည် ရှေ့ပြေးကင်းစခန်းနှင့် ပို၍ပို၍ နီးလာသည်။ ကတုတ်ကျင်း သည်မှာဘက်ထိပ်သို့ ကျွန်တော်ရောက်လာသည့်တိုင် ရှေ့ပြေးကင်းသမားများ၏ အသံဗလံကို လုံးဝမကြားရ။

ကျွန်တော်သည် ကတုတ်ကျင်းနံဘေးမှ တရွေ့ရွေ့သွားရင်း လရောင်ကြောင့် မှောင်တစ်ဝက် လင်းတစ်ဝက်ဖြစ်နေသော ကျင်းထဲသို့ ငုံ့၍ကြည့်လိုက်၏။

ကင်းသမားအားလုံးပင် တခေါခေါဟောက်လျက် အိပ်ပျော်နေကြလေသည်။

မြစ်ကူး ကူးတို့ဆိပ်လိုနေရာမျိုးတွင် တစ်ဖက်ကမ်းတွင်လည်း ရန်သူရှိနေမှန်းသိပါလျက် တခေါခေါဟောက်သံပေးကာ အိပ်ပျော်နေသော ကင်းသမားများကိုကြည့်ရင်း ခါးကြားထဲမှ ပစ္စတိုကိုထုတ်၍ အားလုံးကို သတ်ပစ်ချင်စိတ်ပေါ်လာသည်။

မြစ်ကူး ကူးတို့ဆိပ်နှင့် အနီးဆုံးကတုတ်ကျင်းထိပ်တွင်ကား တစ်ဖက်ကမ်းသို့ ပြောင်းလှည့်ထားသော လိုက်မရှင်းဂန်း...

ကျွန်တော်သည် အသံမကြားအောင်သွားရင်း ဟိုမှာဘက်ကမ်းသို့ လှည့်ထားသော လိုက်မရှင်းဂန်းပြောင်းဝကို ကင်းသမားများဘက်သို့ လှည့်ထားလိုက်ပြီးနောက် ရှေ့ပြေးကင်းစခန်းမှ ထွက်လာခဲ့၏။

ကျွန်တော်သည် သက်ပြင်းတစ်ချက်ကို ဟင်းခနဲချလိုက်ပြီး



သွားခေါ်ခေါ်နှင့် တရုတ်စစ်ဗိုလ်၏မျက်နှာကို ဓားတွေးနှင့် ပြေး၍ထွေးလိုက်ချင်စိတ်ပေါ်လာသည်။

သစ်ပင်တစ်ပင်အောက်တွင်ရပ်၍ စောင့်နေသော စကားပြန်ချာလီသည် ကျွန်တော့်ကို လမ်းတစ်ဝက်မှ လာ၍ကြိုပြီး...

"ကင်းသမားတွေ နိုးနိုးကြားကြားရှိရဲ့လား ဗိုလ်ကြီး"ဟု မေးလိုက်သည်။

ကျွန်တော်က သူ့မေးခွန်းကိုမဖြေမိဘဲ...

"ဒါထက် ဒီနေ့ ဘယ်နှစ်ရက်လဲ"ဟု မေးလိုက်သည်။

"ဒီနေ့ ဖေဖော်ဝါရီလ ဆယ့်နှစ်ရက်၊ စနေနေ့လေ ဗိုလ်ကြီး"

"ဂျပန်ရေဒီယိုက ကြားရတဲ့အတိုင်းဆိုရင်တော့ ဂျပန်တွေဟာ ဒေလီသို့ ချီတက်သိမ်းပိုက်ကြလော့ဆိုတဲ့ ကြွေးကြော်သံကို အော်ဟစ်ပြီး အင်ဖာနဲ့ ကိုဟီမားကိုတက်ပြီး တိုက်နေတာ။ ဒီနေ့နဲ့ဆိုရင် ရှစ်ရက်ရှိသွားပြီ။ သူတို့ရဲ့လေသံအရဆိုရင် ရစ်ရက်ရှိသွားပြီ။ သူတို့ရဲ့လေသံအရဆိုရင် ရခိုင်စစ်မျက်နှာမှာတပ်စွဲနေတဲ့ ကျုပ်တို့တပ်ကို ဆယ်ရက်နဲ့သုတ်သင်မလို့တဲ့၊ ဗိုလ်ချုပ်ကြီး ဝီလျံဆလင်းတော့ အတော်ကို ခေါင်းရှုပ်နေရှာမယ်။ ဒါပေမယ့် ဒီနေ့ည ကျုပ်တွေ့ရတဲ့ ကျုပ်တို့ရဲ့ မဟာမိတ်ဆိုတဲ့ တရုတ်ကင်းသမားတွေကတော့ တစ်ဖက်ကမ်းမှာ ရန်သူရှိမှန်းသိရက်သားနဲ့ တခေါခေါ အိပ်ပျော်နေကြလေရဲ့"

ကျွန်တော်သည် စိတ်ပျက်လက်ပျက်ဖြင့် လေရှည်ကြီး လျှောက်၍ ပြောနေမိသည်။

ကျွန်တော်တို့ရောက်ရှိနေသော ဒေသနှင့် မိုင် ၄၀၀ ကျော်ကွာ

www.burmeseclassic.com

www.burmeseclassic.com



သော အင်ဖာစစ်မျက်နှာ၌ မြန်မာပြည် တိုက်ပွဲကြီး၏ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးမည့် သွေးချောင်းစီးတိုက်ပွဲကြီးကို ကျွန်တော်တို့ အင်္ဂလိပ်တပ်များက တိုက်နေစဉ် မြန်မာပြည်အတွင်းရှိ သံလွင်မြစ်ကမ်း အရှေ့ဘက်၌ တရုတ်တပ်များသည် ရန်သူကို တစ်ဖက်ကမ်းပေါ်တွင်ထားလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ကြသည်တကား။

◆

## ( ၁၄ )

ဖေဖော်ပါရီလ ၁၃ ရက်နေ့ နံနက်စောစောတွင် ညိုပ်စခန်းချခဲ့သော အကူယာချိုင် ရွာအပြင်ရှိ တောအုပ်မှ စောဖရွာရှိရာသို့ ခရီးထွက်လာခဲ့ကြ၏။

ခရီးအစတွင် တစ်ယောက်နှင့်တစ်ယောက် စကားပြော၍ လာနိုင်ကြသော်လည်း မကြာမီပင် လမ်းက ကြမ်းလာသဖြင့် မည်သူမျှ စကားမပြောနိုင်ကြတော့ဘဲ ကုန်း၍သာ ရုန်းနေကြရလေသည်။

နှစ်နာရီကျော်ကျော်မျှ ခရီးနှင်လာပြီးသည့်နောက် ရွာသိမ်ကလေးတစ်ခုသို့ ရောက်လာခဲ့ကြ၏။ ကျွန်တော်တို့ကိုမြင်သည်နှင့် တစ်ပြိုင်နက် ရွာရှိလူသူအားလုံး တောထဲသို့ထွက်ပြေးကြသည်။

ရွာကလေးတွင် ခေတ္တမျှနားနေကြပြီးနောက် ဆက်၍ထွက်လာကြသောအခါ လမ်းမှာတွေ့ခဲ့ရသည်ထက် ပို၍ ခက်ခဲကြမ်းတမ်းလာတော့သည်။ မည်သို့ပင်ဖြစ်စေ စောဖရွာသို့ရောက်မှ ရွာနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော သံလွင်ကူးတို့ဆိပ်များအကြောင်းကို စုံစမ်းထောက်လှမ်းနိုင်မည်ဖြစ်သောကြောင့် အားခဲ၍လာခဲ့ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် မိုးစုပ်စုပ်ချုပ်မှ စောဖရွာသို့ ဝင်မိတော့၏။ ဤရွာမှသူကြီး၏ ပြောပြချက်အရ ဂျပန်များသည် သံလွင်အနောက်ဘက်ကမ်းတွင် မြစ်နှင့်ယှဉ်လျက် မော်တော်ကားလမ်းတစ်ခု ဖောက်လုပ်နေကြောင်း သိရ၏။ မော်တော်ကားလမ်းသည် ပင်ခမှ မိုင်းပါသို့ ပြေးလျက်ရှိပြီး ချီဖန်မှလာသော ပင်မမော်တော်ကားလမ်းမကြီးနှင့် မိုင်းကွမ်တွင် ဆုံမိသည်ဟုဆိုသည်။ ဤမော်တော်ကားလမ်းသည် တရုတ်ပြည် နယ်ခြားသို့ထွက်ရာလမ်းပေါက်နှင့် မြန်မာပြည်ထဲသို့ ဝင်လာနိုင်သော လမ်းပင်ဖြစ်၏။ မော်တော်ကားလမ်းစတင်ရာ ပင်ခရွာမှာ သံလွင်မြစ်ကမ်းပေါ်ရှိ အမှတ် ၇ ကူးတို့ဆိပ်နှင့် ၆ မိုင်သာကွာသည်ဟု သိရ၏။ စောဖရွာသူကြီးက အမှတ် ၇ ကူးတို့ဆိပ်တစ်ဖက်ကမ်းတွင် ဂျပန်များ အင်ကြီးအားကြီးဖြင့် တပ်စွဲလျက်ရှိသောကြောင့် သွားရန် လွယ်ကူမည်မဟုတ်ဟု ပြောပြသည်။ အမှတ် ၆ ကူးတို့ဆိပ်မှာမူ စောဖရွာမှ သုံးမိုင်သာကွာဝေးပြီး မျက်နှာချင်းဆိုင်ရှိ အနောက်ဘက်တွင် ဂျပန်များ အနည်းငယ်သာရှိသည်ဟု သိရသည်။

စောဖရွာသူကြီးက အမှတ် ၆ နှင့် အမှတ် ၇ ကူးတို့ဆိပ်များ၏ လုံခြုံရေးတို့ကို များစွာပူပင်ရန်မလိုကြောင်း၊ မြို့စား၏ ကာကွယ်ရေးတပ်က နီးနီးကြားကြား စောင့်ရှောက်လျက်ရှိကြောင်းဖြင့် ဆက်၍ ပြောပြလိုက်သောအခါ ကျွန်တော်မှာ နားဝေတိမ်တောင် ဖြစ်သွားရတော့၏။

ရွာသူကြီးက မြို့စား၏ ကာကွယ်ရေးတပ်အကြောင်းကို ပြောမည့်လေသံမှာ ထိုတပ်အပေါ်တွင် များစွာယုံကြည်အားထားသည့် လက္ခဏာပေါ်နေသည်။ သူကြီးကိုယ်တိုင်ပင် မြို့စား၏ ကာကွယ်ရေး



တပ်မှ တပ်မှူးတစ်ယောက်ဖြစ်ပြီး လူ ၄၀ ကို အုပ်ချုပ်နေရသည်ဟု သိရ၏။

ကျွန်တော်တို့သည် စောဖရွာတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့နံနက်တွင် ပန်ကျော်စံရွာသို့ ဆက်၍လာခဲ့ကြ၏။ စောဖရွာနှင့် ပန်ကျော်စံရွာမှာ ဆယ်မိုင်မျှသာကွာ၏။ လမ်းခရီးအကြားတွင် မတ်စောက်သော ချောက်ကမ်းပါးကြီးများနှင့် ရေစီးအလွန်မြန်သော ချောင်းများ ကန့်လန့်စီးလျက်ရှိနေသောကြောင့် ကျွန်တော်တို့သည် ခရီးမထွက်နိုင်ဘဲ ဖြစ်နေကြရလေသည်။

ပန်ကျော်စံရွာသို့ အသွားခရီးကလည်း သင့်နေသဖြင့် ကျွန်တော်တို့သည် အမှတ် ၆ ကူးတို့ဆိပ်သို့ သွားရောက်စစ်ဆေးကြည့်ရှုသည်။ အရှေ့ဘက်ကမ်းတွင်ရှိသော ကူးတို့ဆိပ်ကို တရုတ်စစ်သားနှင့် မြို့စား၏ ကာကွယ်ရေးတပ်သားများ စုပေါင်းထားသော အဖွဲ့တစ်ဖွဲ့က ကာကွယ်စောင့်ရှောက်နေကြောင်း တွေ့ရ၏။ ရှေ့ပြေးကင်းစခန်းတစ်ခုကိုလည်း အနောက်ဘက်မှ ရန်သူများချဉ်းကပ်၍လာလျှင် ထင်ထင်ရှားရှားမြင်နိုင်လောက်သည့် တောင်ကုန်းတစ်ခုပေါ်တွင် တည်ဆောက်ထားသည်။ တပ်သားတိုင်းတွင် ရိုင်ဖယ်ကိုယ်စီရှိနေကြသော်လည်း လိုက်မရှင်းဂန်း တစ်လက်မျှမရှိ။ မြို့စားတပ်မှ ခေါင်းဆောင်ဖြစ်သူက တပ်ထဲသို့ဝင်လိုသူများ နေ့စဉ်နှင့်အမျှ ရောက်ရှိလာသော်လည်း လက်နက်ထုတ်၍မပေးနိုင်သောကြောင့် အခက်တွေ့နေရကြောင်း ပြောပြသည်။ ကျွန်တော်က သူ၏ စိတ်အားထက်ထက်သန်သန်ရှိပုံနှင့် အမြော်အမြင်ရှိပုံကိုထောက်ပြီး ရိုင်ဖယ်အမြို့နှင့် လိုက်မရှင်းဂန်းတစ်လက်ရရှိအောင် ဆောင်ရွက်ပေးပါမည်ဟု ကတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့သည်။

အမှတ် ၆ ကူးတို့ဆိပ်၏ မြစ်ညာဘက်တွင်ရှိသော ပလောင်ရွာတစ်ရွာ၌ ရွာအကြီးအကဲနှစ်ယောက်ကို တွေ့ရ၏။ သူတို့က ကိုးကန့်နယ်အတွင်းရှိ ပလောင်အမျိုးသားများသည် အင်္ဂလိပ်ကိုလိုလားသူများဖြစ်ကြောင်းဖြင့် ပြောဆိုကြ၏။ ကျွန်တော်က သံလွင်မြစ် အနောက်ဘက်ကမ်းရှိ ဂျပန်တပ်များစုရုံးလျက်ရှိသော နေရာများကို မေးကြည့်လိုက်သောအခါ သူတို့က ရွာသုံးရွာ၏အမည်ကို ထုတ်ဖော်ပြောဆိုကြ၏။ ထိုရွာသုံးရွာမှာ 'ချင်ရှန်' 'ချီအိုချင်'နှင့် 'လောကူဆိုင်'တို့ ဖြစ်ကြသည်။ ဤရွာသုံးရွာသည် အမှတ် ၄ ကူးတို့ဆိပ်နှင့် အမှတ် ၆ ကူးတို့ဆိပ်အကြားတွင်ရှိပြီး၊ သံလွင်မြစ်နှင့်ယှဉ်၍ ပြေးနေသော တောင်တန်းတစ်ခုပေါ်တွင် တည်ရှိနေကြ၏။ ဂျပန်များက မြစ်တစ်ဖက်နှင့်တစ်ဖက် အကူးအသန်း အသွားအလာမရှိရအောင် ပိတ်ပင်ထားသောကြောင့် ဤဒေသတစ်လျှောက်ရှိ ကျေးရွာ လူထုမှာ ကုန်စည်ဖလှယ်ရေးတွင် အခက်အခဲတွေ့နေကြရလေသည်။ အမှတ် ၅–၆ နှင့် ၇ ကူးတို့ဆိပ်များမှာ ဂျပန်တို့၏ ချုပ်ခြယ်တားဆီးမှုကြောင့် လုံးဝ ကူးသန်းသွားလာ၍ မရတော့။ သို့သော် ကူးတို့ဆိပ်အထက်ဘက်ကျသော နေရာများမှ ပုန်းလျှိုးကွယ်လျှိုး ကူးလူးကား ဖြစ်နိုင်သည်ဟု သိရ၏။

စောဖရွာမှ ဆယ်မိုင်ကွာသော ပန်ကျော်စံရွာသို့ ကျွန်တော်တို့အဖွဲ့ ရောက်သွားသောအခါ မြို့စားတပ်မှ ဗိုလ်ကြီးအဆင့်အတန်းရှိသော စစ်ခေါင်းဆောင်ကို တွေ့ရသည်။ သူ့အမည်ကို ရွာသားများက ဗိုလ်ကြီးလီဟု ခေါ်ကြသည်။ ဗိုလ်ကြီးလီမှာ မူလအလုပ်အကိုင်



အားဖြင့် ရွာသူကြီးတစ်ယောက်ပင် ဖြစ်၏။ စောဖရွာမှ သူကြီးနှင့် ပန်ကျော်စံရွာမှ သူကြီးဖြစ်သူ ဗိုလ်ကြီးလီတို့မှာ မြို့စား၏ဂုဏ်ထူးဆောင် ဆုတံဆိပ်များကိုရရှိကာ မြှောက်စားခြင်းခံရသူများဖြစ်သည်။

ဗိုလ်ကြီးလီ၏ လက်အောက်တွင် တပ်သား ၃၀ ခန့်ရှိသည်။ လက်နက်ဆို၍ ရိုင်ဖယ်တစ်လက်သာ အကောင်းရှိပြီး ကျန်သေနတ်များမှာ မီးကျိုးမောင်းပျက်နှင့် တူမီးများသာဖြစ်၏။ မည်သို့ပင်ဖြစ်စေ တပ်မှူးဖြစ်သူ လီနှင့် တပ်သားများမှာ ထထကြွကြွနှင့် နိုးနိုးကြားကြားရှိသူများဖြစ်၏။ အသားမည်းသော်လည်း ဥပဓိရုပ်ကောင်းသော ဗိုလ်ကြီးလီမှာ အရှေ့ကြီးလာပါက သက်လုံကောင်းသည့်လူစားမျိုးဟု မှတ်ချက်ချမိသည်။ ဗိုလ်ကြီးလီနှင့် အဖွဲ့သားများ စောင့်ရှောက်လျက်ရှိသော အမှတ် ၇ ကူးတို့ဆိပ်မှာ ရွာအောက်ဘက် ၅ မိုင်ကွာတွင်ရှိနေရုံသာမက ရွာနှင့် ကူးတို့ဆိပ်အကြားတွင်လည်း ပေ ၄၀၀၀ နက်သော ချောက်ကမ်းပါးကြီးတစ်ခုက ကန့်လန့်ဆီးလျက် ရှိနေသည်။

ကျွန်တော်သည် အမှတ် ၇ ကူးတို့ကို နောက်တစ်နေ့နံနက်မှ သွားရောက်ကြည့်ရှု စစ်ဆေးတော့မည်ဟု ဆုံးဖြတ်လိုက်၏။

လွန်ခဲ့သော ၆ ရက်ခန့်က အင်္ဂလိပ်ဗိုလ်မှူးတစ်ယောက်နှင့် ဗိုလ်တစ်ယောက်သည် ကရင်လဲဗီးတပ်သားတစ်ဦးနှင့်အတူ ပန်ကျော်စံရွာသို့ ရောက်ရှိလာကြောင်း ဗိုလ်ကြီးလီထံမှ သိရှိရသည်။ အင်္ဂလိပ်ဗိုလ်မှူးနှင့်အတူပါလာသော ကရင်တပ်သားသည် ရွာအောက်ဘက်ရှိ အမှတ် ၇ ကူးတို့ဆိပ်ရှိရာသို့ သွားပြီးနောက် အနောက်ဘက်ကမ်းတွင် ဂျပန်သြဇာခံ ကချင်အမျိုးသားများ ရှေ့ပြေးစခန်းတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်လျက်ရှိကြောင်း သိရှိရသဖြင့် အရှေ့ဘက်ကမ်းမှ လှမ်း၍ စည်းရုံးသိမ်းသွင်းရန် ကြိုးစားခဲ့သည်ဟုဆိုသည်။

ကရင်တပ်သားက တစ်ဖက်ကမ်းသို့ လှမ်း၍…

"မင်းတို့ အင်္ဂလိပ်၊ အမေရိကန်တွေကို မကူညီချင်ဘူးလား" ဟု အော်၍မေးလိုက်၏။ အနောက်ဘက်ကမ်းရှိ ကချင်များက…

"တို့ဘက်ကမ်းကို အင်္ဂလိပ်၊ အမေရိကန်တပ်တွေ ရောက်လာရင် တို့ ကူမှာပေါ့"ဟု ပရိယာယ်သုံး၍ ပြန်လည်ဖြေကြားခဲ့ကြောင်းကိုလည်း ဗိုလ်ကြီးလီထံမှ သိရှိရသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ရွာအောက်ဘက် ငါးမိုင်အကွာရှိ အမှတ် ၇ ကူးတို့ဆိပ်သို့ ထွက်လာခဲ့၏။ မလာမီ ဗိုလ်ကြီးလီက ကူးတို့ဆိပ်သို့မရောက်မီ ကိုက်နှစ်ရာလောက်အလိုတွင် အထူးသတိထား၍ သွားပါဟုဆို၏။ အဘယ်ကြောင့်ဆိုသော် ဤ ကိုက်နှစ်ရာ ခရီးကို တစ်ဖက်ကမ်းရှိ ရန်သူ့စက်သေနတ်များက အချိန်မရွေး ပစ်ခတ်နိုင်သည့် အခြေအနေရှိသောကြောင့်တည်း။

အမှတ် ၇ ကူးတို့ဆိပ်ရှိ ရှေ့ပြေးကင်းစခန်းကို တာဝန်ယူထားသူများမှာ တရုတ်စစ်သားများပင်ဖြစ်သည်။ သို့သော် ဤစခန်းမှ တရုတ်စစ်သားများမှာ အကူယာချိုင်တွင် ကျွန်တော်တွေ့ခဲ့ရသော တရုတ်စစ်သားခုနစ်ယောက်နှင့်မတူဘဲ ဖျတ်ဖျတ်လတ်လတ်နှင့် တိုက်ခိုက်ချင်စိတ်ရှိသူများဖြစ်သည်။ တစ်ဖက်ကမ်းမှ ရန်သူချဉ်းကပ်လာလျှင် ယမ်းအားကို များများသုံး၍ ပစ်ပေးနိုင်ရန်လည်း စက်သေနတ်နှစ်လက်ကို ပစ်ကွင်းသာအောင်ဆင်ထားသည်ကို မြင်ရ၏။ ကျွန်တော်သည် အမှတ် ၇ ကူးတို့ဆိပ်ရှိ ရှေ့ပြေးကင်းစခန်းကိုကြည့်ကာ



အားရကျေနပ်သွားမိ၏။

ပန်ကျော်စံရွာထဲသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ဗိုလ်ကြီးလီက ညှော်ခံကျွေးမွေးသော ထမင်းစားပွဲတွင် ထိုင်လိုက်သောအခါ ကျွန်တော့်မှာ ဗိုလ်ကြီးလီအား ကျေးဇူးတင်၍မဆုံး ဖြစ်မိတော့၏။ ကြက်ကို အကောင်လိုက်ကြော်ထားပြီး ဟင်းလျာများကလည်း စုံလှသည်။ လိမ္မော်သီးမှာလည်း အရသာထူးလှ၏။ ထမင်းမှာ ရိုးရိုးထမင်းဖြူမဟုတ်ဘဲ ကြက်သားနှင့်ရောမွှေကာ ချက်ထားသော ဆီထမင်းဖြစ်၏။ အရက်ကလည်း အစော်မနံဘဲ သောက်၍ကောင်းသည်။ မြို့စားက ဗိုလ်ကြီးလီအား ဆုတံဆိပ်များပေး၍ မြှောက်စားသလို ကျွန်တော်ကလည်း သူ့အား ဂုဏ်ထူးဆောင်ဆုတစ်ခုခု ပေးချင်စိတ်ပင် ပေါက်လာသည်။

ကျွန်တော်တို့သည် စေတနာဗရပွနှင့် ကျွေးမွေးတတ်သော ဗိုလ်ကြီးလီ၏ရွာတွင် ရက်ရှည်ဆွဲ၍နေချင်သော်လည်း အခြားကူးတို့ဆိပ်များကို လိုက်လံ၍ စစ်ဆေးရန်ရှိနေသောကြောင့် နောက်တစ်နေ့ နံနက်တွင်ပင် ပန်ကျော်စံရွာမှ ထွက်လာခဲ့ရလေသည်။

ကျွန်တော်တို့ ခရီးဆက်ရမည့်ဆိပ်ခိုရွာမှာ ၁ မိုင်ကျော်ဝေးကွာပြီး မားသွားကိုထောင်ထားသကဲ့သို့ ထက်လှသောတောင်ကြောကို ဖြတ်ကာသွားကြရမည်ဖြစ်သောကြောင့် အရက်မတက်မီ ယာ၍လာခဲ့ကြရ၏။ ခဏသာတွေ့ဆုံရသော်လည်း လူချင်းခင်မင်ရင်းနှီးသွားသော ဗိုလ်ကြီးလီက ခရီးတစ်ဝက်ရှိ တိုက်သူကြီးနေထိုင်ရာ ရွာအထိ ကျွန်တော်တို့ကို လိုက်ပို့သည်။

တိုက်သူကြီးနေထိုင်သောရွာသို့ ကျွန်တော်တို့ရောက်သွားသော

www.burmeseclassic.com

www.burmeseclassic.com



အခါ တိုက်သူကြီးမှာ ရွာတွင်မရှိဘဲ ခရီးထွက်နေသည်ဟု သိရ၏။ တိုက်သူကြီး၏ မိန်းမလေးယောက်က သူတို့ရွာတွင် ဆန်လည်း ပေါပါသည်။ ခေါင်ရည်လည်းပေါပါသည်။ တစ်ညလောက် တည်းခိုသွားပါဟု လောကဝတ်ပျူငှာနှင့် ဖိတ်ခေါ်ကြ၏။ တိုက်သူကြီး၏ မိန်းမလေးယောက်အနက် နှစ်ယောက်မှာ ကျွန်တော့်အပေါ်တွင် ထူးထူးခြားခြား စေတနာပိုနေလေသည်။ အမှုပိုပိုနှင့် မြူသလိုလိုဖြစ်နေသော တိုက်သူကြီးကတော်နှစ်ယောက်၏ ဖိတ်မန္တကပြုချက်ကို ကျွန်တော်က ယောကျ်ားတစ်ယောက်ပီပီ လက်ခံလိုသည့်ဆန္ဒရှိသော်လည်း တာဝန်က ကျောတွင်ကပ်၍ပါလာသောကြောင့် ထိုရွာမှ မြန်မြန်ထွက်လာခဲ့ရ၏။

ဆိပ်ခိုရွာသို့ ကျွန်တော်တို့ရောက်ရှိလာပြီးအချိန်တွင် မိုးစုပ်စုပ်ချုပ်နေပေပြီ။ အဖွဲ့သားအားလုံးပင် ဓားသွားကိုထောင်ထားသကဲ့သို့ ထက်လှသော တောကြောကိုဖြတ်၍ လာခဲ့ကြရသောကြောင့် မောဟိုက် ပန်းလျှလျှက်ရှိနေကြ၏။ သည်အထဲတွင် ပေ ၅၀၀၀ ကျော်မြင့်သော တောင်ပေါ်ရွာသို့ ရောက်လာခဲ့ရပြန်သောကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းနေကြ၏။

ဆိပ်ခိုရွာသူကြီးမှာ အသက်ကြီးလှပေပြီ။ ကျွန်တော်တို့အပေါ်တွင် လောကဝတ်ကောင်းလှသော်လည်း တစ်ရွာလုံးမှာ စစ်ဘေးစစ်ဒဏ်၏ ဂယက်ရိုက်မှုကြောင့် နွမ်းပါးပါးလျက်ရှိနေကြောင်း သိရှိရ၏။ မိုးကလည်း မမှန်၊ အသီးအနှံကလည်းမကောင်း၊ သည်အထဲတွင် တရုတ်စစ်သားများက ရွာထဲသို့လာ၍ မကြာခဏ ရိက္ခာတောင်းနေကြသောအခါ ရွာသူရွာသားများမှာ ဆင်းရဲသည်ထက်



ဆင်းရဲ၍လာကြရတော့သည်။

မည်သို့ပင်ဖြစ်စေ ဆိပ်ခိုသူကြီးက ကျွန်တော်တို့အား ရွာထဲမှ စုဆောင်းရရှိသမျှ အစားအသောက်များဖြင့် ဧည့်ဝတ်ကျေအောင် ဧည့်ခံရှာသည်။ ကျွန်တော်တို့သည် ဆိပ်ခိုသူကြီးမင်း တည်ခင်းဧည့်ခံသော မီးတောက်အရက်နှင့် ကြက်သားဟင်းကို စားသောက်ကြပြီးနောက် မောမောဖြင့် အိပ်ပျော်သွားကြလေသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့သည် အမှတ် ၈ ကူးတို့ဆိပ်ရှိရာသို့ လာခဲ့ကြ၏။ လမ်းတစ်လျှောက်လုံးတွင် ဆင်တစ်ရပ်ခန့်မြင့်သော ကိုင်းတောကြီးများ ဖုံးအုပ်လျက်ရှိသည်။ မတ်စောက်သော ချောက်ကမ်းပါးကြီးတစ်ခုကိုလည်း နှစ်နာရီခန့်ကြာအောင် ဖြတ်သန်းလာခဲ့ရသည်။

အမှတ် ၈ ကူးတို့ဆိပ်ရောက်လာသောအခါ မည်သည့်တရုတ်စစ်တပ်ကိုမျှ မတွေ့ရ။ ဗိုလ်ကြီးလီကဲ့သို့သော မြို့စားတပ်လည်းမရှိ။

ဤမှာဘက်ကမ်းတွင် အစောင့်အရှောက်မရှိသလို ဟိုမှာဘက်ကမ်း၌လည်း အစောင့်မရှိဟု သိရ၏။ အမှတ် ၈ ကူးတို့ဆိပ်တွင် ရန်သူ့ဘက်၌သော်လည်းကောင်း၊ ကျွန်တော်တို့ဘက်၌သော် လည်းကောင်း၊ အစောင့်တစ်ယောက်မျှ မချထားခြင်းကို တဝေါဝေါစီးဆင်းနေသော သံလွင်မြစ်၏ ရေအလျင်က အဖြေပေးနေသည်ဟု ထင်ရ၏။ အဘယ်ကြောင့်ဆိုသော် မြင့်စောက်သော ကမ်းပါးနှစ်ဖက်အကြား၌ စီးဆင်းနေသော ရေအဟုန်မှာ သက်ရှိသတ္တဝါများဖြတ်ကူး၍ မဖြစ်နိုင်လောက်အောင် ဝဲဂယက်ကြီးများထလျက်ကြောက်စရာ ကောင်းနေသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အနောက်ဘက်ကမ်းမှ ရန်သူသည် ဤကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော သံလွင်မြစ်၏ ရေအလျဉ်ကို ဖြတ်ကျော်နိုင်သည်ထားဦးတော့ အရှေ့ဘက်ကမ်းမှ ထရံကိုထောင်ထားသလို မတ်စောက်သောကျောက်ကမ်းပါးကို တက်လာရန် ခဲယဉ်းနေမည် အမှန်ဖြစ်၏။ စစ်မဖြစ်မီအချိန်ကလည်း ဤအမှတ် ၈ ကူးတို့ဆိပ်မှ ဖြတ်ကျော်ကူးသန်းသူ အလွန်နည်းပါးသည်ဟု သိရှိရသည်။ ဤကူးတို့ဆိပ်မှာ ဘိန်းမှောင်ခိုဂိုဏ်းသားများ တည်ဆောက်ထားခဲ့သော မြစ်ကူး,ကူးတို့ဆိပ်ဖြစ်လေမည်လားဟုပင် ကျွန်တော်တွေးမိ၏။

အမှတ် ၈ ကူးတို့ဆိပ်အခြေအနေကို လေ့လာပြီးနောက် ကျွန်တော်တို့သည် ဆိပ်ခိုရွာသို့ ပြန်၍လာခဲ့ကြ၏။ ဆိပ်ခိုသူကြီးသည် တစ်ရွာလုံးရှိ ပန်းကန်ခွက်ယောက်များကို ငှားရမ်းကာ ကျွန်တော်တို့အတွက် ထမင်းပွဲကြီးတစ်ပွဲ အသင့်ပြင်ထားသည်ကို တွေ့ရ၏။

နံနက်စာစားသောက်ပြီးနောက် 'မန်းလ'ရွာသို့ ခရီးဆက်ကြရပြန်သည်။ လမ်းတစ်လျှောက်လုံးတွင် ပလောင်အမျိုးသားများသာ အများအပြားနေထိုင်သော ရွာများကို တွေ့ရ၏။ 'ပန်းမစံ'ရွာအလွန်တွင် လေယာဉ်ငယ်များဆင်းသက်၍ရလောက်သော မြက်ခင်းကျယ်ကျယ်တစ်ခုကို တွေ့ရသဖြင့် ကျွန်တော့်မှတ်စုထဲတွင် 'တေး'၍ထားလိုက်သည်။

ဆိပ်ခိုမှ 'မန်းလ'ရွာရောက်သည်အထိ တွေ့ရသော ပလောင်အမျိုးသားများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ရွာတိုင်းတွင် ဘုန်းကြီးကျောင်းနှင့် ဘုန်းကြီး တစ်ပါး,နှစ်ပါး ရှိစမြဲတည်း။

ပလောင်အမျိုးသားများမှာ အင်္ဂလိပ်ကို လိုလားသူများဖြစ်သော်



လည်း ထိုသို့လိုလားကြောင်းကို အခြားသော ကရင်၊ ကချင် အမျိုးသားများကဲ့သို့ လက်နက်ကိုင်၍ လက်တွေ့ဖော်ထုတ်ပြသရန် ဝန်လေးနေသူများဖြစ်၏။

ကျွန်တော်တို့ရောက်ရှိသွားသော 'မန်းလ'ရွာမှာလည်း ပလောင်ရွာပင်ဖြစ်သည်။ ရွာသူကြီး 'လောဂူ'၏အိမ်တွင် ကျွန်တော်တို့နှင့်ပါလာသော ဝန်စည်စလယ်များကိုထားခဲ့ပြီး စကားပြန်ချာလီနှင့်အတူ သုံးမိုင်ခန့်သာကွာသော ကူးတို့ဆိပ်သို့ ဆင်းလာခဲ့၏။

လမ်းမှာ ပြေပြစ်ကောင်းမွန်ပြီး ဘေးတစ်ဖက်တစ်ချက်တွင်လည်း သစ်ပင်ကြီးများ အုပ်ဆိုင်းလျက်ရှိသည်။ မြစ်ဆိပ်သို့ရောက်သောအခါ ကင်းစောင့်နေသော ပလောင်အမျိုးသားနှစ်ယောက်ကို တွေ့ရ၏။ သူတို့လက်ထဲတွင် လက်နက်ဆို၍ ဝါးရင်းတုတ်ပင်မရှိ။ သူတို့နှစ်ယောက်၏တာဝန်မှာ အနောက်ဘက်ကမ်းတွင် ဂျပန်စစ်သားများ၏ အရိပ်အရောင်ကိုတွေ့ပါက သူကြီး'လောဂူ'ထံ လာရောက်တိုင်ကြားရန်သာတည်း။

ကျွန်တော်က ကူးတို့ဆိပ် တစ်ဖက်ကမ်းပေါ်တွင် လှမ်း၍မြင်နေရသော ကင်းတဲတစ်တဲကို လက်ညှိုးထိုးပြရင်း အနောက်ဘက်ကမ်းတွင် ဂျပန်စစ်သားများ ရှိ,မရှိ မေးလိုက်၏။

"ဟိုဘက်ကမ်းမှာလည်း ဂျပန်မရှိပါဘူး။ ကင်းသမားတွေက ကျွန်တော်တို့လို ပလောင်အမျိုးသားတွေပါပဲ"

"ဟိုဘက်ကလူတွေက ခင်ဗျားတို့ကို သေနတ်နဲ့လှမ်းမပစ်ဘူးလား"

ကျွန်တော် ထပ်၍စုံစမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပလောင်ကင်းသမားနှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် အံ့ဩသလိုကြည့်လိုက်ပြီး လည်လည်ဝယ်ဝယ်ရှိဟန်တူသော ကင်းသမားက…

"မပစ်ပါဘူး၊ သူတို့က ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့လူတွေပဲ၊ နောက်ပြီး သူတို့မှာ ကျွန်တော်တို့ကိုပစ်ဖို့ သေနတ်မှမရှိတာ"ဟု အဖြေပေးလိုက်၏။

"ဟိုဘက်ကမ်းကလူတွေကို ဘယ်သူက ကင်းစောင့်ခိုင်းသလဲ"

"အဲဒီဘက်ကမ်းက သူကြီးကပေါ့။ အဲဒီက သူကြီးက ဂျပန်တပ်ရဲ့ ညွှန်ကြားချက်ကိုခံရတယ်။ ကျွန်တော်တို့ဘက်ကမ်းက သူကြီးက တရုတ်တပ်ရဲ့အမိန့်ကို နာခံရတယ်"

ကျွန်တော်နှင့် ကင်းသမားနှစ်ယောက် အချီအချစကားပြောနေစဉ် တစ်ဖက်ကမ်းရှိ ကင်းတဲမှ ကင်းသမားနှစ်ယောက် တဲအပြင်သို့ထွက်လာသည်ကို မြင်လိုက်ရ၏။ ထို့ကြောင့် ကင်းသမားတစ်ဦး လက်ထဲသို့ ငွေစအနည်းငယ်ထည့်ပေးလိုက်ပြီး စကားပြန်ချာလီမှတစ်ဆင့် တစ်ဖက်ကမ်းရှိ ကင်းသမားများကို တတ်နိုင်သမျှ လှမ်း၍စုံစမ်းခိုင်းရသည်။

လည်လည်ဝယ်ဝယ်ရှိဟန်တူသော ကင်းသမားသည် စကားပြန်ချာလီ သင်ပေးသည့်အတိုင်း တစ်ဖက်ကမ်းသို့ လှမ်း၍မေးလိုက်၏။

"မင်းတို့ ဘယ်သူတွေလဲ"

"တို့ ပလောင်တွေ"

တစ်ဖက်ကမ်းမှ အဖြေပေးလိုက်၏။

"ဘယ်နှစ်ယောက်လဲ"



"နှစ်ယောက်တည်းပဲ"

"ကင်းတဲထဲမှာ လူတွေရှိသေးသလား"

"မရှိဘူး"

"မင်းတို့ကို ကင်းစောင့်ဖို့ ဘယ်သူကလွှတ်လိုက်သလဲ"

"တို့ရဲ့ ဟိုတို သူကြီးက"

"မင်းတို့ရွာနာမည် ဘာလဲ"

"ကွမ်ဝိ…"

"မင်းတို့ရွာမှာ ဂျပန်တွေရှိသလား"

"ခုတော့ မရှိသေးဘူး၊ မကြာခင် ရောက်လာမယ်လို့ ပြောတယ်"

"ဒီကူးတို့ဆိပ်ကို ဂျပန်တွေလာပြီး စစ်ဆေးသွားသေးသလား"

"တစ်ခါမှ မလာသေးဘူး"

"မင်းတို့ ဂျပန်အစိုးရကိုကြိုက်သလား၊ အင်္ဂလိပ်အစိုးရကို ကြိုက်သလား"

တစ်ဖက်ကမ်းမှ ရုတ်တရက် အဖြေမပေးဘဲ တိတ်ဆိတ်သွားပြီး ခဏကြာမှ…

"တို့မသိဘူး"ဟု အသံထွက်လာသည်။

"မင်းတို့ရွာအနီးအနားမှာ ဂျပန်တွေရှိသလား"

"ဒါ တို့မသိဘူး၊ ဘို့ ဒါမျိုးတွေ မဖြေတတ်ဘူး၊ တို့ရွာကိုပြန်ဖို့ အချိန်ရောက်လာပြီ"

တစ်ဖက်ကမ်းမှ ကင်းသမားများမှာ တစ်ဆင့်ထက်တစ်ဆင့် ပို၍မြင့်လာသော မေးခွန်းများကိုဖြေရန် ကြောက်လာကြသည်ကို သတိပြုလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပြန်သွားရင် ဘယ်သူလာပြီး ကင်းစောင့်မှာလဲ"

"ရွာထဲက နောက်ထပ်နှစ်ယောက် ရောက်လာမှာပေါ့။ နေ့မှာ နှစ်ယောက်၊ ညမှာနှစ်ယောက် စောင့်ရတယ်"

"မင်းတို့ဘက်ကမ်းကို တစ်ယောက်ယောက် ကူးလာတာမြင်ရင် ဘယ်လိုလုပ်ရမယ်လို့ မင်းတို့ကိုပြောထားသလဲ"

"တစ်ယောက်က ရွာထဲပြေးပြီး ဟိုတိုသူကြီးကို တိုင်ရမယ်"

"ဒါဖြင့် ကျန်တဲ့တစ်ယောက်ကကော..."

"ကျန်တဲ့တစ်ယောက်က ကူးလာတဲ့လူကို မလာနိုင်အောင် ဟန့်တားထားရမယ်"

"ဘယ်လိုလုပ်ပြီး တားမလဲ"

"ဒါတော့ တို့မသိဘူး"

"မင်းတို့မှာ သေနတ်ရှိသလား"

"မရှိဘူး၊ ဒါပေမယ့် ဂျပန်က သေနတ်ထုတ်ပေးမယ်လို့ ပြော တယ်"

"ဘယ်တော့ သေနတ်ထုတ်ပေးမယ်တဲ့လဲ"

"ဒါတော့ တို့မသိဘူး၊ မင်းတို့မေးတာတွေ တို့ တော်တော်ဖြေ ပြီးပြီ၊ စကားများများပြောရင် မကောင်းဘူး၊ ဒုက္ခရောက်တတ်တယ် ကဲ...အိမ်ပြန်ဖို့ အချိန်ကျပြီ"

ဟိုဘက်ကမ်းမှ ကင်းသမားနှစ်ယောက်က ကျွန်တော်တို့ နောက် ထပ် မမေးနိုင်အောင် တဲနောက်ဘက်သို့ ပြေးဝင်သွားကြတော့သည်

ကျွန်တော်တို့သည် ကင်းလှည့်ရန် နောက်ထပ်လူနှစ်ယော ရောက်လာနီးနီးဖြင့် အတန်ကြာအောင် လည်ပင်းတရှည်ရှည်ဖြ



စောင့်နေကြသေးသည်။ သို့သော် တစ်ယောက်မျှမပေါ်လာ။

မန်းလမြစ်ကူး ကူးတို့ဆိပ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော 'ကွမ်ပိ'ရွာမှ ရွာသူရွာသားများမှာ ကင်းတာဝန်ကို ပေါ့ပေါ့ဆဆ သဘောထားကြောင်း သိသာလှသည်။

အရေးကြုံလာပါက မန်းလ မြစ်ကူး ကူးတို့ဆိပ်သည် ကျွန် တော်တို့အတွက် မြစ်ကူးခြေကုတ်စခန်းဖွင့်ရန် လမ်းပွင့်နေပေပြီ။

ကျွန်တော်သည် မန်းလရွာသို့ ဝမ်းမြောက်ဝမ်းသာ ပြန်၍လာခဲ့ လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

နောက်တစ်နေ့ မန်းလရွာသူကြီး 'လောဝှ'၏ အိမ်အတွင်းသို့ ကျွန်တော်တို့ နံနက်စာစားရန်ဝင်သွားသောအခါ သူကြီးနှင့်အတူ လူခပ်ဝဝတစ်ယောက်ပါ ထိုင်နေသည်ကို တွေ့ရ၏။

ကျွန်တော့်ကို မြင်သည်နှင့်တစ်ပြိုင်နက် သူကြီးရော လူခပ်ဝဝပါ နေရာမှထ၍ ဆီးကြိုကြ၏။ သူကြီးက လူခပ်ဝဝမှာ သံလွင်အရှေ့ဘက်ကမ်းတစ်လျှောက်၌ သြဇာကြီးလှသော 'ပန်းဟိုင်'တိုက်နယ်သူကြီး 'ပူချင်ဟို'၏ အစ်ကို 'ပူချင်ကွေ'ဖြစ်ကြောင်း မိတ်ဆက်ပေးသည်။

မျက်နှာဝိုင်းဝိုင်း၊ အသားဖြူဖြူ၊ အစိမ်းရောင်တောင်ရှည်ပုဆိုး၊ အဖြူရောင်ရှင်ဖုံးအင်္ကျီနှင့် 'ပူချင်ကွေ'မှာ ဥပဓိကောင်းသူတစ်ယောက်ဖြစ်သလို စကားပြောလည်း ကောင်းသူဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် ကိုယ်ခန္ဓာဝဝဖိုင့်ဖိုင့်နှင့် လေးလေးကန်ကန် ရှိမည်ထင်ရသော်လည်း အနီးသို့ကပ်၍ကြည့်က အသားအရေပြည့်ဖြိုးသလို သန်မာဖျတ်လတ်သူဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။



ပူချင်ကွေသည် ကျွန်တော်နှင့်တွေ့ဆုံရန်အတွက် ပန်းဟိုင်ရွာမှ မန်းလရွာအထိ တပင်တပန်းလာခဲ့ကြောင်း သိရှိရ၏။ သူ၏ညီဖြစ်သူ တိုက်သူကြီး'ပူချင်ဟို'မှာ မြို့စား၏ ကာကွယ်ရေးတပ်ကို အဘက်ဘက်မှ အကူအညီပေးနေသော အင်္ဂလိပ်ဗိုလ်မှူးတစ်ဦးနှင့် ဆွေးနွေးစရာ ကိစ္စရှိသဖြင့် 'ကိုးဆိုင်း'သို့သွားရောက်နေသဖြင့် ရွာတွင်မရှိဟု ပူချင်ကွေက ပြောပြသည်။

ကျွန်တော်က အင်္ဂလိပ်ဗိုလ်မှူးနှင့်အတူ ဗိုလ်အဆင့်အတန်းရှိသော မျက်နှာဖြူတစ်ဦးပါ ပါသလားဟု မေးလိုက်သောအခါ ပူချင်ကွေက ခေါင်းညိတ်လိုက်ပြီး အင်္ဂလိပ်ဗိုလ်မှူး၏အမည်မှာ 'လီချ်'ဟု ခေါ်ကြောင်း၊ သို့သော် ဗိုလ်၏အမည်ကို မေ့နေကြောင်း၊ သူတို့နှစ်ဦးသည် တစ်ခါက 'ပန်းဟိုင်'တွင် စတည်းချ၍ သံလွင်မြစ်ကူး ကူးတို့ဆိပ်များကို ကာကွယ်စောင့်ရှောက်ရေးကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအချိန်တွင် 'ကိုးဆိုင်း'၌ ဌာနချုပ်ဖွင့်ထားကြောင်းဖြင့် ရှင်းလင်းပြောပြသည်။

ကျွန်တော်က ပူချင်ကွေ ရှင်းလင်းပြောပြချက်ကို နားထောင်ရင်း...

"ခင်ဗျားက သိပ်ပြီးသိပါကလား၊ ကျွန်တော်တို့ ဒီမန်းလရွာမှာ ရောက်နေတာကိုကော ဘယ့်နှယ်လုပ်ပြီးသိတာလဲ"ဟု မေးလိုက်မိသည်။

"ကျွန်တော်က တိုက်နယ်သူကြီးရဲ့အစ်ကိုမဟုတ်ဘူးလား။ တိုက်နယ်သူကြီးမှာ နားတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့မြောက်ပိုင်းရှမ်းပြည်နယ်မှာ အသံလွှင့်စက်တွေ၊ တယ်လီဖုန်းတွေမရှိပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သတင်းပို့တဲ့အလုပ်ကတော့ အင်မတန်မှ အောင်မြင်ပါတယ်။ ရှာသားတိုင်းဟာ စိတ်ချရတဲ့ဆက်သားတွေပဲမဟုတ်လား”

ပူချင်ကွေက ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် ပြောနေလေသည်။

“ကွတ်ခိုင်ဘက်ကအခြေအနေကိုကော ဘယ်လိုသတင်းရထားသလဲ ပူချင်ကွေ”

“နောက်ဆုံးရထားတဲ့သတင်းက သိပ်တော့မကောင်းလှဘူး၊ ကွတ်ခိုင်ပတ်ဝန်းကျင်မှာရှိတဲ့ ကချင်နဲ့ ရှမ်းတွေက ဂျပန်တွေနဲ့ ပူးပေါင်းပြီး အင်္ဂလိပ်ကိုဆန့်ကျင်နေတယ်လို့ ကြားရတယ်။ ဒါပေမယ့် ကွတ်ခိုင်မှာ ကျွန်တော်တို့နဲ့အဆက်အသွယ်လုပ်လို့ရတဲ့ လူတစ်ယောက်တော့ရှိတယ်။ ဒီလူက ရှာသားတွေအပေါ်မှာလည်း အတော်ဩဇာရှိတယ်။ သူ့နာမည်က ‘ကျော်ဟ’တဲ့”

“သူက ဘာဖြစ်လို့ ဩဇာရှိရတာလဲ”

ကျွန်တော်က ထောက်၍မေးလိုက်၏။

“ကျော်ဟရဲ့ အစ်ကိုဝမ်းကွဲရဲ့အဖေက မြောက်ပိုင်း သိန္နီစော်ဘွားပဲ၊ စော်ဘွားဆိုတာ နယ်သူနယ်သားတွေအပေါ်မှာ အသက်ဦးဆံပိုင်တဲ့ နေဝင်ဘုရင်ပဲ။ စော်ဘွားတွေက အင်္ဂလိပ်ထောက်ခံလာရင် နယ်သူနယ်သားတွေကလည်း ထောက်ခံလာမှာပဲ”

“သံလွင်အနောက်ဘက်ကမ်းက ရန်သူ့အခြေအနေကိုကော သတင်းရထားသလား…ပူချင်ကွေ”

ကျွန်တော့်အမေးကို ပူချင်ကွေသည် ရုတ်တရက် အဖြေမပေးသေးဘဲ မည်သည့်စကားလုံးကိုသုံး၍ ပြောရမည်နည်းဟု စဉ်းစားနေဟန်ဖြင့် ခဏမျှ တိတ်ဆိတ်နေသည်။ ပြီးမှ…



“ယေဘုယျပြောရရင်တော့ သတင်းရထားတယ်လို့ ဆိုရလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီကို ရောက်လာတဲ့သတင်းတွေက နောက်ကျနေတတ်တော့ ရတဲ့သတင်းနဲ့ ဟိုမှာဖြစ်နေတာနဲ့ ကိုက်ချင်မှ ကိုက်လိမ့်မယ်။ ခု ကျွန်တော်ကြားရတဲ့သတင်းက ဂျပန်တွေက တစ်အိမ်ထောင်မှာ လူလေးယောက်ရှိရင် တစ်ယောက် စစ်တပ်ထဲကို ဝင်ရမယ်ဆိုပြီး အတင်းဆွဲခေါ်နေတယ်။ ရှမ်းတွေ၊ ကချင်တွေဆိုတာ ကိုယ့်ဓလေ့နဲ့ကိုယ် အေးအေးဆေးဆေးနေချင်တဲ့ အမျိုးသားတွေဆိုတော့ အနောက်ဘက်ကမ်းမှာရှိတဲ့လူတွေ ဒုက္ခရောက်ကုန်တာပေါ့”ဟု ပြောလိုက်၏။

“ကျွန်တော်တို့ သံလွင်မြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ မြစ်ကူး ကူးတို့ဆိပ်တွေကို ဘာကြောင့် လိုက်ပြီး စစ်ဆေးနေတယ်ဆိုတာ ခင်ဗျားသိမှာပဲ။ တကယ်လို့ ကျွန်တော်တို့က ကျွန်တော်တို့လူယုံတွေကို အနောက်ဘက်ကမ်းကို ခိုးပို့မယ်ဆိုရင် ဖြစ်နိုင်မယ့်နည်းလမ်းများ ရှိမလား”

“ခုအခြေအနေမှာတော့ သိပ်လွယ်မယ်မထင်ဘူး၊ ဂျပန်တွေက မြစ်ကူး ကူးတို့ဆိပ်တိုင်းကို ဒေါက်ထောက်ပြီး ကြည့်နေတယ်။ မိုင်းဟွန် အထက်ဘက်ကနေပြီး ကူးရင်တော့ ဖြစ်နိုင်မယ်ထင်တယ်။ ဒီနေရာမှာ အစောင့်အကြပ် အစစ်အဆေး သိပ်မရှိလှဘူး။ ဂျပန်တွေက အနောက်ဘက်ကမ်းမှာရှိတဲ့ ရှာသူရှာသားတွေမှန်သမျှကို ခရီးသွားလက်မှတ်ရှိမှ တစ်နေရာက တစ်နေရာသွားရမယ်ဆိုပြီး အမိန့်ထုတ်ထားတယ်။ အဲဒီလက်မှတ်ကလည်း ဂျပန်စစ်ဗိုလ်ကိုယ်တိုင် လက်မှတ်ထိုးပေးမှ တရားဝင်တယ်။ ဒါပေမယ့် ပဒေါင်တွေက

www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ ခရီးသွားလက်မှတ်ပျောက်တတ်လွန်းလို့ တစ်ခါတစ်ခါတော့လည်း စည်းကမ်းကို တင်းတင်းကြပ်ကြပ်မလုပ်ဘဲ လျှော့ပေးတတ်ကြတယ်။ ခရီးသွားလက်မှတ် မပါပေမယ့် ဂျပန်အလံကလေးတစ်ခု ကိုင်သွားရင် လွတ်လိုက်တာပဲ။ ဒီအလံကလေးတွေကိုလည်း လွယ်လွယ်နဲ့ ရကြတယ်"

"ဘယ်သူ့ဆီက ရမလဲ"

ပူချင်ကွေက တစ်ချက်ရယ်လိုက်ပြီး...

"ဘယ်သူ့ဆီကရမလဲ။ ဂျပန်တွေဆီကပဲ ရတာပေါ့။ ဂျပန်တွေက အာရှတိုက် သာတူညီမျှရေးဆိုပြီး ဝါဒဖြန့်ရင်း ဒီအလံကလေးတွေ ရွာစဉ်လျှောက်ပြီး ဝေနေတာပဲ"ဟု အဖြေပေးလိုက်လေသည်။

ကျွန်တော်သည် ပူချင်ကွေနှင့် ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါစသော မြို့နယ်များသို့ ရန်သူ့အခြေအနေကို စုံစမ်းထောက်လှမ်းရန် ယုံကြည်စိတ်ချရသည့် ဒလံများ စေလွှတ်နိုင်ရေးကို အတန်ကြာဆက်၍ဆွေးနွေးသည်။ ပူချင်ကွေက ကျွန်တော်ပေးအပ်သောတာဝန်ကို ဝမ်းမြောက်ဝမ်းသာ ထမ်းဆောင်မည်ဖြစ်ကြောင်းပြောရင်း...

"အင်္ဂလိပ်စစ်တပ်ကို ကူညီတာဟာ အင်္ဂလိပ်တွေ မြန်မာပြည်ပြန်လာပြီး အုပ်စိုးနိုင်အောင် ဝိုင်းဝန်းကူညီတာလို့တော့ မယူဆစေချင်ဘူး။ ဂျပန်ကိုဆန့်ကျင်ချင်တဲ့အတွက်ပဲဖြစ်တယ်။ စစ်ပြီးတဲ့အချိန်မှာ မြန်မာပြည်ကို မြန်မာတွေပဲအုပ်စိုးရမယ်"ဟု သူ့ဆန္ဒနှင့် နိုင်ငံရေးခံယူချက်ကို ဖွင့်ထုတ်လိုက်လေသည်။

နံနက်စာစားသောက်ပြီးနောက် ကျွန်တော်သည် အဖွဲ့သားများနှင့်အတူ 'ပန်းဟိုင်'ရွာသို့ ခရီးဆက်ခဲ့ကြ၏။ ပူချင်ကွေက လမ်းပြ



အဖြစ် လိုက်ပါလာသည်။

'ပန်းဟိုင်'မှာ ရွှံ့စေးများဖြင့်ပြုလုပ်ထားသော တဲအိမ်များ စုဝေးလျက်ရှိသော ရွာကလေးတစ်ရွာမျှဖြစ်သည်။ ဗိုလ်မှူးလိချ်နှင့် အဖွဲ့သားများ ဌာနချုပ်ပြုလုပ်သွားသော တဲအိမ်အသစ်ကလေးများကိုလည်း တွေ့ရသည်။

မြို့စားတပ်၏ ရှေ့ပြေးကင်းစခန်းမှာ 'ပန်းဟိုင်'ပင်တည်း။

ပူချင်ကွေက သူ့အစ်ကို ပူချင်ဟိုမှာ တပ်သား ၁၅ ယောက်ကို အုပ်ထိန်းရသူဖြစ်ကြောင်းနှင့် ဂုဏ်ယူပြောဆိုနေသည်။ တပ်သားတိုင်းတွင် အင်္ဂလိပ်နှင့် တရုတ်ရိုင်ဖယ်များရှိပြီး ယခင်က တရုတ်စစ်တပ်ထဲတွင် ဗိုလ်ကြီးအဆင့်အတန်းရှိခဲ့သော စစ်ဗိုလ်လူထွက် 'ယန်ဗှာဟာ'က စစ်သင်တန်းများပေးနေကြောင်း သိရှိရ၏။

ကျွန်တော်သည် ပူချင်ကွေ ကျေနပ်စေရန်အတွက် သူ့ရွာမှ တပ်သားများ စစ်လေ့ကျင့်ခန်းများဆင်းနေသည်ကို ကြည့်ရှုခဲ့ရသေးသည်။ ကွတ်ခိုင်၊ သိန္နီ...စသော မြို့နယ်များသို့ အထောက်တော်များစေလွှတ်နိုင်ရန်အတွက် တပ်သားကောင်းများ ရွေးချယ်ရေး၊ တပ်သားများအား လခ,ရိက္ခာများ ထောက်ပံ့ရေးပြဿနာများကိုလည်း အသေးစိတ် ဆွေးနွေးကြသည်။

ပူချင်ကွေမှာ ကျွန်တော်၏ အတော်ဆုံး စစ်သားစုဆောင်းရေးအရာရှိတစ်ယောက်ဖြစ်လာနိုင်သည်ဟု ယုံကြည်မိသည်။

'ပန်းဟိုင်'မှ 'မန်ထွန်း'ရွာသို့ ကျွန်တော်တို့ ခရီးဆက်မည်ဟု ထလိုက်သောအခါ ပူချင်ကွေက သူလည်း ကျွန်တော်တို့နှင့်အတူ လိုက်ခဲ့ပါမည်ဟု ဆိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မန်ထွန်း'သို့ရောက်ရန်အတွက် ကျွန်တော်တို့သည် ပေ လေးထောင်ခန့်စီမြင့်သော တောင်သုံးလုံးကို ဖြတ်ကျော်ကြရမည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်က ပူချင်ကွေအား မလိုက်ခဲ့ပါနှင့်တော့ဟု တားသည်။ သို့တိုင်အောင် သူက "သွားလာနေတော့ ကျန်းမာတာပေါ့"ဟုဆိုကာ အတင်းလိုက်လာသည်။

ခရီးထွက်ခဲ့ပြီးနောက် အတန်ကြာတွင် "ဒီလူကြီးတော့ ဟိုက်နေမှာပဲ"ဟု လှည့်ကြည့်လိုက်ရာ အရှိန်မပျက်သွားနေသော ပူချင်ကွေကို တွေ့လိုက်ရသဖြင့် အံ့ဩသွားမိသည်။

လမ်းမှာ ရတ်တရက် 'အတက်'နှင့်တွေ့ရပြီး ချက်ချင်းလိုပင် 'အဆင်း'နှင့် တွေ့ရပြန်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကိုယ်ရှိန် မသတ်နိုင်ဘဲ တောင်နှင့်ဝင်တိုးမိသလို ချောက်နှုတ်ခမ်းကိုလည်း ပြေး၍နင်းမိနေသည်။ ဖနောင့်နှစ်ဖက်ကို မော်တော်ကားဘရိတ်လို လုပ်ပြီး သွားနေကြရတော့၏။ ကျွမ်းကျင်သော တောင်တက်သမားတစ်ယောက်ပင် ကြိုးမပါဘဲ တက်နိုင်,ဆင်းနိုင်မည်မဟုတ်ဟု ထင်ရသည်။

'မန်ထွန်း'ရွာသို့ ကျွန်တော်တို့ရောက်သွားသောအခါ အဖွဲ့သားအားလုံး ဖတ်ဖတ်မောနေကြသော်လည်း ကျွန်တော်တို့ထက် များစွာအသက်ကြီးသည့် ပူချင်ကွေမှာ ပန်းကလေးလို လန်းလန်းဆန်းဆန်းပင် ရှိနေလေသည်။

မန်ထွန်းမှာ တရုတ်ရွာပင်ဖြစ်၏။ တဲအိမ်ကလေး တစ်ဒါဇင်ခန့်နှင့် ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိသည်။ ရွာသူရွာသားများမှာ ဆင်းရဲမွဲတေကြသော်လည်း ကျွန်တော်တို့၏ ဆွေမျိုးရင်းချာပမာ



ညှဲ့ဝတ်ကျေပွန်အောင် ပြုစုကျွေးမွေးကြ၏။

အမှတ် ၁၀ ကူးတို့ဆိပ်မှာ ရွာနှင့် တစ်နာရီခရီးမျှသာ ကွာသည်ဟု သိရ၏။

ထိုညအဖို့ ကျွန်တော်တို့သည် တစ်ဒါဇင်ခန့်သာရှိသော တဲအိမ်ကလေးများတွင် လူစုခွဲ၍ အိပ်ကြရ၏။ အောက်မှခင်းသော နီးချောဖျာမှာ မာကျောလှသော်လည်း လွှသွားကဲ့သို့ဖြစ်နေသော တောင်သုံးလုံးကို ကျော်ဖြတ်လာခဲ့သော ကျွန်တော်တို့အဖို့ မထူးဆန်းလှတော့။

နောက်တစ်နေ့ နံနက်စာစားပြီးနောက် ကျွန်တော်သည် စကားပြန် ချာလီကိုခေါ်ကာ အမှတ် ၁၀ ကူးတို့ဆိပ်ရှိရာသို့ လာခဲ့၏။

ပန်းဟိုင်မှ မန်ထွန်းသို့အလာတွင် လမ်းဆိုးသလောက် မန်ထွန်းမှ မြစ်ကူး ကူးတို့ဆိပ်သို့ သွားသောလမ်းမှာ ကောင်းလှသည်။ လေပြည်ကလည်း တညင်းညင်း၊ လမ်းကလည်း သာသောကြောင့် ပြင်ဦးလွင်တွင် ငယ်ငယ်က ယူကလစ်ပင်များကြား၌ လမ်းလျှောက်ခဲ့ရပုံကို သွား၍သတိရနေမိသည်။

မြစ်ကူး ကူးတို့ဆိပ်သို့ ရောက်သွားသောအခါ ဤအမှတ် ၁၀ ကူးတို့ဆိပ်မှာ အခြားကူးတို့ဆိပ်များထက် အကူးအသန်းလွယ်ကူကြောင်း တွေ့ရ၏။ ဤမျှကောင်းမွန်သောနေရာ၌ အဘယ်ကြောင့် အစောင့်အရှောက် အနည်းငယ်သာထားသည်ကို စဉ်းစား၍မရ။ မြစ်ရေပြင်မှာ ကျယ်သည်မှန်သော်လည်း ရေစီးမှာ အခြားနေရာများလို များစွာမမြန်၊ ကမ်းတစ်ဖက်တစ်ချက်တွင် သောင်များထွန်းနေသောကြောင့်လည်း အကူးရပို၍လွယ်မည်ဖြစ်၏။ စစ်တပ်ကြီး တစ်တပ်

www.burmeseclassic.com

www.burmeseclassic.com



အလုံးအရင်းနှင့် ကူးရန်ကောင်းသောနေရာတည်း။

ဤမှာဘက်ကမ်းတွင် ကင်းစောင့်နေသူတစ်ဦးမှာ လက်နက်မရှိသော တရုတ်ရွာသားများဖြစ်သည်။ တစ်ဖက်ကမ်းပေါ်တွင်မူ ကင်းတဲရှေ့၌ ကချင်နှစ်ယောက်ကို မြင်ရ၏။ တစ်ယောက်တွင် သေနတ်တစ်လက်ကိုင်ထားသည်ကို တွေ့ရသော်လည်း အခြားတစ်ယောက်တွင် မည်သည့်လက်နက်မျှမရှိ။

ကျွန်တော်သည် စကားပြန် ချာလီကို လက်တို့၍ အချက်ပေးလိုက်ပြီး တစ်ဖက်ကမ်းမှ ကချင်ကင်းသမားနှစ်ယောက်အား လှမ်း၍ စုံစမ်းမေးမြန်းလေသည်။

ချာလီသည် ရေစပ်အထိ ဆင်းသွားပြီး...

"ကျုပ်နဲ့ပါလာတာဟာ အင်္ဂလိပ်စစ်ဗိုလ်ပဲ။ မြစ်ကမ်းစပ်ကို ဆင်းခဲ့ပါ။ စကားစမြည်ပြောရအောင်"ဟု လှမ်း၍အော်လိုက်၏။

တစ်ဖက်ကမ်းရှိ ကချင်ကင်းသမားနှစ်ယောက်က ချာလီပြောသည့်အတိုင်း ရေစပ်သို့ဆင်း၍ စကားအဆက်အသွယ် လုပ်သင့်၊ မသင့် တိုင်ပင်နေပုံရသည်။ ခဏအကြာတွင် လက်နက်မရှိသော ကင်းသမား ရေစပ်သို့ဆင်းလာသည်ကို မြင်ရ၏။

"မောင်ရင်က ကချင်အမျိုးသားလား"

ချာလီက ကျွန်တော်ညွှန်ကြားသည့်အတိုင်း အေးဆေးသောလေသံဖြင့် မေးလိုက်၏။

"ဟုတ်တယ်"

တစ်ဖက်မှ ဖြေလိုက်သည်။

"ဟောဒီမှာရပ်နေတာဟာ အင်္ဂလိပ်စစ်ဗိုလ်ပဲ၊ အင်္ဂလိပ်နဲ့ ကချင်



အမျိုးသားတွေဟာ မိတ်ဆွေတွေဆိုတာ သိတယ်မဟုတ်လား၊ ကျုပ်တို့ကို ဘာမှကြောက်စရာမလိုဘူး၊ သိချင်တာကလေး မေးရအောင် မောင်ရင့်ကို ခေါ်တာ"

"မေးချင်တာရှိရင် မေးလေ"

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"မ–ဂမ်"

"မင်းတို့ရွာနာမည်ကော"

"ပကွမ်"

"မင်းတို့ အင်္ဂလိပ်ကိုကြိုက်သလား၊ ဂျပန်ကိုကြိုက်သလား"

"အင်္ဂလိပ်ကိုကြိုက်တယ်"

"ဒါဖြင့် အပေါ်မှာရှိတဲ့ မင်းမိတ်ဆွေကိုပါ ရေစပ်ကိုခေါ်ခဲ့ပါ၊ တို့ အေးအေးဆေးဆေး စကားပြောရတာပေါ့"

ချာလီ၏စကားအဆုံးတွင် ရေစပ်မှကချင်က ကမ်းပါးထိပ်မှ ကချင်ဘက်သို့လှည့်၍ အတန်ကြာအောင် စကားပြောဆိုနေသည်ကို မြင်ရ၏။ သို့သော် သေနတ်ကိုင်ထားသော ကင်းသမားက အောက်သို့မလာလိုဟု ငြင်းလိုက်ပုံရသည်။

"မင်း...မိတ်ဆွေက ဘာပြောသလဲ"

"ကြောက်တယ်လို့ပြောတယ်"

"သူပြောတာ ဒါပဲလား"

"ဟုတ်တယ်"

"မင်းတို့ရွာမှာ ဂျပန်တွေရှိသလား"

"မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဂျပန်တွေ ဘယ်မှာရှိသလဲ"

"ပန်ခနဲ့ မိုင်းဟွန်မှာ"

"အများကြီးရှိသလား"

"မများပါဘူး"

"ဒါဖြင့် ဘယ်နှစ်ယောက်လောက်ရှိသလဲ"

"ဒါတော့ မသိဘူး"

"မြောက်ပိုင်းမှာရှိတဲ့ ကချင်အမျိုးသားတွေက ဂျပန်ကို လက်နက်စွဲကိုင်ပြီး တိုက်နေတယ်ဆိုတာ မင်းကြားရဲ့လား"

"ဒီလိုပဲ ကြားတာပဲ"

"အင်္ဂလိပ်တွေက ကချင်အမျိုးသားတွေကို ကောင်းကောင်းဆက်ဆံတယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

"သိတယ်"

"အိန္ဒိယကနေပြီး အင်္ဂလိပ်နဲ့ မဟာမိတ်တပ်သားတွေ ထောင်နဲ့ချီပြီး မြန်မာပြည်ထဲကိုဝင်လာပြီဆိုတာ သိရဲ့လား၊ ရခိုင်တိုက်ပွဲမှာ မဟာမိတ်က ဂျပန်ကို အပြုတ်ဆော်လိုက်ပြီဆိုတဲ့ သတင်းကိုကော မကြားမိဘူးလား"

"ဒီလိုတော့ ကြားရတာပဲ၊ ဒါပေမယ့် သူကြီးကတော့ ဂျပန်တွေ စစ်နိုင်နေတယ်လို့ပြောတယ်"

"ခု ကျုပ်ပြောတာတွေကို ရွာမှာရှိတဲ့ ရွာသားတွေကို ပြောပြလိုက်ပါ"

"ပြောပြလိုက်ပါ့မယ်၊ ခု ရွာကိုပြန်တော့မယ်"

"မင်းမပြန်ခင် တစ်ခုမေးရဦးမယ်၊ ကွတ်ခိုင်မှာ ဂျပန်တွေ



အများကြီးရှိသလား"

"ရှိတယ်၊ အများကြီးရှိတယ်"

ကမ်းစပ်တွင်ရှိသော ကချင်ကင်းသမားက ဤစကားများကို ခပ်သွက်သွက်ပြောပြီး ကမ်းပါးပေါ်သို့ တက်ပြေးသွားသည်။ စကားပြန် ချာလီနှင့် ကျွန်တော့်မှာ တစ်ဖက်ကမ်းရှိ ကချင်ကင်းသမားထံမှ မရေမရာသောအဖြေများဖြင့်သာ တင်းတိမ်နေရတော့၏။ ကချင်ကင်းသမားအတွက် ဂျပန်စစ်သားတစ်ရာဆိုသည်မှာ အနည်းငယ်မျှလောက်သောအရေအတွက်ဟု ထင်မှတ်နေမည်ဖြစ်သော်လည်း ကျွန်တော်တို့အတွက်မူ အင်အားကောင်းလှသော တပ်ကြီးတစ်တပ် ဖြစ်နေ၏။ အရပ်သားကင်းသမားတစ်ယောက်၏အမြင်ကို ကျွန်တော်တို့က အမှန်အကန်ဟုယူဆရန် ခဲယဉ်းနေပေသည်။

တစ်ဖက်ကမ်းရှိ ကချင်ကင်းသမားနှင့် စကားပြောပြီးနောက် ကမ်းပါးစောက်ပေါ်သို့ ကျွန်တော်တို့ ပြန်၍တက်လာသောအခါ ကျွန်တော်တို့ဘက်ကမ်းမှ တရုတ်ရွာသား ကင်းသမားလေးယောက်ကို အငူသားထိုင်လျက် တွေ့ရ၏။ သူတို့၏အမူအရာမှာ အရှေ့တိုင်းသားတို့ ထုံးစံအတိုင်း မည်သည့်အရာကိုမျှ အရေးစိုက်ရန်မရှိဟူသော အမူအရာမျိုးပင်ဖြစ်သည်။

ကျွန်တော်က လာမည့်ရက်များအတွင်း တစ်ဖက်ကမ်းကို ဂရုစိုက်၍ အမြဲမပြတ် သတိထားရန်လိုကြောင်း၊ အကယ်၍ ကင်း[illegible]တွင် ကင်းသမားဦးရေ ယခုထက်တိုးလာခဲ့လျှင် ပူချင်ကွေ့ထံသို့ ချက်ချင်းသတင်းပို့စေလိုကြောင်း၊ ဂျပန်စစ်သားများကိုမြင်ရလျှင်မူ တစ်ခဏမျှမဆိုင်းဘဲ ဒုန်းစိုင်း၍ ရွာရှိ သူကြီးနှင့် ပန်းဟိုင်ရှိ ပူချင်ကွေ့

www.burmeseclassic.com



ထံ သတင်းပို့ရန် ညွှန်ကြားခဲ့သည်။

မန်းလေးသို့ ပြန်လည်ရောက်ရှိလာသောအခါ အမှတ် ၁၀ မြစ်ကူး ကူးတို့ဆိပ်တွင် တွေ့ခဲ့ရပုံများကို ပူချင်ကွေအား ပြောပြပြီးနောက် ဤကူးတို့ဆိပ်ကို အထူးဂရုစိုက်ရန် မှာကြားခဲ့သည်။ တစ်ဖက်ကမ်းတွင် ဂျပန်များကိုမြင်ရသည်ဖြစ်စေ၊ ကင်းသမားဦးရေ တိုးလာသည်ကို တွေ့ရသည်ဖြစ်စေ ကျွန်တော်ရှိရာသို့ လာရောက်အကြောင်းကြားရန်ကိုလည်း မှာကြားထားခဲ့၏။ ပူချင်ကွေမှာ ကျွန်တော် သံလွင်မြစ် အရှေ့ဘက်ကမ်းတစ်လျှောက်တွင် ရှိနေသမျှကာလပတ်လုံး ကျွန်တော့်အား မတွေ့တွေ့အောင် လိုက်၍ရှာနိုင်မည့်သူဖြစ်၏။ အကယ်၍ ကျွန်တော့်အား ရက်တရက် ရှာမတွေ့ခဲ့လျှင် လိချ်ထံ သတင်းပို့ရန် ညွှန်ကြားခဲ့သည်။

ပူချင်ကွေက မြန်မာပြည်မြောက်ပိုင်းရှိ ကချင်အမျိုးသားများမှာ အင်္ဂလိပ်များအပေါ်တွင် သစ္စာရှိသော်လည်း ဂျပန်များ သိမ်းပိုက်ထားသည့် ကွတ်ခိုင်၊ သိန္နီ၊ ကိုးကန့်...စသော နယ်များရှိ ကချင်အမျိုးသားများမှာမူ ခြံစည်းရိုးပေါ်တွင်ထိုင်လျက်ရှိပြီး အနိုင်ရသည့်ဘက်သို့ ခုန်ကျော်၍ကူးရန် ပြင်ဆင်ထားကြကြောင်းနှင့် ပြောပြသည်။ အချို့သော ကချင်အမျိုးသားများတို့က သင့်လျော်ရာပုဂ္ဂိုလ်များမှတစ်ဆင့် ချဉ်းကပ်ကြည့်လျှင် မဟာမိတ်ဘက်မှ အထောက်တော်များအဖြစ် တာဝန်ယူလိမ့်မည်ဟု ထင်ရကြောင်းဖြင့် ပူချင်ကွေက ပြောပြသည်။

"ကျုပ်က ဒီအမျိုးသားတွေအကြောင်းကို နှစ်အတော်ကြာအောင် လေ့လာခဲ့ဖူးတော့ သူတို့အတွင်းသဘောကို သိနေတယ်။ ရာဇဝင်ဆိုတာ ကြည့်တတ်ရင် တိုတိုကလေးပါပဲ။ ၁၈၈၅ ခုနှစ်မှာ သီပေါဘုရင်ကို အင်္ဂလိပ်တွေဖမ်းသွားတော့ ကချင်အမျိုးသားတွေက မြန်မာပြည်ကိုသိမ်းပိုက်တဲ့ အင်္ဂလိပ်အစိုးရကို ပုန်ကန်ထကြွခဲ့ကြသေးတယ်။ မြန်မာတိုင်းရင်းသားတွေဆိုတာဟာလည်း တရုတ်တွေလို၊ ဂျပန်တွေလို၊ မွန်ဂိုအဆက်အနွယ်တွေပါပဲ။ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်လူမျိုးဓလေ့ထုံးစံအတိုင်း နေချင်တဲ့လူမျိုးတွေပေါ့။ မြန်မာပြည်မှာရှိတဲ့ တိုင်းရင်းသားတွေကို အင်္ဂလိပ်အစိုးရ ကြိုက်သလား၊ ဂျပန်အစိုးရ ကြိုက်သလား မေးကြည့်ရင် အင်္ဂလိပ်ဘက်က လက်ညှိုးထောင်မယ့်လူချည်းပါပဲ။ ဒါပေမယ့် တောင်တန်းပေါ်မှာနေတဲ့ ကချင်တွေကိုတော့ "အစိုးရ"ဆိုတဲ့အကြောင်းကို သွားပြီး တရားဟောမနေနဲ့။ သူတို့မှာ သူတို့အပေါ်က အစိုးရဆိုတဲ့ဟာမျိုးကို လိုချင်တဲ့ဆန္ဒမရှိဘူး။ တောင်ပေါ်ကချင်ဆိုတာ သူ့ဘာသာဓလေ့အတိုင်း လွတ်လွတ်လပ်လပ် နေချင်တဲ့လူမျိုးစုတွေပဲ။ အမှတ် ၁၀ ကူးတို့ဆိပ် တစ်ဖက်ကမ်းမှာရှိတဲ့ ကချင်ကင်းသမားတွေကို ကျုပ်တို့ဘက်တော်သားတွေဖြစ်လာအောင် သိမ်းသွင်းရမယ်"

ပူချင်ကွေသည် ကျွန်တော့်အား လေရှည်ကြီးလျှောက်၍ပြောပြနေလေသည်။

"နောက်တစ်ခါ တိုက်နယ်သူကြီးတွေ အစည်းအဝေးရှိတဲ့အချိန်မှာ ကျွန်တော့်ကို ဖိတ်စမ်းပါ။ နောက်ပြီး ဂျပန်ဝါဒဖြန့်ချိရေးဌာနက ဝေထားတဲ့ သတင်းစာဖြတ်ပိုင်းတွေ၊ ဝါဒဖြန့်ချိရေး စာတမ်းတွေကိုလည်း ရနိုင်သလောက် ယူခဲ့စမ်းပါ။ အဲဒီစာတမ်းတွေပေါ်မှာ [illegible]ပြပြီး ကျွန်တော်တို့က သူတို့ရဲ့ဝါဒဖြန့်ချက်ကို တန်ပြန်မယ်"

ကျွန်တော့်စကားအဆုံးတွင် ပူချင်ကွေက သူ့ အမြဲတမ်း ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေကြဖြစ်သော သားရေလက်ကိုင်အိတ်အတွင်းသို့ လက်လျှို ပြီး ခေါက်ရာများထင်နေသော သတင်းစာဖြတ်ပိုင်းတစ်ခုကို ထုတ်ယူ လိုက်ပြီး ကျွန်တော့်လက်ထဲသို့ ကမ်းပေးလိုက်၏။

သတင်းစာဖြတ်ပိုင်းတွင်ပါရှိသော အကြောင်းအရာများမှာ ၁၉၄၀ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင်ကျင်းပသော အောက် လွှတ်တော် အစည်းအဝေးမှ ဒုတိယမ္ဘာစစ်ကြီးနှင့်ပတ်သက်၍ ဆုံး ဖြတ်လိုက်သော အဆိုများဖြစ်နေလေသည်။

သတင်းစာဖြတ်ပိုင်းတွင်ပါရှိသော အဆိုများအရ မြန်မာပြည် သည် မဆွတ်ခင်က ညွတ်ချင်နေသကဲ့သို့ ဂျပန်အား ဖိတ်မန္တက ပြုထားသည်ကို တွေ့ရလေသည်။

ကျွန်တော်သည် ပုချင်ကွေထံမှ သတင်းစာဖြတ်ပိုင်းကို တောင်း ယူလိုက်ပြီး အဖွဲ့သားများအား ခရီးထွက်ရန် အသင့်ပြင်ခိုင်းလိုက်၏။

"ကျုပ်ကတော့ ခင်ဗျားတို့အဖွဲ့ ဒီထွက်သွားတာကို ကြည့်နေရုံ မဖြစ်ဘူး၊ ကျုပ်ပါ လိုက်လာမိလိမ့်မယ်၊ ကဲ...ခုတော့ ခွဲကြဦးစို့"

ပုချင်ကွေက သူ့လက်ကိုဆန့်ထုတ်၍ ကျွန်တော့်အား နှုတ် ဆက်လိုက်ပြီး သူကြီးအိမ်ရှိရာသို့ ခေါင်းငိုက်စိုက်နှင့် ထွက်ခွာသွား သည်။

ကျွန်တော်နှင့် အဖွဲ့သားများသည် ဗိုလ်မှူးလီချ်ဒွာနချုပ်ပြုလုပ် ထားသော 'ကိုးဆိုင်း'ရွာဆီသို့ ဦးတည်၍လာခဲ့ကြပြန်လေသည်။

◆

## ( ၁၆ )

'ကိုးဆိုင်း'ရွာသည် တခြားရွာများကဲ့သို့ ဆင်းရဲနွမ်းပါးသည့် ရွာတစ်ရွာဖြစ်သည်မှာ မှန်ပါသည်။ သို့သော် ရွာသူရွာသားများမှာ အခြားရွာမှ ရွာသူရွာသားများနှင့် စိတ်ဓာတ်ချင်းမတူ။ ကျွန်တော် တွေ့ခဲ့ရသော ရွာသူရွာသားများမှာ လာမည့်ဘေး ဝေးဝေးကရှောင် ဟူသော စိတ်ဓာတ်မျိုးကို မွေးမြူထားကြသော်လည်း 'ကိုးဆိုင်း'ရွာမှ ရွာသူရွာသားများမှာမူ လာမည့်ဘေးကို ပြေးတွေ့မည်ဟူသော စိတ် ဓာတ်မျိုးကို ပြင်းပြင်းထန်ထန် မွေးမြူထားကြသည်ကို တွေ့ရ၏။ ဂျပန်ရန်မှပြေးရှောင်မည်ဟူသော အကြောက်စိတ်ဓာတ်မျိုးကို ပယ် ထုတ်ကာ နှိပ်စက်ညှဉ်းပန်းနေသော ဂျပန်တို့အား တော်လှန်တိုက် ထုတ်ပစ်မည်ဟူသော စိတ်ဓာတ်ကို မွေးထားကြသည်။

'ကိုးဆိုင်း'ရွာသူရွာသားများသည် ဖြစ်ပေါ်လာမည့် အခြေအနေ များကို လည်ပင်းတရှည်ရှည်ဖြင့် ငံ့မျှော်၍မနေဘဲ မိမိတို့အလိုရှိသော အခြေအနေမျိုးကို ဖန်တီးရယူလိုစိတ် ပြင်းထန်နေကြောင်း တွေ့ရှိရ ၏။ သူတို့သည် သံလွင်အနောက်ဘက်ကမ်းမှ ခြိမ်းခြောက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ရန်သူကို အချိန်မရွေး လက်တုံ့ပြန်နိုင်ရန်အတွက် အသင့်ပြင်ထားကြ၏။ 'ကိုးဆိုင်း'ရွာသည် ဂျပန်ဆန့်ကျင်ရေးအတွက် ဘူမိနက်သန်မှန်လှပေသည်တကား။

'ကိုးဆိုင်း'ရွာထဲသို့ ကျွန်တော်ရောက်လျှင်ရောက်ချင်း ရွာသူရွာသားများ၏စိတ်ဓာတ်ကို တဖျပ်ဖျပ်လှုပ်ရှားတက်ကြွအောင် စည်းရုံးပေးနိုင်ခဲ့သော ဗိုလ်မှူးလိချ်နှင့် သူ၏လက်ထောက်အရာရှိကို ဝင်ရောက်တွေ့ဆုံရ၏။ ဗိုလ်မှူးလိချ်၏ဌာနချုပ်တွင် အသင့်ရှိနေသူကား ကျေးရွာကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင် 'ယန်ပမ်ဇေ'ပင် ဖြစ်၏။

ဗိုလ်မှူးလိချ်နှင့် သူ၏လက်ထောက်အရာရှိဖြစ်သူတို့၏ ဌာနချုပ်ပြုလုပ်ထားသော တဲတန်းလျားကြီး ကျယ်ကျယ်ဝန်းဝန်းရှိ၏။ ရွာသူကြီးကိုယ်တိုင် ကြပ်မတ်၍ ဆောက်လုပ်ပေးခဲ့သော တဲတန်းလျားများပင် ဖြစ်သည်။

တဲကြီးအတွင်းသို့ ကျွန်တော်ဝင်သွားသောအခါ ဥပဓိရုပ်ကောင်းကောင်းနှင့် ဖော်ဖော်ရွေရွေရှိလှသော ဗိုလ်မှူးလိချ်ကို တွေ့ရသည်။ လက်ထောက်အရာရှိဖြစ်သူမှာ စစ်ရေးကိစ္စတစ်ခုဖြင့် ခရီးထွက်လျက်ရှိနေလေသည်။

တဲတန်းလျားကြီးအပြင်ဘက်ရှိ ကွင်းပြင်တစ်ခုတွင် ကိုးကန့်နယ်မှ တပ်သားများ စစ်ရေးပြနေသည်ကို ပြတင်းပေါက်မှ လှမ်း၍မြင်နေရ၏။ 'ပန်းဟိုင်'ရွာမှ တိုက်သူကြီးပူချင်ဟို၏ သတင်းပေးထားချက်အရ ဗိုလ်မှူးလိချ်သည် ကျွန်တော့်ကို လူကိုယ်တိုင်မမြင်ဖူးသော်လည်း သိ၍နေလေသည်။

"ဗိုလ်ကြီးဌာန်ပဲမဟုတ်လား"



ဗိုလ်မှူးကြီးလိချ်က ကျွန်တော့်ကိုမြင်လျှင်မြင်ချင်း စတင်၍နှုတ်ဆက်လိုက်၏။

အမှတ် ၁၃၆ တပ်ဖွဲ့ကို ကိုယ်စားပြုကြသူများဖြစ်သောကြောင့် ကျွန်တော်တို့နှစ်ဦးသည် ခဏအတွင်းတွင်ပင် အကျွမ်းတဝင်ဖြစ်သွားကြ၏။ သံလွင်မြစ်အရှေ့ဘက်ကမ်းရှိ ကျွန်တော်တို့ ကာကွယ်ရေးတပ်များ အခြေအနေကို အမြင်ချင်းဖလှယ်ကာ တစ်ယောက်နှင့်တစ်ယောက် အကြံဉာဏ်များပေး၍ ဆွေးနွေးကြရသည်။

သံလွင်အနောက်ဘက်ကမ်းရှိ ကူးတို့ဆိပ်နှစ်ခုမှ ကင်းသမားများနှင့် စကားပြောခဲ့ရပုံကိုလည်းကောင်း၊ ဆိပ်ခိုရွာအနီးရှိ အမှတ် ၈ ကူးတို့ဆိပ်ကို မှောင်ခိုဂိုဏ်းသားများသာ တစ်ခါတစ်ခါ အသုံးပြုနေကြပုံကိုလည်းကောင်း၊ ဗိုလ်ကြီးလီက ခေတ်မီလက်နက်များ အလိုရှိနေပုံကိုလည်းကောင်း၊ အကူယာချိုင်တွင်ရှိသော တရုတ်ကင်းတပ်၏ ဝတ္တရားပေါ့လျော့ပုံကိုလည်းကောင်း ကျွန်တော်က သတင်းပို့လိုက်သောအခါ ဗိုလ်မှူးလိချ်သည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ သူကိုယ်တိုင်လည်း ဤမြစ်ကူး ကူးတို့ဆိပ်များသို့ သွားရောက်ခဲ့ဖူးသောကြောင့် ကျွန်တော်ပြောသမျှကို လက်ခံနားထောင်နေခြင်းဖြစ်၏။

မြစ်ကူး ကူးတို့ဆိပ်များသို့ နေ့လယ်ဘက်အချိန်များတွင် သွားရောက်စစ်ဆေးလေ့ရှိသော ကျွန်တော့်အကြောင်းကို ကြားသိရသော ဗိုလ်မှူးလိချ်က အံ့ဩသည့်အမူအရာကို ပြလိုက်၏။ အဘယ်ကြောင့်ဆိုသော် သူနှင့်လက်ထောက်အရာရှိမှာ ညဉ့်အချိန်များတွင်သာ ကူးတို့ဆိပ်များသို့ အမှောင်ထု၏အကာအကွယ်ကိုယူပြီး သွားလေ့ရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်တည်း။

"ကျုပ်နဲ့ ကျုပ်ရဲ့လက်အောက်အရာရှိက သံလွင်အရှေ့ဘက်ကမ်းမှာရှိတဲ့ ကျေးရွာသားတွေနဲ့ အတော်ခင်ခင်မင်မင်ဖြစ်အောင် ပေါင်းထားတယ်။ ဒါကြောင့်လည်း အနောက်ဘက်ကမ်းနဲ့ အဆက်အသွယ်လုပ်ဖို့ အခွင့်အလမ်းတော်တော်များများ တွေ့ခဲ့ရတယ်။ ကျုပ်သိရသလောက်တော့ ကိုးကန့်နယ်မြောက်ပိုင်းမှာ တရုတ်စစ်သားအင်အားတစ်ရာလောက်ပဲရှိတယ်။ ကာကွယ်ရေးတပ်သားကတော့ လူအင်အား နှစ်ရာ့ငါးဆယ်လောက်ရှိတယ်။ ကာကွယ်ရေးတပ်သားတွေကို ကျုပ်က ပိုပြီးသဘောကျနေတယ်။ ဒါပေမယ့် သူတို့မှာ လက်နက်ကောင်းကောင်းမရှိဘူး။ အိန္ဒိယမှာရှိတဲ့ ဌာနချုပ်က ဒီကိစ္စကို အထူးအရေးပေးပြီး ဆောင်ရွက်ပေးပါလိမ့်မယ်။ ရိုင်ဖယ် အလက်တစ်ရာ့ငါးဆယ်၊ ဆင်္ကလိပ်နဲ့ တရုတ်သရင်းနှစ်လက်ကနေ ခြောက်လက်၊ တူမီးသုံးလက်၊ ကျည်တစ်သောင်းရှစ်ထောင်လောက်ပဲ သူတို့လက်ထဲမှာရှိနေတယ်။ တကယ်လို့သာ ဂျပန်က ခုအချိန်မှာလာတိုက်ရင် ကာကွယ်ရေးတပ်က ဖျတ်ဖျတ်လတ်လတ်ရှိတဲ့ တပ်သားကလေးတွေ မကျသင့်ဘဲ ကျသွားမှာစိုးရတယ်"

ကျွန်တော့်စကားအဆုံးတွင် ဗိုလ်မှူးလိချ်က သူ့အတွေ့အကြုံနှင့် ထင်မြင်ချက်ကို ပြောလိုက်၏။ ကျွန်တော်က…

"တပ်သားတွေကို သင်တန်းပေးတဲ့နေရာမှာကော အခြေအနေ ဘယ်လိုနေပါသလဲဗိုလ်မှူး"ဟု မေးလိုက်သည်။

"ကျုပ်တို့ ကိုးဆိုင်းဌာနချုပ်မှာရှိတဲ့ တပ်ခွဲတစ်ခွဲလောက်ပဲ ယန်ဝမ်ဇေက ဦးစီးပြီး သင်ပြပေးလို့ တော်ရုံလောက်ပဲရှိတယ်။ တရုတ်



နည်းပြဆရာတွေ သင်ပေးတဲ့အဖွဲ့တွေကျတော့ အတော့်ကိုညံ့တာပဲ။ ညံ့ဆို တရုတ်ဆရာတွေကိုယ်တိုင်က သိပ်မှနားမလည်ဘဲကိုး။ ဘာပဲဖြစ်ဖြစ် ကာကွယ်ရေးတပ်သားတွေရဲ့ စည်းကမ်းနဲ့ စိတ်ဓာတ်ကတော့ အားလုံးလိုလို ကောင်းတယ်။ ကျုပ်အဖို့ ခုအချိန်မှာ ခေါင်းအကိုက်ဆုံးကတော့ တပ်သားတွေကို ကျွေးဖို့မွေးဖို့ စရိတ်ပြဿနာပဲ။ တစ်လတစ်လ ငွေသုံးသောင်းငါးထောင်လောက် ကုန်နေတယ်။ ကိုးကန့်နယ်အတွက်ပါဆိုရင်တော့ ဒါထက်ပိုပြီးလိုဦးမယ်"

"သံလွင်အရှေ့ဘက်ကမ်းတစ်လျှောက်မှာ ဘယ်ဒေသကို ဘယ်သူက ဦးစီးနေတယ်ဆိုတာ ကျွန်တော်ဖြင့် ခုထက်ထိ မရှင်းသေးဘူး ဗိုလ်မှူး။ သူ့တာ ကိုယ့်တာဆိုတာလည်း တိတိကျကျ ခွဲမထားဘူးနဲ့ တူတယ်။ ကိုးကန့် ရှေ့တန်းစစ်မျက်နှာဆိုတာ တကယ်ဖွင့်ထားတာမဟုတ်ဘဲ မြေပုံပေါ်မှာ စိတ်ကူးရုံ ကူးထားသလိုဖြစ်နေပြီ"

ကျွန်တော်က ညည်းညည်းညူညူပြောလိုက်မိ၏။

"ကိုးကန့် ရှေ့တန်းစစ်မျက်နှာဆိုတာ တကယ်ပဲရှိပါတယ် ဗျွန်"

ဗိုလ်မှူးလိချ်သည် ထိုင်နေရာမှ ထလိုက်ပြီး ဆွဲထားသော မြေပုံရှေ့တွင် ရပ်လိုက်၏။ ကျွန်တော်က ဗိုလ်မှူးနှင့်အတူလိုက်ကာ နောက်ဘက်နားတွင် ခပ်ယို့ယို့ကလေးရပ်၍ ဗိုလ်မှူးထောက်ပြသည်ကို စိတ်ဝင်စားစွာ ကြည့်နေမိသည်။

"မောင်ရင်မြင်တဲ့အတိုင်း ရှမ်းပြည်နယ်နဲ့ တရုတ်ပြည်နယ်စပ်ကို ဖြတ်ပြီးဆင်းလာတဲ့ သံလွင်မြစ်ဟာ ကိုးကန့်နယ်ကိုကျော်ပြီး ကွမ်းလုံဘက်ကိုဆင်းသွားတယ်။ သံလွင်မြစ်ဖြတ်လာတဲ့ ရှမ်းနဲ့ တရုတ်နယ်စပ်ကနေ ကူးတို့ဆိပ် အမှတ်ဆယ့်သုံးနဲ့ ဆယ့်လေးအကြား

www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အထိ နယ်မြေဟာ ကိုးကန့်ရှေ့တန်းစစ်မျက်နှာပဲ”

“ဆယ့်သုံးနဲ့ ဆယ့်လေး ကူးတို့ဆိပ်အကြားကနေပြီး တောင်ဘက်ဆင်းလာတော့ ဘယ်သူမှ ဝင်ပြီးမသိမ်းနိုင်သေးတဲ့ နယ်မြေရှိနေတယ်။ ဟောဒီမယ် မောင်ရင် တွေ့တယ်မဟုတ်လား။ ဝမ်တောင်ဆွိဆိုတဲ့ ရွာကလေးက ကိုးကန့်ရှေ့တန်းစစ်မျက်နှာရဲ့ တောင်ဘက်အကျဆုံး နေရာကလေးပေါ့။ ဒီမှာ တရုတ်ရှေ့ပြေး ကင်းတပ်သား ဆယ့်ငါးယောက် တာဝန်ယူထားတယ်။ ဒီရွာကလေးနဲ့ တောင်ဘက်က ကွမ်းလုံအကြားမှာရှိတဲ့ ရွာသူရွာသားတွေကတော့ နီးရာဓားကြောက်ရတဲ့ထုံးစံအတိုင်း မြို့စားရဲ့ကာကွယ်ရေးတပ်က ထွက်ပြီး ဂျပန်ဩဇာခံဖြစ်နေရပြီ။ ဂျပန်တွေက လက်နက်တွေထုတ်ပေးထားတယ်လို့လည်း သတင်းရထားတယ်”

“ကွမ်းလုံအခြေအနေကော ဗိုလ်မှူး”

“ရန်သူ့အင်အား သိပ်ကောင်းတယ်၊ ကွမ်းလုံမြို့ထဲကို လွှတ်ထားတဲ့ ဒလံတွေဆီကတော့ ရန်သူ့အင်ဂျင်နီယာတပ်ခွဲတစ်ခွဲရှိတယ်၊ မြေပြင်ပစ် အပေါ့စားအမြောက်အဖွဲ့ကလေးတစ်ဖွဲ့ရှိတယ်၊ လူအင်အားငါးရာလောက်ရှိတဲ့ ခြေလျင်တပ်ခွဲနှစ်ခွဲရှိတယ်။ ဘယ်နေရာမှာ တပ်စွဲထားတယ်ဆိုတာ သတင်းရထားတယ်။ မြို့ထဲမှာ အပေါ့စား တင့်ကားတပ်ကလေးနဲ့ မြင်းတပ် တပ်ဆွယ်တစ်ခုလည်း ရှိတယ်လို့ သိရတယ်၊ အင်အားဘယ်လောက်ရှိတယ်လို့တော့ မသိရဘူး။ ရန်သူတွေက မြို့ကိုလည်း အခိုင်အမာလုပ်ထားကြတယ်။ သံလွင်မြစ်ကမ်းတစ်ဖက်တစ်ချက်မှာ ကတုတ်ကျင်းတွေ အမြောက်စင်တွေကို အင်္ဂတေကိုင်ထားတယ်လို့ ကြားရတယ်။ ဂျပန်တွေ ကွမ်းလုံမှာ အလုံးအရင်း



နဲ့ အခိုင်အမာတပ်စွဲထားပုံထောက်တော့ ကျုပ်တို့တပ်တွေ သံလွင်မြစ်ကမ်းတစ်လျှောက်မှာ ထိုးစစ်ဆင်လာကြလိမ့်မယ်လို့ တွက်ထားပုံရတယ်”

ဗိုလ်မှူးလီချိုသည် ကွမ်းလုံမြို့ပေါ်တွင် ထောက်ထားသော လက်ညှိုးကို အရှေ့ဘက်သို့ ရွှေ့လိုက်ပြီး…

“ဟောဒီ ဟိုပန်မှာလည်း ရန်သူ့တပ်ကြီးတစ်ခု ချထားတယ်။ ကိုးကန့်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ သံလွင်မြစ်တစ်လျှောက်က ရွာတွေမှာလည်း ရှေ့ပြေးကင်းစခန်းတွေ ဖွင့်ထားတယ်”ဟု ပြောလိုက်၏။

ကျွန်တော်သည် ကိုးကန့်နယ်ကို စက်ဝိုင်းခြမ်းသဏ္ဌာန် ဝိုင်းထားသော ရန်သူတို့၏ စစ်စခန်းများကိုကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ပြီးမှ…

“အစက်ကလေးတွေပြထားတာက ဘာလဲဗိုလ်မှူး”ဟု မေးလိုက်မိ၏။

“ဒီအစက်ကလေးတွေက ရန်သူ့အဆက်အသွယ်လမ်းကြောင်းတွေကို ပြထားတာလေ၊ တရုတ်–မြန်မာ လမ်းမကြီးပေါ်မှာရှိတဲ့ ချီဖန်ကနေပြီး မိုင်းခကိုဖြတ်၊ အဲဒီကမှ အမှတ်ခုနစ် ကူးတို့ဆိပ်ရှိရာကို ဆက်သွယ်ထားတဲ့လမ်း။ ဒုတိယလမ်းကတော့ ကွတ်ခိုင်ကနေပြီး မန်စီအထိ ဖောက်ထားတဲ့လမ်း။ ဒီလမ်းမှာ ကြေးနန်းအဆက်အသွယ်လည်းရှိတယ်။ တတိယလမ်းကတော့ သိန္နီနဲ့ ကွမ်းလုံကို ဆက်ထားတဲ့လမ်းပဲ။ အောက်ဘက်ကပြထားတဲ့ မြားကတော့ အရှေ့ဘက်ကမ်းမှာရှိတဲ့ ပန်လုံကို ဂျပန်တွေ ဘယ်နေရာက မြစ်ဖြတ်ကူးပြီး တိုက်ဖို့သွားတယ်ဆိုတာ ပြထားတာပဲ။ ခုပြောခဲ့တာတွေဟာ ကိုးကန့်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်းစစ်မျက်နှာရဲ့ အပိုင်းအခြားနဲ့ အခြေအနေပဲ”

ဗိုလ်မှူးလီချုံသည် မျက်နှာကို မြေပုံပေါ်မှခွာလိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေလေသည်။

“သံလွင်မြစ် အနောက်ဘက်ကမ်းတစ်လျှောက်နဲ့ ကွမ်းလုံ၊ ကွတ်ခိုင် စတဲ့မြို့တွေမှာရှိတဲ့ ရန်သူ့ရှေ့တန်းစခန်းတွေကို ရန်သူ့ ငါးဆယ့်ခြောက် တပ်မက ကျောထောက်နောက်ခံ ပေးထားတယ်။ ဒီရန်သူ့တပ်မကို ချန်ကေရှိတ်ရဲ့ ယူနန်တပ်တွေနဲ့ တိုက်ပစ်ရမယ်”

ဗိုလ်မှူးက စကြံလျှောက်နေရာမှ လှမ်း၍ပြောလိုက်၏။

“တရုတ်တွေက ဘယ်တော့တိုက်မယ်လို့ ပြောသလဲဗိုလ်မှူး”

“တရုတ်တပ်မှူးတွေက အချိန်ကိုဂရုစိုက်တဲ့လူတွေမဟုတ်ဘူး မောင်ရင်၊ ဒီတော့ စစ်ဆင်ရေးအစီအစဉ်လုပ်ဖို့ သိပ်ခက်နေတာပေါ့၊ တရုတ်တပ်မှူးအချင်းချင်းလည်း တစ်ယောက်အမိန့်ကို တစ်ယောက်က လေးစားတာမဟုတ်ဘူး။ တရုတ်စစ်သူကြီး ချန်ကေရှိတ်ကိုယ်တိုင်ကပဲ စစ်ဆင်ရေးကိစ္စကိုပြောလိုက်ရင် အင်းမလှုပ် အဲမလှုပ် လုပ်နေတာပဲ။ သူ့လက်အောက်က ဗိုလ်ချုပ်ကြီးတွေဖြစ်တဲ့ လိုချိုယင်နဲ့ လင်ဝေကလည်း သူတို့ဆရာအတိုင်းပဲ ကျုပ်တို့ဘက်က မဟာမိတ်ဖြစ်တဲ့ စတီးဝဲလ်က ဘာတွေပြောနေပြောနေ တရုတ်ဗိုလ်ချုပ်တွေက ဂရုစိုက်တာမဟုတ်ဘူး။ တကယ်လို့သာ ချန်ကေရှိတ်ရဲ့ ယူနန်တပ်တွေက သံလွင်မြစ်တစ်လျှောက်ကို ဆင်းပေးတိုက်ပေးမယ်ဆိုရင် ကိုးကန့်စစ်မျက်နှာဟာ ဧပြီလအကုန်လောက်မှာ မီးဟုန်းဟုန်းတောက်လာစရာရှိတယ်”

“မန်းလရှားရောက်တုန်းကတော့ ဂျပန်တွေက လုံခြုံရေးအတွက်



စည်းကမ်းတွေ တင်းတင်းကြပ်ကြပ်လုပ်နေတယ်လို့ ကြားခဲ့ရတယ် ဗိုလ်မှူး၊ ဒီအချက်ကိုထောက်ရင် ဂျပန်တွေ တစ်ခုခုလုပ်ဖို့ ဟာစုနေပြီလို့ ထင်ရတယ် ဗိုလ်မှူး”

ကျွန်တော်က သံလွင်မြစ်တစ်လျှောက်တွင် ထောက်လှမ်း၍ ရခဲ့သမျှ အချက်အလက်များထဲမှ တစ်ပိုင်းတစ်စကို တင်ပြလိုက်၏။

ဗိုလ်မှူးလီချုံသည် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေရာမှ ရုတ်တရက်ရပ်လိုက်ပြီး သစ်သားကြမ်းဖြင့်ပြုလုပ်ထားသော စားပွဲခုံဘေးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်သည်။ ပြီးမှ စားပွဲပေါ်တွင်ရှိနေသော စာရွက်စာတမ်းများကို တစ်ခုစီ အနေအထားကျအောင် ဖြန့်လိုက်ပြီး…

“ဒီနေ့ပဲ ဂျပန်တပ်တွေလုံခြုံရေးအတွက် စည်းကမ်းတင်းတင်းကြပ်ကြပ်လုပ်နေတဲ့အကြောင်းနဲ့ပတ်သက်ပြီး အစီရင်ခံစာပဲ၊ ဂျပန်တွေက ကွတ်ခိုင်စစ်နယ်မြေနဲ့ သိန္နီစစ်နယ်မြေကို ဖုံနယ်တစ်ခုစီခွဲပြီးထားလိုက်ပြီဆိုတာ သိရတယ်။ ကွတ်ခိုင်ဖုံနဲ့ သိန္နီမြောက်ပိုင်းဖုံပဲ။ ဒီဖုံနှစ်ခုအတွက် သီးသန့်ခရီးသွားလက်မှတ်တွေ ထုတ်ပေးထားတယ်။ ကွတ်ခိုင်နဲ့ သိန္နီမြောက်ပိုင်းဆိုတာ နယ်ချင်းဆက်နေတာပဲမဟုတ်လား။ ဒါတောင် သီးခြားပြီး ဖုံနယ်တစ်ခုစီအတွက် ခရီးသွားလက်မှတ်တွေ ထုတ်ပေးထားတယ်ဆိုတော့ သူတို့အတွက် အထူးအရေးကြီးလာပြီဆိုတာ သိရတယ်။ သူတို့အတွက် အထူးအရေးကြီးလာတယ်ဆိုတဲ့ အဓိပ္ပာယ်က သူတို့ဟာ ကျုပ်တို့ကိုတိုက်ဖို့အတွက် လျှို့ဝှက်ကြံစည်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ နောက်တစ်ခု မောင်ရင်သိထားဝင်စားမယ့် သတင်းကတော့ အရင်တုန်းက ပုလိပ်ဘက်မှာ အမှုလုပ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးတဲ့ ကချင်တွေမှန်သမျှကို ဂျပန်က ငွေပေးပြီး ကျုပ်တို့အုပ်ချုပ်ထားတဲ့ နယ်မြေကို ဒလံအဖြစ် လွှက်ထားတယ်ဆိုတဲ့ သတင်းပဲ”

“တတိယအချက်အနေနဲ့တော့ ဂျပန်တွေဟာ သူတို့ပိုင်တဲ့ နယ်မြေအတွင်းမှာ အင်္ဂလိပ်ငွေစက္ကူနဲ့ ဒင်္ဂါးတွေကို တရားမဝင်တဲ့ ငွေအဖြစ် သတ်မှတ်လိုက်ပြီး အဲဒီငွေတွေရှိနေတဲ့ လူတွေကိုတွေ့ရင် သူလျှိုဆိုပြီး ပစ်သတ်မယ်ဆိုတဲ့အချက်ပဲ။ ဒီအချက်က ကျုပ်တို့အတွက် သိပ်ပြီးအရေးကြီးတယ်။ ကျုပ်တို့ရဲ့ အထောက်တော်တွေ၊ ဒလံတွေကို သူတို့နယ်ထဲကို ငွေပေးပြီး ခိုင်းလို့မရအောင် စည်းကမ်းတင်းကြပ်လိုက်တာပဲ။ ဒီအချိန်ကစပြီး ကျုပ်တို့အထောက်တော်တွေနဲ့ ဒလံတွေကို အင်္ဂလိပ်ငွေစက္ကူနဲ့ ဒင်္ဂါးတွေ မပေးတော့ဘဲ ဂျပန်ငွေစက္ကူတွေကိုပဲ ပေးရတော့မယ်”ဟု ရှင်းလင်းပြောပြသည်။

ကျွန်တော်သည် ဗိုလ်မှူးလီချ်၏ ရှင်းလင်းပြောပြချက်များကို ကြားသိရပြီးနောက် ဌာနချုပ်ပြုလုပ်ထားသော တဲကြီးအတွင်းမှ ထွက်ခွာလာခဲ့၏။

ကျွန်တော် ရှေ့သို့ဆက်ရမည့်ခရီးစဉ်မှာ မန်စီထန်ရွာပင် ဖြစ်၏။ ဤရွာအနီးတွင် အမှတ် ၁၁ ကူးတို့ဆိပ်ရှိနေလေသည်။

ကိုးဆိုင်းရွာမှမထွက်ခွာမီ ကျွန်တော် အထူးတွေ့လိုသော လူတစ်ယောက်ရှိသည်။ ထိုလူကား ကိုးဆိုင်း ကာကွယ်ရေးတပ်ကို ဦးစီးနေသော ယန်ဝှမ်ဝေပင်တည်း။

ဗိုလ်မှူးလီချ်၏ဌာနချုပ်မှ ထွက်လာ၊လျှောက်လာချင်း လမ်းတွင် တွေ့ရသော ကာကွယ်ရေးတပ်သားတစ်ယောက်အား လက်မောင်းကိုဆွဲ၊ ကာကွယ်ရေးတပ်မှူးရှိရာ ဌာနချုပ်ကို မေးကြည့်လိုက်သည်။



ကာကွယ်ရေးဌာနချုပ်သည် ဗိုလ်မှူးလီချ်၏ တဲစခန်းနှင့် ခြေလှမ်း လေး,ငါးဆယ်မျှသာ ကွာနေလေသည်။ တဲအတွင်းသို့ ကျွန်တော် ဝင်သွားသောအခါ မဟာနမ့်ဖူးကျယ်ကျယ်နှင့် ထက်မြက်ပုံရသော ကာကွယ်ရေးတပ်မှူး ယန်ဝှမ်ဝေကို တွေ့ရ၏။ သူသည် ပျူပျူငှာငှာရှိသူဖြစ်၏။ သူဟ သူသည် မြို့စား၏ လေးယောက်မြောက် ညီဖြစ်ကြောင်း ဂုဏ်ယူ၍ပြောပြသည်။

ယန်ဝှမ်ဝေသည် ကျွန်တော်က မေးခွန်းတစ်ခုမျှ မမေးရသေးခင်ပင် ကိုးဆိုင်းနယ် ကာကွယ်ရေးလုပ်ငန်းစဉ်များကို တစ်ခုပြီးတစ်ခု ပြောပြနေသည်။ တပ်သားများက တက်တက်ကြွကြွရှိသလောက် ငွေကြေးသုံးစွဲရေးနှင့် လက်နက်မပြည့်စုံမှုကို သူက အားမလိုအားမရဖြစ်နေလေသည်။ သူသည် လက်ရှိတွေ့နေရသော အခက်အခဲအတွက် သည်းတွားနေခြင်းမဟုတ်ဘဲ ရှေ့အဖို့ မည်ကဲ့သို့ ဆက်လက်လုပ်ကိုင်လျှင် အခြေအနေတိုးတက်လာမည့်အကြောင်းကို အပြုသဘောဖြင့် အကြံပေးနေခြင်းဖြစ်၏။

ကျွန်တော့်မှာ ဗိုလ်မှူးလီချ်နှင့်အတူ ထိုင်၍ ကိုးကန့်နယ် ကာကွယ်ရေးအကြောင်းကို စုံစေ့လောက်အောင် ဆွေးနွေးခဲ့သူဖြစ်သည့်အလျှောက် ကာကွယ်ရေးတပ်မှူးဖြစ်သူ ယန်ဝှမ်ဝေ၏ ပြောဆိုချက်များမှာ ကျွန်တော့်အတွက် စိတ်ဝင်စားစရာကောင်းသည်ထက် ဇိတ်ဇက်ကြွဖွယ်ရာ ပို၍ဖြစ်နေလေသည်။

ယန်ဝှမ်ဝေသည် သူ့ညဘဝမှ စတင်ပျိုးထောင်လာခဲ့ရသော သူ၏ကာကွယ်ရေးတပ်အကြောင်းကို ပြောဆိုပြီးနောက် နောက်ပါ အတိုင်း နိဂုံးချုပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဒုက္ခရောက်နေတဲ့အချိန်မှာ အင်္ဂလိပ်တွေက လာပြီးအကူအညီပေးဖို့ ရိုင်ဖယ်တစ်လက်တောင်မှ ပေးဖော်မရဘူး။ လက်နက်တွေကို ကျွန်တော်တို့ပိုက်ဆံနဲ့ဝယ်ပြီး ကျွန်တော်တို့နယ်ကို ကာကွယ်ရတယ်။ ကျွန်တော်တို့ကို အကူအညီပေးတာကတော့ တရုတ်တပ်ပဲ။ ဟော...ခုတော့ ကျွန်တော်တို့တတ်နိုင်သမျှ အကာအကွယ်လည်းလုပ်ပြီးရော ကျွန်တော်တို့အပေါ်မှာ သခင်လာပြီးလုပ်တဲ့ အင်္ဂလိပ်ဗိုလ်မှူးလည်း ရောက်လာရော။ ပြန်ပြီးတွေးကြည့်လိုက်ရင် အင်္ဂလိပ်တွေကို တော်တော်စိတ်နာစရာကောင်းတယ်"

ကိုးဆိုင်းနယ်၏ ကာကွယ်ရေးတပ်မှူးတာဝန်ကို ယူထားရသော ယန်ဂုမ်ဝေသည် ဤအချက်တွင် ကျွန်တော်နှင့် သဘောချင်းမတိုက်ဆိုင်သော်လည်း အင်္ဂလိပ်အစိုးရ၏ သစ္စာရှိပုံကိုမူကား ချီးကျူးထောက်ခံသူတစ်ဦး ဖြစ်နေလေသည်။

သို့သော် ယန်ချွမ်ဝေက အင်္ဂလိပ်များအပေါ်တွင် အမိကမကျေနပ်သောအချက်မှာ အသားအရောင်ခွဲခြားခြင်းပင် ဖြစ်သည်။

"အသားဖြူဆိုရင် ခင်ဗျားတို့က ယဉ်ကျေးတယ်၊ ပညာတတ်တယ်လို့ သတ်မှတ်လိုက်တာပဲ။ အသားမဖြူတဲ့လူမျိုးဆိုရင် ခင်ဗျားတို့က ရိုင်းစိုင်းတယ်၊ မယဉ်ကျေးဘူးလို့ ခွဲခြားလိုက်တာပဲ။ အင်္ဂလိပ်အစိုးရက စေလွှတ်လိုက်တဲ့ မျက်နှာဖြူအရာရှိတွေဟာ ကိုယ့်လက်အောက်မှာရှိတဲ့ တိုင်းသူပြည်သားတွေကို ဂရုစိုက်ဖို့ထက် သူတို့မွေးထားတဲ့ မြင်းတွေကို ဂရုစိုက်ဖို့လောက်ပဲ တတ်ကြတယ်။ ဒါပေမယ့် ခင်ဗျားတို့ရဲ့ နောက်ဆုံးဘုရင်ခံ ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်ကတော့ တိုင်းရင်းသားတွေရဲ့ ဓလေ့စံကို ရိုသေလေးစားတာ တွေ့



ရတယ်။ သူ့သမီးကို ပြင်ဦးလွင်မှာ မင်္ဂလာဆောင်တော့ မြန်မာဝန်ကြီးတွေကို ဖိတ်ကြားရုံမက မန္တလေးက ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေပါခေါ်ပြီး မင်္ဂလာဘိသိက်မြှောက်ခိုင်းတယ်။ ဘုရင်ခံရော ဘုရင်ခံကတော်ပါ အသားအရောင်မခွဲခြားဘဲ တိုင်းရင်းသားတွေနဲ့ ညီတူညီမျှဆက်ဆံတယ်။ ဒါပေမယ့် ဗျူရိုကရေစီအရာရှိပိုင်းကတော့ သူတို့ကိုယ်သူတို့ တိုင်းရင်းတွေထက် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တယ်ဆိုပြီး အသားအရောင်ခွဲခြားနေကြတယ်"

လေရှည်ကြီးလျှောက်၍ အသားအရောင်ခွဲခြားမှုတရားကို ဟောနေသော ယန်ဂုမ်ဝေအား ကျွန်တော်က အကြောင်းပြ၍ နှစ်သိမ့်လိုက်ရသည်။

"အဲဒီလို ဗျူရိုကရက်တွေဆိုတာ လက်တစ်ဆုပ်စာလောက်ပဲရှိပါတယ်။ လူမျိုးတိုင်းမှာ ဒီလိုအဆင့်အတန်းခွဲခြားတဲ့လူတွေ ရှိတာတ်တာပဲမဟုတ်လား၊ သူတို့က လူနည်းစုပါ"

ကိုးဆိုင်းနယ်၏ ကာကွယ်ရေးတပ်မှူးဖြစ်သူ ယန်ဂုမ်ဝေက ကျွန်တော့်ကို နှုတ်တုံ့ပြန်လိုက်၏။

"လူနည်းစုဆိုတာကတော့ ဟုတ်ချင်ဟုတ်မယ်။ ဒါပေမယ့် အဲဒီလူနည်းစုက သိပ်ကြောက်စရာကောင်းတယ်။ မြန်မာတိုင်းရင်းသားတွေဆိုရင် လူမဟုတ်သလိုပဲ ဆက်ဆံတယ်။ ဒါကို မြန်မာတိုင်းရင်းသားတွေက ဘယ့်နှယ်လုပ်ပြီး မေ့နိုင်ကြမှာလဲ။ တကယ်လို့ မြန်မာတိုင်းရင်းသားတွေဟာ အင်္ဂလိပ်အုပ်စိုးတာကို သဘောကျတယ်ဆိုရင် ဘာဖြစ်လို့ လွတ်လပ်ရေးပေးပါလို့ တောင်းဆိုနေကြမှာလဲ။ ဗြိတိသျှ နေသဟာယထဲမှာတောင်မှ မနေချင်ကြဘဲ ကိုယ်ပိုင်သီးခြား

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ခွင့်တောင်းနေတဲ့ မြန်မာတိုင်းရင်းသားတွေမှာ ဒီလိုတောင်းဆိုဖို့ ရာဇဝင်အထောက်အထားတွေ အခိုင်အလုံရှိပါတယ်”

ယန်ဝုမ်စေသည် အမျိုးသားတိုင်းတွင် ရှိမြဲဖြစ်သည့် ဇာတိမာန်ဖြင့် ပြောလိုက်ပြီးမှ သူ့လေသံကို ပြောင်းလိုက်ကာ...

“ခင်ဗျား ဒီကိုလာတာဟာ ယန်ဝုမ်စေရဲ့ နိုင်ငံရေးတရားကို နားထောင်ဖို့မဟုတ်ပါဘူး၊ လာပါ၊ ကျွန်တော်တို့ ကာကွယ်ရေးတပ်သားတွေ စစ်ရေးလေ့ကျင့်ခန်းလုပ်နေတာကို သွားကြည့်ရအောင်” ဟု ကျွန်တော့်လက်မောင်းကိုဆွဲ၍ တဲပြင်သို့ထွက်လာသည်။

အပြင်ဘက် မြေညီညီတွင် ကာကွယ်ရေးတပ်သား ခြောက်ဆယ်ခန့် စစ်ရေးလေ့ကျင့်နေသည်ကို တွေ့ရ၏။

“တပ်သားခြောက်ဆယ်၊ ရိုင်ဖယ် အလက်လေးဆယ်။ လက်နယ်တော့ မပြည့်စုံပါဘူး။ ဒါပေမယ့် ဂျပန်ကိုတိုက်ဖို့ ဘယ်သူမှ မကြောက်ဘူး။ ဌာနချုပ်တပ်ခွဲဆိုတာ ဒါပါပဲ”

တပ်မှူးဖြစ်သူ ယန်ဝုမ်စေက ကျွန်တော့်ကိုကြည့်၍ ပြုံးလိုက်သည်။ သူ့အပြုံးတွင် သရော်ချက်ပါသည်ကို ကျွန်တော် သတိထားလိုက်မိသည်။

“ကျွန်တော့်တပ်သားတွေ စစ်ရေးလေ့ကျင့်နေတာ ကြည့်လို့မကောင်းဘူးလား။ လက်နက်အပြည့်အစုံနဲ့ဆိုရင် ဒါထက် ကြည့်လို့ကောင်းမှာပဲ”

ယန်ဝုမ်စေသည် သူ့တပ်ကို သူယုံကြည်အားထားနေပုံရ၏။ ယုံကြည်အားထားစရာလည်း ကောင်းသည်ဟု ကျွန်တော် ယူဆသည်။ တပ်သားတိုင်း တက်တက်ကြွကြွရှိနေကြ၏။ ဂျပန်ဆန့်ကျင်



ရေးစိတ်ဓာတ်၊ တိုင်းပြည်လွတ်လပ်ချင်သည့်စိတ်ဓာတ် အပြည့်အဝရှိနေသူများတည်း။

ကျွန်တော်သည် ပန်းဟိုင်ရွာမှ ပူချင်ကွေကို ပြေး၍ သတိရလိုက်မိလေသည်။

လွတ်လပ်ရေးစိတ်ဓာတ်သည် လူသူအရောက်အပေါက်နည်းပါးသော သံလွင်မြစ် အထက်ဘက်ဆီသို့ပင် ပျံ့နှံ့နေလေသည်တကား။

သံလွင်အရှေ့ကမ်းတစ်လျှောက် ကျွန်တော်ရောက်ခဲ့သော ရွာများအနက် ကိုးဆိုင်းရွာသည် စိတ်ဓာတ်အပြင်းအထန်ဆုံး အတိုးတက်ဆုံး ရွာပင်ဖြစ်သည်။

ကျွန်တော်သည် ကိုးဆိုင်းရွာတွင် ဆက်လက်၍ စတည်းချရပ်နားနေလိုသော်လည်း နောက်ထပ်စစ်ဆေးရန် ကူးတို့ဆိပ်နှစ်ခု ကျန်နေသေးသည့်ပြင် ကိုးကန့် ရှေ့တန်းစစ်မျက်နှာရှိ ခံကတုတ်ကျင်းများ အနေအထားကိုလည်း ကျွန်တော်ကိုယ်တိုင် လက်တွေ့လေ့လာလိုသဖြင့် ခြောက်မိုင်ခန့်ဝေးသော ‘မန်စီ–ထန်’ သို့ ခရီးဆက်ခဲ့ရပြန်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၁၇ )

မန်စီ–ထန်ရွာသို့ ကျွန်တော်တို့ ရောက်လာသည့်အချိန်တွင် မိုးစုပ်စုပ်ချုပ်နေပေပြီ။ သို့သော် တစ်ရွာလုံးက ကျွန်တော်တို့အား ထွက်၍ ဝမ်းသာအားရ ကြိုဆိုကြ၏။

ရွာသူရွာသားအားလုံးမှာ စစ်ဘေးစစ်ဒဏ်ကြောင့် ဆင်းရဲနွမ်းပါး လျက်ရှိနေကြသည်။ အချို့ရွာသားများမှာ ဖွားဖက်တော် မပေါ်ရုံသာ ဖုံးထားနိုင်သည်ကို တွေ့ရ၏။

မန်စီ–ထန်ကား တရုတ်အနွယ်ဖြစ်သော မြန်မာတိုင်းရင်းသား များ နေထိုင်ရာ ရွာငယ်တည်း။

နေဝင်မိုးချုပ်တွင် ကျွန်တော်တို့အား ရွာလုံးကျွတ် ဝမ်းသာ အယ်လဲ ကြိုဆိုကြသည်မှာ ထူးဆန်းသလိုဖြစ်နေလေသည်။ အသက် ကြီးလှပြီဖြစ်သော ရွာသူကြီးအား အကျိုးအကြောင်းကို မေးကြည့် သောအခါ ကျွန်တော်မှာ ဤရွာသို့ ပထမဆုံးရောက်ရှိလာသော အင်္ဂလိပ်စစ်ဗိုလ်ဖြစ်၍ ကြည့်ချင်ဇောဖြင့် သောင်းသောင်းဖြဖြ လာ ရောက် ကြိုဆိုကြကြောင်း သိရ၏။



ရွာသူရွာသားများ၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် ကျွန်တော်တို့အပေါ်တွင် ရင်းရင်းနှီးနှီးဖြစ်ချင်ပုံရသည်။ သူတို့သည် ကျွန်တော်တို့ဝတ်ဆင်ထားသော စစ်ယူနီဖောင်းများကို ကိုင်ကြည့်ကြ၊ စစ်လွယ်အိတ်များကို ထိကြည့်ကြနှင့် ဖြစ်နေကြ၏။ ရွာသူရွာသား များ စိတ်အဝင်စားဆုံးအရာမှာ ကျွန်တော့်ခါးတွင်ချိတ်ထားသော ပစ္စတိုပင်ဖြစ်သည်။

ကျွန်တော်သည် ကျည်ဆန်များကို ထုတ်လိုက်ပြီးနောက် ပစ္စတို ကို ရွာသားများလက်သို့ ကမ်းပေးလိုက်၏။ သူတို့သည် ပြတိုက်ထဲမှ ပစ္စည်းတစ်ခုကိုကြည့်သကဲ့သို့ အထူးအဆန်းသဖွယ် ကိုင်တွယ်ကြည့် ရှုနေကြလေသည်။ ယမ်းဖြင့်ပြုလုပ်ထားသော လက်နက်မျိုးကို သူတို့ သည် ပထမဆုံးအကြိမ်အဖြစ် ကိုင်တွယ်ကြည့်ရှုဖူးခြင်းပင်တည်း။

စကားပြန်ကြီး ချာလီက ပစ္စတိုထဲတွင် ကျည်ဆန်များထည့်ပြီး လက်တည့်စမ်းပြရန် ကျွန်တော့်ကို အကြံပေးသည်။ သို့သော် ဘာမျှ နားမလည်ရှာသော ကျေးတောသူကျေးတောသားများအား ကျွန်တော် က ဂုဏ်မရှိသော ဝင့်ကြွားခြင်းမျိုး ပြသလိုခြင်းမရှိသောကြောင့် ချာလီ၏အကြံပေးချက်ကို ငြင်းပယ်လိုက်ရသည်။

ကျွန်တော်က သူကြီးအိုကြီးအား ပစ္စတိုသေနတ်၏ စွမ်းနိုး ထက်ပုံကို ရှင်းလင်းပြောပြသောအခါ သူကြီးအိုကြီးသည် သူငယ် နှပ်စား ကလေးတစ်ယောက်အလား မျက်စိများကို ပေကလပ် ပေက လပ်လုပ်၍ တအံ့တသြ နားထောင်နေရှာသည်။

ကျွန်တော်တို့က ဤရွာတွင်ပင် ညအိပ်စခန်းချမည်ဖြစ်သော ကြောင့် ရွာထဲတွင်ရှိသော တဲအိမ်အချို့ကို ကျွန်တော်တို့အား လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးရန် ပြောဆိုလိုက်သောအခါ တစ်ရွာလုံးရှိ ရွာသူရွာသားများပင် နောက်တွန့်သွားကြ၏။ စောစောက ကျွန်တော်ပြောနေသော တရုတ်စကားကို ကောင်းစွာနားလည်နေသည့် သူကြီးအိုကြီးပင် ယခု ကျွန်တော်ပြောလိုက်သော စကားကို နားမလည်သယောင်ယောင် ဟန်ဆောင်၍နေသည်ကို တွေ့ရ၏။ စောစောက ကျွန်တော်တို့ ပတ်ပတ်လည်တွင် ဝိုင်းအုံလျက်ရှိသော ရွာသူရွာသားများသည်လည်း နောက်သို့ ရှဲသွားကြ၏။

ကျွန်တော်တို့သည် အမိုးအကာရှိသော ရွာတစ်ရွာသို့ ရောက်လာပါလျက် မြေကြီးကို အိပ်ရာလုပ်ကာ ကြယ်ရောင်၊ လရောင်များအောက်၌ အိပ်ရတော့မလိုဖြစ်နေ၏။

ဤအချိန်တွင် တရုတ်အမျိုးသားများနှင့်စပ်ဆိုင်သော စကားပုံတစ်ခုက ကျွန်တော့်ခေါင်းထဲသို့ တိုးဝင်လာသည်။ တရုတ်အမျိုးသားတစ်ယောက်၏အိမ်တွင် သင်သည် ပြတင်းပေါက်တစ်ပေါက် ဖောက်လိုသည်ဆိုပါက ထိုတရုတ်အမျိုးသားအား သင်၏အိမ်မှ ခေါင်မိုးကို ဖွင့်ပစ်လိုက်ချင်သည်ဟု ပြောပါ။ ထိုအခါ တရုတ်အမျိုးသားသည် သင့်အား ပြတင်းပေါက်တစ်ပေါက်တော့ ဖောက်ပါဟု ပြောပေလိမ့်မည်။ ရေကူးညာတင်ဟူသော စကားမျိုးတည်း။

နောက်တစ်ကြိမ်တွင် ကျွန်တော်သည် ကျွန်တော်နှင့်တကွ အဖွဲ့သားများအိပ်ရန်အတွက် နေရာလိုမည်ဟု မပြောတော့ဘဲ အဖွဲ့သားတစ်ဦးစီအတွက် တဲတစ်လုံးစီပေးရမည်ဟု ပြောလိုက်၏။ သည်တော့မှပင် သူကြီးအိုကြီးက ကျွန်တော်တို့အတွက် တဲတစ်လုံး သတ်သတ်ပေးပါမည်ဟု ပြောလာတော့သည်။



မကြာမီပင် ရွာအတွင်းရှိ တဲအိမ်ကြီးတစ်လုံးကို ကျွန်တော်တို့အတွက် သီးသန့်ရရှိလာသည်။ အဖွဲ့သားတိုင်းကပင် ကျွန်တော့်အား သူကြီးအိုကြီး စိတ်ပြောင်းသွားအောင် မည်ကဲ့သို့လုပ်လိုက်ပါသလဲဟု မေးမြန်းကြ၏။ ကျွန်တော်သည် တရုတ်စာသင်စဉ်က ကြားသိခဲ့ရသော စကားပုံကို ပြန်ပြောင်း၍ ပြောပြလိုက်ရလေသည်။

ကျွန်တော်တို့အိပ်စက်ရသောတဲကြီးမှာ အအေးဒဏ်ကို လုံအောင် အကာအကွယ်မပေးနိုင်သော်လည်း ကျွန်တော်တို့သည် တစ်ယောက်နှင့် တစ်ယောက် တိုးဝှေ့ပူးကပ်၍ အိပ်ကြခြင်းဖြင့် အအေးဒဏ်ကို ကာကွယ်ကြရ၏။ သူကြီးအိုကြီးသည် ကျွန်တော်တို့အိပ်ရာအတွက် နီးချောဖျာများကို စုဆောင်းပေးသည်သာမက ခေါင်းအုံးရန်အတွက် ဝါးပိုးခေါင်းအုံးများကိုလည်း ထုတ်ပေးသည်။ ဝါးပိုးခေါင်းအုံးများမှာ လည်ပင်းနှင့် အံကိုက်အောင် ပြုလုပ်ထားသည်ကို တွေ့ရ၏။

နောက်တစ်နေ့ နံနက်စောစောတွင် ၈ မိုင်အကွာတွင်ရှိသော ဝင်နိုင်အိုကော်ရွာသို့ ခရီးဆက်ခဲ့ကြ၏။

မန်စီထန်ရွာမှ ထွက်လာခဲ့ပြီးနောက် အမှတ် ၁၁ ကူးတို့ဆိပ်ရှိရာသို့ ရှေးရှုလျက်ရှိသော တောင်နှစ်ဖက်အကြားရှိ လမ်းမြောင်ကလေးသို့ ရောက်သောအခါ အဖွဲ့သားများကို လမ်းထိပ်တွင် ထားခဲ့ပြီး ကူးတို့ဆိပ်ရှိရာသို့ ဆင်းလာခဲ့သည်။

လမ်းထိပ်မှ ကူးတို့ဆိပ်သို့ရောက်အောင် နှစ်မိုင်ခွဲမျှ ဆင်းလာခဲ့ရ၏။ တောဖုံးသော အဆင်းချည်းသက်သက်ဖြစ်သောလမ်းကို တိုး၍လာခဲ့ရသဖြင့် ကျွန်တော့်တစ်ကိုယ်လုံး ဆူးခြစ်ရာများဖြင့် စွေးဖြန်းဖြန်းထကာ မောဟိုက်ပင်ပန်းနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကူး ကူးတို့ဆိပ်သို့ ရောက်သောအခါ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ ဆောင့်ကြောင့်ထိုင်နေကြသော တရုတ်စစ်သားနှစ်ယောက်ကို တွေ့ရ၏။ တစ်ဖက်ကမ်းသို့ မျှော်ကြည့်လိုက်သောအခါလည်း သံလွင်မြစ်ရေယာဉ်ကို အဓိပ္ပာယ်ကင်းမဲ့သော အမူအရာများဖြင့် ငေး၍ကြည့်နေသည့် ကချင်ကင်းသမားနှစ်ယောက်ကို မြင်ရသည်။

အမှတ် ၁၁ ကူးတို့ဆိပ်မှာ သွားရောက်စစ်ဆေးကြည့်ရှုလောက်အောင် တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း များစွာခက်ခဲနေသည်ကို တွေ့ရ၏။ သစ်ပင်ရိပ်ကောင်းကောင်းတွင် ဆောင့်ကြောင့်ထိုင်လျက်ရှိသော တရုတ်စစ်သားနှစ်ယောက်သည် သူတို့ရှေ့သို့ ကျွန်တော်ရောက်လာခါမှ သွားများကို မဖြဲချင်ဖြဲချင်နှင့်ဖြဲ၍ နှုတ်ဆက်ဖော်ရကြသည်။ အကယ်၍ ကျွန်တော်သည် အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်မဟုတ်ဘဲ ယိုးဒယားနိုင်ငံမှ ဘုရင်မင်းမြတ်ဖြစ်ပါသည်ဟုပြောလျှင်လည်း ဤတရုတ်စစ်သားနှစ်ယောက်သည် ကျွန်တော့်အား ဤအတိုင်းပင် နှုတ်ဆက်လိမ့်မည်ဟု ထင်ရသည်။

သစ်ပင်ရိပ်အောက်တွင် စိတ်ပျက်လက်ပျက် အမူအရာဖြင့် ထိုင်နေကြသော တရုတ်စစ်သားနှစ်ယောက်အား စိတ်ရှည်ရှည်ထား၍ စုံစမ်းမေးမြန်းလိုက်သောအခါလည်း ထူးခြားသောအကြောင်းအရာဟူ၍ မတွေ့ရ။ သူတို့နှစ်ယောက်သည် ရွာထဲမှလာ၍ ကင်းစောင့်နေကြောင်း၊ တစ်ဖက်ကမ်းတွင် ဂျပန်အရိပ်အရောင်ဟူ၍ မမြင်ရကြောင်း၊ တစ်ဖက်ကမ်းရှိ ကချင်ကင်းသမားနှင့် စကားပြောရန် ကြိုးစားသော်လည်း တစ်ဖက်ကမ်းမှ တုံ့ပြန်ပြောဆိုခြင်းမရှိကြောင်းဖြင့် သိရှိရသည်။



ကျွန်တော်သည် အမှတ် ၁၁ မြစ်ကူး ကူးတို့ဆိပ်မှ ပြန်၍တက်လာခဲ့ပြီးနောက် လမ်းထိပ်တွင်စောင့်နေသော အဖွဲ့သားများနှင့်အတူ ဝန်နိုင်အိုကော်ရွာသို့ ဆက်၍လာခဲ့ကြ၏။

ဝန်နိုင်အိုကော်မှ ရွာသူကြီးမှာ ဘိန်းစားတတ်သူဖြစ်၍ ယခုအကြိမ်တွင် အိပ်စက်နားနေရန်အတွက် ပြဿနာမပေါ်တော့။ ကျွန်တော်က တစ်လလောက်စားသုံးနိုင်လောက်သော ဘိန်းများကို ပေးလိုက်သောအခါ ရွာသူကြီးသည် ကျွန်တော်တို့အတွက် နားနေအိပ်စက်ရန် နေရာထိုင်ခင်းများကို စီစဉ်ညွှန်ကြားပေးပြီးနောက် သူ့တဲနန်းရှိ ဘိန်းခန်းသို့ ဝင်သွားပါလေတော့သည်။

နောက်တစ်နေ့နံနက်တွင် ခရီးဆက်၍မထွက်မီ သူကြီးအားနှုတ်ဆက်ရန် သူ့အိမ်ပေါ်သို့ တက်သွားသောအခါ ဘိန်းနံ့တသင်းသင်းနှင့် ရှိနေသည်ကိုတွေ့ရပြီး ယခုတိုင် အိပ်ပျော်လျက်ရှိနေသေးသည်ဟု သိရ၏။ ထို့ကြောင့် ကျွန်တော်သည် သူကြီးအား နှုတ်မဆက်တော့ဘဲ အမှတ် ၁၂ ကူးတို့ဆိပ်ရှိရာ မန်လော်ရွာသို့ ထွက်လာခဲ့ကြသည်။

ဝန်နိုင်အိုကော်ရွာမှ မန်လော်ရွာသို့ လာခဲ့ရသောလမ်းမှာ တောင်တက် တောင်ဆင်းများရှိသော်လည်း သက်သက်သာသာနှင့် လာခဲ့ရသော ခရီးဖြစ်၏။ တောင်ကုန်းပေါ်မှ မျှော်၍ကြည့်လိုက်သောအခါ ပြာမှိုင်းသော မိုးကုတ်စက်ဝိုင်းအထိ နိမ့်ချီမြင့်ချီဖြစ်သော တောင်တန်းတောင်စွယ်များကို တွေ့ရ၏။ နေခြည်အလက်တွင် ရွှေရည်ပက်ဖြန်းလျက်ရှိကြသော တောင်ထွတ်များသည် ပြာမှိုင်းသောမိုးကုတ်စက်ဝိုင်းဆီတွင် ရှုချင်ဖွယ်ရာအသရေကိုဆောင်လျက် ရှိနေကြ၏။ ဩကာသ

www.burmeseclassic.com

www.burmeseclassic.com



လောကကြီး ပကတိအားဖြင့် သာယာကြည်နူးဖွယ်ရာကောင်းလှပါသည်တကား။

သို့သော် စစ်ရေး မက်ရေးကြောင့် အပြေးအလွှားလာခဲ့ကြရသော ကျွန်တော်တို့အဖို့ ဩကာသလောကကြီးသည် ကြာရှည်ကြာရွား မသာယာနိုင်ပါ။ နေ့,ထန်းတစ်ဖျားခန့်ရောက်လျှင်ပင် ကျွန်တော်တို့ တစ်ကိုယ်လုံးမှာ ရေချိုးထားသကဲ့သို့ ချွေးများဖြင့် တစ်ကိုယ်လုံး စွတ်စိုနေကြ၏။

ကျွန်တော်သည် သံလွင်မြစ်အနောက်ဘက်၌ အခိုင်အမာတပ်စွဲလျက်ရှိသော ဂျပန်တပ်များကိုလည်းကောင်း၊ ယူနန်မှဆင်းလာမည့် တရုတ်တပ်များကိုလည်းကောင်း မျှော်တွေး၍ကြည့်နေမိပြီးလျှင် ထိုတပ်များ မည်ကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် တိုက်နေမည်ကို စိတ်ကူးထဲတွင် ရုပ်ရှင်ရိုက်၍ ကြည့်နေမိလေသည်။

ကျွန်တော်၏ ဝဲနှင့်ယာဘက်တွင် အပြစ်ကင်းမဲ့သော၊ ငြိမ်းချမ်းမှုကို လိုလားသော ရွာသူရွာသားများသည် မိမိတို့၏ကျေးရွာဇနပုဒ်များ၌ ရတတ်သမျှသော အစားအစာကိုစားကာ တသွင်သွင်စီးနေသော သံလွင်မြစ်ရေကို သောက်သုံးလျက်ရှိနေကြ၏။ အဘယ်မည်သော သူသည် လောဘတရားနည်းပါးလှသော သံလွင်မြစ်ကမ်းခြေမှ လူသားတို့အား စစ်ဘေးစစ်ဒဏ်သင့်အောင် ဖန်တီးခဲ့ပါလေသနည်း။ အဘယ်မည်သောသူသည် ရတတ်သမျှဖြင့် ရောင့်ရဲတတ်သော သံလွင်မြစ်ကမ်း ဝဲယာမှ လူသားတို့အား ဒုတိယကမ္ဘာစစ်ကြီးတည်းဟူသော အနိဋ္ဌာရုံကို ပြခဲ့ပါသနည်း။

ကျွန်တော်သည် မန်လော်ရွာကိုချီတက်ရင်း ငြိမ်းချမ်းရေးအတွက်



စဉ်းစားခန်းဝင်နေမိသည်။

ဤစစ်ကြီးအတွင်းတွင် လူပေါင်းမြောက်မြားစွာတို့၏ သွေးကို စတေးခဲ့ကြရမည်မှာ သေချာလှသည်။ ဗြိတိသျှလူမျိုးများကျဆုံးသလို ဂျပန်များလည်း ကျဆုံးရမည်ဖြစ်၏။ ထို့အတူ အိန္ဒိယအမျိုးသားများ သည် လည်းကောင်း၊ တရုတ်အမျိုးသားများသည်လည်းကောင်း၊ မြန်မာအမျိုးသားများသည်လည်းကောင်း၊ အမေရိကန်အမျိုးသားများ သည်လည်းကောင်း ကျဆုံးကြရမည်ဖြစ်၏။ ဤကဲ့သို့ လူမျိုးကြီး တိုင်းက အသက်ပေး၍တိုက်ရမည့် စစ်ပွဲမျိုးကို အဘယ်သူသည် ဖန်တီးပေးခဲ့ပါလေသနည်း။

စစ်ပွဲအတွင်းတွင် အသက်မသေ ကြွင်းကျန်နေခဲ့သူများမှာလည်း လူစဉ်မမီသော ဒုက္ခိတများနှင့် အားကိုးရာမဲ့သော မုဆိုးမများသာ ဖြစ်ကြပါလိမ့်မည်။ ဤအထဲတွင် မိဘမဲ့သော ကလေးသူငယ်များ၏ ဦးရေကလည်း နည်းလှမည်မဟုတ်။ စစ်ဆိုသည်မှာ မကောင်းမှုတို့၏ ဆုံရာလမ်းစဉ်ပါတကား။

စစ်ပွဲကိုအောင်နိုင်သူသည်လည်းကောင်း၊ ရှုံးသူသည် လည်း ကောင်း ခံစားရမည့်အကျိုးအမြတ်မှာ ထူးခြားလှခြင်းမရှိ။ မီးလောင် မြေနှင့် ပြာပုံသည် စစ်၏ရလာဒ်သာဖြစ်ချေသည်။

နေရှိန်ပြင်း၍လာသည်နှင့်အမျှ ကျွန်တော်၏ စိတ်ကူးယဉ် အတွေးအခေါ်များသည်လည်း အရည်ပျော်၍လာကြ၏။ ရှေ့တန်း စစ်မျက်နှာတစ်လျှောက်တွင် ရက်ရှည်လများ ခရီးထွက်နေရသော ကျွန်တော့်အဖို့ ကျွန်တော်ဖြစ်စေချင်သည့်အရာများကို စိတ်ကူးကြာ ကြာ ယဉ်နေ၍မရ။ လက်တွေ့ရောက်ရှိနေသော အဖြစ်အပျက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင်သာ တလူးလူးတလိမ့်လိမ့်နှင့် လိမ့်၍သွားရပေတော့မည်။

ယနေ့ အမှတ် ၁၂ မြစ်ကူး ကူးတို့ဆိပ်ကို စစ်ဆေးပြီးလျှင် ကျွန်တော့်အလုပ်မှာ အပုံတစ်ရာလျှင် ကိုးဆယ့်ကိုးပုံ ပြီးသွားပေတော့မည်။ ကျန်သည့်တစ်ပုံမှာ ကိုးကန့်ရှေ့တန်းစစ်မျက်နှာကို ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ အခြေအနေကို လေ့လာစုံစမ်းရန်ဖြစ်သည်။

ဗိုလ်မှူးဂျက်၏စခန်းမှ ကျွန်တော်နှင့် အဖွဲ့သားများထွက်လာစဉ်က ဗိုလ်မှူးဂျက်က ကျွန်တော့်အား ပေးလိုက်သောတာဝန်မှာ သံလွင်မြစ် အရှေ့ဘက်ကမ်းတစ်လျှောက်တွင်ရှိသော မြစ်ကူး ကူးတို့ဆိပ်မှန်သမျှကို လိုက်လံစစ်ဆေးပြီးနောက် အနောက်ဘက်မြစ်ကမ်းသို့ အလုံးအရင်းဖြင့် ဖြတ်ကူးရန်လွယ်မည့် မြစ်ကူးခြေကုတ်စခန်းကို ထောက်လှမ်းရှာဖွေရန်ဖြစ်၏။ ဤတာဝန်များပြီးစီးပါက ကျွန်တော်သည် ယူနန်မှတစ်ဆင့် တရုတ်ပြည်ထဲသို့ဝင်ပြီးနောက် တရုတ်ပြည်မှ တစ်ဖန် ကာလကတ္တားရှိဌာနချုပ်သို့ လေယာဉ်ဖြင့်သွားရောက်ပြီးနောက် ဌာနချုပ်မှ စစ်အာဏာပိုင်များအား သံလွင်မြစ်ကမ်းတစ်လျှောက်ရှိ အခြေအနေကို ကျွန်တော်ကိုယ်တိုင် သတင်းပို့ရမည်ဖြစ်သည်။

ကျွန်တော်တို့သည် ကိုးကန့်ရှေ့တန်းစစ်မျက်နှာကို စစ်ဆေးကြည့်ရှုပြီးပါက ပေ ၆၀၀၀ ကျော်မြင့်သော ယူနန်ကုန်းပြင်မြင့်ကို ဖြတ်ကျော်ကြရမည်ဖြစ်၏။ နွေရာသီတွင်အသုံးပြုနိုင်သော မော်တော်ကားလမ်းတစ်လမ်းက 'ပင်ခ'မှ 'မိုင်းကွမ်'သို့ ပြေးလျက်ရှိသည်။ မိုင်းကွမ်သို့ရောက်သွားပြီးနောက် တရုတ်–မြန်မာလမ်းမကြီးနှင့် ယှဉ်လျက် တက်သွားလျှင် တာလေသို့ရောက်သွားမည်ဖြစ်သည်။ တာလေ



တွင် ကူမင်းသို့သွားမည့် စစ်လော်ရီကားများကို အမှန်မုချ တွေ့ရမည်ဖြစ်သည်။ ကူမင်းသို့ရောက်လျှင်ကား အိန္ဒိယသို့ရောက်ရန် ခက်ခဲလှခြင်းမရှိတော့။

သို့သော် တရုတ်တပ်များစွဲထားသော နယ်မြေတွင် မိုင် ၁၅၀ ကျော်ကျော် ခြေလျင်ချီတက်ရမည့်ခရီးမှာ ကျွန်တော်လို အဖွဲ့ကလေးတစ်ဖွဲ့အဖို့ အန္တရာယ်များလှသည်။ ကျွန်တော်တို့အဖွဲ့ကလေးအား ရန်သူကစေလွှတ်လိုက်သော ထောက်လှမ်းရေးအဖွဲ့ဟု ယူဆပြီး တရုတ်စစ်သားတို့က လူကောင်ကိုပါ ဖျောက်ပစ်နိုင်သည်။ ယခုအချိန်တွင် ကျွန်တော့်အဖွဲ့သားများအား ယူနန်ကုန်းပြင်မြင့်ကြီးကို ဖြတ်၍ မိုင် ၁၅၀ ကျော်ကျော် ချီတက်ရမည့်ခရီးစဉ်ကို ပြောပြ၍ မသင့်သေးဟု ဆုံးဖြတ်လိုက်၏။

မန်လော်သို့ ကျွန်တော်တို့သည် နံနက် ၁၀ နာရီကျော်ကျော်တွင် ရောက်ရှိလာကြ၏။ အဖွဲ့သားများကို ရွာထဲတွင်ထားခဲ့ကာ ကျွန်တော်တစ်ယောက်တည်း မြစ်ကူး ကူးတို့ဆိပ်ရှိရာသို့ ဆင်းလာခဲ့သည်။ လမ်းမှာ မဆိုးလှသော်လည်း လမ်းတစ်ဖက်တစ်ချက်တွင် ထူထပ်သော သစ်တောများမရှိသောကြောင့် စစ်တပ်ကြီးတစ်တပ် အလုံးအရင်းဖြင့် မြစ်ဆိပ်သို့ နေ့လယ်ကြောင်တောင် ဆင်းလာသည်ကို မျက်နှာချင်းဆိုင်ရှိ ကမ်းမှ မမြင်ဘဲနေ၍ ရနိုင်မည်မဟုတ်။ မြစ်ကူး ကူးတို့ဆိပ်သို့မရောက်မီ လယ်ကွင်းကျယ်ကြီးတစ်ခုနှင့် ရွာစားကျက်တစ်ခုကလည်း ရှိနေသေးသည်။

အမှတ် ၁၂ မြစ်ကူး ကူးတို့ဆိပ်တွင် စောင့်နေသောကင်းသမားများမှာ ရွာထဲမှ သူကြီးက တာဝန်ပေးထား၍ စောင့်နေကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးတစ်ခုလုံးတွင် သူတို့သိသည့်အရာဟူ၍ တစ်ခုမျှရှိပုံမရ။ ကျွန်တော့်မေးခွန်းများကို ခေါင်းတညိတ်ညိတ်လုပ်၍သာ အဖြေပေးနေကြ၏။ ထမင်းစားပြီးပြီလားဟု မေးသောအခါလည်း ခေါင်းညိတ်၏။ ထမင်းမစားရသေးဘူးလားဟု မေးပါလျှင်လည်း ခေါင်းညိတ်ပြန်၏။ မျက်နှာချင်းဆိုင်ရှိ အနောက်ဘက်ကမ်းသို့ လှမ်းကြည့်လိုက်သောအခါ အစောင့်ကင်းသမားဟူ၍ တစ်ယောက်မျှမတွေ့။

ကျွန်တော်သည် စိတ်ပျက်လက်ပျက်ဖြင့် မန်လော်ရွာသို့ ပြန်လာခဲ့၏။ လမ်းတွင် ဆံထိုးကဲ့သို့ ကောက်ကွေ့သော ထောင့်ချိုးတစ်ခုကို ချိုးလိုက်စဉ် ကျွန်တော်နှင့် တစ်ခါမျှသိကျွမ်းဖူးခြင်းမရှိသော မျက်နှာဖြူအရာရှိကလေးတစ်ယောက်နှင့် ရင်ဆိုင်တိုးမိနေလေသည်။

သူ့ကျောနှင့် ပခုံးပေါ်တွင် ကျောပိုးအိတ်များ၊ ဘေးလွယ်အိတ်များ၊ ရိက္ခာဗူးများနှင့် သေနတ်များကို လွယ်ပိုးထားသည်။ အရှိန်နှင့်လာနေရာမှ ရုတ်တရက်ရပ်လိုက်သောအခါ သူ့ကိုယ်ပေါ်တွင် တွဲလောင်းချိတ်၍ပါလာသော စားအိုးစားခွက်နှင့် ရေဘူးများ တစ်ခုနှင့်တစ်ခု တိုက်မိကာ တချွင်ချွင်တချွမ်ချွမ်အသံများ ထွက်လာလေသည်။ အသက်အရွယ် ငယ်ပုံရသော သူ့မျက်နှာမှာ နေပူလောင်သောဒဏ်ကြောင့် နီညိုရောင်ဖြစ်နေ၏။ သူက ကျွန်တော့်ကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေသလို ကျွန်တော်ကလည်း သူ့ကို ပြန်၍ကြည့်နေမိလေသည်။ ကျွန်တော် အထူးသတိထားမိသောအချက်မှာ သူ၏လက်ချောင်းများသည် ခါးတွင် တွဲလောင်းကျနေသော ခြောက်လုံးပြူးနှင့် မခွာဘဲရှိနေခြင်းပင် ဖြစ်၏။ သူ့အမူအရာကိုကြည့်ရသည်မှာ အင်္ဂလန်ပြည်သားတစ်ယောက်နှင့် မတူ။ ထို့ကြောင့် ကျွန်တော်က



စတင်၍မေးလိုက်၏။

"အမေရိကန်လား"

"တက္ကဆန်"

သူက အမေရိကန်ပြည် တက္ကဆက်နယ်သားဖြစ်ကြောင်းဖြင့် ပြောလိုက်ပြီးနောက် ကျွန်တော့်ကို ပြန်၍မေးလိုက်၏။

ကျွန်တော်က အင်္ဂလိပ်ထောက်လှမ်းရေးအရာရှိတစ်ဦးဖြစ်ကြောင်း ပြောပြလိုက်သည်။

ဤတွင်မှ တက္ကဆက်နယ်သား အရာရှိကလေးသည် နေလောင်သဖြင့် နီညိုရောင်ဖြစ်နေသော သူ့လက်ကို ဆန့်ထုတ်ပြီး ပြုံးလိုက်၏။

"ခင်ဗျားတို့ အမှတ် ၁၃၆ တပ်ဖွဲ့အကြောင်းကို ကျွန်တော်သိနေတာ ကြာပါပြီ။ ကျွန်တော်လည်း ခင်ဗျားတို့နဲ့ လုပ်ငန်းချင်း တစ်သဘောတည်းပါပဲ။ ဒါထက် ဒီသံလွင်မြစ် အရှေ့ဘက်ကမ်းတစ်လျှောက်မှာ လေယာဉ်တက်လို့ဆင်းလို့ဖြစ်နိုင်မယ့် ကွင်းကျယ်ကျယ်ကလေးများ မတွေ့မိဘူးလား"

ကျွန်တော်သည် အရပ်မြင့်မြင့် ပိန်ပါးပါး အသက်ငယ်ငယ် တက္ကဆက်နယ်သား အရာရှိကလေးနှင့် လက်ဆွဲ၍ နှုတ်ဆက်လိုက်သည်။ ပြီးမှ မန်းလရွာနှင့် မကွာလှသော ပန်းမစ် ချောင်းကမ်းဘေးတွင် ကျွန်တော်တွေ့ရှိခဲ့သော လေယာဉ်ဆင်းသက်ရန်ကောင်းသည့် ကွင်းကျယ်ကျယ်အကြောင်းကို ပြောပြလိုက်သည်။ အိတ်ထဲမှမြေပုံလိပ်ကို ထုတ်ပြီး ပန်းမစ်ကွင်းကျယ်ကို မည်သို့လိုက်လံရှာဖွေရန် လက်ညှိုးထောက်၍ပြလိုက်၏။

"ဒီနေရာဟာ လေယာဉ်တွေ ဆင်းလို့တက်လို့ရမယ့်နေရာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့အင်္ဂလိပ်လေတပ်ကတော့ ဒီနေရာကိုသုံးမှာ သေချာတယ်။ မောင်ရင်တို့ အမေရိကန်လေတပ်ကလူတွေကကော ကျုပ်တို့နဲ့တွဲပြီး ဘာဖြစ်လို့ မသုံးနိုင်ရမှာလဲ။ တစ်ဦးတစ်ရက်စီသုံးရင် ရတာပဲမဟုတ်လား"

ကျွန်တော့်စကားကိုနားထောင်ရင်း တက္ကဆက်နယ်သား အရာရှိကလေးက သူ့မြေပုံပေါ်တွင် ကျွန်တော်ပြသည့် မြေပုံအညွှန်းများကို ကူး၍ရေးနေလေသည်။

"သိပ်ကျေးဇူးတင်တယ်။ လေယာဉ်ဆင်းနိုင်တက်နိုင်မယ့်နေရာကို ရှာတွေ့ရင် ကျွန်တော့်တာဝန် ပြီးသလောက်ဖြစ်သွားပြီ။ လေယာဉ်ဆင်းနိုင်မယ့်နေရာကို လိုက်ရှာနေတာ နှစ်ပတ်တိတိရှိသွားပြီ။ ဒီဒေသမှာ တောတွေတောင်တွေက ထူလွန်းတော့ တင်းနစ်ကစားကွင်းလောက် ကျယ်တဲ့နေရာကလေးတစ်ခုကိုတောင် တော်တော်လိုက်ရှာရတယ်။ ဒီနယ်ကိုရောက်လာတာလည်း ယူနန်ကုန်းပြင်မြင့်ကြီးကို ဖြတ်ပြီး ရောက်လာရတာပါပဲ။ အဲဒီမှာ တရုတ်စစ်တပ်တွေကို အမေရိကန် အရာရှိတွေ အုပ်ချုပ်နေတာတွေ့ရတော့ တော်တော်ကလေး အံ့သြခဲ့ရသေးတယ်။ တကယ်လို့ ခင်ဗျား အိန္ဒိယပြည်ကိုရောက်သွားရင် ခင်ဗျားတို့ရဲ့ဗိုလ်ချုပ်ကြီးကို တစ်ဆိတ် ကျေးဇူးပြုပြီး သတင်းပို့ပေးစမ်းပါ။ အမေရိကန်ပြည်က သံလွင်မြစ် အရှေ့ဘက်ကမ်းကို တစ်ကိုယ်တော်တည်းရောက်နေရတဲ့ စစ်ဗိုလ်ကလေးတစ်ယောက်ကို တွေ့ခဲ့ရတယ်။ သူက ဗိုလ်ချုပ်ကြီးနဲ့ လက်ဆွဲပြီးနှုတ်ဆက်ချင်ပါတယ်လို့"

တက္ကဆက်နယ်သား စစ်ဗိုလ်ကလေး၏အသံမှာ ပြောရင်းပြောရင်း ဝမ်းနည်းသံပါလာသည်ကို သတိပြုမိလိုက်၏။



"ကျွန်တော့်အစ်ကိုဟာ ပုလဲဆိပ်ကမ်းမှာ ဂျပန်တွေတိုက်လို့ ကျဆုံးခဲ့ရတယ်။ သူ့အတွက် ကျွန်တော် လက်စားချေရမှာပဲ။ အရှေ့ဘက်ကမ်းမှာ ကျွန်တော့်တာဝန်ပြီးသွားရင် ဂျပန်တွေရှိနေတဲ့ အနောက်ဘက်ကမ်းကိုကူးပြီး တစ်ကိုယ်တော်စွန့်စားခန်းလုပ်ဖို့ ဆုံးဖြတ်ထားတယ်။ ကျွန်တော့်အစ်ကိုဟာ အသက် ၂၂ နှစ်အရွယ်မှာ ဂျပန်လက်ချက်နဲ့ ကျဆုံးသွားရရှာတယ်။ ဒီတော့ ကျွန်တော်ကလည်း ဂျပန်နှစ်ဆယ့်နှစ်ယောက်ကို သတ်ရမှာပဲ။ ကျွန်တော်က ကျွန်တော့်အစ်ကိုအတွက် လက်စားချေချင်လို့ စစ်ထဲကိုဝင်လာတယ်။ ဒါပေမယ့် ခု ကျွန်တော်လုပ်နေတဲ့အလုပ်က တိုက်ခိုက်ရေးမဟုတ်ဘဲ ထောက်လှမ်းရေးပဲ လုပ်နေရတယ်။ ကျွန်တော်က ပစိဖိတ်ဒေသမှာရှိတဲ့ တိုက်ပွဲတစ်နေရာရာမှာ တိုက်ပါရစေဆိုပြီး အာဏာပိုင်တွေကို လျှောက်ထားခဲ့တယ်။ ကျွန်တော်ဟာ ပြင်သစ်နဲ့ ဂျာမဏီစကားကို ကောင်းကောင်းကြီးပြောတတ်တယ်။ ဒါပေမယ့် ကျွန်တော့်ကို ပို့လိုက်တဲ့နေရာက ဗမာစကား၊ ရှမ်းစကား ပြောတတ်ရမယ့်နေရာ ဖြစ်နေတယ်။ တော်တော်တော့ ရယ်စရာအကောင်းသား။ သံလွင်မြစ်အနောက်ဘက်ကမ်းကို ဖြတ်ကူးဖို့ ဘယ်နေရာဟာ အကောင်းဆုံးလဲ"

တက္ကဆက်နယ်သား အရာရှိကလေးက သူ့ဇာတ်ကြောင်းကို လှန်ရင်း သူ့အစ်ကိုအတွက် လက်စားချေနိုင်ရန် လိုအပ်သော အချက်တစ်ချက်ကို မေးလိုက်၏။

"မန်းလရွာအနားက မြစ်ကူး ကူးတို့ဆိပ်ဟာ အကောင်းဆုံးပဲ။ အနောက်ဘက်ကမ်းမှာ ပလောင်အမျိုးသားနှစ်ယောက်ပဲ အစောင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီလူနှစ်ယောက်ကလည်း ကြောင်ကလေးလိုပဲ…ကြောက်တတ်ကြောင်း တွေ့ရတယ်။ အဲဒီနေရာဟာ မောင်ရင့်အတွက် ဖြတ်ကူးဖို့ အကောင်းဆုံးနေရာပဲ”

ကျွန်တော်နှင့် တက္ကဆက်နယ်သား အရာရှိကလေးတို့သည် နောက်ထပ် ဆယ့်လေးငါးမိနစ်ခန့်ကြာအောင် စကားစမြည်ပြောဆိုကြပြီးနောက် လူချင်းခွဲ၍ လာခဲ့ကြ၏။

အစ်ကိုအတွက် ရန်သူနှစ်ဆယ့်နှစ်ယောက်ကို လက်စားချေပြီး တက္ကဆက်နယ်ကို ကောင်းကောင်းမွန်မွန်ပြန်ရောက်ပါစေဟု ကျွန်တော်သည် တစ်ကိုယ်တော်စွန့်စားရေးသမားကလေးအတွက် ဆန္ဒပြုလိုက်မိလေသည်။

◆

( ၁၈ )

မန်လော်ရွာမှ ကိုးကန့် ရှေ့တန်းစစ်မျက်နှာသို့ ကျွန်တော်တို့ရောက်လာသောနေ့မှာ ၁၉၄၄ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ ကြာသပတေးနေ့ပင်ဖြစ်၏။

တာရှုအိတန်စခန်းရှိ တပ်မှူးယန်ဗွမ်ချူနှင့် ဦးစီးအရာရှိ နှစ်ယောက်က ကျွန်တော်တို့အဖွဲ့ကို ဝမ်းသာအားရ ကြိုဆိုရသည်။

တပ်မှူးချူမှာ ဗမာစကားကို သွက်သွက်လက်လက် ပြောဆိုနိုင်သူဖြစ်သည်။ ချူက အရပ်သားများအား ကာကွယ်ရေးတပ်ထဲသို့ သိမ်းသွင်းရာတွင် တွေ့ရသောအခက်အခဲကို ရှင်းရှင်းနှင့် ဘွင်းဘွင်းပင် ပြောပြသည်။ သူနှင့် သူ့ဦးစီးအရာရှိနှစ်ယောက်မှာ လိုက်ဖက်ညီသော အတွဲဖြစ်ကြောင်း တွေ့ရှိရသည်။

သူ့စခန်းတွင်တွေ့ရသော အခက်အခဲမှာ ငွေရေးကြေးရေး ပြဿနာနှင့် လက်နက်ခဲယမ်းရှားပါးမှုပင်ဖြစ်၏။

တာရှုအိတန်စခန်းတွင် ကာကွယ်ရေးတပ်သား ၁၀၀ ဦးရှိပြီး အားလုံးလိုလိုပင် လက်နက်စွဲကိုင်နိုင်ကြ၏။ လက်နက်ခဲယမ်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



စစ်အသုံးအဆောင်မှန်သမျှမှာ တရုတ်ပစ္စည်းများဖြစ်သည်။ တပ်မှူးကိုယ်တိုင်က တရုတ်ဖြစ်နေသောကြောင့် တပ်စခန်းတွင် တရုတ်အလံကိုလွှင့်ထူထားပြီး နံနက်နှင့် ညနေအချိန်များတွင် တရုတ်အမျိုးသား သီချင်းကိုပင် သီဆိုနေကြ၏။

မကြာသေးခင်က အမေရိကန်အရာရှိတစ်ဦးထံမှ ကာဘိုင် ၁၀ လက်၊ ပွိုင့် ၄၅ မောင်းပြန်သေနတ် ၃ လက်နှင့် ခဲယမ်းမီးကျောက်အချို့ ရထားကြောင်း သိရှိရသည်။

တပ်မှူးချုပ်သည် အင်္ဂလိပ်တပ်မှ အကူအညီများရယူလိုသူဖြစ်သည့်အလျောက် ကျွန်တော့်အား ကိုးကန့်ရှေ့တန်းစစ်မျက်နှာရှိ စစ်စခန်းများကို သူကိုယ်တိုင် လိုက်လံပြသပါမည်ဟု ဆိုလာသည်။ ကျွန်တော်သည် ရေထဲသို့ပစ်ချခံရမည့်လိပ်လို ဝမ်းသာသွားမိလေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်သည် တပ်မှူးချုပ်နှင့်အတူ ကာရှုအီတန်စခန်းမှ တောင်ဘက် ၁၁ မိုင်ဝေးကွာသော ဟာရှီအိုမူလ်နေးစခန်းသို့ ထွက်လာခဲ့ကြ၏။ ကျွန်တော်နှင့် အဖွဲ့သားများသာဆိုလျှင် သက်ဆိုင်ရာစစ်ခန်းများက လွယ်လွယ်ကူကူ ဝင်ခွင့်ထွက်ခွင့်ပေးမည်မဟုတ်သော်လည်း တာအီရှုတန်စခန်းမှ တပ်မှူးကိုယ်တိုင်ပါလာသောကြောင့် ကျွန်တော်တို့သည် ကိုးကန့်ရှေ့တန်းစစ်မျက်နှာရှိ စစ်စခန်းများသို့ တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်ခွင့်ရနေကြ၏။

တာရှုအီတန်စခန်းမှ ထွက်ခွာလာခဲ့ကြပြီး လေးမိုင်ခန့်အရောက်တွင် ယခင်က မြို့စား၏ နွေရာသီဟော်နန်းရှိသော ရွာကလေးတစ်ရွာ



ကို တွေ့ရသည်။ ဟော်နန်းမှာ ကျွန်တော်တို့ရောက်သွားသည့်အချိန်တွင် ပြာပုံဘဝသို့ရောက်နေပေပြီ။ ဤရွာမှထွက်ခဲ့ပြီး နောက်ထပ် ၂ မိုင်ခန့်အရောက်တွင် မြို့စား၏ ဟော်နန်းတစ်ဆောင်ရှိရာ ရွာတစ်ရွာသို့ ဝင်မိကြပြန်သည်။ ဤရွာရှိ ဟော်နန်းမှာလည်း ဂျပန်လက်ချက်ကြောင့် ပျက်စီးလျက်ရှိနေလေသည်။

ကျွန်တော်တို့သည် ချုံနွယ်များဖြင့် ပိတ်ဖုံးနေသော ရွာလမ်းကလေးအတိုင်း ဆက်၍လျှောက်လာခဲ့ကြ၏။ ယခင်က ကိုးကန့်မြို့စားမင်း နေထိုင်ကျက်စားခဲ့သော အရပ်ဖြစ်၍ လမ်းကလေးများသည် ဖုံ၍ သွေ့ခြောက်နေမည်ဖြစ်သော်လည်း ယခုမူ ချုံနွယ်များပိတ်ဖုံးနေလေပြီ။

ဟာရှီအိုမူလ်နေးရွာသို့ရောက်ရှိပြီးနောက် ချက်ချင်းဆိုသလိုပင် မလိပါချိုင့်ဝှမ်းသို့ရောက်ရှိနိုင်သော တောင်ပေါက်လမ်းများအနက် အဓိကအကျဆုံး တောင်ပေါက်လမ်းရှိရာသို့ လာခဲ့ကြ၏။

အဓိကတောင်ပေါက်ဝရှိ စစ်စခန်းတွင် ကိုးကန့်နယ်သား ကာကွယ်ရေးတပ်သား ၂၀ နှင့် လင်းယုန်ငှက်ကဲ့သို့ စူးရှသောမျက်စိရှိသည့် တရုတ်စစ်ဗိုလ်တစ်ယောက် စောင့်ရှောက်လျက်ရှိနေသည်ကို တွေ့ရ၏။ ကိုးကန့်နယ်သား ကာကွယ်ရေးတပ်သား ၂၀ မှာ ရဲရင့်သန်မာသူများဖြစ်ကြောင်း ကောင်းစွာသိသာလှသည်။

ဤစခန်းရှိ စစ်ဗိုလ်နှင့် တပ်သားများမှာ ရိုင်ဖယ်သေနတ်လောက်ကိုသာ ကိုင်ဆောင်နိုင်သော်လည်း စက်သေနတ်ကိုသုံး၍ တောင်ပေါက်ဝကို ဝင်စီးရန်လာသော ဂျပန်များကို မိမိတို့ဘက်မှ တစ်ယောက်မှမကျဆုံးဘဲ ခုခံတွန်းလှန်ပစ်နိုင်ခဲ့သည်ဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်ကိုယ်တိုင် ဂျပန် ၁၇ ယောက်ကို သုတ်သင်နိုင်ခဲ့သည်ဟု လည်း ကြားသိရသည်။

ကျွန်တော်တို့သည် ဤစခန်းကို လေ့လာကြည့်ရှုကြပြီးနောက် အခြားစခန်းများသို့လည်း နေ့စဉ်ဆက်၍ လှည့်လည်စစ်ဆေးကြ သည်။

ကိုးကန့် ရှေ့တန်းစစ်မျက်နှာတွင် 'ထင်ချိုင်'စခန်းမှာ ခံစစ် ကြောင်းကြီးတစ်ခုလုံး၏ ဌာနချုပ်ပင်ဖြစ်သည်။ အဓိကခံစစ်ကြောင်း ကား 'မလိပါ'ချိုင့်ဝှမ်း မြောက်ဘက်ဒေသတည်း။

'ထင်ချိုင်'တွင် လက်နက်ကိုင် ကာကွယ်ရေးတပ်သား ၂၀၀ တိတိ ရှိနေလေသည်။

ယခု ကျွန်တော်ရောက်ရှိနေသော ထင်ချိုင်မှာ လွတ်လပ်ရေးစိတ် ပြင်းထန်လှသော စစ်ခေါင်းဆောင် ယန်ဝှမ်ဝေရှိရာ 'ကိုးဆိုင်း'နှင့် အင်္ဂလိပ်စစ်တပ်ကိုကူညီနေခြင်းမှာ အင်္ဂလိပ်ပြန်လည်အုပ်စိုးရေး လိုချင်၍မဟုတ်ကြောင်း ရှင်းရှင်းဘွင်းဘွင်းပြောခဲ့သည့် ပူချင်ဧ နေထိုင်ရာ ပန်းဟိုင်စခန်းသုံးခုမှာ ကိုးကန့်ကာကွယ်ရေးစစ်ကြောင်း တွင် အခိုင်မာဆုံး၊ အတောင့်တင်းဆုံး သံကြိုးကွင်းဆက်သုံးခုပ ဖြစ်သည်ဟု ကျွန်တော်က မှတ်ချက်ချလိုက်မိသည်။

'မလိပါ'ချိုင့်ဝှမ်းသို့ရောက်နိုင်သော တောင်ပေါ်လမ်းများန ကွမ်းလုံမှ ဂျပန်တပ်များဝင်ရောက်နိုင်သော တောလမ်း ၄ လမ်း လည်း အမြဲမပြတ် ကင်းလှည့်လျက်ရှိနေသည်ဟု သိရ၏။ လူ အသိနည်းသော တောလမ်းအချို့ကိုမူ နီးစပ်ရာရွာသားများကို အလှ ကျ ကင်းချ၍ အစောင့်ထားသည်။ ဤကင်းသမားများသည် မိမိ



ထက် အင်အားနည်းသော ရန်သူတို့ကို တိုက်ထုတ်နိုင်မည်ဖြစ်သော် လည်း ရန်သူ့အင်အား ကြီးမည့်အရိပ်အခြည်ကိုတွေ့ရလျှင် ဌာနချုပ် ရှိရာ ထင်ချိုင်သို့ ဆက်သားလွှတ်၍ သတင်းပို့ရမည်ဖြစ်၏။

'မလိပါ'ချိုင့်ဝှမ်းသို့ ရောက်လာနိုင်သော တောင်ပေါ်လမ်းနှင့် ကွမ်းလုံမှတက်လာသော လမ်း ၄ လမ်းကို ကိုးကန့်ခံစစ်ကြောင်းမှ ကာကွယ်ရေးတပ်သားများက ကင်းတိုကင်းရှည်ထား၍ အမြဲစောင့် ကြပ်နေသလို ကွမ်းလုံတွင် တပ်စွဲထားသော ဂျပန်တပ်များကလည်း မလိပါချိုင့်ဝှမ်းဘက်သို့ တိုက်ကင်းများ အမြဲစေလွှတ်လျက်ရှိနေလေ သည်။

ကြားရသောသတင်းအရ ကွမ်းလုံတွင် လူအင်အား ၅၀၀ ခန့် ရှိသော ဂျပန်တပ်ကြီးတစ်တပ် တပ်စွဲလျက်ရှိသည်ဟု သိရ၏။

အကယ်၍သာ ဂျပန်များက အလုံးအရင်းဖြင့်တက်လာခဲ့သော် ကိုးကန့်ခံစစ်ကြောင်းသည် မုချမသွေ ကျိုးပေါက်ရချေတော့မည် ဖြစ်၏။ ကာကွယ်ရေးတပ်သားများ တတ်နိုင်သည့်အချက်ဟာ ယူနန် မှ တရုတ်တပ်ကြီးရောက်လာသည်အထိ ထိုးဖောက်လာသော ရန်သူ တို့ကို ဟန့်တားထားရန်သာတည်း။

ကျွန်တော်သည် တပ်မှူးဖြစ်သူ ချူအား လက်နက်နှင့် ရိက္ခာများ ကို အိန္ဒိယမှဖြစ်စေ၊ တရုတ်ပြည်မှဖြစ်စေ ရောက်လာအောင် မြန်မြန် ဆောင်ရွက်ပေးပါမည်ဟူသော ကတိကိုပေးရင်း 'ကင်တန်'စခန်းမှ လမ်းခွဲလာခဲ့ရတော့သည်။

ကျွန်တော်တို့သည် ပေ ၆၀၀၈ ကျော်မြင့်သော ယူနန်ကုန်းပြင် မြင့်ကို ကျော်ဖြတ်ကာ ကူမင်းမြို့သို့ အရောက်ချီတက်ရပေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ယူနန်ကုန်းပြင်မြင့်ကို ဖြတ်ကျော်ချီတက်ရမည့်ခရီးတွင် မူရင်းအဖွဲ့သားများအပြင် ကချင်အမျိုးသားခြောက်ယောက် တိုးလာသည်။ တောမှန်သမျှ၊ တောင်မှန်သမျှ၊ ချောင်းမှန်သမျှကိုကျွမ်းသော ကချင်အဖွဲ့ဝင်သစ်များတည်း။

အဖွဲ့ဝင်သစ် ခြောက်ယောက်အနက် 'ကရင်လု'မှာ သတ္တိအကောင်းဆုံး၊ ဖြတ်ထိုးဉာဏ်အကောင်းဆုံး ရဲဘော်တစ်ဦးဖြစ်ကြောင်း ခရီးသွားရင်း သိရှိလာခဲ့ရ၏။

ကျွန်တော်တို့သည် ယူနန်ကုန်းပြင်မြင့်ကိုဖြတ်ကာ ကူမင်းသို့ အစုတ်စုတ်အပြတ်ပြတ် အငတ်ငတ်အတေတေနှင့် ရောက်လာခဲ့သော ခရီးစဉ်ကို ဤနေရာတွင် အကျယ်မချဲ့လိုတော့။

သို့သော် ဤခရီးသည် ကျွန်တော့်တစ်သက်တာတွင် အခက်ခဲဆုံး၊ အကြမ်းတမ်းဆုံး ခရီးဖြစ်သည်ကိုကား မေ့၍ရနိုင်တော့မည်မထင်။

◆

# ( ၁၉ )

ကူမင်းမှတစ်ဆင့် အိန္ဒိယပြည် ကာလကတ္တားသို့ရောက်ရှိလာခဲ့သော ကျွန်တော်သည် ဌာနချုပ်သို့သွားရောက်ကာ သံလွင်မြစ်ကမ်းတစ်လျှောက်ရှိ ကိုးကန့်ခံစစ်ကြောင်းအခြေအနေနှင့် ရန်သူ့အခြေအနေများကို ကိုယ်တိုင်ကိုယ်ကျ အသေးစိတ်အစီရင်ခံခဲ့လေသည်။

သက်ဆိုင်ရာအာဏာပိုင်များက ကျွန်တော့်အား မေးလိုသည့်မေးခွန်းများကို မေးမြန်းပြီးနောက် ခွင့်ရက်ရှည်ပေးလိုက်၏။ သံလွင်အရှေ့ဘက်ကမ်း ရှေ့တန်းစစ်မျက်နှာတွင် ရက်ရှည်လများ ပင်ပန်းလာခဲ့သမျှနှင့် ယူနန်ကုန်းပြင်မြင့်ကြီးကို ဖြတ်၍လာခဲ့ရသော ခရီးကြမ်းအတွက် အနားများများပေးကာ အစာဝဝကျွေးလိုက်ခြင်းပင်တည်း။

ခွင့်ရက်များကုန်ဆုံးသည့်အချိန်တွင် ကျွန်တော်သည် အထူးစစ်ကြောင်း၌ ထောက်လှမ်းရေးနှင့် ဖောက်ခွဲဖျက်ဆီးရေး မူလီမ်သင်တန်းကို တက်ရောက်ကာ သင်ယူရပြန်သည်။

၁၉၄၅ ခု၊ နှစ်သစ်ဆန်းလာသည့်အချိန်တွင် ကျွန်တော့်အား

www.burmeseclassic.com

www.burmeseclassic.com



တတိယအကြိမ်မြောက် လေထီးဖြင့်ဆင်းရန်အတွက် အသင့်ရှိနေပါဟု သက်ဆိုင်ရာဌာနက သတိပေးနှိုးဆော်ထားခဲ့၏။

တတိယအကြိမ်မြောက် လေထီးဖြင့်ဆင်းသက်ရာ၌ ကျွန်တော်သည် ဒုတိယအခေါက်ကထက် ပို၍ တောင်ဘက်ကျသော ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဆင်းသက်ရမည်ဟု သိထားရသည်။

လားရှိုးမြို့ အရှေ့ဘက် မိုင် ၄၀၀ ခန့်အကွာနှင့် သံလွင်မြစ်အနောက်ဘက်အကြားတွင် ဆင်းသက်ရမည်ဖြစ်၏။

ကျွန်တော်နှင့်အတူဆင်းသက်မည့် အရာရှိသုံးယောက်မှာ တစ်ခါမျှ ရန်သူ့စစ်ကြောင်းနောက်ဘက်တွင် လှုပ်ရှားမှုမပြုဖူးသေးသော စစ်ဗိုလ်များဖြစ်သည်။

တတိယအကြိမ်မြောက် လေထီးဖြင့်ဆင်းသက်ရာတွင် ကျွန်တော့်အတွက် ပထမနှင့် ဒုတိယအခေါက်ကထက် ပို၍ထူးခြားသော တာဝန်များကို အပ်နှင်းလိုက်၏။

သိန္နီမြောက်ပိုင်းတွင် ပြောက်ကျားတပ်သားများကို စုရုံးလေ့ကျင့်ပေးရန်၊ ရန်သူ့စစ်တပ်များအခြေအနေကို ထောက်လှမ်းရန်နှင့် ဂျပန်များလက်တွင် အကျယ်ချုပ် အဖမ်းခံနေရသော မိုင်းရယ်စော်ဘွားကြီးအား ကယ်တင်ရန် တာဝန်များပေတည်း။

သို့ဖြင့် ၁၉၄၅ ခု၊ ဇန်နဝါရီလကုန်ခါနီး လမင်းထိန်ထိန်သာသော ညတစ်ညတွင် ကျွန်တော်သည် အဖော်ဖြစ်သူ အရာရှိသုံးဦးနှင့်အတူ ဒါကိုတာလေယာဉ်ပျံကြီးတစ်စင်း၏ ဝမ်းဗိုက်ထဲတွင် ထိုင်လျက် သံလွင်မြစ်ကမ်း အနောက်ဘက်တွင် လေထီးဖြင့်ဆင်းသက်ရန် လိုက်ပါလာခဲ့ရပြန်လေသည်။



တတိယအကြိမ်မြောက် လေထီးဖြင့်ဆင်းသက်ရန် လေယာဉ်ဝမ်းဗိုက်ထဲတွင်ထိုင်၍ လိုက်ပါလာရစဉ် ကျွန်တော့်မှာ ပထမနှင့် ဒုတိယအခေါက်ကဲ့သို့ မဟုတ်ဘဲ စိတ်တုန်လှုပ်ချောက်ချား၍နေမိ၏။ ကျွန်တော်၏ အဇ္ဈတ္တအတွင်းသဏ္ဌာန်တွင် ဖြစ်ပေါ်နေသော အမူအရာလက္ခဏာတို့ကို ဗဟိဒ္ဓအပြင်သဏ္ဌာန်၌ မပေါ်လွင်စေရန်အတွက် ကျွန်တော်သည် ရယ်စရာ မောစရာစကားများကိုသာ တစ်လမ်းလုံး ပြော၍ လိုက်လာခဲ့၏။ ကျွန်တော်နှင့်အတူပါလာသော အသစ်စက်စက် စစ်ဗိုလ်ကလေးများ၏ စိတ်ကိုလည်းထိန်းရန် ကျွန်တော့်တွင် တာဝန်ရှိနေသည်မဟုတ်ပါလား။

ကျွန်တော်သည် ပထမနှင့် ဒုတိယအခေါက်က ရန်သူ့စစ်ကြောင်းနောက်ဘက်တွင် လှုပ်ရှားခဲ့ရာ၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကလေးများအနက် ရယ်စရာမောစရာကလေးများကိုသာ ထုတ်နုတ်၍လည်းကောင်း၊ သတ္တိကောင်းသလောက် ဖြတ်ထိုးဉာဏ် လျင်မြန်လှသော ကချင်ရဲဘော် 'ကရင်လှ'အကြောင်းကိုလည်းကောင်း စကားဖောင်ဖွဲ့၍ ပြောနေသည်။

ကချင်ရဲဘော် ကရင်လှမှာ ကျွန်တော်တို့နှင့်အတူ ယူနန် ကုန်းပြင်မြင့်ကိုဖြတ်၍ ကူမင်းသို့ လိုက်ပါလာခဲ့သူဖြစ်၏။ သူ့အား အိန္ဒိယပြည်တွင် သင်တန်းပေးပြီးနောက် ကျွန်တော့်ထက်စော၍ သံလွင်မြစ်အနောက်ဘက်ကမ်းသို့ ပို့ပေးခဲ့၏။

"အရာရှိတစ်ယောက်နဲ့ ရဲဘော်ခြောက်ယောက်ကတော့ ကျုပ်တို့လေထီးနဲ့ခုန်ဆင်းမယ့်နေရာမှာ တြိဂံပုံသဏ္ဌာန် မီးသုံး[illegible]ဆိုင်ဖိုပြီး စောင့်နေလေရော့မယ်။ အဲဒီရဲဘော်ခြောက်ယောက်ထဲမှာ ကျုပ် အားကိုး

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ကရင်လူတော့ ပါမှာအမှန်ပဲ။ တကယ်တော့ဗျာ...ရန်သူ့ စစ်ကြောင်းနောက်ဘက်မှာ လှုပ်ရှားရတယ်ဆိုတာဟာ သိပ်ပြီးတော့ စွန့်စားရတဲ့အလုပ်မျိုး မဟုတ်ပါဘူး။ ကရင်လူဆိုတဲ့ ရဲဘော်က အရပ်ငါးပေခွဲပဲရှိတယ်။ ကိုယ်အလေးချိန်ကတော့ ပေါင်တစ်ရာ့ရှစ်ဆယ်တောင်ရှိတယ်။ ဒီတော့ ကရင်လူဟာ ဂင်တိုတိုနဲ့ ဘယ်လောက်သန်မယ်ဆိုတာ မောင်ရင်တို့ မှန်းကြည့်နိုင်ရောပေါ့။ သူက ကချင်ဓားလွှယ်ကတော့ ဘယ်တော့မှ ကိုယ်ကခွာတဲ့လူမဟုတ်ဘူး။ မျက်စိက စူးရှသလို၊ နားကလည်း သိပ်ပါးတယ်။ ခြေထောက်ကတော့ သမင်ခြေထောက်မျိုးပဲ။ သူနဲ့သာ တောထဲမှာ ခရီးသွားရမယ်ဆိုရင် မောင်ရင်တို့တော့ သိပ်ကို စိတ်ဝင်စားစရာတွေ တွေ့ရမှာပဲ။ သူ့မှာ သံလိုက်အိမ်မြှောင်မရှိပေမယ့် ရောက်ချင်တဲ့နေရာကို တည့်တည့်မတ်မတ် ရောက်အောင်သွားနိုင်တယ်။ သာသနာပြုဆရာတွေက သူ့ကို ခရစ်ယာန်ဘာသာထဲဝင်ဖို့ ဘယ်လောက်ပဲ တရားဟောပေမယ့် ဘယ်တော့မှ သူ့ကို တရားဟောလို့မရဘူး။ မိရိုးဖလာအတိုင်း နတ်ကိုပဲ ကိုးကွယ်တာပဲ"

"ဒီလူက သတင်းထောက်လှမ်းတဲ့နေရာမှာ တော်ရဲ့လား"

အရာရှိတစ်ယောက်က ကျွန်တော့်အား မေးလိုက်၏။

"အတော်ဆုံးလူတစ်ယောက်ထဲမှာ ကရင်လူ ပါတာပေါ့။ သူက ဂျပန်ဆိုရင် ခါးခါးသည်းသည်း မုန်းတဲ့လူ။ ဂျပန်စစ်တပ်တွေ ဘယ်နေရာမှာရှိတယ်၊ ဂျပန်ရိက္ခာဂိုဒေါင်တွေ ဘယ်နေရာမှာလျှို့ဝှက်ပြီးဆောက်ထားတယ်။ လက်နက်တိုက်တွေ ဘယ်နေရာမှာရှိတယ်ဆိုတာ စုံစမ်းရမယ်ဆိုရင် နတ်ပြည်ပဲ တက်ရတက်ရ၊ ငရဲပြည်ပဲ ဆင်းရဆင်း



ရ၊ ဘယ်နေရာမျိုးမဆို သွားဝံ့တဲ့လူ။ တစ်ခါတုန်းက ဂျပန်ကင်ပေတွေနဲ့ နှစ်ရက်လောက် အတူတူတွဲပြီး အယုံသွင်းနေလိုက်သေးတယ်။ သူပြန်လာတော့ ဂျပန်လေယာဉ်စခန်းတွေ ဘယ်နေရာမှာရှိတယ်၊ ဂျပန်တပ်တွေ ဘယ်နေရာမှာစုရုံးပြီး နေတယ်ဆိုတဲ့သတင်းတွေ တစ်သီကြီး သူနဲ့ပါလာတယ်။ ဒီအကြောင်းကို အိန္ဒိယကို အနားယူဖို့ ပြန်ရောက်လာတဲ့ စစ်ဗိုလ်တစ်ယောက်ဆီက ကြားခဲ့ရတယ်"

ကျွန်တော်က ရဲဘော်ကရင်လူအကြောင်းကို ငြိကာချဲ၍ ပြောနေရာမှ လက်မှနာရီကို ငုံ၍ကြည့်လိုက်မိသည်။ ကျွန်တော်တို့ လေထီးဖြင့် ဆင်းသက်ရမည့်နေရာပေါ်သို့ ရောက်ရမည့်အချိန်မှာ သုံးလေးမိနစ်မျှ လိုတော့ကြောင်း တွေ့ရ၏။

ထို့ကြောင့်...

"ကျုပ်ပြောတာတွေ ဟုတ်,မဟုတ် မကြာခင်ကလေးမှာပဲ သိကြရတော့မှာပါပဲ။ ကျုပ်တို့ဆင်းရမယ့်အချိန်လည်း နီးနေပြီ"ဟု နိဂုံးချုပ်လိုက်၏။

ခဏအကြာတွင် ကျွန်တော်တို့ကိုတင်ဆောင်လာသော ဒါကိုတာ လေယာဉ်သည် လားရှိုးအရှေ့ဘက် မိုင် ၄၀ နှင့် သံလွင်မြစ်အနောက်ဘက်အကြားရှိ မိုင်းယောနယ်မြေပေါ်တွင် ပျံဝဲလျက်ရှိနေသည်ကို တွေ့ရ၏။

ကောက်ကွေးချောင်းတွင် လေထီးဖြင့်ဆင်းစဉ်က ဆင်းသက်လိုသောနေရာတွင်ပင် အပ်နှင့်စိုက်လိုက်သလို တိကျသကဲ့သို့ တတိယအကြိမ်မြောက် မိုင်းယောဒေသတွင် ကျွန်တော်တို့ဆင်းသက်ရာတွင်လည်း ကျွန်တော်တို့သည် ဆင်းသက်ရန် သတ်မှတ်ထားသော မီးသုံး

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဆိုင်အကြားတွင် ကောင်းစွာဆင်းသက်မိကြ၏။ ကျွန်တော်တို့နှင့် အတူပါလာသော ရိက္ခာထုပ်များမှာလည်း ရိက္ခာချရမည့် ကွင်းအတွင်း တွင်ပင် မပျက်မစီး ကျလာသည်။

ဇရာမ မှိုပွင့်ကြီးလို မြေပြင်ပေါ်တွင် အလျားလိုက် ပြန့်ကားနေသော လေထီးကိုဆွဲ၍ ရပ်လိုက်ပြီးသည့်အချိန်တွင် အသားမည်းမည်း ဂင်တိုတိုနှင့် ရိုင်ဖယ်သေနတ်ကို ပခုံးတွင်သိုင်းထားသော လူတစ်ယောက် ကျွန်တော့်ဆီသို့ ကွင်းပြောင်ပြောင်ကိုဖြတ်၍ ပြေးလာသည်ကို တွေ့လိုက်ရ၏။

ကျွန်တော်သည် ကရင်လူမှန်း ချက်ချင်းသိလိုက်၏။

"ဒူးဝါး..."

ကရင်လူသည် ကျွန်တော့်လက်ကို ဖမ်း၍ဆွဲလိုက်ပြီး ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။

"ကျွန်တော်တို့စောင့်နေတာ တော်တော်ကြာပြီ။ ဒူးဝါးပါလာမယ်ဆိုတဲ့ သတင်းကို စောစောကတည်းက ရထားလို့ ကျွန်တော်ဖြင့် သိပ်ဝမ်းသာနေတယ်"

ကရင်လူက ပြောပြောဆိုဆို ကျွန်တော်ဆွဲ၍ခေါက်ထားသော ပိုးလေထီးကို အစဖျောက်ရန်အတွက် ကျင်းတစ်ကျင်း တူးနေလေသည်။

ကျွန်တော်တို့သည် လေထီးစများနှင့် ရိက္ခာထုပ်များကို ထည့်သွင်းထားသော ရှည်မျောမျော သတ္တုသေတ္တာများကို ရန်သူများ အစအနမျှ ရှာမတွေ့အောင် ဖျောက်ဖျက်ပစ်လိုက်ကြပြီးနောက် ရိက္ခာထုပ်များကိုခွဲဝေကာ ကျောပေါ်တွင် အသီးသီးထမ်း၍ အသင့်ရှိနေကြပေပြီ။



ကျွန်တော်တို့အား မြေပြင်မှ လာရောက်စောင့်ကြိုနေသော အဖွဲ့ခေါင်းဆောင် စစ်ဗိုလ်က တောင်ဘက်စူးစူးအတိုင်း ချီတက်ကြရန် ညွှန်ကြားချက်ပေးလိုက်၏။

ကျွန်တော်တို့ဆင်းသက်ခဲ့သောနေရာမှာ မြောက်ပိုင်း သိန္နီဒေသအတွင်းရှိ တစ်ခုသော ချောင်းကွေ့အလွန်ရှိ လွင်ပြင်ကြီးတစ်ခုဖြစ်၏။ တိတိကျကျဆိုရသော် မိုင်းယောနှင့် မလုမ်းမကမ်းတွင်ရှိသော နေရာတည်း။ မြောက်ဘက်နှင့် တောင်ဘက်တွင် လှိုင်းလုံးကြီးများလို ဆင့်၍ဆင့်၍နေသော တောင်တန်းကြီးများသည် မိုးကုတ်စက်ဝိုင်းအထိ နယ်ချဲ့လျက်ရှိသည်ကို တွေ့ရ၏။

တစ်နာရီခန့်မျှ တောင်တက်ခရီးကို လျှောက်လာခဲ့ရပြီးနောက် တောင်ကြောတစ်ခုပေါ်တွင် သေသပ်စွာ ပုံဖျက်ထားသော တဲများဆီသို့ ရောက်လာကြသည်။

ဤနေရာ ဤဌာနကား ကျွန်တော်တို့တစ်တွေ သုံးလတိတိနေထိုင် စခန်းချကာ ပြောက်ကျားတပ်သားများကို စည်းရုံးခြင်း၊ စည်းရုံးရရှိသောတပ်သားများကို သင်တန်းပေးခြင်းများကို ပြုလုပ်ရမည့် နေရာတည်း။

စည်းရုံးရေးနှင့် လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိပြီးနောက် ကျွန်တော်တို့သည် တစ်ယောက်ချင်းသော်လည်းကောင်း၊ အဖွဲ့ကလေးများဖွဲ့၍သော်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိကျေးရွာများသို့ ခရီးထွက်ကာ စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရသည်။

ပတ်ဝန်းကျင်ရွာများတွင် နေထိုင်သူများမှာ အများအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအမျိုးသားများသာဖြစ်ရာ ကျွန်တော်တို့အတွက် အစပထမတွင် စည်းရုံးရေးလုပ်ရာ၌ အခက်အခဲတွေ့နေရ၏။ အဘယ်ကြောင့်ဆိုသော် ရှမ်းအမျိုးသားများမှာ ခလေ့ထုံးစံအရ အေးအေးသက်သာ နေချင်သော တိုင်းရင်းသားများ ဖြစ်နေသောကြောင့်ပင်တည်း။

ကျွန်တော်တို့သည် ဥရောပတိုက်တွင်ဖြစ်ပေါ်နေသော အခြေအနေများကိုလည်းကောင်း၊ မြန်မာပြည်အရပ်ရပ်တွင် ဖြစ်ပေါ်နေသော အခြေအနေများကိုလည်းကောင်း၊ ဟစ်တလာ၏ နာဇီ ဂျာမဏီတပ်များ သိမ်းပိုက်ခံရသော နယ်မြေများတွင် အရပ်သားများက မဟာမိတ်တို့၏ အကူအညီဖြင့် ပြောက်ကျားတပ်များဖွဲ့ကာ မည်ကဲ့သို့ တွန်းလှန် တိုက်ခိုက်နေသည်ကိုလည်းကောင်း၊ ကိုးကန့်နယ်ဘက်တွင် ကိုးကန့်သားတို့က စုဆောင်းရရှိသမျှသော လက်နက်တို့နှင့် ဂျပန်အား မိမိတို့နယ်မြေထဲသို့ ဝင်ရောက်မလာအောင် မည်ကဲ့သို့တွန်းလှန်စစ်ကိုဆင်နွှဲနေသည်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်ရှိ ကျေးရွာလူငယ်များနှင့် ကျေးရွာအကြီးအကဲများ နားလည်သဘောပေါက်အောင် ဟောပြောစည်းရုံးကြရ၏။

တစ်လကျော်ကျော် အချိန်ကလေးအတွင်းတွင် ဂျပန်ကို ပြန်၍ တိုက်လိုသော လူငယ်အတော်များများကို ကျွန်တော်တို့ သိမ်းသွင်း ရရှိခဲ့သည်။ ဤလူငယ်များအား ကျွန်တော်တို့က အခြေခံစစ်ပညာ များကို သင်ပေးကြ၏။ ပို၍ရဲရင့်သူများနှင့် ပို၍ဖြတ်ထိုးဉာဏ်ကောင်း သူများအား ကျွန်တော်တို့၏ အထောက်တော်အဖြစ် ဂျပန်သိမ်းပိုက် ထားသော မြို့နယ်များသို့စေလွှတ်ကာ လက်တွေ့စမ်းသပ်ကြည့် ကြ၏။



လက်နက်ငယ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ ကို အောင်မြင်သော တပ်သားသစ်များအား ကျွန်တော်တို့က ချုံခို တိုက်ခိုက်မှုများကို လက်တွေ့သင်တန်းပေးကြ၏။ ဂျပန်များမှာ မိုင်းယော်နယ်မြေတစ်လျှောက်တွင် ရန်သူမရှိဟု ယုံကြည်ကာ လွတ် လွတ်လပ်လပ် သွားလာလျက်ရှိကြရာ ကျွန်တော်တို့တပ်သားသစ်များ အတွက် လက်တွေ့ချုံခိုတိုက်ခိုက်နည်းသင်တန်းကို သဘာဝကျကျ တက်၍ကောင်းနေတော့၏။

သေးငယ်သောအောင်ပွဲကလေးများကို ဆင့်ကာဆင့်ကာ ရရှိလာ ခဲ့ကြသော တပ်သားသစ်များသည် ပို၍ကြီးကျယ်သော အောင်ပွဲများ ကိုရရှိရန် ဆန္ဒပြင်းပြလာကြတော့၏။ ထို့ကြောင့် ကျွန်တော်တို့က တိုးတက်ပြောင်မြောက်သော အောင်ပွဲများရရှိလာနိုင်အောင် စစ်ဆင် ရေး အစီအစဉ်များကို ပြုလုပ်ပေးခဲ့ကြရ၏။

တပ်သားသစ်များအနက် လက်နက်ဆို၍ တစ်ခါမျှ မကိုင်တွယ် ဘူးသော တပ်သားလေးယောက်မှာ လက်ဖြောင့်တပ်သားကျော်များ ဖြစ်လာကြသည်။

တပ်သားများ၏အောင်ပွဲကို ကြားသိလာရသော ပတ်ဝန်းကျင် ရှိ ရွာများမှ လူငယ်များက ကျွန်တော်တို့တပ်ထဲသို့ အစုလိုက် အပြုံ လိုက် ဝင်လာကြ၏။ တပ်သားဦးရေ များလာသည့်အလျောက် ကျွန် တော်တို့သည် အိန္ဒိယရှိ ဌာနချုပ်သို့ နောက်ထပ်အရာရှိများ ပို့ပေး ရန် အပူတပြင်း တောင်းဆိုကြရတော့သည်။

ယခင်က နေ့လယ်ဘက်တွင် တောရိပ်တောင်ရိပ်ကိုအကာ အကွယ်ယူကာ ဖြတ်သန်းသွားလာလေ့ရှိသော ဂျပန်တို့၏ မော်တော်

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်အုပ်စုများသည် ကျွန်တော်တို့ဘက်မှ လေကြောင်းရန်က ပိုမိုအားကြီးလာသည်ကတစ်ကြောင်း၊ မြေပြင်မှ ကျွန်တော်တို့က မကြာခဏ ဒုက္ခပေးနေသည်က တစ်ကြောင်းတို့ကြောင့် ယခုအချိန်တွင် ညအမှောင်ရိပ်ကိုသာ အကာအကွယ်ပြု သွားလာနေကြ၏။

ထို့ကြောင့် ညနေထမင်းစားပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် တပ်သားနှစ်ဆယ် သို့မဟုတ် သုံးဆယ်ခန့်ပါသော အဖွဲ့တစ်ဖွဲ့ကို ခေါ်ကာ ဂျပန်မော်တော်ယာဉ်အုပ်စုများ လာတတ်သည့် မော်တော်ကားလမ်းရှိရာသို့ အမဲပစ်ထွက်သလို ထွက်လာတတ်သည်။

ကရင်လုကဲ့သို့သော တပ်သားတစ်ဦးအဖို့ ဂျပန်မော်တော်ယာဉ်အုပ်စုကို မည်သည့်နေရာက မည်ကဲ့သို့ ချုံခို၍ တိုက်ခိုက်လျှင် ရန်သူမည်မျှကျဆုံးမည်ကို အထူးတွက်ချက်နေစရာမလိုတော့။ ချုံခို၍ တိုက်ခိုက်ရမည့်နေရာကို မည်သည့်အချက်အလက်များကို ထောက်ထား၍ ရှာဖွေရမည်ကိုလည်း သူကပင် တပ်သားသစ်များကို ညွှန်ကြားချက်ပေးနေတတ်သည်။

ကရင်လုသည် ရန်သူမော်တော်ယာဉ်အုပ်စု တက်လာမည့်လမ်းအဘက်ဘက်တွင် တပ်သားနှစ်ယောက် သုံးယောက်ကို လက်နှိပ်ဓာတ်မီးတစ်လက်နှင့် စောင့်၍နေစေသည်။ ရန်သူ့ မော်တော်ယာဉ်အုပ်စု တက်လာသည်ကို လှမ်း၍မြင်သည်နှင့် ချုံခိုကာ အသင့်စောင့်ဆိုင်းလျက်ရှိသော တပ်သားများထံသို့ လက်နှိပ်ဓာတ်မီးဖြင့် အချက်ပြ၍ သတင်းပို့စေသည်။

ဂျပန်လော်ရီကား ဘယ်နှစ်စင်း၊ အစောင့်က ဘယ်နှစ်ယောက်စသည်ဖြင့် ရှေ့ပြေးကင်းထောက်အဖွဲ့က သတင်းပို့လိုက်သောအခါ



ချုံခို၍ နေရာယူထားကြသော တပ်သားများသည် လက်တယားယားဖြစ်နေကြလေသည်။

ရန်သူ့မော်တော်ယာဉ်အုပ်စု ကျွန်တော်တို့ပစ်ကွင်းထဲသို့ ဝင်လာသည်နှင့်တစ်ပြိုင်နက် သရင်းသံ၊ စတင်းသံများ ကြွက်ကြွက်ညံသွားသည်။ မမျှော်လင့်သောနေရာတွင် အတိုက်ခံလိုက်ရသော ဂျပန်အစောင့်စစ်သားများမှာ တတ်နိုင်သမျှ ပြန်လည်ခုခံကြပါသော်လည်း အင်အားချင်းက မမျှသဖြင့် အလောင်းကောင်ဘဝသို့သာ ရောက်ခဲ့ကြရသည်။ ရန်သူဘက်မှ အပစ်အခတ်ရပ်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့တပ်သားများက ဂျပန်လော်ရီကားများရှိရာသို့ ပြေးဆင်းသွားပြီး အလိုရှိသော ရိက္ခာများ၊ လက်နက်များနှင့် စာရွက်စာတမ်းများကို မီးတင်၍ ရှို့လိုက်ကြ၏။

ဒရိုင်ဘာအခန်းထဲတွင်လည်းကောင်း၊ ကားနောက်ပိုင်းတွင် လည်းကောင်း သေဆုံးနေသော ဂျပန်စစ်သားများ၏ အလောင်းများကို သည်အတိုင်းပင် ပစ်ထားခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် ဂျပန်များသည် တိုက်ပွဲတွင်ကျဆုံးသောသူများ၏ အလောင်းကို လာ၍ ကောက်ယူလေ့ရှိသည့် ထုံးစံရှိသောကြောင့်တည်း။

ချုံခိုတိုက်ပွဲများ ဆင်နွှဲရန်မရှိသည့် ကြားအချိန်များတွင် ကျွန်တော်တို့သည် အိန္ဒိယရှိဌာနချုပ်မှ လေယာဉ်များဖြင့် လာရောက်ချပေးတတ်သော ရိက္ခာများ၊ ခဲယမ်းလက်နက်များ၊ ဆေးဝါးများ၊ စစ်ဝတ်စုံများနှင့် တပ်သားများအတွက် လိုအ[illegible]သောပစ္စည်းများကို ကောက်ယူဖြန့်ဝေခြင်းအားဖြ[illegible] အလုပ်များနေကြရသည်။

ကျွန်တော်[illegible]ဟု့၏ ဆင့်ကာဆင့်ကာရရှိလာသော ချုံခိုတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုများကြောင့်လည်းကောင်း၊ အိန္ဒိယရှိ ဌာနချုပ်မှရရှိလာသော ရိက္ခာနှင့် လက်နက်ခဲယမ်းများကြောင့်လည်းကောင်း၊ ကျွန်တော်တို့သည် ယခုအချိန်၌ လက်နက်ကိုင်ပြောက်ကျားတပ်သား ၄၀၀ အထိ သိမ်းသွင်းစုစည်းကာ စစ်သင်တန်းများ ပေးခဲ့ပြီဖြစ်၏။

တပ်သား ၄၀၀ ကို တပ်စိပ်တစ်စု စသည်ဖြင့် ဖွဲ့စည်းပေးပြီး အိန္ဒိယမှရောက်ရှိလာသော အရာရှိများကို အုပ်ချုပ်စေကာ လက်တွေ့တိုက်ပွဲများ အဆင်းခိုင်းသည်။ တိုက်ပွဲများမရှိသည့်အချိန်တွင် ကျန်းမာရေး ရိက္ခာဖြန့်ဝေရေးလုပ်ငန်းများကို တပ်သားများအား ပြုလုပ်စေသည်။

ကျွန်တော်တို့က ချုံခိုတိုက်ပွဲများ မကြာခဏ ဆင်နွှဲနေသဖြင့် ဂျပန်များသည် မော်တော်ယာဉ်အုပ်စုများအား ပို၍ အစောင့်အကြပ်ထားလာကြ၏။ ဤအချိန်တွင် မြန်မာပြည်မကြီး၌လည်း ဗိုလ်ချုပ်ကြီး ဝီလျံစလင်း၏ အမှတ် ၁၄ တပ်မတော်က ဂျပန်တပ်များနှင့် အကြိတ်အနယ်တိုက်ခိုက်လျက်ရှိရာမှ အနိုင်ရစပြုလာခဲ့ပေပြီ။

ရန်သူများသည် သူတို့၏ မော်တော်ယာဉ်အုပ်စုများကို ပို၍ အစောင့်ထည့်ထားရုံမက သူတို့၏ ကင်းထောက်လေယာဉ်များကိုလည်း ကျွန်တော်တို့စစ်စခန်းများရှိရာပေါ်သို့ ထောက်လှမ်းရန် စေလွှတ်ထားသည်။

အစောင့်အရှောက် ပို၍များပြားသော ရန်သူ့မော်တော်ယာဉ်အုပ်စုကို ကျွန်တော်တို့က တိုက်ခိုက်ရေးတပ်ဖွဲ့ နှစ်ဖွဲ့သုံးဖွဲ့ စုပေါင်းကာ ချုံခိုတိုက်ခိုက်ကြ၏။

ကျွန်တော်တို့စစ်စခန်းများကို ရန်သူ့ကင်းထောက်လေယာဉ်များ



က ရှာမတွေ့အောင်လည်း ကျွန်တော်တို့က သဘာဝကျကျ ပုံဖျက်ထားကြ၏။

သို့ဖြင့် ရန်သူများသည် သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ယခင်ကလို လွတ်လွတ်လပ်လပ်အသုံးမပြုရဲဘဲ ဖြစ်လာကြ၏။ ကာလကြာမြင့်လာသောအခါ ကျွန်တော်တို့တပ်သားများမှာ ချုံခို၍တိုက်စရာ ရန်သူဟူ၍ မရှိသလောက် နည်းပါးလာလေသည်။

ဤတွင် ကျွန်တော့်အတွက် ဒုက္ခတစ်ခုတိုးလာသည်။ စစ်သားသည် စစ်တိုက်နေရသောအချိန်၌ စည်းကမ်းကိုရှိသေ၏။ အမိန့်ကိုနာခံ၏။ ဥပဒေကိုလေးစား၏။ သို့သော် စစ်မတိုက်ရဲဘဲနေရသောအခါ စည်းကမ်းကလနားများကို အလိုလိုသော်လည်းကောင်း၊ မသိမသာသော်လည်းကောင်း ချိုးဖောက်လာကြတော့သည်။ ဤကား ကျွန်တော်ရင်ဆိုင်ရသော ဒုက္ခတည်း။

ကျွန်တော်သည် တပ်သားများ၏စိတ်နှင့် စည်းကမ်းကို ထိန်းထားနိုင်ရန်အတွက် တိုက်ပွဲမရှိသောအချိန်များ၌ ပညာပေးသင်တန်းများကို ဖွင့်လှစ်ပေးရန် အစီအစဉ်တစ်ရပ်ပြုလုပ်လိုက်ရ၏။

ပညာပေးသင်တန်းဆိုသည်မှာ စစ်ရေးစစ်ရာနှင့် ဆွယ်လျက်ရှိသော အချက်များကို တပ်သားများ အသိဉာဏ်ရင့်သန်စေရန် သက်ဆိုင်ရာ အရာရှိများကပို့ချပေးသော သင်တန်းပင်ဖြစ်၏။ မိမိတို့နေထိုင်သောရပ်ရွာသည် ပင်လယ်ရေမျက်နှာပြင်မှ မည်မျှမြင့်သည်၊ မိမိတို့ဒေသ၌ မည်သည့်ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်သည်၊ မိမိတို့နေထိုင်ရာ ဇာတိရပ်ရွာသည် မြန်မာပြည် မည်သည့်အပိုင်း၌ရှိသည်၊ မြန်မာပြည်သည် အင်္ဂလန်နှင့် မည်မျှဝေးကွာသည်၊ အင်္ဂလိပ်များ

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် မြန်မာပြည်ကိုသိမ်းပိုက်လိုက်ရသည်၊ ထိုအချိန်က မြန်မာပြည်တွင် မည်ကဲ့သို့ဖြစ်ပျက်နေသည်၊ အင်္ဂလိပ်အစိုးရက မြန်မာပြည်ပေါ်တွင် မည်ကဲ့သို့စေတနာထားသည်...စသောအကြောင်းအရာများကို တစ်ခုနှင့်တစ်ခု ယှက်နွယ်လျက် သင်ကြားပို့ချကာ တပ်သားများ အင်္ဂလိပ်အစိုးရပေါ်တွင် ကြည်ညိုမှုရှိလာအောင် ပို့ချပေးသော ပညာပေးသင်တန်းတည်း။

တပ်သားများ၏ စိတ်နှင့် စည်းကမ်းကို ထိန်းထားနိုင်ရန် ပညာပေး သင်တန်းများ ပို့ချပေးလိုက်ခါမှ ကျွန်တော့်မှာ အေးစေလို၍ တရားနာ၊ ပွဲဈာစအကျိုးဟူသကဲ့သို့ တစ်မျိုးသောဒုက္ခအသစ်နှင့် တိုးလာရပြန်သည်။ အဘယ့်ကြောင့်ဆိုသော် တပ်သားများအနက် ခိုင်းရာနေ စေရာသွား ကြေးစားသဘောထားသူများရှိသလို နိုင်ငံရေး အသိရှိနေသော တပ်သားများလည်း ပါဝင်နေသောကြောင့်တည်း။

သင်တန်းဆရာအဖြစ် ဆောင်ရွက်နေသော အင်္ဂလိပ်အရာရှိ တစ်ယောက်က...

"ကဲ...သင်တန်းသားတွေ၊ ဘာများမေးချင်တာရှိသလဲ..."ဟု တပ်သားများ၏ဆန္ဒကို ဖော်ထုတ်မေးမြန်းခွင့်ပြုလိုက်၏။

ဤတွင် ကချင်တပ်သားတစ်ယောက်က နေရာမှထတဲ့ပြီး...

"သခင်...အင်္ဂလိပ်တွေဟာ ဘာကြောင့် မြန်မာပြည်အပေါ်မှာ ဒါလောက် ဒုက္ခခံပြီး ကျေးဇူးတရားတွေ လုပ်နေရတာလဲ..."ဟု ကောက်၍မေးလိုက်၏။

ထိုအခါ သင်တန်းဆရာက...

"ယဉ်ကျေးတဲ့လူက ယဉ်ကျေးမှုနည်းပါးတဲ့လူကို ကူညီစောင့်



ရမယ်ဆိုတာ လူသားတွေရဲ့တာဝန်ပဲမဟုတ်လား"ဟု ကချင်တပ်သား၏ မေးခွန်းကို ပြန်လှန်မေးခွန်းနှင့်ပင် အဖြေပေးလိုက်၏။

ကချင်တပ်သားသည် မတ်တတ်ရပ်နေရာမှ ပြန်မထိုင်သေးဘဲ...

"အင်္ဂလိပ်တွေက ကျွန်တော်တို့ မြန်မာတိုင်းရင်းသားတွေရဲ့ အကျိုးသက်သက်ကိုရည်စူးပြီး ကူညီစောင်မနေတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်တာပေါ့"

သင်တန်းဆရာက ခေါင်းညိတ်လိုက်၏။

"တိုင်းရင်းသားတွေ စာတတ်အောင် ကျောင်းတွေဆောက်ရတယ်၊ တရားဥပဒေကို လေးစားလာအောင် ရုံးတွေဆောက်ရတယ်၊ ဘုရား,တရား ဆောက်တည်တတ်လာအောင် ဘုရားရှိခိုးကျောင်းတွေ ဆောက်ရတယ်၊ ဒါတွေဆောက်ဖို့အတွက် ငွေတွေအများကြီးလိုမှာ မဟုတ်လား"...

ကချင်တပ်သားက ရပ်မြဲရပ်နေပြီး ထပ်ဆင့်မေးခွန်းထုတ်လိုက်ပြန်သည်။

"အများကြီးလိုတာပေါ့"

"ဒါဖြင့် ဒီငွေတွေ ဘယ်ကရသလဲ"

ကချင်တပ်သားက တုံးတိတိကြီးပင် မေးလိုက်၏။

"အင်္ဂလိပ်အစိုးရရဲ့ အရင်းအနှီးလုပ်ထားရတဲ့ငွေတွေ၊ ချေးငွေတွေက ရတာပေါ့။ စာသင်ကျောင်းတွေ၊ တရားရုံးတော်တွေ၊ ဘုရားရှိခိုးကျောင်းတွေအတွက် ကုန်ကျတဲ့ငွေမှန်သမျှကို အင်္ဂလိပ်အစိုးရကပဲ စိုက်ထုတ်ကုန်ကျရတယ်။ မြန်မာပြည်ဟာ စီးပွားရေးအရ ဖွံ့ဖြိုးလာတဲ့အချိန်ကျတော့ ဒီငွေတွေကို အင်္ဂလိပ်အစိုးရကို ပြန်ဆပ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာပြည်ဟာ စီးပွားရေးအရ ဖွံ့ဖြိုးလာတဲ့အချိန်ရောက်မှတော့ အင်္ဂလိပ်အစိုးရက အင်္ဂလန်ပြည်ကို ပြန်သွားမှာလား"

ကချင်တပ်သားက တုံးတိတိကြီးပင် မေးခွန်းထုတ်လိုက်ပြန်၏။ သင်တန်းအပြင်ဘက်မှ နားစွင့်လျက်ရှိသော ကျွန်တော်သည် သင်တန်းဆရာ မည်သို့ပြန်ဖြေမည်ကို စိတ်စောနေမိသည်။

သင်တန်းဆရာသည် ကချင်တပ်သား၏ တုံးတိတိမေးခွန်းကို ဆင်ဖွေ့ရန်ရှောင်သဘောမျိုးဖြင့် ဖြေလိုက်၏။

"ချက်ချင်းတော့ မပြန်သေးဘူးပေါ့၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ စီးပွားရေးဆက်သွယ်တဲ့စာချုပ်တွေ ချုပ်ရဦးမယ်၊ ကုန်သွယ်ရေးစာချုပ်တွေ လက်မှတ်ထိုးရဦးမယ်၊ ယဉ်ကျေးမှုအဆက်အသွယ်တွေ တိုးတက်ကြီးထွားဖို့အတွက်လည်း စီစဉ်ရဦးမယ်၊ အမိအင်္ဂလန်နိုင်ငံက ကိုလိုနီဖြစ်တဲ့ မြန်မာနိုင်ငံကို နှစ်ရှည်လများတွဲပြီး ကူညီနေခဲ့ရတော့ လမ်းသွားတတ်ခါစဖြစ်တဲ့ မြန်မာနိုင်ငံကို ချက်ချင်းလက်တွဲဖြုတ်ပစ်ဖို့ သင့်လျော်ပါ့မလား"

"ဒါဖြင့် အင်္ဂလိပ်အုပ်စိုးမှုအောက်မှာရောက်နေတဲ့ မြန်မာတိုင်းရင်းသားတွေဟာ အင်္ဂလိပ်အစိုးရရဲ့ စီးပွားရေးအကူအညီကြောင့် ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်ဖြစ်နေကြပြီလို့ ဆိုလိုပါသလား"

"နေထိုင်မှုအဆင့်အတန်းမြင့်လာတဲ့ တိုင်းရင်းသားတွေဟာ ကျေနပ် ပျော်ရွှင်ကြစမြဲမဟုတ်လား"

"ဒါဖြင့် မြန်မာတိုင်းရင်းသားတွေဟာ သူတို့တိုင်းပြည်ကို သူတို့ပြန်ပြီးအုပ်စိုးဖို့ ဆန္ဒမရှိတော့ဘူးပေါ့"

"ကိုယ်ပိုင်အုပ်ချုပ်ရေးကို နိုင်ငံရေးအသိဝင်လာတဲ့ တိုင်းရင်းသားတိုင်းက လိုလားလာကြတာပဲ။ ဒါပေမယ့် လိုလားရုံနဲ့ မလုံလောက်သေးဘူး။ ကိုယ့်တိုင်းပြည်ကိုယ် အုပ်ချုပ်နိုင်အောင် ပညာရှိရမယ်၊ အစွမ်းအစရှိရမယ်"



"ဒါဖြင့် လက်အောက်ခံ ကိုလိုနီမြန်မာနိုင်ငံဟာ ကိုယ့်တိုင်းပြည်ကိုယ် အုပ်ချုပ်နိုင်အောင် ပညာရှိတယ်, မရှိဘူး အစွမ်းအစရှိတယ်, မရှိဘူးဆိုတာ ဘယ်သူက အဆုံးအဖြတ်ပေးမလဲ"

ကချင်တပ်သား၏မေးခွန်းက တိကျပြတ်သားလှသည်။ ကျွန်တော်သည် သင်တန်းဆရာ၏အဖြေကို အစွမ်းကုန် နားစွင့်ထားမိလေသည်။

"ကျုပ်အထင်ကတော့ ဒီလိုအဆုံးအဖြတ်ပေးနိုင်ဖို့အတွက် မြန်မာပြည် ဘုရင်ခံက အင်္ဂလန်မှာရှိတဲ့ ဘုရင်အစိုးရကို အကြံဉာဏ်ပေးရမယ်ထင်တာပဲ"

"ဒါဖြင့် သခင်...မြန်မာပြည်မှာ ဘုရင်ခံလုပ်ပြီး အုပ်ချုပ်နေတဲ့လူက သူ့အလုပ်ပြုတ်အောင်တော့ ဘယ်တော့မှ ထောက်ခံချက်ပေးမှာမဟုတ်ဘူး။ တကယ်လို့ မြန်မာပြည်ဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ သင့်လျော်ပြီလို့ ထောက်ခံချက်ပေးရင်လည်း အဲဒီဘုရင်ခံဟာ အင်မတန်ရိုးသားတဲ့လူတစ်ယောက်ဖြစ်ရမယ်"

ကချင်တပ်သားက အတည်ပေါက်ပြောနေရာမှ နောက်ဆုံးစကားအရောက်တွင် မပြုံးဘဲနှင့် ဝါးလုံးကွဲရယ်လိုက်၏။

တပ်သားအားလုံးပင် ပြက်လုံးကို သဘောကျသွားပြီး ဝိုင်းရယ်ရယ်လိုက်သံကို ကြားရသည်။ သင်တန်းဆရာခမျာ ရှုတည်တည်နှင့် မနေသာတော့ဘဲ တပ်သားများနှင့်အတူ ချော်လဲရောထိုင်လိုက်ရရှာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အေးစေလို၍ တရားနာခဲ့သော ကျွန်တော်သည် ဤသို့လျှင် ပူဇာစအကျိုးကို ရခဲ့ရပါသတည်း။

မည်သို့ပင်ဖြစ်စေ ပညာပေးသင်တန်းများမှာ တပ်သားများအတွက် အသိဉာဏ်ကို ကျယ်ပြန့်စေသည်ကား အမှန်ပင်ဖြစ်သည်။

မိမိတို့နေရင်းရွာမှ တစ်ရက်တာခရီးကိုသာ ရောက်ဖူးသော တပ်သားများအတွက် အသိဉာဏ်မိုးကုတ်စက်ဝိုင်းကို ချဲ့ပေးနိုင်ခဲ့သည်။

တချို့သောတပ်သားများမှာ ကလေးကဲ့သို့ အမေးအမြန်းထူလှသည်။ အရာရာတိုင်းကိုလည်း သိချင်စိတ်ပြင်းထန်နေသည်။ တပ်သားအများစုမှာ ပထဝီနှင့် ရာဇဝင်ကို တစ်ခါမျှ ကြားဖူးခဲ့သူများမဟုတ်။ ထို့ကြောင့် ကျွန်တော်သည် သင်တန်းဆရာများအား မြန်မာရာဇဝင်နှင့် ပထဝီကိုလည်းကောင်း၊ ရှမ်းအမျိုးသားတို့၏အကြောင်းကို လည်းကောင်း တတ်နိုင်သမျှ သင်ကြားပို့ချရန် ညွှန်ကြားထားရသည်။

တိဗက်ပြည် အရှေ့တောင်ပိုင်းမှ မွန်ဂိုလူမျိုးများ မြန်မာပြည်မြောက်ပိုင်းသို့ ရှစ်ရာစုခေတ်အတွင်း ဝင်ရောက်လာပုံ၊ မြန်မာပြည်အတွင်းရှိနေသော မွန်ဂိုလူမျိုးများနှင့် မည်သို့နယ်မြေလုကြပုံကို ရိုမန်ဒယ် ကမ်းခြေမှ အိန္ဒိယအမျိုးသားများ မြန်မာပြည်သို့ ကူးသန်းလာရောက်ကြပုံ၊ ဗုဒ္ဓဝါဒနှင့် အိန္ဒူဝါဒ မည်ကဲ့သို့ရောထွေးလာပုံများကိုလည်း တတ်သမျှမှတ်သမျှ သင်ကြားပို့ချပေးကြ၏။

အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းဘုရား...စသော မြန်မာမင်းများအကြောင်းကိုလည်း ပြောပြကြသည်။ အလောင်းဘုရား တည်



ထောင်ခဲ့သော ကုန်းဘောင်မင်းဆက်မှာ သီဘောမင်းလက်ထက်တွင် တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲကြီးကြောင့် ပျက်စီးသွားရပုံနှင့် အင်္ဂလိပ်က မြန်မာပြည်အား အဘယ်ကြောင့်သိမ်းယူရပုံများကိုလည်း အင်္ဂလိပ်ရာဇဝင်ဆရာများ၏ အမြင်ဖြင့်ရေးသားထားချက်များကို ကိုးကား၍ ပါးစပ်ရာဇဝင်ခင်းပြရသည်။ မန္တလေးနန်းမြို့တော်ကို တည်ဆောက်ခဲ့သော မင်းတုန်းမင်းကြီးနှင့် သူ၏မိဖုရား ငါးဆယ့်သုံးပါး၊ သားတော်၊ သမီးတော် တစ်ရာ့တစ်ဆယ်တို့အကြောင်းမှာ သင်တန်းသားများ စိတ်ဝင်စားသောအကြောင်းပင်ဖြစ်၏။

သီပေါမင်းနှင့် စုဖုရားလတ်တို့အကြောင်းကိုမူ တပ်သားတိုင်းလိုလိုပင် သိနေကြ၏။ အဘိုးအဘွားများမှတစ်ဆင့် ကြားခဲ့ကြရခြင်းဖြစ်ပေလိမ့်မည်။

သီပေါဘုရင်၏ နောင်တော်,ညီတော်များ၊ ဦးရီးတော်များကို အကျဉ်းထောင်ထဲတွင်ချုပ်ထားပြီး သီပေါမင်း၏ လက်သုံးတော်တို့က မည်ကဲ့သို့ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်းကိုလည်း တပ်သားတိုင်းလိုလို ဒဏ္ဍာရီတစ်ခုပမာ သိရှိနေကြသည်။

သင်တန်းဆရာများသည် မြန်မာပြည်ကို ဂျပန်များ ဝင်ရောက်လာသည်အထိ မျက်မှောက်ရာဇဝင်ကို တတ်အားသမျှ ပြောပြတတ်ကြ၏။ ဂျပန်များ မြန်မာပြည်သို့ ဝင်ရောက်တိုက်ခိုက်နိုင်ခြင်းမှာ အင်္ဂလိပ်တို့ဘက်မှ ညံ့ဖျင်းမှုပင်ဖြစ်ကြောင်းကိုလည်း ဝန်ခံပြောဆိုကြ၏။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ဥရောပတိုက်တွင် စစ်အခြေအနေက စတင်အရေးကြီးလာသောကြောင့် ဖြစ်ကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုကြ၏။ ယခုအချိန်တွင်မူ အင်္ဂလိပ်နှင့် မဟာမိတ်တပ်များက

www.burmeseclassic.com

www.burmeseclassic.com



ထိုးစစ်ဘက်သို့ရောက်နေပြီး ဂျပန်နှင့် ဝင်ရိုးတန်းနိုင်ငံများမှာ ခံစစ်ဘက်သို့ ရောက်သွားပြီဖြစ်ကြောင်း၊ အင်္ဂလန်နိုင်ငံမှာ ယနေ့အထိ ကြီးသုံးကြီးထဲတွင်ပါဝင်နေသော လက်နက်နိုင်ငံကြီးတစ်ခုပင် ဖြစ်နေသေးကြောင်း၊ ထို့ကြောင့် စစ်ပြီးသွားသည့်အချိန်တွင် မြန်မာတိုင်းရင်းသားများသည် ဗြိတိသျှနေသဟာယအတွင်း၌ပင် နေသင့်ကြောင်း စသည်ဖြင့် ဟောပြောကြ၏။

ပညာပေးသင်တန်းပို့ချသည့်အချိန်များမှာ သင်တန်းသားများ၏ မေးခွန်းကြောင့် ချုံခိုတိုက်ပွဲများကို တစ်ပွဲပြီးတစ်ပွဲ နွှဲနေရသကဲ့သို့ပင် စိတ်ဝင်စားစရာကောင်းနေတော့၏။

သို့သော် ဤကဲ့သို့ချည်း စစ်အတွင်းတွင် သင်တန်းပေး၍နေရသည်မဟုတ်၊ ဆယ်ရက်တိတိ သန္နိမြောက်ပိုင်းတွင် တိုက်ပွဲတစ်ပွဲမျှ မတိုက်ရဘဲ နေလာခဲ့ရပြီးနောက် ဆယ့်တစ်ရက်မြောက်နေ့တွင် ဌာနချုပ်မှ အမိန့်တစ်ခုရောက်လာသည်။ လားရှိုးတောင်ဘက် မိုင်းရယ်တွင် အကျယ်ချုပ်ဖြင့် အဖမ်းခံနေရသော မိုင်းရယ်စော်ဘွားကြီးအား ဂျပန်များလက်ထဲမှ ကယ်ဆယ်ရမည်ဟူသော အမိန့်ပင်တည်း။

စော်ဘွားများသည် မယားများများယူတတ်သူများ ဖြစ်သည့်အလျောက် ကျွန်တော်တို့သည် မိုင်းရယ်စော်ဘွားကြီးကိုသာမက အယောက်နှစ်ဆယ်ထက် နည်းလှမည်မဟုတ်သော သူ၏ မဟာဒေဝီနှင့် ကိုယ်လုပ်တော်များကိုပါ ဂျပန်လက်ထဲမှလွတ်အောင် ကယ်ဆယ်ရမည်ဖြစ်ပါသတည်း"

◆

( ၂၀ )

မိုင်းယော်နှင့် မလှမ်းမကမ်းတွင်ရှိသော ဌာနချုပ်မှ ကျွန်တော်တို့သည် နံနက်လင်းရောင်ခြည်မထွက်မီပင် နောင်လိုင်သို့ တောများတောင်များကိုဖြတ်၍ ချီတက်လာခဲ့ကြ၏။

လမ်းမှာ ကြမ်းတမ်းလှချေသည်။

နောင်လိုင်သို့ရောက်သောအခါ နွေရာသီအသုံးပြုနိုင်သော မော်တော်ကားလမ်းအတိုင်း တန့်ယန်းသို့ ခရီးဆက်ကြရပြန်၏။

နောင်လိုင်နှင့် တန့်ယန်းလမ်းမှာ ကျွန်တော်တို့အတွက် အသွားရအလာရ လွယ်ကူလှသည်၊ မိုးမချုပ်မီပင် တန့်ယန်းနှင့် မလှမ်းမကမ်းတွင်ရှိသော တောအုပ်တစ်ခုသို့ ရောက်ရှိလာကြသည်။

တန့်ယန်းသည် လမ်းငါးသွယ်ဆုံသောနေရာဖြစ်၍ ကျွန်တော်တို့သည် မြို့ထဲသို့မဝင်ဘဲ မြို့နှင့်ခပ်လှမ်းလှမ်း တောအုပ်ထဲ၌ ညအိပ် စခန်းချလိုက်ခြင်းဖြစ်၏။

အနောက်ဘက်တွင်ရှိသော မန်ကပ်မှလည်းကောင်း၊ အရှေ့မြောက်ဘက်တွင်ရှိသော နောင်ကန်မှလည်းကောင်း၊ အရှေ့တောင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင်ရှိသော, နာမည်လည်းဆင်တူသော အခြားနောင်ကံရွာမှလည်းကောင်း၊ တောင်ဘက်တွင်ရှိသော မိုင်းကောမှလည်းကောင်း၊ ယခု ကျွန်တော်တို့လာခဲ့သော မြောက်ဘက်ရှိ နောင်လိုင်မှ လည်းကောင်း လမ်းငါးသွယ်သည် တန့်ယန်းတွင် လာ၍ဆုံလျက်ရှိနေကြ၏။

မကြာခင်က လှုပ်ရှားခဲ့သော ကျွန်တော်တို့၏ ချုံခိုတိုက်ပွဲများကြောင့် လားရှိုးမှ ရန်သူ့မော်တော်ယာဉ်အုပ်စုများသည် တန့်ယန်းအထိ ဆက်သွယ်သွားလာနေကြလိမ့်မည်မဟုတ်ဟု ယူဆရသည်။ ခရီးကလည်း ကွာလွန်းလှသည်မဟုတ်ပါလား။

ချုံခိုတိုက်ပွဲတိုင်းပင် ကျွန်တော်တို့က အနိုင်ရနေခဲ့သောကြောင့်လည်း နောင်လိုင်–တန့်ယန်း မော်တော်ကားလမ်းကို အသုံးပြုခြင်းအားဖြင့် ကျွန်တော်တို့အတွက် ဘေးအန္တရာယ်ရှိနိုင်မည်မဟုတ်ဟု ယုံကြည်နေမိသည်။

အကယ်၍ နောင်လိုင်–တန့်ယန်း မော်တော်ကားလမ်းပေါ်တွင် ဂျပန်တိုက်ကင်းအဖွဲ့နှင့် ပက်ပင်းပါတွေ့ဦးတော့ ကျွန်တော်တို့ကသာ အနိုင်ရရှိမည်ဟုလည်း ယူဆကြ၏။

အောင်ပွဲမှန်သမျှသည် တပ်သားအပေါင်းအား သတ္တိနှင့်ပြည့်စုံစေလေသည်တကား။

သို့သော် ရန်သူကို အထင်မသေးသင့်ဟု ကျွန်တော်က တွက်ဆမိပြန်သည်။ အကယ်၍ ကျွန်တော်တို့ မိုင်းရယ်ဆီသို့ ဦးတည်ကာချီတက်နေကြောင်း ရန်သူက အနံ့ခံ၍ရသွားပါက ကျွန်တော်တို့၏ စော်ဘွားစစ်ဆင်ရေးမှာ မတိုက်ရမီကပင် အရှုံးနှင့် ရင်ဆိုင်နေရမည်



မဟုတ်ပါလား။

ထို့ကြောင့် ကျွန်တော်သည် တန့်ယန်းမြို့ မြောက်ဘက် တစ်မိုင်အကွာခန့်မှနေ၍ မော်တော်ကားလမ်း အရှေ့ဘက်ရှိ တောထဲသို့ ချိုး၍ဝင်လာခဲ့၏။

မိုးစုပ်စုပ်ချုပ်လာသည့်အချိန်အထိ အိပ်စက်နားနေရန် နေရာကို လိုက်လံရှာဖွေကြည့်သောအခါ လုံခြုံသောကျောက်ဂူကြီးတစ်ခုကို တွေ့ရသည်။ ဂူအတွင်းတွင် သွေ့ခြောက်လျက်ရှိသော်လည်း ဂူအထက်ရှိ အပေါက်များမှ လေများတဟူးဟူးတိုးဝင်နေသဖြင့် ကျောစိမ့်အောင် အေးလှ၏။ ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် တိုးဝှေ့၍ အနွေးဓာတ်ရအောင် အိပ်စက်ကြရ၏။

နောက်တစ်နေ့နံနက်သို့အရောက်တွင် ဂူအထက်ပေါက်မှ တိုးဝင်လာသော နေရောင်ခြည်က ကျွန်တော်တို့မျက်နှာပေါ်သို့ ကျရောက်လာသည်။ ကျွန်တော်တို့သည် နံနက်စာထမင်းကို ချက်ပြုတ်ကြပြီးနောက် ဆယ်မိနစ်အတွင်း စားသောက်၍ပြီးစီးသွားကြသည်။ ကျောက်ဂူ ပတ်ဝန်းကျင်တွင် စမ်းရေပေါက်များမရှိသဖြင့် ကျွန်တော်တို့သည် လက်ကို ဖက်ရွက်နှင့်သုတ်ကာ ခရီးဆက်ခဲ့ကြရပြန်သည်။

ကျွန်တော်တို့သည် သံလွင်မြစ်ရေအလျင်ကို မကြာခဏ လှမ်း၍မြင်နိုင်စေရန်အတွက် မြင့်မောက်သော တောင်ကျောရိုးကြီးအတိုင်း ချီတက်ခဲ့ကြခြင်းဖြစ်သည်။

လမ်းမှာ တောင်ဆိတ်ပင် ကုတ်ကပ်၍သွားလာရန် ခဲယဉ်းသည့် လမ်းမျိုးဖြစ်သောကြောင့်တစ်ကြောင်း၊ ဓားသွားကဲ့သို့ထက်လှသော ကျောက်လွှာများကိုနင်း၍ သွားရသောကြောင့်တစ်ကြောင်း၊ နေ၏

www.burmeseclassic.com

www.burmeseclassic.com



အရှိန်က ပို၍ပို၍ မြင့်တက်လာသောကြောင့်တစ်ကြောင်း ကျွန်တော်တို့သည် ခရီးမတွင်နိုင်ဘဲ ရှိနေကြရလေသည်။

ကျွန်တော်တို့သည် ခဏခဏနားကြရ၏။ သုံးကိုက်လောက်သွားမိတိုင်း နားကြရသည်။ နှစ်စခန်းကို တစ်စခန်းနှင့် ရောက်အောင် လှမ်းမည်ဟု အားခဲထားခဲ့သော ကျွန်တော့်မှာ မှန်းချက်နှင့်ဝေးနေရတော့၏။

သုံးကိုက်လောက်လျှောက်ပြီးနောက် ရပ်နားလိုက်သည့်အခါတိုင်း တပ်သားများသည် နီးရာအရိပ်အောက်သို့ အပြေးအလွှားခိုဝင်ကာ မိမိတို့ကျောပေါ်မှ အထုပ်အပိုးများကို ပြန်၍ နေရာတကျဖြစ်အောင် ပြင်ဆင်ကြ၊ ဖူးယောင်အက်ကွဲနေသော ခြေထောက်များကို ဆေးထည့်ကြနှင့် အလုပ်များနေကြရပြန်၏။

ဆယ်မိနစ်ခန့် အနားပေးသည့်အချိန်များတွင် တပ်သားများသည် အရိပ်ရှိရာသို့ခိုဝင်ကာ တုံးလုံးပက်လက် ဖြစ်နေကြသည်။

ကျွန်တော်မှာ တပ်သားများရပ်နားသည့်အချိန်တွင် သစ်ပင်ခြေရင်းကိုမှီကာ မြေပုံကိုဖြန့်ခင်းပြီး မည်သည့်နေရာသို့ အရောက်တွင် လက်ယာဘက်သို့ကွေ့၍ ဆင်းရမည်နည်းဟု မြေပုံပေါ်တွင် ရှာကြည့်နေရသည်။

ကျွန်တော်တို့သည် နမ့်ပန်မြစ်ကိုဖြတ်ကူး၍ ရနိုင်မည့်နေရာသို့ ရောက်အောင် လက်ယာဘက်သို့ကွေ့၍ ချိုးဆင်းကြရမည်ဖြစ်၏။

ကျွန်တော်က ညာဘက်လက်ကိုမြှောက်၍ ဇွေယမ်းကာ အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် အရိပ်အောက်တွင် တုံးလုံးပက်လက် ဖြစ်နေရသော တပ်သားများသည် မောပန်းနွမ်းဟိုက်နေကြရာမှ ဖျတ်



ခနဲ ထပြီး စတင်ချီတက်ရန် အသင့်ရှိနေကြ၏။

ကျွန်တော်နှင့်အတူ လိုက်ပါလာသော တပ်သားအင်အားမှာ ၃၀ တိတိရှိသည်။ ရဲဘော်သုံးကျိပ်ပင်တည်း။ ဆူးကိုမွေ့ရာအဖြစ်သဘောထား၍ ချီတက်လာခဲ့သော ကျွန်တော်တို့သည် ညနေစောင်းအချိန်တွင် နမ့်ပန်မြစ်ရှိရာသို့ ချိုးဆင်းရမည့် နယ်မြေအနေအထားကို တွေ့လာကြရသည်။

မော်တော်ကားမောင်းသူတစ်ယောက်က လက်ယာဘက်သို့ ကွေ့လိုလျှင် အချက်ပြသည့်နည်းအတိုင်း ကျွန်တော်က အချက်ပြလိုက်သောအခါ တပ်သား ၃၀ ပါဝင်သော ကျွန်တော်၏စစ်ကြောင်းသည် လက်ယာဘက်သို့ ဇွေ့ခနဲ ချိုး၍ဆင်းသွားကြ၏။

နမ့်ပန်မြစ်ရှိရာသို့ အဆင်းလမ်းမှာ ချောက်ကမ်းပါးများ များစွာမရှိလှ။ သို့သော် ခရုပတ်သကဲ့သို့ ကွေ့ကွေ့ကောက်ကောက် ရစ်ပတ်တွန့်လိမ်လျက်ရှိသည်ကို တွေ့ရ၏။

မကြာမီပင် နမ့်ပန်မြစ်ရှိရာသို့ ရောက်လာကြ၏။

တစ်နေ့လုံး အထက်မှပူသော နေမင်း၏ဒဏ်နှင့် အောက်မှတောက်လောင်လျက်ရှိသော ကျောက်ခဲကျောက်ဆူးများ၏ဒဏ်ကို ခံလာခဲ့ရသော ကျွန်တော်တို့မှာ နမ့်ပန်မြစ်၏ရေအလျဉ်ကို တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် အမောပြေသွားသလို ဖြစ်သွားကြ၏။

နွေရာသီဖြစ်၍ နမ့်ပန်မြစ်မှာ သောင်များထွန်းကာ တိမ်လျက်ရှိသော်လည်း ရေစီးကမူ ဝါးလုံးထိုးသလို လျင်မြန်လှသည်။ ရေအောက်တွင် ရေညှိများကပ်နေသော ကျောက်တုံးကျောက်ခဲများ ဖိတ်စောင်းထောင် ရှိနေကြသောကြောင့်လည်း လျင်မြန်သောရေစီးကို ဖြတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



ရန် မလွယ်။

လျင်မြန်သောအဟုန်ဖြင့်စီးဆင်းနေသော နမ့်ပန်မြစ်၏ ရေအလျဉ်သည် သံလွင်မြစ်ကြီးနှင့် ကျိုင်းခမ်းအနီးတွင် ဆုံတွေ့လျက်ရှိကြောင်း မြေပုံက ဖော်ပြနေသည်။

ကျွန်တော်တို့သည် စစ်ယူနီဖောင်းများကိုချွတ်ကာ တစ်ဖက်ကမ်းသို့ သတိထား၍ ကူးကြရ၏။ ရေစီးက မြန်နေသော်လည်း ရေကတိမ်နေသဖြင့် တပ်သားအားလုံးပင် တစ်ဖက်ကမ်းသို့ ချောချောမောမော ရောက်ရှိလာကြသည်။

ကျွန်တော်တို့သည် ရေစိုနေသော အဝတ်အစားများကို ဖြန့်၍ လှမ်းထားလိုက်ပြီးနောက် ကမ်းခြေရှိ သစ်ပင်အောက်များတွင် နာရီဝက်တိတိ အပန်းဖြေရ၏။

မြေပုံလိပ်ကိုဖြန့်ခင်းပြီး ကျွန်တော်တို့၏ ပစ်မှတ်ရှိရာ မိုင်းရယ်နှင့် ကျွန်တော်တို့ရောက်ရှိနေသောနေရာကို တွက်ချက်၍ကြည့်လိုက်သောအခါ ကျွန်တော်တို့သည် အနောက်ဘက်စူးစူးသို့ မိုင် ၃၀ ခန့် ဆက်လက်ချီတက်ကြရဦးမည်ကို တွေ့ရှိရ၏။

နမ့်ပန်မြစ် သည်မှာဘက်ကမ်းနှင့် မိုင်းရယ်အကြားတွင် ပေ ၅၀၀၀ ကျော်မြင့်သော တောင်စဉ်တောင်တန်းကြီးတစ်ခုက ကန့်လန့်ခံလျက် ရှိနေပြန်သည်။

ဤဒေသရှိ အနိမ့်အမြင့်ပြ မျဉ်းကြောင်းများမှာ ရှုပ်ထွေးလျက်ရှိနေသည်ကို ထောက်ခြင်းအားဖြင့် ကျွန်တော်တို့သည် ဖြောင့်ဖြူးသာယာခြင်းမရှိသော ခရီးကို ဆက်လက်၍ချီတက်ရဦးမည်မှာ သေချာလှသည်။ တက်ချည်ဆင်းချည်ဖြင့် အသွားခက်လှသောခရီးကို ကုန်း၍



ရှုန်း၍ ခရီးနှင်ကြရဦးမည်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ၊ ပစ်မှတ်ရှိရာ မိုင်းရယ်နှင့်မလှမ်းမကမ်းသို့ ဆယ့်နှစ်နာရီအတောအတွင်း ကျွန်တော်တို့ရောက်ရှိနိုင်လိမ့်မည်ဟု တွက်ဆရ၏။

သို့ဖြစ်၍ ကျွန်တော်သည် နမ့်ပန်မြစ် ဤမှာဘက်ကမ်းတွင်ပင် ယနေ့ညအဖို့ အိပ်စက်စခန်းချရန် ဆုံးဖြတ်လိုက်သည်။

အကယ်၍ ဤမှာဘက်ကမ်းမှ ရှေ့သို့ခရီးဆက်မည်ဆိုက နေ၏ အလင်းရောင်ရှိနေသဖြင့် ဆက်နိုင်မည်ဖြစ်သော်လည်း ကျွန်တော်တို့သည် မှောင်ကြီးမည်းမည်း၌ အိပ်စက်နားနေရန် နေရာကိုရှာဖွေရမည့်ဒုက္ခအပြင် တောင်ပေါ်သို့ရောက်ရှိနေပြန်ပါကလည်း အအေးဒဏ်ကို ခံရဦးမည်ဖြစ်၏။ ထို့ကြောင့် နောက်တစ်နေ့နံနက် အရုဏ်တက်သည့်အချိန်မှ ခရီးဆက်ရန် ဆုံးဖြတ်လိုက်ရခြင်းဖြစ်သည်။

ဝင်လုဆဲနေရောင်ခြည်၏ အရောင်ကြောင့် နမ့်ပန်မြစ်၏ ရေအလျဉ်သည် ရွှေရောင်တောက်နေလေသည်။ ခပ်လှမ်းလှမ်းရှိ ပြာမှိုင်းသော တောင်တန်းတောင်ထွတ်တို့မှာလည်း ရွှေဇာဖုံးထားသကဲ့သို့ ရှိနေကြ၏။

ကျွန်တော်တို့သည် မြစ်ကူး ကူးတို့ဆိပ် ဝဲနှင့် ယာဘက်သို့ လူစုခွဲ၍ မိုင်ဝက်နီးပါးခန့်သွားကာ အိပ်စက်နားနေရန် ကောင်းသည့် ကျောက်ဂူများကို လိုက်လံရှာဖွေကြည့်ကြသည်။

သို့သော် တစ်ခုမျှမတွေ့။

နေဝင်ပြီးသွားသည့်အချိန်တွင် သုံးဘက်သုံးတန်မှ သစ်ပင်ချုံကလေးများနှင့် ချုံပုတ်များဝိုင်းရံလျက်ရှိသော မြက်ခင်းပြင်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တွင် ပါလာသော ဂရောင်းရှိများကို ဖြန့်ခင်း၍ အိပ်စက်လိုက်ကြရ၏။

ကျွန်တော်တို့၏ စတုတ္ထမြောက်မျက်နှာစာတွင်ကား နမ့်ပန်မြစ်၏ ရေအလျဉ်သည် တသွင်သွင်စီးဆင်းလျက်ရှိနေလေသည်။

မောမောနှင့် အိပ်ပျော်၍ မကြာမီပင် ဖြုတ်များက လေယာဉ်အုပ်စုကြီးများ ဝိုင်းဝန်း၍တိုက်သလို ကျွန်တော်တို့အား လာရောက်ကိုက်ခဲကြ၏။ တောကြွက်များကလည်း အိပ်ချင်မူးတူးနှင့် ဖြစ်နေသော တပ်သားများကို အနှောင့်အယှက်ပေးနေကြသည်။

ဤကဲ့သို့ ဖြုတ်များကို တဖျတ်ဖျတ်ရိုက်ထုတ်နေရသည့်အကြားတွင် နမ့်ပန်မြစ်ရေလျဉ်ပေါ်၌ တွဲလောင်းခို၍စုနေသော နှင်းမြူများက လေအသွေ့တွင် ကျွန်တော်တို့ဆီသို့ ပြေး၍ပြေး၍ လာနေလေသည်။

ရှမ်းတပ်သားတစ်ယောက်က "ဖြုတ်ကလည်းကိုက်၊ ကြွက်ကလည်းလာ၊ ချမ်းကလည်းချမ်းနဲ့ ကံအဆိုးဆုံးနေရာကိုမှ လာပြီးစခန်းချမိနေပြီ"ဟု တောက်တစ်ချက်ခေါက်၍ ညည်းလိုက်သံကို ကြားလိုက်ရ၏။

သံလွင်မြစ်ကမ်းတစ်လျှောက်တွင် ခရီးအများဆုံးထွက်ခဲ့ရာ၌ ညအိပ် စခန်းချရသည့်နေရာပေါင်းမှာ ရေတွက်၍ပင် မကုန်နိုင်တော့။ သို့သော် ယခုည အိပ်စက် စခန်းချရမည့်နေရာလောက် မည်သည့်နေရာမှ ဆိုးသည်ကို မတွေ့ခဲ့ရ။

တစ်ညလုံး ဖြုတ်အကိုက်ကိုက် ခြင်အကိုက်ကိုက်ဖြင့် အိပ်လိုက်နိုးလိုက် ဖြစ်နေခဲ့ရသော ကျွန်တော်တို့သည် နောက်တစ်နေ့နံနက် အရုဏ်မတက်မီ ပစ်မှတ်ရှိရာ မိုင်းရယ်ဆီသို့ ဦးတည်၍ ချီတက်ခဲ့



ကြ၏။

တောရဂုံသည် နဂါးသွဲ့ ကျောက်စိမ်းကန့်လန့်ကားကြီးကဲ့သို့ ဖြစ်နေ၏။ နှင်းရေကမြူးကာ သင်းလေကလည်း ရူးလှသည်။

တပ်ဦးမှချီတက်နေသော ကျွန်တော်က တောင်ကုန်းတစ်ခုပေါ်တွင် ခေတ္တရပ်ကာ နောက်သို့မျှော်ကြည့်လိုက်သောအခါ သေနတ်ကိုပခုံးတွင်လွယ်လျက် တစ်ယောက်နောက်မှ တစ်ယောက် စီတန်း၍ တအိအိချီတက်လာကာ တပ်သားများကိုမြင်ရ၏။ လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလို ဖြစ်နေလေသည်။

နေက တစ်စတစ်စ မြင့်၍တက်လာသည်နှင့်အမျှ စောစောက ပန်းချီကားကြီးတစ်ခုလို မြင်နေရသော ကျွန်တော်တို့စစ်ကြောင်းသည် နောက်သို့မျှော်၍ ကြည့်လိုက်သည့်အခါတိုင်း ရှေးခေတ်က ဘုရားဖူးခရီးသွားတစ်စု ဘုရားဖူးရန် တောင်မြင့်ကြီးပေါ်သို့ တက်လာသည်နှင့် တူနေလေသည်။

ကျွန်တော်တို့သည် သိန္နီတောင်ပိုင်းရှိ တောင်တန်းကြီးကို ဆင်းလိုက် တက်လိုက်ဖြင့် ဖြတ်ကျော်နေကြရ၏။

ပထမနေ့တွင် ကျွန်တော်တို့သည် တောင်စဉ်တန်းကြီးသုံးခုကို ဖြတ်ကျော်ရင်း အနောက်ဘက်စူးစူးသို့ ချီတက်လာခဲ့ခြင်းဖြစ်သည်။

တတိယမြောက် တောင်စဉ်တန်းကြီးပေါ်သို့ ရောက်လာပြီးနောက် အောက်ဘက်သို့ဆင်းလာကြသောအခါ မိုင်းရယ်ကို ခပ်လှမ်းလှမ်းဆီတွင် ရေးရေးသာမြင်ရ၏။

ပါလာသောမှန်ပြောင်းကို မျက်နှာတွင်တပ်၍ ထောက်လှမ်းကြည့်ရှုလိုက်သောအခါ သက်ကယ်မိုးထားသော အိမ်စုကလေးများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထွန်ယက်စိုက်ပျိုးထားသော မြေကွက်လေးငါးကွက်ကို တွေ့ရသည်။

ထွန်ယက်ထားသော မြေကွက်များနှင့် အိမ်စုကလေးများအကြားတွင် အပေါ်သို့ချွန်တက်နေသော စေတီတစ်ဆူကိုလည်း ဖူးမြော်ရ၏။

လမ်းသုံးသွယ်သည် မြို့အလယ်မှ ဖြာထွက်လျက်ရှိနေသည်။ လမ်းဆားတစ်ဖက်တစ်ချက်တွင် မြင့်မားသောသစ်ပင်များက စီတန်းလျက်ရှိနေကြသည်။

ဆေးဖြူသုတ်ထားသော အဆောက်အအုံကြီးမှာ မိုင်းရယ် စော်ဘွားကြီး၏ ဟော်နန်းပင်ဖြစ်လိမ့်မည်ဟု ခန့်မှန်းရ၏။

ကျွန်တော်သည် နောက်တွင်ချန်၍ ကျန်နေရစ်ခဲ့သော တပ်သား ၃၀ ကို ခေါ်ယူလိုက်ပြီးနောက် တောင်ကုန်းတစ်ခုဆားရှိ ကျောက်တုံးကြီးတစ်ခုနောက်တွင် အပန်းဖြေလိုက်သည်။

တပ်သားများ အမောဖြေနေချိန်တွင် ကျွန်တော်က ပါလာသော မြေပုံလိပ်ကို ရှေ့တွင်ဖြန့်ခင်းလိုက်၏။

"စော်ဘွားနဲ့ အိမ်သားတွေကတော့ လှမ်းပြီးမြင်ရတဲ့ ဆေးဖြူရောင်သုတ်ထားတဲ့ ဟော်နန်းထဲမှာ အကျယ်ချုပ် အချုပ်ခံနေရမှာပဲ။ ဒီကနေပြီး ဟော်နန်းပတ်ပတ်လည်မှာ အစောင့်အရှောက်တွေ ဘယ်လောက်ရှိတယ်ဆိုတာတော့ မြင်ရဖို့ ခဲယဉ်းတယ်။ ဒါပေမယ့် မိုင်းရယ်မြို့ထဲမှာတော့ ဂျပန်အစောင့်အရှောက်တွေ တော်တော်များများရှိမယ်ဆိုတာ သေချာတယ်။ ဒီတော့ မြို့ထဲကိုဝင်ပြီး ရန်သူ့အခြေအနေကို ထောက်လှမ်းဖို့ တပ်သားတစ်ယောက်လိုတယ်။ ဒီတပ်သားရဲ့ သတင်းပို့ချက်အပေါ် မူတည်ပြီး မိုင်းရယ်စော်ဘွားကြီးနဲ့ သူ့အိမ်ထောင်စုကို ဒီနေ့ညပဲ ကယ်တင်ရမလား၊ နက်ဖြန်ညမှပဲ ကယ်



တင်ရမလားဆိုတာ ဆုံးဖြတ်ရမယ်။ ဒီနယ်ကနေပြီး တောင်ခြေကို ဆင်းတဲ့အခါ တပ်သားတိုင်း သစ်ပင်ချုံပုတ်တွေကို အကာအကွယ်ယူပြီး ဆင်းကြရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုင်းရယ်မှာရှိတဲ့ ဂျပန်တပ်ကလည်း ကြည့်ကင်းစခန်းဖွင့်ပြီး ထောက်လှမ်းနေမှာ သေချာတယ်။ ဘယ်သူမှ မလိုအပ်ဘဲနဲ့ သေနတ်ကိုအသုံးမပြုရဘူး။ တကယ်လို့ ဒီကအသွားမှာ ရွာသားတွေနဲ့တွေ့မယ်ဆိုရင် ပထမဦးဆုံး ရွာသားတွေမမြင်အောင် တတ်နိုင်သလောက် ရှောင်ပုန်းနေရမယ်။ မတတ်သာလို့ ရွာသားတွေနဲ့တွေ့ရင်လည်း ရန်သူ့ဆီကို ကျုပ်တို့သတင်းရောက်မသွားအောင် အကောင်းဆုံးနည်းနဲ့ တားဆီးထားရမယ်။ ရန်သူနဲ့တွေ့ရင်တော့ ဘယ်သူ့ကိုမှ အရှင်ထားစရာမလိုဘူး။ အဲ...ရွာသားတွေနဲ့တွေ့ရင်တော့ ဖမ်းပြီးထားရုံပဲထားပါ။ တောင်ခြေကိုရောက်တဲ့အချိန်မှာ တပ်သားအားလုံး အိပ်စက်နားနေနိုင်တယ်"

ကျွန်တော်သည် တပ်သားများအား ညွှန်ကြားချက်ပေးပြီးနောက် ရှေ့မှခေါင်းဆောင်၍ တောင်ခြေသို့ဆင်းလာခဲ့၏။

တပ်သားအားလုံးပင် ကျွန်တော့်ညွှန်ကြားချက်ကို တိတိကျကျလိုက်နာကာ သစ်ပင်များကို အကာအကွယ်ယူ၍ တောင်ခြေသို့ဆင်းလာကြ၏။

ကျွန်တော်တို့သည် အရှေ့ဘက်စူးစူးအတိုင်း ဆင်းလာခဲ့ကြခြင်းဖြစ်သည်။ တောင်ခြေဘက်သို့ နီးလာသည်နှင့်အမျှ သစ်ပင်ချုံပုတ်များမှာလည်း ပါး၍ပါး၍လာသည်ကို သတိပြုမိသည်။ မကြာမီပင် ကျွန်တော်တို့သည် ကွင်းပြောင်ပြောင်များရှိရာသို့ ရောက်လာကြရတော့မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လမ်းဖြောင့်အတိုင်းမသွားဘဲ ဆံထိုးကွဲ့သို့ ကွေ့ချည်ကောက်ချည်ပြုကာ ချုံနွယ်များပေါက်နေသော တောင်ကမ်းပါး အစွန်ရှိရာသို့ လာခဲ့၏။

တောင်ကမ်းပါးအစွန်သည် မိုင်းရယ်မြို့ကို အပေါ်မှ အုပ်မိုး၍ နေလေသည်။ မြို့ထဲရှိ ရန်သူများကို မှန်ပြောင်းဖြင့်ထောက်လှမ်းရန် အတွက် အကောင်းဆုံးသော နေရာတစ်ခုပင်တည်း။

တပ်သားအားလုံး တောင်ကမ်းပါးအစွန်းရှိ ချုံပုတ်များထဲသို့ ရောက်လာကြသောအခါ အပန်းဖြေနားနေရန် အမိန့်ပေးလိုက်ပြီး ကျွန်တော်ကမူ ချုံပုတ်များကို သေနတ်ဒင်ဖြင့်ထိုးကာ လိုဏ်ခေါင်း ကလေးသဖွယ် ပြုလုပ်လိုက်၏။

သစ်ပင် ချုံနွယ်များဝန်းယှက်နေသော လိုဏ်ခေါင်းကလေး အတွင်းသို့ ကျွန်တော့်ကိုယ်လုံးကို ပစ်သွင်းလိုက်ပြီး မိုင်းရယ်မြို့ဆီ သို့ မှန်ပြောင်းဖြင့် ထောက်လှမ်းကြည့်ရှုလိုက်သည်။

ကျွန်တော်ပြုလုပ်လိုက်သော ချုံနွယ်များဖြင့် ဝန်းယှက်နေသည့် လိုဏ်ခေါင်းကလေးမှာ ရန်သူ့ ကြည့်ကင်းစခန်းမှ လှမ်း၍မမြင်နိုင် လောက်အောင် ကောင်းမွန်လှသဖြင့် ဝမ်းသာနေမိသည်။

ကျွန်တော်သည် မြို့တွင်းတစ်ဝိုက်ကို မှန်ပြောင်းဖြင့် ပိုက်စိပ် တိုက်၍ လိုက်လံထောက်လှမ်း ကြည့်ရှုလိုက်သောအခါ ဂျပန်စစ်သား များ မြို့လယ်ရှိလမ်းများပေါ်တွင် သွားလာလှုပ်ရှားနေသည်ကို တွေ့ ရ၏။

မြို့နေလူဦးရေဖြစ်သော ရှမ်းများထက် ရန်သူဂျပန်တို့က ပို၍ များနေသည်ဟု ထင်ရ၏။



မှန်ပြောင်းဖြင့်ထောက်လှမ်းရသော ဂျပန်စစ်သားဦးရေကပင် နှစ်ဆယ့်နှစ်ယောက်ရှိနေ၏။ မိုင်းရယ်စော်ဘွားကြီး၏ ဟော်နန်း ရှေ့ဘက်ရှိ ဥယျာဉ်အပြင်ဘက်တွင် အုတ်တံတိုင်းကို အားတိုက်ထား ၍ ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေသော တူမီးသေနတ်ကိုင် ဂျပန်လေးယောက်ကိုလည်း တွေ့နေရသည်။

ကျွန်တော်သည် ကျွန်တော်တို့၏ 'စော်ဘွားစစ်ဆင်ရေး'ကို ယနေ့ညတွင်ပင် ဆင်နွှဲရန် ဆုံးဖြတ်လိုက်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ထက် အင်အားကောင်းမည်ဖြစ်သော ရန်သူအား အငိုက် တွင် ရုတ်တရက်တိုက်ခိုက်ရမည် ဖြစ်သောကြောင့်တည်း။

ကျွန်တော်သည် ချုံနွယ်များဖြင့် ဝန်းယှက်နေသော လိုဏ်ခေါင်း ထဲမှ ပြန်၍ထွက်လိုက်ပြီး မိုင်းရယ်မြို့ထဲသို့ ရန်သူ့အခြေအနေကို သွားရောက်ထောက်လှမ်းရန်အတွက် တပ်သားတစ်ယောက် အလိုရှိ ကြောင်း တပ်သားအားလုံးထံသို့ လက်ဆင့်ကမ်း၍ သတင်းဖြန့်လိုက် သည်။

တပ်သားအားလုံးကပင် တစ်ကိုယ်တော်စွန့်စားခန်းအလုပ်ကို လုပ်လိုပါသည်ဟု သူ့ထက်ငါ ဦးအောင်ပြန်၍ သတင်းပို့ကြ၏။

ကျွန်တော်သည် သတ္တိကောင်းသလောက် ဖြတ်ထိုးဉာဏ်ရှိလှ သော ကရင်လှအား မိုင်းရယ်မြို့တွင်းသို့ စေလွှတ်ရန် ရွေးချယ်လိုက် သည်။

"မြို့ထဲမှာ မှောင်တဲ့အထိ ထောက်လှမ်း၊ နေဝင်တော့မှ ကျုပ်တို့ ဆီကိုပြန်လာခဲ့။ တကယ်လို့ မြို့ထဲမှာ ဂျပန်နဲ့တွေ့ပြီး စစ်လား ဆေးလား, မေးလားမြန်းလားလုပ်ရင် လားရှိုးကိုသွားပြီး ဂျပန်တွေဆီ

www.burmeseclassic.com

www.burmeseclassic.com



မှာ အလုပ်လုပ်ဖို့ ခရီးထွက်လာတာလို့ ပြော။ အထူးဂရုစိုက်ပြီး ထောက်လှမ်းရမယ့်နေရာကတော့ မိုင်းရယ်စော်ဘွားကြီးရဲ့ ဟော်နန်း ပတ်ပတ်လည်မှာ ဂျပန်စစ်သား ဘယ်နှစ်ယောက်စောင့်နေတယ်၊ ဘာလက်နက်တွေကိုင်ထားတယ်၊ ဂျပန်မြို့စောင့်တပ်သားတွေက ဘယ်နေရာမှာစခန်းချနေတယ်ဆိုတဲ့ အချက်ပဲ”

ကျွန်တော်က ကရင်လှအား အရေးကြီးသော အချက်နှစ်ချက် ကို မှာကြားလိုက်၏။

ကရင်လှသည် ကျွန်တော့်ထံမှ ညွှန်ကြားချက်ကိုရပြီးသည်နှင့် တစ်ပြိုင်နက် ကိုယ်ပေါ်မှ စစ်ယူနီဖောင်းများကို ချွတ်လိုက်ပြီး အရပ် သားဝတ်စုံကို ဝတ်ကာ တောင်ကမ်းပါးအစွန်းမှနေ၍ ဆင်းသွား သည်။

ကျွန်တော်သည် သစ်ပင်ချုံနွယ်များဖြင့် ဝန်းယှက်နေသော လိုဏ်ခေါင်းအတွင်းသို့ဝင်ကာ မိုင်းရယ်မြို့ဆီသို့ ဦးတည်၍ သွားနေ သော ကရင်လှကို မှန်ပြောင်းဖြင့် ကြည့်နေမိလေသည်။

အချိန်မှာ ညနေ ၅ နာရီလောက်သာရှိသေးရာ ကျွန်တော်သည် ဂင်တိုတိုဖြင့် တစိုက်စိုက်သွားနေသော ကရင်လှ၏ နောက်ကျော ကောင်းစွာမြင်နေရ၏။

သို့သော် မကြာမီပင် ကုန်းမြင့်ကလေးတစ်ခုက မိုင်းရယ်မြို့ဆီ သို့ ဦးတည်၍သွားနေသော ကရင်လှကို ပိတ်ကွယ်၍ထားလိုက်သည်။

ကျွန်တော်သည် လိုဏ်ခေါင်းအတွင်းမှ ပြန်၍ထွက်လာပြီး တစ်ရေး လောက်အိပ်ရန် ကြိုးစားကြည့်သည်။

ကျွန်တော်နှင့်တကွ တပ်သားအားလုံးမှာ တစ်နေကုန် ခရီး



လာခဲ့ကြသော်လည်း မည်သူမျှ အိပ်၍မရ။

အိပ်မပျော်နိုင်တိုင်း ကျွန်တော်သည် လိုဏ်ခေါင်းအတွင်းသို့ ဝင်ကာ မိုင်းရယ်မြို့ဆီသို့ မျက်တောင်မခတ်ဘဲ မကြာခဏ ကြည့်နေ မိသည်။ သို့ရာတွင် နေမင်း၏အရောင်က အနောက်ဘက်ရှိ တောင် များအလယ်တွင် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီဖြစ်သောကြောင့် လမ်းခရီးအကြားတွင် တောရိပ်တောင်ရိပ်များသာ ဖုံးအုပ်လျက်ရှိပြီး အလင်းရောင်ဟူ၍ မရှိတော့။

‘စော်ဘွားစစ်ဆင်ရေး’ကို ဆင်နွှဲရန် စိတ်အားထက်သန်နေကြ သော တပ်သားများမှာ ကရင်လှ ပြန်မလာသေးဟူသော စကားကို သာ တစ်ယောက်နှင့်တစ်ယောက် တီးတိုးလှမ်း၍ ပြောနေကြသည်။

ည ၁၂ နာရီကျော်ကျော်လောက်တွင် ကျွန်တော်တို့ လည်ပင်း တရှည်ရှည်ဖြင့် စောင့်မျှော်နေခဲ့ရသော ရဲဘော်ကြီး ကရင်လှ ထောက် လှမ်းရေးခရီးထွက်ရာမှ ကျွန်တော်တို့ထံသို့ ပြန်လည်ရောက်ရှိလာ ခဲ့၏။

ကရင်လှသည် သတ္တိနှင့် ဖြတ်ထိုးဉာဏ်ကောင်းသူပီပီ ကျွန်တော် တို့အတွက် အဖိုးတန်သောသတင်းများကို ဆောင်ကျဉ်းလာခဲ့နိုင်သည်။

“ဂျပန်စစ်သားလေးယောက်က စော်ဘွားရဲ့ဟော်ကို နေ့အချိန် မှာ စောင့်တယ်။ ညအချိန်ကျတော့ နှစ်ယောက်တည်းပဲ စောင့်တယ်။ တစ်ယောက်က ဟော်အရှေ့ဘက်တံခါးက စောင့်ပြီး၊ ကျန်တစ် ယောက်က ဟော်အနောက်ဘက်တံခါးက စောင့်တယ်။ စောင့်တာက လည်း ဟော်ကိုဝိုင်းထားတဲ့ ပန်းဥယျာဉ် အုတ်တံတိုင်း အပြင်တံခါးဝ တွေက စောင့်တာပဲ။ ကျန်တဲ့ ဂျပန်စစ်သားတွေမှန်သမျှကတော့

www.burmeseclassic.com

www.burmeseclassic.com



ည ၁၀ နာရီဆိုရင် အိပ်ရာထဲရောက်ကုန်ကြတာပဲ။ ဒီသတင်းတွေ အားလုံးကို ဆယ်အိမ်ခေါင်းဆီက ရလာခဲ့တယ်"

ကရင်လူက ကျွန်တော့်အား သူထောက်လှမ်းရရှိလာခဲ့သော အချက်အလက်များကို သတင်းပို့လိုက်၏။

"ဂျပန်အရာရှိတွေကော ဘယ်နှစ်ယောက်ရှိသလဲ"

ကျွန်တော်က အသေးစိတ် ထပ်၍မေးလိုက်သည်။

"တစ်ယောက်တည်းပဲရှိတယ်၊ ဗိုလ်အဆင့်အတန်းပဲ၊ ဒါပေမယ့် အဲဒီဂျပန်စစ်ဗိုလ်လည်း ဒီကနေ့ပဲ လားရှိုးကို အစည်းအဝေးတက်စရာ ရှိလို့ ထွက်သွားတယ်၊ နက်ဖြန်မနက်အထိ ပြန်လာမှာမဟုတ်ဘူး၊ ဘာပြုလို့လဲဆိုတော့ ဒီဂျပန်စစ်ဗိုလ်က လားရှိုးမှာရှိတဲ့ ရှမ်းတရုတ်မ တွေနဲ့ အမြဲတမ်း အပျော်ကျူးလေ့ရှိတယ်ဆိုတာ ဆယ်အိမ်ခေါင်းက ပြောပြလို့ သိရတယ်"

"ဒီလို ညအိပ်ပြီး အပျော်ကျူးတတ်တယ်ဆိုတာ ဆယ်အိမ် ခေါင်းက ဘယ်လိုလုပ်ပြီးသိရလဲ"

ကျွန်တော်က ဖြတ်၍မေးလိုက်၏။

ကရင်လူက ကျွန်တော့်အမေးကို ပြုံးဖြဖြဖြင့် ပြန်၍ အဖြေပေး လိုက်၏။

"ကျုန်တဲ့ ဂျပန်မြို့စောင့်တပ်သားတွေက ဘယ်နေရာမှာ စခန်း ချထားသလဲ"

မြို့အစွန်မှာ စခန်းချထားတယ် ဗိုလ်ကြီး၊ စော်ဘွားကြီးရဲ့ ဟော်နဲ့ ကိုက်ငါးဆယ်လောက် ဝေးလိမ့်မယ်၊ တဲတန်းလျားကြီး နှစ်လုံး ထိုးထားပြီး အဲဒီတန်းလျားထဲမှာ စစ်သားလေးဆယ် အိပ်ကြ တယ်"



"ဟော်နန်းရဲ့ ရှေ့နဲ့ နောက်မှာ တူမီး တစ်လက်စီရှိတယ်၊ လက်ပစ်ဗုံး နှစ်လုံးစီရှိတယ်"

ရဲဘော်ကြီး ကရင်လူသည် ကျွန်တော့်အား သူ့အိတ်ထဲတွင်ရှိ သော ပစ္စည်းများကို တစ်ခုစီထုတ်၍ ပြနေသကဲ့သို့ မိုင်းရယ်မြို့နှင့် မြို့အတွင်းရှိ ရန်သူ့အခြေအနေကို ကျွန်တော့်အား တစ်ခုစီ စေ့စေ့စပ် စပ် သတင်းပို့နေလေသည်။

ကရင်လူထံမှ စုဆောင်းရရှိလာသော သတင်းများကို နားထောင် ပြီးနောက် တပ်သားအားလုံးကို ကျွန်တော့်ဆီသို့ ခေါ်ယူလိုက်၏။

တပ်သားများသည် ကျွန်တော့်ကို ဝိုင်း၍ ထိုင်လိုက်ကြသည်။

"ကျုပ်နဲ့အတူတူ ရိုင်ဖယ်သမား လေးယောက်၊ စတင်းသမား နှစ်ယောက်၊ စော်ဘွားရဲ့ ဟော်ဆီကို လိုက်ခဲ့ရမယ်၊ ဟော်ဆီကို သွားတဲ့အခါမှာ ဘေးကပန်းဝိုက်ပြီးသွားမယ်။ ကျုပ်နဲ့ပါလာတဲ့ ရိုင်ဖယ်သမားတွေက ဟော်နန်းကိုကာရံထားတဲ့ အုတ်တံတိုင်းကို ကျော်တက်ပြီးတာနဲ့ တစ်ပြိုင်နက် စတင်းသမားနှစ်ယောက်က တစ် ယောက်စီခွဲပြီး ဟော်နန်းရဲ့ ရှေ့နဲ့နောက် တံခါးပေါက်မှာ စောင့်နေ တဲ့ ဂျပန်ကင်းသမားနှစ်ယောက်ကို အပျောက်ရှင်းလိုက်ပြီး အဲဒီ အနားမှာပဲ တာဝန်ယူနေရမယ်။ မမျှော်လင့်ဘဲ ပေါ်လာတဲ့ရန်သူ မှန်သမျှကို သုတ်သင်ပစ်ရမယ်။ ကျုပ်တို့ရဲ့ ပင်မစစ်ကြောင်းကတော့ မိုင်းရယ် အနောက်ဘက်မှာရှိတဲ့ ဆုံခဲမော်တော်ကားလမ်းကို မရောက် ခင် မိုင်ဝက်လောက်အလိုအထိ ချီတက်နှင့်ရမယ်။ မိုင်းရယ်မြို့အစွန် မှာရှိတဲ့ ရန်သူ့တဲတန်းလျားကြီးနှစ်ခုကို ဒီစစ်ကြောင်းက တိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ စ–နာရီကတော့ မနက်သုံးနာရီတိတိအချိန်ပဲ။ ဒီစစ်ကြောင်းက ရန်သူ့တဲတန်းလျားနှစ်ခုကို ရှိသမျှကျည်အားကိုသုံးပြီး မိနစ်ဝက်ပဲ ပစ်ရမယ်၊ နားလည်ရဲ့လား၊ စစုပေါင်းမှ မိနစ်ဝက်ပဲ၊ မိနစ်ဝက်အထိ ပစ်ပြီးတာနဲ့ တစ်ပြိုင်နက် တောင်ဘက်ကို တိတ်တဆိတ်ဆုတ်ခွာရမယ်။ မိုင်းရယ်မြို့ကိုပတ်ပြီးတဲ့နောက် မိုင်းပါးကိုသွားတဲ့လမ်းပေါ်က နေပြီး ကျုပ်တို့ကိုစောင့်နေရမယ်။ မိုင်းပါးကိုသွားတဲ့လမ်းဟာ မိုင်းရယ်ရဲ့ အရှေ့မြောက်ဘက်မှာရှိတယ်။ ဟောဒီမြေပုံပေါ်မှာ ပြထားတဲ့ လမ်းအတိုင်းပဲ။ ကျုပ်တို့က စော်ဘွားနဲ့ သူ့အိမ်သူအိမ်သားတွေကို ပါ ကယ်တင်ပြီး စုရပ်ဖြစ်တဲ့ မိုင်းပါးလမ်းပေါ်ကို အရောက်လာခဲ့မယ်။ အဲဒီကနေပြီးမှ ကျုပ်တို့ရဲ့ အခြေခံစခန်းကိုရောက်အောင် တောလမ်းတောင်လမ်းတွေကို ဖြတ်ပြီးသွားကြရမယ်”

ကျွန်တော်သည် တပ်သားအားလုံးနားလည်အောင် တိတိကျကျ ရှင်းလင်းပြောပြလိုက်၏။ ထို့နောက် တပ်သားအားလုံးကိုပင် ‘စော်ဘွားစစ်ဆင်ရေး’မစမီ တစ်ရေးလောက်အိပ်လိုက်ရန် ညွှန်ကြားလိုက်၏။

သို့သော် မည်သူမျှ အိပ်ပျော်ပုံမရ။

ဂျပန်များလက်ထဲတွင် အကျယ်ချုပ်ခံနေရသော စော်ဘွားကြီး တစ်ဦးအား မိသားစုနှင့်အတူ ကယ်တင်ရမည့်အရေးကို တပ်သားတိုင်းက အထူးစိတ်ဝင်စားနေကြသည်။ စော်ဘွားဆိုသည်မှာ ဤခေတ် ဤအခါက နယ်သူနယ်သားတို့၏ အသက်နှင့် စည်းစိမ်ဥစ္စာကို ပိုင်ဆိုင်သူဖြစ်ရာ တပ်သားများ စိတ်ဝင်စားမည်ဆိုကလည်း စိတ်ဝင်စားလောက်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေလေသည်။



ကျွန်တော့်အား အထက်အာဏာပိုင်များက မိုင်းရယ်စော်ဘွားကြီးကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးအား ဂျပန်လက်ထဲမှကယ်တင်ရန် တာဝန်ပေးခြင်းမှာလည်း ရှမ်းအမျိုးသားများအား စည်းရုံးရာတွင် ကျွန်တော်တို့က ဝါဒဖြန့်၍ ကောင်းရန်ဖြစ်သည်။

ကျွန်တော့်လက်မှ နာရီလက်တံများက နှစ်နာရီထိုးပြီဖြစ်ကြောင်း ပြလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် လှဲနေရာမှ ထလိုက်၏။ တစ်ချိန်တည်းတွင်ပင် တပ်သားသုံးဆယ်ကလည်း ကျွန်တော့်လိုပင် မတ်တတ်ရပ်ပြီးသား ဖြစ်နေလေသည်။ စက်ရုပ်များကို ခလုတ်နှိပ်၍ ထခိုင်းလိုက်သကဲ့သို့တည်း။

ကျွန်တော်သည် စကားတစ်ခွန်းမျှမပြောတော့ဘဲ တောင်ကမ်းပါး အစွန်းမှနေ၍ မိုင်းရယ်ရှိရာသို့ ခေါင်းဆောင်၍ ဆင်းလာခဲ့၏။

မိုင်းရယ်မြို့ကလေးသည် ထိန်ထိန်သာနေသော လရောင်အောက်တွင် အိပ်မောကျလျက်ရှိနေလေသည်။

ကျွန်တော်၏ စော်ဘွားစစ်ဆင်ရေးမှာ စီစဉ်ထားသည့်အတိုင်း အကွက်မိလှသည်။ ကျွန်တော်နှင့် ရိုင်ဖယ်သမားလေးယောက်၊ စတင်းသမား နှစ်ယောက်တို့က မိုင်းရယ်စော်ဘွားကြီး၏ ဟော်နန်းဘေးရှိ ပြတင်းပေါက်တစ်ခုနားတွင် ဝပ်၍နေသည့်အချိန်၌ ကမ္ဘာကြီးတစ်ခုလုံး ပျက်သုဉ်းသွားတော့မည်ဟု ထင်ရလောက်သော ပစ်သံခတ်သံများကို ကြားလိုက်ရ၏။

သတ်မှတ်ထားသော စ=နာရီတိတိပင်တည်း။

ကျွန်တော့်လက်မှနာရီကို ကြည့်လိုက်သောအခါမှာပင် သုံးနာရီတိတိ ထိုးနေပြီဖြစ်သည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆုံခဲလမ်းမသို့ မရောက်မီ မိုင်ဝက်ခန့်အလိုတွင် စ-နာရီသို့ ရောက်ရန် စောင့်ဆိုင်းနေခဲ့သော ကျွန်တော့်စစ်ကြောင်းမှ တပ်သားများသည် မိုင်းရယ်စော်ဘွားကြီး၏ ဟော်နန်းနှင့် ကိုက် ၅၀ အကွာတွင်ရှိသော ရန်သူ့တဲတန်းလျားကြီးနှစ်လုံးကို စ နာရီရောက်သည်နှင့် တစ်ပြိုင်နက် ပါလာသမျှသော လက်နက်မျိုးစုံဖြင့် တိုက်ခိုက်နေပေပြီ။

ကျွန်တော်သည် ဟော်အရှေ့ဘက်နှင့် အနောက်ဘက်တံခါးဝများတွင် တာဝန်ပေးထားသော စတင်းသမားနှစ်ယောက်အား နေရာခွဲ၍ လွှတ်လိုက်ပြီးနောက် ရိုင်ဖယ်သမားလေးယောက်ကို ဟော်အပြင်ဘက်တွင် အစောင့်ချထားကာ ပြတင်းပေါက်မှနေ၍ ဟော်အတွင်းသို့ ဝင်လာခဲ့၏။

ဤအချိန်တွင် စတင်းသမားနှစ်ယောက်က အုတ်တံတိုင်းကို ကျော်လွှားကာ ပစ်သံခတ်သံများကြောင့် ယောင်တောင်တောင်ဖြစ်နေသော ဂျပန်ကင်းသမားနှစ်ယောက်ကို သုတ်သင်ပြီးသားဖြစ်နေပေပြီ။

ဟော်အတွင်းရှိ အခန်းကျယ်ကြီးထဲသို့ရောက်လာသော ကျွန်တော်သည် ရင်စည်းမပါ၊ ဗလာကိုယ်ထီး အော်ဟစ်ညည်းလျက် ဟိုမှသည်မှ ပြေးလွှားနေသော ဟော်နန်းသူ လှပျိုဖြူများကို တွေ့လိုက်ရ၏။

ဝတ်လဲလုံချည်တစ်စက်ကလေးမျှ ကပ်သီချင်းမရှိသော ဟော်နန်းသူအချို့ကလည်း ရမိရာ အဝတ်ပိုင်းများကို အပြေးအလွှား ကောက်ယူ၍နေကြ၏။ အချို့ကလည်း ရွှေရင်အုံကိုစုံတီးကာ ငိုယိုမြည်တမ်းနေကြ၏။ ကလေးငယ်များ၏ ကြောက်လန့်တကြား အော်



ဟစ်သံများကလည်း ကျွက်ကျွက်ဆူလျက် ရှိနေပေသည်။

နံရံတစ်လျှောက်တွင် မမှိန့်တမှိန် ထွန်းညှိထားသော ဖန်မီးအိမ်များ၏ အရောင်အောက်တွင် ဟော်တွင်းသူ လှပျိုဖြူများ၏အဖြစ်ကို မြင်ရပုံမှာ သနားစရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်းနေဟော့၏။

ကျွန်တော်သည် အခန်းကျယ်ကြီးထဲမှ လှည့်၍ထွက်ကာ စင်္ကြံလမ်းချိုးတစ်ခုသို့ ပြေးဝင်ရန် ကြံလိုက်၏။ ဤအချိန်တွင် ဖန်မီးအိမ်တစ်ခုကိုကိုင်ကာ ကျွန်တော့်အား လက်ယပ်၍ ခေါ်နေသောသဏ္ဌာန်တစ်ခုကို မြင်လိုက်ရ၏။

လက်ယပ်ခေါ်နေသောသဏ္ဌာန်ဆီသို့ ပြေးလာခဲ့သောအခါ အဖြူရောင် ညအိပ်အင်္ကျီရှည်ကြီးကိုဝတ်လျက် ကြောက်လန့်တကြားဖြစ်နေသော မိုင်းရယ်စော်ဘွားကြီးကို တွေ့ရတော့သည်။

မိုင်းရယ်စော်ဘွားကြီးထံမှ ကြားသိရသော စကားများအရ သူသည် ကျွန်တော့်အား ဂျပန်စစ်ဗိုလ်တစ်ယောက်ဟုပင် ထင်နေဟန်တူသည်။ ကျွန်တော်နှင့်တကွ အရက်မူးနေသော ဂျပန်စစ်သားအချို့သည် ဟော်နန်းအတွင်းသို့ ကျူးကျော်ဝင်ရောက်လာပြီးနောက် ဟော်နန်းသူ လှပျိုဖြူများအား ဗလက္ကာရပြုကျင့်ရန် ကြံစည်နေကြသည်ဟု ထင်မှတ်ထားပုံရသည်။

ကျွန်တော်သည် စော်ဘွားကြီး၏စကားကို ဆုံးအောင်နားထောင်မနေတော့ဘဲ ကျွန်တော်မှာ သူနှင့်တကွ မိသားစုအား ဂျပန်များလက်တွင်းမှ ကယ်တင်ရန်လာခဲ့သော အင်္ဂလိပ်စစ်ဗိုလ်ဖြစ်ကြောင်း အတိုချုံး၍ ပြောပြလိုက်၏။ သူနှင့်တကွ လိုက်ပါမည့်သူအားလုံး ဆယ့်ငါး

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အတွင်း ဟော်နန်းအနောက်ဘက်ရှိ ဥယျာဉ်တံခါးဝတွင် အသင့်ရှိနေစေရန် ညွှန်ကြားလိုက်သည်။

လူတစ်ယောက်လျှင် အနွေးထည်ဝတ်စုံတစ်စုံ၊ စောင်တစ်ထည်စီနှင့် အရေးအကြီးဆုံးပစ္စည်းများကိုသာ ယူလာရန်ကိုလည်း အကြံပေးလိုက်သည်။

ကျွန်တော်သည် စော်ဘွားကြီးထံမှ ပြန်၍ထွက်လာခဲ့ပြီးနောက် ရိုင်ဖယ်သမားလေးယောက်အား ဥယျာဉ်ထဲတွင် အစောင့်ချထားလိုက်၏။

ဟော်နန်းအရှေ့ဘက်ရှိ ဥယျာဉ်တံခါးဝသို့ ကျွန်တော်ရောက်လာသောအခါ စောစောက ဂျပန်စစ်သားမှာ ချုံပုတ်တစ်ခုအောက်တွင် အသက်ပျောက်လျက်ရှိနေသည်ကိုတွေ့ရပြီး ကျွန်တော်၏ စတင်းသမားက စစ်တန်းလျားရှေ့တွင် တာဝန်ကျနေသော ကင်းသမားကဲ့သို့ ဥယျာဉ်တံခါးပေါက်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို တွေ့ရသည်။

ပစ်သံခတ်သံများမှာမူ ကြားနေရဆဲပင်ရှိသေးသည်။ တစ်ချက်တစ်ချက်တွင် အတွဲလိုက်ဆွဲလိုက်သော စက်သေနတ်သံများကိုလည်း ကြားရ၏။ ဂျပန်စစ်သားများနေထိုင်ခဲ့သော တဲတန်းလျားကြီးနှစ်လုံးမှာလည်း မီးတဟုန်းဟုန်းတောက်လျက်ရှိနေသည်။ မြို့သူမြို့သားများကမူ မည်သူမျှ လမ်းပေါ်ကိုမထွက်ဘဲ အိမ်ထဲတွင်ပင် ပုန်းနေကြဟန်တူသည်။ အသွားအလာဆို၍ တစ်ယောက်မျှမရှိ။

ခပ်ဝေးဝေးဆီမှကြားရသော အော်သံတစ်ခုနှင့် လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲသံမှာ ကျွန်တော်တွေးထင်ခဲ့သည့်အတိုင်း ဂျပန်



များ ဆုံခဲလမ်းအတိုင်းလိုက်ကာ ရန်သူများအား လိုက်လံရှာဖွေရင်း မည်းမည်းမြင်ရသမျှကို ပစ်ခတ်တိုက်ခိုက်နေခြင်းပင် ဖြစ်ပေသည်။

ကျွန်တော်တို့သည် ဂျပန်များအား အငိုက်တွင် အရိုက်ကိုဝင်၍ ထိုးနိုင်ခဲ့ပေပြီ။

ကျွန်တော်သည် အရှေ့ဘက်ဥယျာဉ်တံခါးပေါက်မှ အနောက်ဘက် ဥယျာဉ်တံခါးပေါက်သို့ ရောက်လာခဲ့ပြီးနောက် စော်ဘွားကြီးနှင့်တကွ စော်ဘွားအိမ်သားစုကို စောင့်နေခဲ့၏။

ဆယ့်ငါးမိနစ်မျှသောအချိန်အတွင်း ဂျပန်များ၏ သွေးရူးသွေးတန်းဖြင့် လိုက်လံအော်ဟစ် ပစ်ခတ်နေသောအသံများမှာ တဖြည်းဖြည်း ဝေး၍ဝေး၍လာခဲ့၏။ ယုန်က တောင်သို့ပြေးသည်တွင် ခွေးက မြောက်သို့လိုက်နေခြင်းပင်တည်း။

၁၅ မိနစ်စေ့သည်နှင့်တစ်ပြိုင်နက် ဥယျာဉ်ထဲမှ ရိုင်ဖယ်သမားလေးယောက်နှင့် ဥယျာဉ်အရှေ့ဘက်တံတားမှ စတင်းသမားတစ်ယောက် ဟော်နန်းအနောက်ဘက်တံခါးပေါက်သို့ ခေါ်ယူလိုက်သည်။ ဥယျာဉ်အရှေ့ဘက်တံခါးတွင် တာဝန်ယူထားရသော စတင်းသမားက သေဆုံးနေသော ဂျပန်အလောင်းကောင်ကို အုတ်တိုင်တွင် ကြိုးနှင့်ကပ်၍ချည်ကာ ကင်းစောင့်ရင်း အိပ်ပျော်နေသည့်သဏ္ဌာန် ပြုလုပ်ထားခဲ့သည်ဟု သိရ၏။

ခဏအတွင်းတွင်ပင် ဟော်နန်းအနောက်ဘက်တံခါး ပွင့်လာကာ ဓာတ်ပွဲများထဲတွင် မြင်ရလေ့ရှိသော လူတန်းကြီးတစ်ခုကို တွေ့လိုက်ရ၏။

ပထမဆုံးထွက်လာသူကား မိုင်းရယ်စော်ဘွားကြီးပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စောစောက ကျွန်တော်မြင်တွေ့ခဲ့ရသော ညဝတ်အင်္ကျီဖြူဖြူ ဖားဖားကြီးကိုပင် ဝတ်မြဲဝတ်ထားပြီး အပေါ်မှ အင်္ကလိပ် မှုံးကြီး မတ်ရာများ ဝတ်ဆင်လေ့ရှိသော ဒူးအထိရှည်သည့် သက္ကလပ် ကုတ် အင်္ကျီအရှည်ကို ထပ်လျက် လွှမ်းခြုံထားသည်။ သူ့ခေါင်းပေါ်တွင် မကိုဋ်တစ်ခုကို ဆောင်းထား၏။ လက်ထဲတွင်မူ အထုပ်အပိုးများက များလှချေသည်။ ဤပစ္စည်းများအနက် အထူးဂရုစိုက်၍ ယူလာသော အရာမှာ ထီးဖြူတော်ကြီးတစ်ခုပင်တည်း။

မိုင်းရယ်စော်ဘွားကြီးနောက်မှ တသီတတန်းကြီးလိုက်လာကြ သူများကား ဥသျှောင်ပုံစံအမျိုးမျိုးကို ဆောင်းထားသော မောင်းမ မိသံများပင်တည်း။

အယောက်နှစ်ဆယ်ခန့်ရှိသော မောင်းမမိသံများသည် ရှိသမျှ အင်္ကျီ၊လုံချည်များကို ထပ်၍ဝတ်လာခဲ့ကြပုံရ၏။ သူတို့လက်ထဲတွင် လည်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ မောင်းများ၊ ကြိမ်ဖြင့်ယက်လုပ် ထားသော သေတ္တာများ...စသည်ဖြင့် များပြားစုံလင်လှသည်။ ဤ ပစ္စည်းများအပြင် ကျောတွင်လွယ်ထားသော ကလေးငယ်များက လည်း ရှိနေသေးသည်။ သူတို့နောက်မှ ယောကျ်ားအမှုထမ်း အရွယ် အမျိုးမျိုးရှိသော လမ်းလျှောက်နိုင်သည့် ကလေးငယ်များကို လက် တွဲ၍ ထွက်လာကြပြန်သည်။

အကယ်၍သာ အငိုက်တွင် ဂျပန်များသည် အရှိက်ကိုထိုးခြင်း မခံရဘဲ မိုင်းရယ်မြို့စွန်တွင်သာ ရှိနေကြပါက စော်ဘွားကြီးနှင့် တကွ စော်ဘွားမိသားစုအား အထုပ်အပိုးကိုယ်စီ၊ ကလေးကိုယ်စီ ဖြင့် ကျွန်တော်တို့ခေါ်ဆောင်သွားသည်ကို ရိပ်မိသိရှိကြမည်မှာ အမှန်



ပင်ဖြစ်သည်။ ယခုမူ မရှိသောရန်သူနောက်သို့ ဆုံခဲလမ်းအတိုင်း ဂျပန်များက လိုက်လံတိုက်ခိုက်နေသောကြောင့်သာ ဘုရားပွဲလှည့် သကဲ့သို့သော လူတန်းစားကြီး၏ အသံဗလံကို မကြားရခြင်းဖြစ်၏။

ကျွန်တော်တို့သည် မိုင်းရယ်မြို့ကို တစ်ပတ်ကြီးကွေ့ဝိုက်၍ လာခဲ့ကြပြီးနောက် မိုင်းပါးသို့သွားသော အရှေ့မြောက်လမ်းပေါ်သို့ လာခဲ့ကြ၏။

စုရပ်အဖြစ်သတ်မှတ်ထားသောနေရာတွင် ကျွန်တော်တို့ စစ် ကြောင်းမှ တပ်သားများကို အဆင်သင့်ပင်တွေ့ရ၏။

ကျွန်တော်သည် စစ်ကြောင်းမှ တပ်သားများအား နောက်ရံတပ် အဖြစ် လိုက်ပါစေပြီး လုံခြုံသည့်စခန်းသို့ ရောက်သည်အထိ ချီတက် ရန် ဆုံးဖြတ်လိုက်သည်။ ယောက်နန်းကို တိုက်ခိုက်ရာတွင် ပါဝင်ခဲ့ သော ရိုင်ဖယ်သမားလေးယောက်နှင့် စတင်းသမားနှစ်ယောက်ကိုမူ လူတန်းကြီး၏ ဘေးတစ်ဖက်တစ်ချက်မှ ဘယ်တောင်ပန် ညာတောင် ပန်အဖြစ် လိုက်လံစောင့်ရှောက်စေသည်။ ကျွန်တော်ကမူ စော်ဘွား ကြီးနှင့်အတူ ရှေ့ဆုံးမှချီတက်၍လာခဲ့သည်။

ကလေးများနှင့် ဝန်ထုပ်ဝန်ပိုးများ အများအပြားပါလာသော ကြောင့် ကျွန်တော်တို့၏ ချီတက်နှုန်းမှာ နှေးကွေးလှ၏။

သို့သော် မိုးလင်းလာသည့်အချိန်တွင် ကျွန်တော်တို့သည် မိုင်း ရယ်နှင့် ငါးမိုင်အထိကွာအောင် ခရီးနှင်နိုင်ခဲ့ကြပြီဖြစ်သည်။

ကျွန်တော်တို့ထက် လူအင်အားကောင်းသော ဂျပန်များအား နည်းပရိယာယ်သုံးကာ တိုက်ခိုက်ခဲ့ပြီးနောက် စော်ဘွားကြီးနှင့်မိသားစု များအား ဂျပန်များလက်မှ ကယ်တင်နိုင်ခဲ့ခြင်းအတွက် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် ကျွန်တော် ချီးမွမ်းနေမိသည်။

ဤအချိန်တွင်ပင် နောက်ရံတပ်အဖြစ် လိုက်ပါလာသော စစ်ကြောင်းဆီမှ ရိုင်ဖယ်သံတစ်ချက် ပေါ်ထွက်၍လာခဲ့၏။

ကျွန်တော်သည် နောက်ရံတပ်ရှိရာသို့ ခြေကုန်သုတ်၍ ပြေးလာခဲ့ရသည်။

အစပထမတွင် ကျွန်တော်တို့၏ နည်းပရိယာယ်အတွင်းသို့ သက်ဆင်းခဲ့သော ဂျပန်တို့သည် သူတို့အမှားကို သိရှိလာကြပြီးနောက် ကျွန်တော်တို့နောက်သို့ ခရီးပြင်းနှင်ကာ လိုက်လာပေပြီ။

အကယ်၍သာ လက်ယားနေသော ဂျပန်စစ်သားတစ်ယောက်က ကျွန်ယော်တို့နောက်ရံတပ်အား စတင်ပစ်ခတ်ခြင်းမပြုခဲ့လျှင် ကျွန်တော်တို့သည် ဂျပန်များ အနီးသို့ရောက်လာသည့်အချိန်တွင်မှ ရန်သူလိုက်လာကြောင်းကို သိရတော့မည်ဖြစ်၏။ လက်ယားနေသော ဂျပန်စစ်သားကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေ၏။

ရန်သူဘက်မှ လက်တယားယားနှင့် ပစ်ခတ်လိုက်သော သေနတ်သံကြောင့် ကျွန်တော်တို့၏ နောက်ရံတပ်သားများသည် အချိန်မီ နေရာယူရန် သတိရလာကြ၏။

မိုင်းပါးလမ်းပေါ်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲမှာ အချိန်တိုသလောက် ပြင်းထန်ကာ အကျအဆုံးလည်း များလှချေသည်။

ရန်သူ့အင်အားနှင့်စာလျှင် ကျွန်တော်တို့ဘက်မှ လူနည်းလျက်ရှိသော်လည်း ရှမ်းနှင့် ကချင်တပ်သားများက ရွတ်ရွတ်ချွန်ချွန်ခုခံမှုကြောင့်လည်းကောင်း၊ လက်ယားနေသော ဂျပန်တပ်သားတစ်ဦး၏ သတိပေးမှုကြောင့် ကြိုတင်နေရာယူထားနိုင်ကြသောကြောင့် လည်း



ကောင်း၊ ဂျပန်များသည် ကြာရှည်လိုက်၍မတိုက်ဘဲ ဆုတ်ခွာသွားကြ၏။ မိုင်းပါ လမ်းတစ်လျှောက်တွင် အသက်ပျောက်နေသော ရန်သူနှင့် မသေမရှင်ဖြစ်နေသောရန်သူ အားလုံးပေါင်း ၁၉ ယောက်ကိုတွေ့ရှိရ၏။ ကျွန်တော်တို့ဘက်မှ တပ်သားငါးယောက် ကျဆုံးရရှာသည်။ ရှမ်းတပ်သား သုံးယောက်နှင့် ကချင်တပ်သား နှစ်ယောက်ပင်တည်း။

ကျွန်တော်တို့သည် ကျဆုံးခဲ့ရရှာသော တပ်သားများ၏ အလောင်းများကို ကျဆုံးသည့်နေရာတွင်ပင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြ၏။ တောထဲတွင်တွေ့ရသော တောစံပယ်ပန်းများကို တစ်ပွေ့တစ်ပိုက်ကြီးခူးကာ မြေပုံငါးခုပေါ်တွင် တယုတယတင်ထားလိုက်ပြီးနောက် ကျွန်တော်က ခရစ်ယာန်ထုံးစံအတိုင်း ဆုတောင်းစာများကို ရွတ်ဖတ်လိုက်၏။

ကျဆုံးသွားရှာသူများမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သော ရှမ်းအမျိုးသားနှင့် ကချင်အမျိုးသားများဖြစ်သော်လည်း ကျွန်တော်က ခရစ်ယာန်ထုံးစံအတိုင်း ဆုမွန်ကောင်းများတောင်းလိုက်သည်။

"ရဲဘော်များ ကောင်းရာသုဂတိသို့ လားပါစေ"

တပ်သားငါးယောက်၏အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ပြီးနောက် ကျွန်တော်တို့သည် ဆက်လက်၍ ချီတက်လာကြ၏။

ရန်သူများ နောက်ထပ်လိုက်လာမည်ကို စိုးရိမ်သောကြောင့် တစ်ခါတစ်ခါတွင် လမ်းဟူ၍ အလျဉ်းမရှိသော တောကိုဖြတ်၍သွားကြရသည်။

ငါးရက်တိုင်တိုင် အပန်းတကြီးနှင်ခဲ့ကြရပြီးနောက် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် တပ်မှူးဖြစ်သူဂျက် ဌာနချုပ်ပြုလုပ်ထားသော မိုင်းယော်နှင့် မလှမ်းမကမ်းရှိစခန်းသို့ ကောင်းမွန်စွာ ရောက်ရှိလာခဲ့ကြ၏။

မိုင်းရယ်စော်ဘွားကြီးနှင့် အိမ်ထောင်စု၏စာရင်းကို ဌာနချုပ်သို့ အရောက်တွင် စစ်ဆေးလိုက်သောအခါ လူတစ်ယောက် ပိုလာသည်ကို တွေ့ရ၏။

မိုင်းရယ်ရှိ ဟော်နန်းမှ ထွက်လာစဉ်က မဟာဒေဝီနှင့် ကိုယ်လုပ်တော်များ၊ မောင်းမမိသံများ၊ ယောကျာ်းအမှုထမ်းများ၊ ကလေးသူငယ်များအားလုံး စုစုပေါင်း ခြောက်ဆယ့်နှစ်ဦးရှိသော်လည်း ဌာနချုပ်သို့ရောက်သည့်အချိန်တွင် ခြောက်ဆယ့်သုံးဦး ဖြစ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် မိုင်းရယ်စော်ဘွားကြီး၏ စတုတ္ထမြောက်ဇနီးသည် မိုင်းရယ်နှင့် မိုင်းယော်အကြား၌ သားယောကျာ်းလေးတစ်ယောက်ကို ဖွားမြင်ခဲ့သောကြောင့်ပါတည်း။

◆

( ၂၁ )

မိုင်းရယ်စော်ဘွားကြီးကို ရှေ့တန်းတွင်တင်ကာ ကျွန်တော်တို့၏ ဝါဒဖြန့် သိမ်းသွင်းမှုကြောင့် ရှမ်းအမျိုးသား အများအပြားပင် ကျွန်တော်တို့တပ်ထဲသို့ ဝင်လာကြ၏။

ကျွန်တော်တို့က စော်ဘွားစစ်ဆင်ရေးကို ဆင်နွှဲနေသည့် အချိန်အတောအတွင်းတွင် အိန္ဒိယရှိဌာနချုပ်မှ လက်နက်နှင့် ရိက္ခာအများအပြား ဂျက်၏ဌာနချုပ်သို့ ရောက်ရှိလာခဲ့၏။

ထို့ကြောင့် တပ်သားသစ်များအား လက်နက်ငယ်သင်တန်းများကို များများသင်ပေးလာနိုင်တော့သည်။

ဂျက်၏ဌာနချုပ်မှ ကျွန်တော် သံလွင်မြစ်ကမ်းတစ်လျှောက်သို့လည်းကောင်း၊ တရုတ်ပြည် ကူမင်းမှတစ်ဆင့် ကာလကတ္တားသို့ ရောက်နေသည့်အချိန်တွင်လည်းကောင်း၊ အပြင်းအထန် လေ့ကျင့်သင့်ကြားခဲ့သော တပ်သားများမှာ ယခုအချိန်တွင် တိုက်ရည်ခိုက်ရည်ဝသော စစ်သားကြီးများ ဖြစ်နေကြပေပြီ။

ယခင်က တောသူတောင်သား လယ်သမားများသာဖြစ်ခဲ့သော ရှမ်းအမျိုးသားများမှာလည်း လယ်ထွန်နေရင်းနှင့်ပင် မျက်စိလည်လမ်းမှား၍ ရောက်လာသော ဂျပန်တပ်သားများကို ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်ထားသော လက်နက်များဖြင့် တစ်ဦးချင်း တစ်ယောက်ချင်း အမှည့်ချွေ ချွေနေကြပြီဖြစ်၏။

အသစ် အသစ်တိုးတက်လာသော ပြောက်ကျားတပ်သားများအား လေ့ကျင့်သင်ကြားပို့ချရန်အတွက် အိန္ဒိယရှိဌာနချုပ်မှ အရာရှိများကို ထပ်၍ထပ်၍ ခေါ်ယူနေရ၏။

ကျွန်တော်တို့သည် ပြောက်ကျားတပ်သားများအား အစုကလေးများဖွဲ့၍ဖြစ်စေ၊ တပ်လိုက်ဖြစ်စေ နေရာအနှံ့စေလွှတ်ကာ တိုက်ပွဲလေ့ကျင့်ခန်းများ ပြုလုပ်စေသည်။

သို့ဖြင့် သံလွင်မြစ်ကမ်းတစ်လျှောက်တွင် မြောက်ဘက်မှ တောင်ဘက်အထိ ကျွန်တော်တို့ ပြောက်ကျားတပ်ဖွဲ့သားများ မရောက်မပေါက်ဘူးသည့်နယ်မြေဟူ၍ မရှိသလောက်ဖြစ်လာခဲ့လေသည်။

အကြမ်းဖျဉ်းအားဖြင့်ဆိုရသော် ကျွန်တော်တို့သည် သံလွင်မြစ်အနောက်ဘက်ကမ်း၌ မြောက်ဘက်လာရှိုးမှ တောင်ဘက် လွိုင်လင်အထိ နယ်မြေဒေသကို သြဇာလွှမ်းမိုးနိုင်ခဲ့ပြီဖြစ်၏။

ထောက်လှမ်းရေးဌာနများမှရောက်ရှိလာသော သတင်းများအရ မြန်မာပြည်တိုက်ပွဲစဉ်မှာ ယခုအချိန်တွင် ဂျပန်တို့အဖို့ ရေဆန်နှင့်တိုးနေရပြီဖြစ်ကြောင်း သိရှိလာခဲ့၏။

တရုတ်တပ်များက ဝမ်တန်-လားရှိုးလမ်းကို ဖြတ်တောက်ထားပြီး အမှတ် ၁၄ တပ်မတော်က ဧရာဝတီမြစ်ကို အလုံးအရင်းကြီးစွာဖြင့် ဖြတ်ကူးပြီးနောက် မိတ္ထီလာ-မန္တလေးတိုက်ပွဲကြီးကို မီးကုန်ယမ်းကုန် ဆင်နွှဲလျက်ရှိနေသည်။

ဂျပန်တပ်သားများသည် ထိုးစစ်ဆင်လာသော မဟာမိတ်တပ်



များကို တစ်ဖက်မှ အသေခံ၍ ရင်ဆိုင်နေရစဉ် အခြားတစ်ဖက်မှ အင်္ဂလိပ်စစ်ဗိုလ်များခေါင်းဆောင်သော ပြောက်ကျားများ၏ရန်ကိုလည်း ကြောက်နေရသေးသည်။ ဂျပန်စစ်အာဏာပိုင်တို့သည် မိမိတို့စစ်နောက်ကြောင်းဘက်မှ ချုံခို၍လှုပ်ရှားနေသော ပြောက်ကျားများ၏ အန္တရာယ်အတွက် စိတ်မသက်မသာ ဖြစ်နေရလေသည်။

မိုင်းယော်အနီးတွင် ဌာနချုပ်ပြုလုပ်ထားခဲ့သော ကျွန်တော်တို့သည် တောင်ဘက်သို့ ထိုးဖောက်၍ ချီတက်လာခဲ့ကြ၏။ ဂျပန်ကင်းတပ်များရှိသော မြို့ရွာများကိုလည်း အတင်းဝင်ရောက် သိမ်းပိုက်ခဲ့ကြသည်။ ဤသို့အားဖြင့် ကျွန်တော်တို့သည် ဂျပန်များအား အမဲလိုက်သကဲ့သို့ လိုက်၍ တက်လာသော မဟာမိတ်တပ်များရှိရာသို့ တွန်း၍ပို့နိုင်ခဲ့ကြ၏။

ကျွန်တော်တို့သည် မိုင်းကော့၊ မိုင်းရှူး၊ မိုင်းနောင်၊ လဲချား၊ လွိုင်လင်၊ မိုးနဲနှင့် မိုင်းပန်...စသော မြို့ရွာများကိုဖြတ်၍ ချီတက်လာခဲ့ပြီးနောက် မန်းပန်၊ ကြေးစီးမံစံ၊ ဝမ်စိန်၊ မိုင်းဆပ်၊ မောက်မယ်...စသော ဒေသများသို့ ပြောက်ကျားတပ်များကို စေလွှတ်ကာစီးထားစေသည်။

ချီတက်လာသော ကျွန်တော်တို့တပ်သားများကို မြို့တိုင်း ရွာတိုင်းရှိ လူထုကြီးက ဝမ်းသာအားရကြိုဆိုကြ၏။

မိုင်းကောမြို့သို့အရောက်တွင်မူ မိုင်းကောစော်ဘွားက အရာရှိနှင့် အရာခံဗိုလ်အားလုံးကို ဖိတ်ခေါ်၍ အောင်ပွဲကျင်းပသည်။

စော်ဘွား၏ဟော်မှာ အပြင်ဘက်မှကြည့်လျှင် ပျဉ်ကာသွပ်မိုးရိုးရိုးအဆောက်အအုံဖြစ်သည်ဟု ထင်ရသော်လည်း အတွင်းဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်၍ကြည့်လိုက်လျှင်မူကား ကျယ်ဝန်းပြန့်ပြူးသော အခန်းများဖြင့် နေချင်စဖွယ်ရှိလှသည်။

ကျေးရွာများသို့ရောက်တိုင်း ဖျာကြမ်းပေါ်တွင်ထိုင်ကာ ငှက်ပျောဖက်ခင်း၍ ထမင်းစားခဲ့ရသော ကျွန်တော်တို့သည် မိုင်းကောစော်ဘွား၏ အောင်ပွဲအခမ်းအနား၌ စားပွဲများ၊ ကုလားထိုင်များနှင့် ကျကျနန ထိုင်ကာ ဇွန်း,ခက်ယင်း အစုံအလင်နှင့် စားသောက်ခဲ့ရသည်။

ကျွေးမွေးသောဟင်းလျာများမှာလည်း ကြက်သား၊ ဝက်သား၊ အမဲသားနှင့် တစ်ဒါဇင်ခန့်ရှိသော ဟင်းရံများပါ ပါဝင်သည်။ အဖျော်ယမကာကလည်း ကျွန်တော်တို့ကို အံ့ဩသွားစေလောက်အောင် စုံလှ၏။ ပါနေကျ ဆန်အရက်နှင့် ခေါင်ရည်အပြင် ဝီစကီလည်းပါသည်။ ဒုတိယကမ္ဘာစစ်ကြီး တညီးညီးတောက်နေစဉ် ရှမ်းပြည်နယ် မိုင်းကောမြို့၏ အောင်ပွဲ၌ 'ဗက် ၆၉' ဝီစကီအရက်ကို သောက်ရသည်မှာ ကျွန်တော်တို့အဖို့ ထူးဆန်းအံ့ဩဖွယ်ရာပင် ဖြစ်နေရတော့၏။

၁၉၄၂ ခုနှစ်၊ ဂျပန်များတက်လာစဉ်က မိမိ၏ဟော်နန်းကို စွန့်ပစ်ကာ တောထဲသို့ထွက်ပြေးနေခဲ့ရသော မိုင်းကောစော်ဘွားသည် သူ အမြတ်တနိုးထားသော 'ဗက် ၆၉' ဝီစကီပုလင်းများကို ဥယျာဉ်အတွင်း တစ်နေရာတွင် တွင်းတူး၍မြှုပ်ထားခဲ့သည်ဟု သိရှိရသည်။

'ဗက် ၆၉' ဝီစကီအရက်ကို လေးခွက်လောက်သောက်လိုက်ရသော ကျွန်တော့်မှာ မန္တလေးမြို့ကြီးတစ်မြို့လုံးကိုပင် တစ်ယောက်တည်း ဒိုင်ခံ၍ တိုက်ခိုက်သိမ်းယူလိုစိတ် ပေါ်လာတော့သည်။

ဤရက်များအတွင်း ကျွန်တော်တို့သည် နားနေရသည်ဟူ၍ မရှိဘဲ အမြဲတမ်းလှုပ်ရှားနေကြရ၏။



ကျွန်တော်တို့သည် ဂျပန်များတပ်စွဲထားသော မြို့တစ်မြို့သို့ သတ္တိနှင့် ဖြတ်ထိုးဉာဏ်ရှိသည့် ပြောက်ကျားတပ်သားအချို့ကို စေလွှတ်ပြီး သတင်းထောက်လှမ်းခိုင်းသည်။ မည်သည့်နေရာတွင် ဂျပန်များ တပ်စွဲနေသည်၊ ဂျပန်အင်အားမည်မျှရှိသည်၊ မည်သည့်လက်နက်မျိုးကို ကိုင်ဆောင်ထားကြသည်၊ စစ်ကူပေးရန် မည်သည့်နေရာတွင် အခြားတပ်များရှိသည်၊ မည်ကဲ့သို့သော သယ်ယူပို့ဆောင်ရေးယာဉ်များကို အသုံးပြုနေသည် စသောအချက်များကို မြို့နေလူထုအတွင်း ဝင်ရောက်ရောနှော၍ ရန်သူ့အခြေအနေကို ထောက်လှမ်းစုံစမ်းစေသည်။

BURMESE CLASSIC .com

အထောက်တော်များကပေးပို့သော အချက်အလက်များပေါ်တွင် မူတည်ကာ ကျွန်တော်တို့သည် သတ်မှတ်ထားသောမြို့ကို ဝင်ရောက်တိုက်ခိုက်ရန်အတွက် လူအင်အားမည်မျှလိုသည်ကို တွက်ချက်ပြီးနောက် ရန်သူ၏ အကာအကွယ်အနည်းဆုံးဘက်မှ ဝင်ရောက်၍ တိုက်ခိုက်လျက်ရှိကြ၏။ တိုက်ခိုက်ရာ၌လည်း ရန်သူများ မမျှော်လင့်သည့်အချိန်မျိုးကိုမှ ရွေး၍ ဝင်ရောက်စီးနင်းကြသည်။

ကျွန်တော်တို့က မြို့တစ်မြို့ကိုဖြစ်စေ၊ ရွာတစ်ရွာကိုဖြစ်စေ ဝင်ရောက်စီးနင်းလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့သည် ရွာသူရွာသားများထံမှ ရာခိုင်နှုန်းအပြည့် အကူအညီရနေတော့၏။ ထို့ကြောင့်လည်း ကျွန်တော်တို့၏ ပြောက်ကျားတပ်သားများသည် 'ပွဲတိုင်းကျော်'များ ဖြစ်လာကြတော့သည်။

သို့သော် ကျွန်တော်တို့ဘက်မှ ခံရသည့်အလှည့်ကလည်း ရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် မြို့တစ်မြို့ကိုဖြစ်စေ၊ ရွာတစ်ရွာကိုဖြစ်စေ ရှိသမျှအင်အားများကို စုဆောင်း၍ ဝင်ရောက်စီးနင်းတိုက်ခိုက်နိုင်ခဲ့သော်လည်း ထိုမြို့များကို ဆက်လက်စောင့်ရှောက် ကာကွယ်ထားရန် မြို့စောင့်,ရွာစောင့်တပ်များ ချန်ထားနိုင်ခဲ့ခြင်းမရှိ။

ထို့ကြောင့် ကျွန်တော်တို့ ဝင်ရောက်စီးနင်းတိုက်ခိုက်သည့် အချိန်၌ တောနက်ရာသို့ ရှောင်၍နေခဲ့သော ဂျပန်များသည် ကျွန်တော်တို့ မရှိသည်နှင့်တစ်ပြိုင်နက် လက်လှမ်းမီရာ မြို့ရွာများကို ထပ်မံဝင်ရောက် အုပ်စည်း၍ထားကြပြန်သည်။ ကြာရှည်အုပ်စည်း၍မထားလျှင်လည်း မြို့ထဲရွာထဲရှိ ကြက်ငှက်များကို လုယက်ယူငင်ပြီးနောက် အိုးအိမ်များကို မီးတင်၍ရှို့ထားခဲ့ကြ၏။

သို့ဖြစ်၍လည်း ကျွန်တော်တို့ပြောက်ကျားတပ်သားများမှာ ရပ်နားနေရသည်ဟူ၍မရှိဘဲ အမြဲတစေ ဂျပန်ရှိရာနောက်သို့ လိုက်လံတိုက်ခိုက်လျက်နေကြရသည်။

မည်သို့ပင်ဖြစ်စေ ရှမ်းပြည်နယ်တွင် ကျွန်တော်တို့အား ပေးထားသော တာဝန်မှာ ပြီးစီးလုနီးပြီးဟု ကျွန်တော်က ယုံကြည်နေမိ၏။ အဓိက ရှေ့တန်းစစ်မျက်နှာများမှ နေ့စဉ်ရောက်ရှိလာသော သတင်းစဉ်များအရ မဟာမိတ်တပ်များသည် မြန်မာပြည်ကို မျှော်မှန်းသည်ထက် စောစီးစွာသိမ်းပိုက်နိုင်လိမ့်မည်ဟု ယုံကြည်နေရလေသည်။

အချို့သောမြို့နယ်များတွင် မြို့ပြအုပ်ချုပ်ရေးလုပ်ငန်းများပင် စတင်လျက် လုပ်နေပြီဖြစ်ရာ ရှမ်းပြည်နယ်တွင် ကျွန်တော်တို့ ယူထားရသော တာဝန်မှာလည်း ပြီးဆုံးခြင်းသို့ရောက်တော့မည်ဟု မျှော်လင့်နေမိခြင်းဖြစ်၏။



သို့ဖြစ်၍လည်း ကျွန်တော်သည် ပြောက်ကျားတပ်များကို မည်သို့သော စည်းကမ်းချက်မျိုးဖြင့် ဖျက်သိမ်းရမည်ကိုပင် စဉ်းစားနေမိသည်။

ဤအချိန်တွင် ကျွန်တော့်အား သက်ဆိုင်ရာအာဏာပိုင်များက တိုက်ခိုက်ရေးအစီအစဉ်တစ်ခုကို ပေးအပ်လိုက်ပြန်သည်။ နမ့်ဆန်လေယာဉ်ကွင်းကို ရန်သူ့လက်သို့မရောက်အောင် ခံစစ်အဖြစ် တိုက်ခိုက်ပေးရန်တည်း။

ကျွန်တော့်တာဝန်မှာ နမ့်ဆန်လေယာဉ်ကွင်းအား လာရောက်တိုက်ခိုက်မည့် ဂျပန်တပ်များကို အချက်အချာကျသောနေရာများမှ ခံစစ်ပြု၍ တွန်းလှန်ရန်ပင်ဖြစ်သည်။

သို့သော် ထောက်လှမ်းစုံစမ်းသိရှိရသော သတင်းများအရ ဂျပန်များက အင်အားသုံးရာလောက်ရှိသော လက်နက်လူသူတို့ဖြင့် နမ့်ဆန်လေယာဉ်ကွင်းကို ဝင်စီးမည်ဟု အသေအချာသိနေရသည်။

ကျွန်တော့်လက်ထဲတွင်ရှိနေသော ပြောက်ကျားတပ်သား အင်အားမှာ ၆၀ သာရှိသည်။ အခြားပြောက်ကျားတပ်သားများကိုလည်း ဆင့်ခေါ်ရန် အချိန်မရ။

ကျွန်တော်တို့သည် နမ့်ဆန်လေယာဉ်ကွင်းပတ်ဝန်းကျင်မှနေ၍ ခံစစ်ပြုရမည်ဖြစ်ရာ ထိုးစစ်ပြုလာသော ဂျပန်များထက် လေယာဉ်ကွင်းရှိရာသို့ စောစောရောက်ရှိရန် အရေးကြီးနေသည်။

ကျွန်တော်သည် ရှိစုမဲ့စု ပြောက်ကျားတပ်သား ၆၀ ဖြင့် နမ့်ဆန်လေယာဉ်ကွင်းရှိရာသို့ ချီတက်လာခဲ့ရတော့၏။ ရန်သူ့အင်အား သုံးရာရှိနေပြီး ကျွန်တော်တို့အင်အားက ၆၀ သာရှိသည်။ ရန်သူ

www.burmeseclassic.com

www.burmeseclassic.com



ငါးယောက်ကို ကျွန်တော်တို့က တစ်ယောက်တည်းနှင့် ခုခံတိုက်ခိုက်ရမည့်အရေးမှာ တွေးမိတိုင်း ရင်လေးစရာပါတကား။

မည်သို့ပင်ဖြစ်စေ အမိန့်သည် အမိန့်သာဖြစ်သောကြောင့် ကျွန်တော်သည် ငါးဆမျှ အင်အားကြီးမားသော ရန်သူကို ခုခံတိုက်ခိုက်ရပေတော့မည်။

ကျွန်တော်တို့တွင် မကြာမီကမှ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များ လေယာဉ်ဖြင့် လာရောက်ချပေးသည်ကို ရထားသောကြောင့် တစ်နည်းအားဖြင့် ကျည်အားကို များများသုံးကာ ခံစစ်ပြုနိုင်မည်ဖြစ်၏။ တပ်သားတိုင်းလိုလိုတွင် မောင်းပြန်သေနတ်များ ကိုင်စွဲထားနိုင်သောကြောင့်လည်း ရန်သူ၏ထိုးစစ်ကို တွန်းလှန်ပစ်နိုင်မည်ဟု မျှော်လင့်ရသည်။

ဂျပန်များသည် ကျွန်တော်တို့ပြောက်ကျားတပ်များ လာရောက်တိုက်ခိုက်သဖြင့် လက်လွှတ်ပစ်ခဲ့ရသော မိုးနဲမြို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် နမ့်ဆန်လေယာဉ်ကွင်းကို ဝင်ရောက်စီးနင်းရန် အစီအစဉ်ပြုလုပ်ထားကြ၏။

ဤအချိန်တွင် ကျွန်တော်နှင့် လူအင်အား ၆၀ ပါရှိသော ပြောက်ကျားတပ်မှာ "နိုအပ်"မှ လွိုင်လင်–မိုးနဲ မော်တော်ကားလမ်းမကြီးကို ဆက်ထားသော နွေရာသီတွင်သာ အသုံးပြုနိုင်သည့် မော်တော်ကားလမ်းနှင့် မလှမ်းမကမ်းတွင် စခန်းချနေခိုက်ဖြစ်သည်။

မိုးနဲမှ ဂျပန်တပ်များ နမ့်ဆန်လေယာဉ်ကွင်းသို့မရောက်မီ ကျွန်တော်တို့က ဦးအောင်ရောက်နှင့်ကာ အချက်အချာနေရာများတွင် ကတုတ်ကျင်းများတူး၍ အသင့်နေရာယူထားမည်ဖြစ်၏။



စက္ကန့်တိုင်း စက္ကန့်တိုင်းသည် ကျွန်တော်တို့ ပြောက်ကျားတပ်များ၏ အသက်နှင့်လည်းကောင်း၊ သွေးနှင့်လည်းကောင်း ညီမျှလျက်ရှိနေလေသည်။

ကျွန်တော်သည် 'နိုအပ်' မော်တော်ကားလမ်းပေါ်မှနေ၍ နမ့်ဆန်လေယာဉ်ကွင်းရှိရာသို့ အပြင်းချီတက်လာခဲ့၏။ မိမိတို့ထက် ငါးဆမျှအင်အားကြီးသောရန်သူကို ခုခံတိုက်ခိုက်ရမည်ဖြစ်သောကြောင့်လည်း တပ်သားတိုင်းပင် အထူးဝီရိယရှိနေကြ၏။ ကျွန်တော်တို့အတွက်သာဖြစ်စေချင်ကြ၏။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် လေမုန်တိုင်းကြီး တိုက်သလို အပြင်းချီတက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့၏ ခွဲနှင့် လုံ့လဝီရိယကြောင့် ကျွန်တော်တို့သည် နမ့်ဆန်လေယာဉ်ကွင်းသို့ ဂျပန်များထက်စော၍ ရောက်လာကြ၏။ စောသူကို စွမ်းသူ မနိုင်ဟူသော စကားပုံရှိသည်မဟုတ်ပါလား။

ဂျပန်များတက်လာမည့်လမ်းနှင့် နမ့်ဆန်လေယာဉ်ကွင်းအကြားတွင် မိုင်ဝက်ခန့်ရှည်လျားသော တောအုပ်ကလေးများရှိနေ၏။ တိတိကျကျဆိုရသော် ကျွန်တော်တို့စစ်မျက်နှာသည် မိုင်ဝက်ခန့်ကျယ်နေလေသည်။

မိုင်ဝက်ခန့်ကျယ်နေသော ခံစစ်ကြောင်းကို တပ်သား ၆၀ ဖြင့် ခုခံကာကွယ်ရမည့်အလုပ်မှာ လွယ်ကူလှသည်မဟုတ်။ ဤအထဲတွင် ရန်သူအင်အားကလည်း ကျွန်တော်တို့အင်အားထက် ငါးဆမျှကြီးနေချေသည်။

မည်သို့ပင်ဖြစ်စေ နမ့်ဆန်လေယာဉ်ကွင်း ရန်သူ့လက်ထဲ မကျစေနိုင်ဟူသော အမိန့်ကို ထိပ်ထက်တွင် ပန်ဆင်ရွှေ့၍ တက်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ရန်သူများကို ချေမှုန်းရပေတော့မည်။

တိုက်ရည်ခိုက်ရည်ဝသော ဂျပန်စစ်သား ၃၀၀ ကို ကျွန်တော်တို့တပ်သား ၆၀ နှင့် အနိုင်တိုက်ရန်အတွက် ကျွန်တော်သည် ပရိယာယ်သုံးရတော့မည်ဖြစ်၏။

တပ်သားတိုင်းအား ရန်သူများပစ်ကွင်းထဲသို့ ကိုက် ၂၀-၃၀ အထိ ရောက်လာသည့်တိုင်အောင် စောင့်နေရန် အထူးမှာကြားထားရသည်။ မည်သူမျှ ကျွန်တော်ကစ၍ မပစ်ဘဲ မည်သည့်အသံဗလံကိုမျှ မပြုလုပ်ရန်ကိုလည်း တင်းကြပ်စွာအမိန့်ထုတ်ထားသည်။ ကျွန်တော့်ထံမှ ပစ်သံကြားရသည်နှင့် တစ်ပြိုင်နက် တပ်သားအားလုံးသည် ကျည်အားကို အတတ်နိုင်ဆုံးသုံး၍ ပစ်ခတ်ရမည်သာမက တပ်ရင်းတစ်ရင်းက ဆီးကြိုခုခံနေသည်ဟု ရန်သူများထင်မှတ်စေရန်လည်း အတတ်နိုင်ဆုံး ဟစ်အော်ကြိမ်းမောင်းကြရမည်ဟု ညွှန်ကြားချက်ပေးထားသည်။

နမ့်ဆန်လေယာဉ်ကွင်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် လာကြသော ဂျပန်များသည် မိုးနဲမှနေ၍ မော်တော်ကားလမ်းအတိုင်း ချီတက်လာကြ၏။ ကျွန်တော်တို့အင်အားကို အထင်သေးကာ လွယ်ကူသော မော်တော်ကားလမ်းဖြင့် ချီတက်လာခဲ့ကြဟန်တူသည်။

မိုင်ဝက်ခန့်ရှည်လျားသော ခံစစ်ကြောင်းတွင် နေရာယူထားသော ကျွန်တော်တို့တပ်သားများသည် ကုတ်ချောင်းကုတ်ချောင်းဖြင့် တက်လာသော ရန်သူများကို တိတ်ဆိတ်ငြိမ်သက်စွာပင် စောင့်၍နေကြ၏။

ကမ္ဘာ့အရှေ့ခြမ်းကြီးတစ်ခုလုံးကိုပင် ဝင်ရောက်တိုက်ခိုက်ခဲ့သော စစ်ရည်ဝနေသည့် ဂျပန်စစ်သားများအား မကြာခင်ကလေးကမှ လေ့



ကျင့်သင်ကြားထားသည့် ရှမ်းနှင့် ကချင် ပြောက်ကျားတပ်သားများက ကိုက် ၂၀-၃၀ အကွာအထိ တုတ်တုတ်မျှမလှုပ်ဘဲ စောင့်ကြည့်နေနိုင်ခြင်းမှာ ချီးကျူးစရာပင်ဖြစ်တော့၏။

ရန်သူများ ကိုက် ၂၀ ကျော်ကျော်အကွာသို့ အရောက်တွင် ကျွန်တော်ကစတင်၍ ရှေ့ဆုံးမှဓားတဝင့်ဝင့်ဖြင့် အော်ဟစ်၍လာသော ဂျပန်စစ်ဗိုလ်ကို ပစ်ချလိုက်သည်။ ဤအချိန်တွင်ပင် ကောင်းကင်ကြီး ပြိုကျလာသလားဟု ထင်မှတ်လိုက်ရ၏။

ရှမ်းနှင့် ကချင် ပြောက်ကျားတပ်သားများသည် ကျည်အားကို သွန်၍ပစ်ရင်း ပါးစပ်ကလည်း အော်ဟစ်ကြွေးကြော်နေကြသည်။

ရှေ့ဆုံးမှတက်လာသော ဂျပန်များက ရှေ့တွင် ကျဆုံးသွားသော တပ်သားများကို အကာအကွယ်ယူကာ ကျွန်တော်တို့ကို ပြန်၍ပစ်ခတ်ကြ၏။ သို့သော် နေရာကောင်းကိုရနေသော ကျွန်တော်တို့အား ရန်သူက အပြတ်အသတ်သုတ်သင်ရန် ခဲယဉ်းလှချေသည်။

ဂျပန်များသည် စိတ်မကျေပွဲအဖြစ် ဒုတိယအကြိမ်မြောက် တက်လာကြပြန်၏။ ဤအကြိမ်တွင်လည်း ကျွန်တော်တို့က ရန်သူများကို ဖြိုလှဲပစ်နိုင်ပြန်သည်။

ရန်သူများသည် ကျွန်တော်တို့မျှော်လင့်ထားသလို တတိယအကြိမ်မြောက် ပြန်၍တက်မလာတော့ဘဲ မိုးနဲမြို့ဘက်သို့ ဆုတ်ခွာသွားကြ၏။

ကျွန်တော်က အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရှမ်းနှင့် ကချင် ပြောက်ကျားတပ်သားများသည် ကတုတ်ကျင်းထဲမှ ပြေးထွက်ကာ ဆုတ်ခွာနေသော ရန်သူများအား ညာသံပေး၍ လိုက်လံတိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ကြတော့၏။

ကျွန်တော်တို့သည် ဆုတ်ခွာနေသောရန်သူများအား ပြန်လည်စုစည်းရန် အချိန်မပေးဘဲ ငါးရက်တိတိ ဆက်၍ လိုက်လံတိုက်ခိုက်ကြသည်။

အစပထမ ဆုတ်ခွာစဉ်က မိုးနဲလမ်းအတိုင်း ဆုတ်လာခဲ့သော ရန်သူများလည်း ကျွန်တော်တို့၏ ရက်ဆက် လိုက်လံတိုက်ခိုက်မှုကြောင့် သံလွင်မြစ်ကမ်းဘက်သို့ ထွက်ပြေးကြတော့သည်။ သံလွင်မြစ်ကို ဖြတ်ကူးနိုင်သူအချို့မှာ ယိုးဒယားနယ်စပ်သို့ ရောက်သွားနိုင်ကြသော်လည်း ဂျပန်တပ်သား အများအပြားမှာ သံလွင်မြစ်အနောက်ဘက်ကမ်းတွင်ပင် အသက်ပျောက်ခဲ့ကြရ၏။

နမ့်ဆန်လေယာဉ်ကွင်းကို လာရောက်တိုက်ခိုက်ခဲ့သော ရန်သူများအား ငါးရက်ကြာအောင် လိုက်လံသုတ်သင်ခဲ့ပြီးနောက် မိုးနဲမြို့ကို ပြန်လည်သိမ်းပိုက်ရန် ချီတက်လာခဲ့ကြ၏။

မိုးနဲသို့ ကျွန်တော်တို့ရောက်လာသည့်အချိန်တွင် ဂျပန်စစ်သားဟူ၍ တစ်ယောက်မျှမရှိတော့။

ဂျပန်များသည် မြန်မာပြည်ကို လက်လွှတ်ခဲ့ရပြီ ဖြစ်သည်။ သံလွင်မြစ်ကမ်း အနောက်ဘက်အထိ ကျွန်တော်တို့က ဂျပန်များအား လိုက်လံသုတ်သင်ခဲ့ခြင်းမှာ ရှမ်းနှင့် ကချင် ပြောက်ကျားတပ်များ၏ နောက်ဆုံးအောင်ပွဲပင် ဖြစ်ပါသတည်း။ ။

**ပြီး၏။**

**တက္ကသိုလ်နန္ဒမိတ်**

## အမြွာညီနောင်စာပေမှ ထွက်ရှိပြီးစာအုပ်များ


၁။ တက္ကသိုလ်နန္ဒမိတ် (သို့မဟုတ်)
ကောင်းကင်နှင့်မြေကြီးအား တောင်းခံသူ
၂။ စာရေးချင်သောသူများသို့ (တက္ကသိုလ်နန္ဒမိတ်)
၃။ တတိယမီးကျည် (တက္ကသိုလ်နန္ဒမိတ်)
၄။ ရွှေပြည်ကြီး (တက္ကသိုလ်နန္ဒမိတ်)
၅။ ယုံကြည်ချက်အတွက် အသက်စွန့်သူများ (တက္ကသိုလ်နန္ဒမိတ်)
၆။ သန်းခေါင်ယံခုနစ်မိနစ် (တက္ကသိုလ်နန္ဒမိတ်)
၇။ တိုက်ပွဲအဆင့်ဆင့် (တက္ကသိုလ်နန္ဒမိတ်)
၈။ ငယ်ငယ်ဗန်ထရိုင်း (ထက်မြက်)
၉။ ဗေထိသံ (ကြည်နိုင်)


**ယခု**


၁၀။ သံလွင်မြစ်ကမ်းတိုက်ပွဲ (တက္ကသိုလ်နန္ဒမိတ်)


## ဆက်လက်ထွက်ရှိမည့်စာအုပ်များ


၁၁။ ဆယ်ပြည်ထောင်ချော့တော့မပြုး (တက္ကသိုလ်နန္ဒမိတ်)
စာမူခွင့်ပြုချက်အမှတ် [၅၀၁၂၀၃၀၅၀၉]
၁၂။ မန္တလေးကိုဖြတ်၍ (တက္ကသိုလ်နန္ဒမိတ်)
စာမူခွင့်ပြုချက်အမှတ် [၅၀၁၆၂၁၀၅၁၁]
၁၃။ ရွှေလက်တို့ (ကြည်နိုင်)
စာမူခွင့်ပြုချက်အမှတ် [၄၀၀၄၂၉၀၅၀၅]
၁၄။ မြစ်ကြီးနားတိုက်ပွဲ (တက္ကသိုလ်နန္ဒမိတ်)
စာမူခွင့်ပြုချက်အမှတ် [၅၀၁၆၄၂၀၅၁၂]
၁၅။ အရိုင်းစံပယ် (အောင်လင်း)
စာမူခွင့်ပြုချက်အမှတ် [၅၀၁၃၃၂၀၅၁၀]


www.burmeseclassic.com